လောကီလောကုတ္တရာကြီးပွားချမ်းသာရေးကို
ရရှိစေမည့်အကြောင်းများ ဟောကြားထားသော

ပရာဘဝသုတ်

မြန်မာဘာသာအဖွင့်ကျမ်း

အရှင်ပဏ္ဍိတဝေရ်
ဖွင့်ဆိုသီကုံးသည်

ခင်ချိုထွန်းစာပေ

လောကီလောကုတ္တရာကြီးပွားချမ်းသာရေးကို
ရရှိစေမည့်အကြောင်းများ ဟောကြားထားသော

ပရာဘဝသုတ်

မြန်မာဘာသာအဖွင့်ကျမ်း

အရှင်ပဏ္ဍိတထေရ်
ဖွင့်ဆိုသီကုံးသည်



ခင်ချိုထွန်းစာပေ
အမှတ် (၈၆)၊ ၃၇-လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၃၂၀၄၇၂၀၇၀၇

မျက်နှာပုံးခွင့်ပြုချက်အမှတ်
၃၂၀၅၅၀၀၉၀၇

ပုံနှိပ်ရြင်း
ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး -

ပုံနှိပ်ပြီးသည့်လ
၂၀၀၇ / အောက်တိုဘာလ

မျက်နှာပုံးနှင့် အတွင်းပုံနှိပ်သူ
ဦးသိန်းထွန်း (၀၄၈၂၂)
သိန်းထွန်းအော့ဖ်ဆက်
၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ထုတ်ဝေသူ
ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ
အမှတ်-၁၁၁၊ ၃၃လမ်း၊ ရန်ကုန်မြို့။

ဖြန့်ချိရေး
ကိုအောင်ဝင်း၊ မအေးမြင့်
သန်းမြင့်မြင့်-ပိဋ္ဌကတ်စာအုပ်ဆိုင်
အမှတ် - ၃၇၊ ရွှေတိဂုံတောင်ဘက်မုခ်
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၈၃၅၁၁ (လိုင်းခွဲ-၁၇၅)

အာတိကာ

ဦးရေ	အကြောင်းအရာ		စာမျက်နှာ
၁။	ပရာဘဝသုတ္တန်နိဒါန်း	...	၁
၂။	ပရာဘဝသုတ္တန်ပါဠိတော်	...	၃
၃။	ပရာဘဝသုတ္တန်မြန်မာပြန်	...	၉
၄။	ဤကျမ်းစာရေးသားရသည့်အကြောင်း	...	၁၇
၅။	ကျမ်းဦးစကား	...	၂၃
၆။	ပရာဘဝသုတ၏မြန်မာဘာသာအဖွင့်ကျမ်း	...	၂၇
	(က) ရံခါလမ်းမှန်ကိုတွေ့၍ ရံခါလမ်းမှားသို့ရောက်တတ်၏	...	၂၈
	(ခ) ဉာဏ်ကြီးသူများ ချမ်းသာရ၏	...	၂၉
၇။	အမှတ်(၁)၊ ပျက်စီးကြောင်း ဉာဏ်မရှိသူ ပျက်စီးဆုတ်ယုတ်တတ်၏	...	၃၀
	(က) တိဟိတ်, ဒွိဟိတ် ခွဲခြားပုံ	...	၃၁
	(ခ) ပဋိသန္ဓေဉာဏ်ပါမှ ကြီးပွားသည်	...	၃၃
	(ဂ) တိဟိတ်ပုဂ္ဂိုလ်ချင်းလည်း မတူကြ	...	၃၄
	(ဃ) ပရာဘဝသုတ္တန်၌ ပဋိသန္ဓေဉာဏ်ကို အရင်းခံ ပဓာနထား၍ ဟောတော်မူပုံ	...	၃၄
၈။	အမှတ်(၂)၊ ပျက်စီးကြောင်း	...	၃၅
	(က) တရားမှန်ကို လိုလားမှ ကြီးပွားသည် တရားမှန်ကို မလိုလားသူ ပျက်စီးတတ်၏	...	၃၅
	(ခ) သုစရိုက်ဆယ်ပါး သရုပ်	...	၃၆
	(ဂ) ဒုစရိုက်ဆယ်ပါး သရုပ်	...	၃၈
	(ဃ) စဉ်းစား၍ ဖတ်ရန်	...	၃၉

ဦးရေ အကြောင်းအရာ စာမျက်နှာ
(င) ကမ္ဘာပေါ်ရှိ အစိုးရတိုင်း
ဗုဒ္ဓဝါဒကို လိုက်နာကျင့်သုံးကြသည် ... ၄၀
(စ) ဒုစရိုက်တို့၏ အပြစ်များ ... ၄၁
(ဆ) ဥာဏ်ရှိသော်လည်း
လမ်းမှားလျှင် ပျက်စီးတတ်ပုံ ... ၄၅
(ဇ) ရဟန်းတော်များကို အဝတ်သက်နန်းက
ကယ်မသည် မဟုတ်၊
ရဟန်းကျင့်ဝတ်ကသာလျှင် ကယ်မနိုင်သည် ... ၄၇
(ဈ) ဆဗ္ဗဂ္ဂိတို့သည် တော်ကြသေး၏ ... ၄၈
၉။ အမှတ်(၃)၊ ပျက်စီးကြောင်း ... ၄၉
(က) လူမိုက်လူယုတ်ကို ခင်မင်နှစ်သက်လျှင်
ပျက်စီးတတ်၏ ... ၄၉
(ခ) လူမိုက်လူယုတ်နှင့်ဆက်ဆံပေါင်းသင်းမှု၏
အကျိုး ... ၅၁
လူလိမ္မာနှင့်ပေါင်းသင်းမှု၏ အကျိုး ... ၅၂
(ဂ) ဥစ္စာမဲ့စေကာမူ ပညာရှိလျှင် ပေါင်း ... ၅၂
(ဃ) ကိုယ့်ထက်တော်သူနှင့် ပေါင်း ... ၅၃
(င) အတွင်းရန်သူ, အပြင်ရန်သူ ... ၅၃
၁၀။ အမှတ်(၄)၊ ပျက်စီးကြောင်း
(က) ပညာရှိသူတော်ကောင်းကို
ဆည်းကပ်မှုမရှိသူ ပျက်စီး၏ ... ၅၄
(ခ) လူမိုက်နှင့်လူလိမ္မာခြားနားပုံ ... ၅၄
(ဂ) ညံ့သူညံ့သူခြင်း၊ ကောင်းသူကောင်းသူခြင်း
ဓာတ်တူချင်းသာ ပေါင်းသင်းမိကြပုံ ... ၅၅

ဦးရေ အကြောင်းအရာ စာမျက်နှာ
(ဃ) ရှင်သာရိပုတ္တာ စသော အရှင်မြတ်တို့
ဓာတ်တူချင်း ဆက်ဆံတော်မူကြပုံ ... ၅၆
(c) ရှင်မဟာကဿပ၏ တပည့်
ဓာတ်ချင်းမတူ၍ ထွက်ပြေးခြင်း ... ၅၇
(စ) သူတော်ကောင်းနှင့်ပေါင်းသင်းရကျိုး ... ၅၈
(ဆ) သူတော်ကောင်းဆိုသည်မှာ ... ၅၉
(ဇ) သူတော်ကောင်းအင်္ဂါခုနစ်ပါး ... ၆၀
(စျ) သူတော်ကောင်းဟုသိနိုင်ရန် ... ၆၁
(ည) သူတော်ကောင်းထက် သူတော်ကောင်းဖြစ်သူ ... ၆၂
(ဋ) သီလရှိမရှိ သိအောင်ပြုနည်း၊
ကောသလမင်းကြီးကို ဘုရားဟောတော်မူပုံ ... ၆၃
(ဌ) မယုံစားအပ်သူများ
ရွှေရောင်တင်သူတော်ကောင်းများ ... ၆၃
၁၁။ **အမှတ်(၅)၊ ပျက်စီးကြောင်း**
(က) မသူတော်တို့၏ တရားကို
လိုလားသူ ပျက်စီးတတ်၏ ... ၆၅
(ခ) လူကျင့်ဝတ်တရားတို့သည် တောင်ကျရေပမာ
တဝုန်းဝုန်းယုတ်လျော့နေပုံ ... ၆၆
(ဂ) ပျက်အစဉ် ပြင်ခဏာ ... ၆၇
(ဃ) အဂ္ဂိလိမာလထေရ်အကြောင်း ... ၆၇
(c) ကဿပဘုရား၏ နောက်ပိုင်းသာသနာနှင့်
မဟာကဿပတ်တော် ... ၆၉
(စ) နတ်ပြည်၌နတ်များနည်းပါးလာခြင်း ... ၇၀

(ယ) မာတိကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ

(ဆ) သိကြားမင်းက ဆင်လောက်ကြီးမားသော
ခွေးနက်ကြီးဖန်ဆင်း၍
လူတို့အား ခြောက်လှန့်ခြင်း ... ၇၀

၁၂။ **အမှတ်(၆)၊ ပျက်စီးကြောင်း**

(က) အအိပ်များသူ ပျက်စီးတတ်၏ ... ၇၉

(ခ) အအိပ်များသူတို့အတွက်ဆိုးကျိုးများ ... ၈၀

(ဂ) မြတ်စွာဘုရားကို
မာရ်နတ်က ပြစ်တင်ကဲ့ရဲ့ခြင်း ... ၈၂

(ဃ) အအိပ်အနေနည်းခြင်း၏အကျိုး
ကုမ္ဘယောသကဝတ္ထု ... ၈၃

(င) အတုယူထိုက်သော ကုမ္ဘယောသက၏ဂုဏ် ... ၈၈

၁၃။ **အမှတ်(၇)၊ ပျက်စီးကြောင်း**

(က) ပွဲလမ်းသဘင်လိုက်စားလျှင်ပျက်စီးတတ်၏ ... ၉၀

(ခ) ကာမအာရုံဟူသည် ဆားငံရေနှင့်တူ၏ ... ၉၂

၁၄။ **အမှတ်(၈)၊ ပျက်စီးကြောင်း**

(က) ထကြွလုံ့လ ကင်းမဲ့သူ ပျက်စီးတတ်၏ ... ၉၄

(ခ) သိကြားမင်းက သားများကို ဆုံးမပုံ ... ၈၅

(ဂ) ခြသေ့တို့သားကောင်ဖမ်းရာ၌
လုံ့လဝီရိယစိုက်ပုံ ... ၉၆

(ဃ) ဝီရိယရှိလျှင် ကိစ္စအားလုံးပြီး၏ ... ၉၇

၁၅။ **အမှတ်(၉)၊ ပျက်စီးကြောင်း**

(က) ပျင်းရိသူပျက်စီးတတ်၏ ... ၉၈

(ခ) အပေါက်ခြောက်ပေါက်ကိုပိတ်ပါ ... ၁၀၀

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၆။ အမှတ်(၁၀)၊ ပျက်စီးကြောင်း

(က) ဒေါသကြီးသူပျက်စီးတတ်၏ ... ၁၀၂

(ခ) ဘုရားနှင့် ကေသီမည်သော မြင်းဆရာကြီးတို့ မေးဖြေပုံ ... ၁၀၃

(ဂ) ပြုပြင်ဆုံးမ၍မရသောရဟန်းကို လျစ်လျူရှုထားခြင်းသည် ထိုရဟန်းအား သက်ပစ်သည်နှင့်တူသည်ဟု ဘုရားကမိန့်တော်မူပုံ ... ၁၀၄

(ဃ) ဒေါသကြီးသော ကလာဗုမင်းနှင့် ခန္တီဝါဒီရသေ့ ... ၁၀၆

(င) ခန္တီဝါဒီရသေ့သူတော်ကောင်း၏ သည်းခံပုံ မေတ္တာပွားပုံ ... ၁၀၇

(စ) ဆဲရေးတတ်သည့် အကျောသက ဘာရဒ္ဒါဇပုဏ္ဏားနှင့် မြတ်စွာဘုရား ... ၁၀၈

(ဆ) အပြစ်မရှိသူကို အပြစ်တင်လျှင် ဆဲဆိုရိုက်ပုတ် ပြစ်မှားလျှင် အပြစ်သည် ပြစ်မှားတတ်သူအပေါ်သို့သာပြန်ရောက်ခြင်း ... ၁၀၈

(ဇ) စိတ်ဆိုးလာသူကို တုံ့ပြန်စိတ်ဆိုးလျှင် တုံ့ပြန်သူက သာ၍ညှံ့ရာ ရောက်တတ်ခြင်း ... ၁၁၀

(ဈ) လူမိုက်နှစ်မျိုးနှင့် ပညာရှိနှစ်မျိုး ... ၁၁၁

(ည) သိကြားနတ်မင်း၏ ဩဝါဒ ... ၁၁၂

၁၇။ အမှတ်(၁၁)၊ ပျက်စီးကြောင်း

(က) မိအိုဘအိုတို့ကို မလုပ်ကျွေးခြင်း၏အပြစ်များ ... ၁၁၄

(ခ) မိဘတို့က သားသမီးများအားစောင့်ရှောက်ပုံ ... ၁၁၅

မာတိကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ

(ဂ) မိတ္တာဝိနှကအကြောင်း ... ၁၁၉

(ဃ) သတင်းစာပါသတင်းတစ်ပုဒ် လူအရှင်လတ်လတ် မြေမျိုခံရခြင်း ... ၁၁၉

(c) မိဘကို ပြုစုကျွေးမွေး၍ ချမ်းသာကြပုံ မာတုပေါသကဆင်မင်း (ဝတ္ထု) ... ၁၂၁

(စ) ဆင်ပူဇော်ပွဲ ပေါ်ပေါက်ခြင်း ... ၁၂၄

၁၈။ အမှတ်(၁၂)၊ ပျက်စီးကြောင်း

(က) အလှူခံတို့အား ဖိတ်ကြားပြီးလျှင် မလှူလိုဘဲ လိမ်လည်ခြင်းကြောင့် ကြီးပွားချမ်းသာ ပျက်စီးတတ်၏ ... ၁၂၅

(ခ) ဗြာဟ္မဏာ၏ အဓိပ္ပာယ် ... ၁၂၆

ပုဏ္ဏား၏ သားကို ဗြာဟ္မဏဟုမခေါ် ... ၁၂၇

(ဂ) ဗြာဟ္မဏအခေါ်ခံရသော ပုဏ္ဏား၏ ကျင့်ဝတ်များ ... ၁၂၈

(ဃ) လူသုံးမျိုး မိုးသုံးမျိုး ... ၁၂၉

(c) အလှူခံကို ရွေးချယ်၍ ပေးလှူသင့်ကြောင်း ... ၁၃၀

(စ) ဒါန၏ စင်ကြယ်ပုံ၊ ငြိမ်းအေးပုံ ... ၁၃၁

(ဆ) ဒါန၏ ကျေးဇူးများ ... ၁၃၁

(ဇ) စာတုမဟာရာဇ် နတ်မင်းကြီးများနှင့် သိကြားမင်းတို့ ဒါနပြုခဲ့ပုံ ... ၁၃၄

(ဈ) ဒါနကို ပြုထိုက် ပြုကောင်းပုံ၊ ဝန်တိုမဆွေရစိတ်ရှိသောသူများ၊ ကောင်းမှု၌ မေ့လျော့သောသူများသာ ဒါနမပြုကြပုံ ... ၁၃၅

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၉။ အမှတ်(၁၃)၊ ပျက်စီးကြောင်း

(က) ဝေဍပေးကမ်းမှကို မပြုတတ်သောသူသည် မကြီးပွား၊ အခြွေအရံ နည်းပါး၏ ... ၁၃၇

(ခ) ဘုရင်မင်းမြတ်မှအစ အကြီးအမှူးလုပ်သူတို့ ဝေဖန်ချီးမြှောက်မှု မရှိလျှင်လည်း ပျက်စီးတတ်သည် ... ၁၃၈

(ဂ) ဗိဠာရကောသိယသူဌေး (ဝတ္ထု) ... ၁၃၈

(ဃ) သိကြား, စန္ဒ, သူရိယ, မာတလိ, ပဉ္စသိခ စသော နတ်တို့သည် ဒါနကြောင့်နတ်ချမ်းသာကိုရပုံ ... ၁၃၉

(င) တွန်ဆုတ်သောစေတနာဖြင့်ပြုသော ဒါန၏အကျိုးပေးပုံ ... ၁၄၁

(စ) အာဂန္တုက သူဌေးအကြောင်း ... ၁၄၁

၂၀။ အမှတ်(၁၄)၊ ပျက်စီးကြောင်း

(က) မာန်မာနသည် ပျက်စီးယုတ်နိမ့်စေတတ်သည် ... ၁၄၃

(ခ) ဇာတိနှင့် ဂေါတ္တ (အနက်ခြင်းကွဲပြားပုံ) ... ၁၄၄

(ဂ) ဗြာဟ္မဏတို့၏ မာန်တက်ပုံ ... ၁၄၆

(ဃ) ဗြဟ္မာ၏ ခံတွင်းမှ ပေါက်ဖွားသည်ဟု စွဲယူကြသော ပုဏ္ဏားတို့ကိုရှင်းလင်း၍ ဟောပြတော်မူခြင်း ... ၁၄၇

(င) မျိုးရိုးက ကောင်းကျိုး၊ ဆိုးကျိုးကို မပေး၊ အလုပ်ကသာ ပေးပုံ ... ၁၄၈

(စ) လူအမျိုးမျိုးတို့မာန်တက်ကြပုံ ... ၁၄၉

(ဆ) ဓနမာန်သည် သာ၍ဆိုးရွားပုံ ... ၁၅၀

ဦးရေ အကြောင်းအရာ စာမျက်နှာ
(၉) အရှင်သာရိပုတ္တာနှင့် ရဟန်းတစ်ပါး ... ၁၅
(၈) ရှင်သာရိပုတ္တာရာမထေရ်မြတ်ကြီး၌
မြေ,ရေ,မီး,လေတို့နှင့်တူသော စိတ်တော်ရှိပုံ ... ၁၅၃
၂၁။ အမှတ်(၁၅)၊ ပျက်စီးကြောင်း
(က) မိန်းမလိုက်စားသူများ ပျက်စီးတတ်သည် ... ၁၅၅
(ခ) မိန်းမလိုက်စားခြင်း၏အပြစ်များ ... ၁၅၆
(ဂ) အိမ်သူဇနီးကို အခွင့်သာစေသောနည်း ... ၁၅၇
(ဃ) အသိတာဘူ မင်းသမီး လိမ္မာပါးနပ်ပုံ ... ၁၅၈
(င) မိဘတို့ကောင်းမှ သားသမီးများကောင်းမည် ... ၁၆၀
(စ) မိန်းမ၏အလိုသို့ လိုက်ရကုန်သော
ယောကျ်ားတို့ အားနည်း ပညာနည်း၍
အကန်းအမွဲ ဖြစ်တတ်ပုံ ... ၁၆၁
(ဆ) ဓုတ္တာဖြစ်သော ယောကျ်ား မိန်းမတို့၏
သားမြေးအစဉ်အဆက် ပျက်စီးတတ်ပုံ ... ၁၆၃
၂၂။ အမှတ်(၁၆)၊ ပျက်စီးကြောင်း
(က) အရက်သေစာ အသောက်အစားများလျှင်
ပျက်စီးတတ်၏ ... ၁၆၅
(ခ) အရက်ကြောင့် ရင်သွေးဆုံးရှုံးဖူးကြောင်း ... ၁၆၇
(ဂ) အရက်သောက်ခြင်း၏
ပစ္စုပ္ပန်အပြစ်ခြောက်မျိုး ... ၁၆၉
(ဃ) အရက်သောက်မှ ရှောင်ကြဉ်သောသူ၌
ရှိသော ကောင်းကျိုး (၃၀) ... ၁၇၀

၂၃။ အမှတ်(၁၇)၊ ပျက်စီးကြောင်း
(က) လောင်းကစားကျူးခြင်းကြောင့် ပျက်စီးတတ်၏ ... ၁၇၃
(ခ) ကစားသမားသည် ကံသမားလား ဉာဏ်သမားလား ... ၁၇၄
(ဂ) ကစားသမားများ ဥစ္စာကုန်ခန်း လူပန်းစိတ်မော ဇာတ်မျောရမည် ... ၁၇၅
(ဃ) ဟဲ့ကုလားက အယာကြီးဖြစ်လာရပုံ ... ၁၇၇
၂၄။ အမှတ်(၁၈-၁၉) ပျက်စီးကြောင်း
(က) မိန်းမပေါ့တို့နှင့်ပျော်ပါးတတ်သူ၊ သူတပါးသားမယားတို့ကို ကျူးကျော်ပြစ်မှားသူ ပျက်စီးတတ်၏ ... ၁၇၉
(ခ) တရားဝင်ဇနီးနှင့် ကျင့်ဝတ်မရှိတ် ပေါင်းသင်းသူ၌ ရရှိသော အကျိုးများ ... ၁၈၁
(ဂ) ဓမ္မပါလ ရွာသူရွာသားများ အသက်ရာကျော် နေကြရခြင်းအကြောင်း ... ၁၈၁
(ဃ) သုရစိမင်းနှင့် သူမေဓာဒေဝီအကြောင်း ... ၁၈၃
၂၅။ အမှတ်(၂၀)၊ ပျက်စီးကြောင်း
(က) ယောက်ျားအိုဖြစ်လျက် မိန်းမပျိုကို ယူဆောင် ထိမ်းမြားခြင်း၏ အပြစ်များ ... ၁၈၆
(ခ) မိန်းမပျိုသည် လူအိုကို မနှစ်သက် ... ၁၈၉
(ဂ) သာမာအမည်ရှိပြည့်တန်ဆာနှင့် သူခိုးကြီးအကြောင်း ... ၁၉၀
(ဃ) မိန်းမပျိုတစ်ဦး ကျိန်ဆိုပုံ ... ၁၉၂
(c) ဇုဇကာပုဏ္ဏား၏ ဇနီးအမိတ္တာပုံအပေါ် ဒုဋ္ဌိဝိဇ္ဇရွာသူများ အမြင် ... ၁၉၂

မာတိကာ

၂၆။ အမှတ်(၂၁)၊ ပျက်စီးကြောင်း
(က) အကြီးအကဲ မတင်မြှောက်ထိုက်သူကို
တင်မြှောက်မိခြင်း အပြစ်များ ... ၁၉၅
(ခ) အိမ်ရှေ့မိဖုရား တစ်ဦးအကြောင်း ... ၁၉၈
၂၇။ အမှတ်(၂၂)၊ ပျက်စီးကြောင်း
(က) မင်းမျိုးဖြစ်သော်လည်း ဥစ္စာစည်းစိမ်နည်းပါး
တဏှာလောဘကြီးလျှင်
ပြည့်ရှင်မင်း မလုပ်ချင်လေနှင့် ... ၂၀၂
(ခ) လိုချင်သောလောဘသည် လူကိုဒုက္ခမှ
မလွတ်မြောက်နိုင် ... ၂၀၄
(ဂ) တေမိမင်းသား၏ ရသမျှနှင့်
ရောင့်ရဲခြင်း အကျိုးများ ... ၂၀၆
(ဃ) အရှင်မဟာကဿပမထေရ်က ရသမျှနှင့်
ရောင့်ရဲခြင်းအကျိုးများကို မြတ်စွာဘုရားအား
လျှောက်ထားပုံ ... ၂၀၆
၂၈။ (၂၃) ပရာဘဝသုတ္တန်၌
ဘုရားရှင်၏ နိဂုံးဒေသနာတော် ... ၂၁၀
၂၉။ နိဂမပတ္တနာ ... ၂၁၅

လောကဌ် စည်းစိမ်ဥစ္စာပျက်စီးကြောင်း တရားများကို သိလို၍ သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအား နတ်သားတစ်ယောက်သည် လာရောက်တောင်းပန် လျှောက်ထားမေးမြန်း၏။ မြတ်စွာဘုရားက ထိုနတ်သားအား ပရာဘဝသုတ်="လောကဌ် ပျက်စီးဆုတ်ယုတ်ကြောင်းတရား"တို့ကို ဟောကြားကာ ထိုတရားများကို ရှောင်ကြဉ်လျက် သန့်ရှင်းစင်ကြယ်သော ဉာဏ်အမြင်ဖြင့် နေထိုင်ကျင့်ကြံလျှင် ချမ်းသာအမျိုးမျိုးတို့ကို ရနိုင်ကြောင်း ဟောကြားတော်မူ၏။

ပရာဘဝသုတ္တန် နိဒါန်း

မင်္ဂလသုတ္တန်ကို မြတ်စွာဘုရားထံတော်မှောက်မှ ကြားနာ ကြရပြီးသော နတ်တို့သည် ဤသို့သော အကြံတစ်ရပ် ဖြစ်ပေါ် ကြပြန်သည်။ မြတ်စွာဘုရားသည် မင်္ဂလသုတ္တန် ဒေသနာတော် ဖြင့် သတ္တဝါတို့၏ ချမ်းသာကြီးပွားကြောင်းကိုသာ ဟောကြား ညွှန်ပြတော်မူသည်။ ပျက်စီး ဆုတ်ယုတ်ကြောင်း တို့ကိုကား မင်္ဂလသုတ္တန်၌ ဟောကြားတော်မမူပေ။ သတ္တဝါတို့သည် ပျက်စီး ဆုတ်ယုတ်ကြောင်းများကိုလည်း သိကောင်းသည်ပင် ဖြစ်ပေ သည်။

သိသော်မှသာ ရှောင်ကြဉ်နိုင်ကြ၍ ချမ်းသာကြီးပွားရာ သည်ဟုအကြံဖြစ်ပေါ်ကြသည်နှင့် ယင်းသို့သော ပျက်စီး ဆုတ် ယုတ်ကြောင်းကိုလည်း မြတ်စွာဘုရားအား မေးလျှောက်ကြ ကုန်အံ့ဟု သဘောတူညီကြကုန်သည်ဖြစ်၍ မင်္ဂလသုတ္တန်ကို ဟောကြားတော်မူသောနေ့မှ နောက်တစ်နေ့၌ စကြဝဠာတိုက် တစ်သောင်းမှ ပရာဘဝသုတ္တန်ကို နာခံ မှတ်ယူလိုကြသော နတ် တို့သည် သားမြီးဖျားခန်မျှသော အရပ်ကလေး၌ ဆယ်ယောက် တစ်စု၊ နှစ်ဆယ်တစ်စုမှစ၍ ခုနစ်ဆယ်၊ ရှစ်ဆယ်တစ်စုအထိ

သေးငယ်သိမ်မွေ့သော ကိုယ်ကို ဖန်ဆင်းကြ၍ မြတ်စွာဘုရား၏ ပတ်ဝန်းကျင်အရပ်တို့၌ ဝန်းရံစောင့်စားကာ နေကြကုန်၏။

ထို့နောက် သိကြားနတ်မင်းက မိမိကိုယ်စား စေလွှတ်လျှောက်ထားစေသော နတ်သားသည် မြတ်စွာဘုရားအနီးသို့ ချဉ်းကပ်၍ သတ္တဝါတို့၏ ပျက်စီးဆုတ်ယုတ်ကြောင်းတရားများကို ဟောကြားမိန့်မြွက်တော် မူပါမည့်အကြောင်း တောင်းပန်ကာ မေးလျှောက်သောကြောင့် နတ်သား မေးလျှောက်တိုင်းသော ပုစ္ဆာ၏ အခြားမဲ့၌ မြတ်စွာဘုရားသည် ပရာဘဝသုတ္တန် အဖြေ ဝိသဇ္ဇနာ ဒေသနာတော်ကို မိန့်ကြား ဖြေဆိုတော်မူခြင်းဖြင့် "ပရာဘဝသုတ္တန်" ဟူ၍ ထင်ရှား ပေါ်ပေါက် ဖြစ်ထွန်းခဲ့ပေသတည်း။

အရှင်ပဏ္ဍိတ

ပရာဘဝသုတ္တနိပါဋိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဧဝံ မေ သုတံ– ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ သြဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၁။ ပရာဘဝန္တံ ပုရိသံ၊
မယံ ပုစ္ဆာမ ဂေါတမံ။
ဘဝန္တံ ပုဋ္ဌုမာဂမ္မ၊
ကိံ ပရာဘဝတော မုခံ။

၂။ သုဝိဇာနော ဘဝံ ဟောတိ၊
ဒုဗ္ဗိဇာနော ပရာဘဝေါ။
ဓမ္မကာမော ဘဝံ ဟောတိ၊
ဓမ္မဒေဿီ ပရာဘဝေါ။ ။
၃။ ဣတိ ဟေတံ ဝိဇာနာမ၊
ပထမော သော ပရာဘဝေါ။
ဒုတိယံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။
၄။ အသန္တ'သ ပိယာ ဟောန္တိ၊
သန္တေ နာ ကုရုတေ ပိယံ။
အသတံ ဓမ္မံ ရောစေတိ၊
တံ ပရာဘဝတော မုခံ။
၅။ ဣတိ ဟေတံ ဝိဇာနာမ၊
ဒုတိယော သော ပရာဘဝေါ။
တတိယံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။
၆။ နိဒ္ဒါသီလီ သဘာသီလီ၊
အနုဋ္ဌာတာ စ ယော နရော။
အလသော ကောဓပညောဏော၊
တံ ပရာဘဝတော မုခံ။

၇။ ကျွတိ ဟေတံ ဝိဇာနာမ၊
တတီယော သော ပရာဘဝေါ။
စတုတ္ထံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။
၈။ ယော မာတရံ ပိတရံ ဝါ၊
ဇိဏ္ဏကံ ဂတယောဗ္ဗနံ။
ပဟု သန္တော နဘရတိ၊
တံ ပရာဘဝတော မုခံ။
၉။ ကျွတိ ဟေတံ ဝိဇာနာမ၊
စတုတ္ထော သော ပရာဘဝေါ။
ပဥ္စမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။
၁၀။ ယော ဗြာဟ္မဏံ ဝါ သမဏံ ဝါ၊
အညံ ဝါပိ ဝနိဗ္ဗကံ။
မုသာဝါဒေန ဝဥ္စေတိ၊
တံ ပရာဘဝတော မုခံ။
၁၁။ ကျွတိ ဟေတံ ဝိဇာနာမ၊
ပဥ္စမော သော ပရာဘဝေါ။
ဆဋ္ဌမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။
၁၂။ ပဟူတဝိတ္တော ပုရိသော၊
သဟိရညော သဘောဇနော။

ဧကော ဘုဇ္ဇတိ သာဒုနိ၊
တံ ပရာဘဝတော မုခံ။
၁၃။ ဣတိ ဟေတံ ဝိဇာနာမ၊
*ဆဋ္ဌမော သော ပရာဘဝေါ။
သတ္တမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။
၁၄။ ဇာတိတ္ထဒ္ဓေါ ဓနတ္ထဒ္ဓေါ၊
ဂေါတ္တတ္ထဒ္ဓေါ စ ယော နရော။
သညာတိံ အတိမညေတိ၊
တံ ပရာဘဝတော မုခံ။
၁၅။ ဣတိ ဟေတံ ဝိဇာနာမ၊
သတ္တမော သော ပရာဘဝေါ။
အဋ္ဌမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။
၁၆။ ဣတ္ထိဝုတ္တော သုရာဝုတ္တော၊
အက္ခဝုတ္တော စ ယော နရော။
လဒ္ဓံ လဒ္ဓံ ဝိနာသေတိ၊
တံ ပရာဘဝတော မုခံ။

---

* ဆ ဋ္ဌ ဋ္ဌမာ၊ "**မောဂ္ဂလာန်**"။

ဆဋ္ဌမောတိ ဇာတ္တ မောတိ ယောဂ ဝိဘာဂေန မပစ္စယော၊ ဆဋ္ဌမော ခန္ဓိပါရမီ၊ "**ရူပသီဒ္ဓိဋီကာ**"။

ဆဋ္ဌမော သော ပရာဘဝေါ တိ ဇာတ္တ ပန ဆဋ္ဌသဒ္ဒတော သကတ္ထေ မကာရာဂမော ဝုတ္တော၊ "**ကစ္စာနဝဏ္ဏနာ**"

ပရာဘဝသုတ္တန်ပါဠိတော်

၁၇။ ဣတိ ဟေတံ ဝိဇာနာမ၊
အဌမော သော ပရာဘဝေါ။
နဝမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။
၁၈။ သေဟိ ဒါရေဟိ သန္တုဋ္ဌော၊
ဝေသိယာသု ပဒုဿတိ။
ဒုဿတိ ပရဒါရေသု၊
တံ ပရာဘဝတော မုခံ။
၁၉။ ဣတိ ဟေတံ ဝိဇာနာမ၊
နဝမော သော ပရာဘဝေါ။
ဒသမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။
၂၀။ အတီတယောဗ္ဗနော ပေါသော၊
အာနေတိ တိမ္ဗရုတ္ထနိံ။
တဿာ ဣဿာ နသုပတိ၊
တံ ပရာဘဝတော မုခံ။
၂၁။ ဣတိ ဟေတံ ဝိဇာနာမ၊
ဒသမော သော ပရာဘဝေါ။
ဧကာဒသမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ။
၂၂။ ဣတ္ထိံ သောဏ္ဍိံ ဝိကိရဏိံ၊
ပုရိသံ ဝါပိ တာဒိသံ။

ဣသရိယသ္မိံ ထပေတိ၊
တံ ပရာဘဝတော မုခံ။
၂၃။ ဣတိ ဟေတံ ဝိဇာနာမ၊
ဧကာဒသမော သော ပရာဘဝေါ။
ဒွါဒသမံ ဘဂဝါ ဗြူဟိ၊
ကိံ ပရာဘဝတော မုခံ ။
၂၄။ အပွဘောဂေါ မဟာတဏ္ဍော၊
ခတ္တိယေ ဇာယတေ ကုလေ။
သော စ ရဇ္ဇံ ပတ္ထယတိ၊
တံ ပရာဘဝတော မုခံ။
၂၅။ ဧတေ ပရာဘဝေ လောကေ၊
ပဏ္ဍိတော သမဝေက္ခိယ။
အရိယော ဒဿနသမ္ပန္နော၊
သ လောကံ ဘဇတေ သိဝ"န္တိ။ ။

ပရာဘဝသုတ္တံဆဋ္ဌံ။

ပရာဘဝသုတ္တန်–မြန်မာပြန်

ပထမ သင်္ဂါယနာ တင်ရာ၌ အရှင်အာနန္ဒာသည် အရှင်မဟာကဿပအား ဤသို့ လျှောက်ကြားခဲ့၏။

ဘုရားတပည့်တော်သည် မြတ်စွာဘုရား အထံတော်မှ ဤသို့ ကြားနာ မှတ်သား လိုက်ရပါသည်။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့တော် အနာထပိဏ်သူဌေးကြီး ဆောက်လုပ်လှူဒါန်းအပ်သော ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူပါသည်။

ထိုအခါ မထင်ရှားသော နတ်သားတစ်ယောက်သည် သန်းခေါင်ယံအချိန်၌ ဇေတဝန်ကျောင်းတော်ကြီးကို မိမိ၏ ကိုယ်ရောင်ဖြင့် ထိန်လင်းစေ၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် ပါဋိ–ဂါထာဖြင့် လျှောက်ထားသည်မှာ–

၁–အမေး။ ။ဂေါတမနွယ်ဖွား မြတ်စွာဘုရား။ တပည့်တော်များသည် အရှင်ဘုရား၏ ထံတော်မှောက်သို့ လူတို့၏ ပျက်စီးကြောင်း တရားများကို မေးလျှောက်အံ့သောငှာ ရောက်လာကြပါသည်။ လူတို့၏ ပျက်စီးကြောင်း သဘောတရားများကား အဘယ်အရာများ ဖြစ်ပါသနည်း **မြတ်စွာဘုရား**။

၂-အဖြေ။ ။(က) နတ်သား၊ (ပဋ္ဌိသန္ဓေဉာဏ် ထက်သန်၍) သိလွယ် မြင်လွယ်သော သူသည် ကြီးပွား ချမ်းသာတတ်သည်၊ (ပဋ္ဌိသန္ဓေ ဉာဏ်ကင်းဘိ၍) အသိအမြင် မရှိသောသူသည် ဆုတ်ယုတ်ပျက်စီးတတ်ပေသည်။

(ခ) ထို့ပြင်လည်း (လမ်းမှန်) တရားမှန်ကို လိုလားနှစ်သက်သော သူသည် ကြီးပွားချမ်းသာ တတ်သည်။ (လမ်းမှန်) တရားမှန်ကို မလိုလား မနှစ်သက်သောသူသည် ပျက်စီး ဆုတ်ယုတ် တတ်ပေသည်။

၃-အမေး။ ။မြတ်စွာဘုရား၊ မြတ်စွာဘုရား ဖြေဆို မိန့်ကြားတော်မူသည်ဖြစ်၍ လူတို့၏ ပျက်စီးဆုတ်ယုတ်ကြောင်း ပထမအချက်ကို (ကွက်ကွက်ကွင်းကွင်း တပည့်တော်များ) သိရှိမှတ်သားကြရပါပြီ။ ဒုတိယမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို (ဆက်လက်) မိန့်ကြားတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားပါသည် ဘုရား။

မှာထားချက်။ ။ပထမဂါထာဖြင့် ဖြေဆိုမိန့်ကြားတော်မူသော ပျက်စီးကြောင်း နှစ်မျိုးကို တစ်မျိုးအဖြစ်ဖြင့် ပေါင်းယူ၍ ပထမပျက်စီးကြောင်းဟူ၍ နတ်သားက ကြားနာမှတ်ယူပေသည်။ နောက်နောက်သော အဖြေဂါထာတို့၌လည်း ဤသို့ပင် ကြီးပွားကြောင်း, ပျက်စီးကြောင်း တစ်ပါးတစ်ပါး အဖြစ်ဖြင့်သာ မှတ်ယူလေသည်။

ဤစာအုပ်တွင် မြန်မာဘာသာပြန်ရာ၌သာ တစ်ဂါထာ၌ ဟောသော ပျက်စီးကြောင်းတို့ကို စကားတစ်ရပ်အနေဖြင့် စုပေါင်းပြန်ဆိုသော်လည်း အဖွင့်အဓိပ္ပာယ်ရေးရာ၌မူကား ပျက်စီးကြောင်း တစ်မျိုးစီ တစ်မျိုးစီကို ခွဲခြားကာ အမှတ်ဂဏန်းပြု၍ ရေးသားမည် ဖြစ်သည်။

၄-အပြေ။ ။နတ်သား၊ အကြင်သူသည် သူတော်ကောင်း သဘောတရားမရှိသောသူကို ချစ်ခင်တတ်၏။ သူတော် ကောင်း သဘောတရားရှိသောသူကိုကား မချစ်ခင်တတ်၊ ရွံမုန်းတတ်၏။ လူယုတ် လူမိုက်တို့၏ ဒုစရိုက် အယုတ်သဘော ကိုသာလျှင် နှစ်သက် မြတ်နိုးရ၍ ကောင်းနိုးနိုး ထင်မှား၏။ ထိုသို့သော သဘောတရားသည် ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။

၅-အမေး။ ။မြတ်စွာဘုရား၊ ဒုတိယမြောက် ပျက်စီး ဆုတ်ယုတ်ကြောင်းကို သိကြရပါပြီ။ တတိယမြောက် ပျက်စီး ဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

၆-အပြေ။ ။နတ်သား၊ အကြင်သူသည် အအိပ်အနေ များ၏။ ပွဲလမ်းသဘင် လိုက်စား ကြည့်ရှုခြင်း များ၏။ (အချိန် ဖြုန်းတတ်၏)။ လုံ့လဝီရိယ အလွန်နည်း၏။ ပျင်းရိ ပေါ့လျော့ ၏။ ဒေါသကြီး၏။ (ထိုသူ၏) သဘောတရားသည် ပျက်စီး ဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။

၇-အမေး။ ။တတိယမြောက် ပျက်စီးဆုတ်ယုတ်ကြောင်း ကို သိကြရပါပြီ။ စတုတ္ထမြောက် ပျက်စီးဆုတ်ယုတ်ကြောင်း ကို ဆက်လက် မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

၈-အပြေ။ ။နတ်သား၊ အကြင်သူသည် အသက်အရွယ် အိုမင်းကြပြီဖြစ်သော မိအို၊ ဖအိုတို့ကို ပြုစုလုပ်ကျွေး မွေးမြူ စောင့်ရှောက်ခြင်းငှာ စွမ်းဆောင်နိုင်သော အင်အား ရှိလျက် မိဘတို့ကို မပြုစု၊ မလုပ်ကျွေး၊ မစောင့်ရှောက်သည်ဖြစ်အံ့၊

(ထိုသူ၏) သဘောတရားသည် ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။

၉-အမေး။ ။စတုတ္ထမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကိုလည်း သိမှတ်ကြရပါပြီ။ ပဉ္စမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ ဟောကြားတော်မူပါဦး မြတ်စွာဘုရား။

၁၀-အဖြေ။ ။နတ်သား၊ အကြင်သူသည် ဗြာဟ္မဏကိုလည်းကောင်း၊ ရဟန်းတော်ကို လည်းကောင်း၊ ရှေးဘုန်းရှေးကံ အလွန်နည်းပါး၍ တောင်းရမ်း စားသောက်ရသောသူမျိုးတို့ကိုလည်းကောင်း (အလိုရှိသောပစ္စည်းကို တောင်းခံရန် ဖိတ်ကြားထားပြီးနောက် အလှူခံလာသောအခါ မလှူဘဲ) လိမ်လည်လှည့်စားတတ်၏။ (ထိုသူ၏) လိမ်လည်လှည့်စားခြင်းသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။

၁၁-အမေး။ ။ပဉ္စမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်း ကို သိမှတ်ကြရပါပြီ။ ဆဋ္ဌမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ ဟောတော်မူပါဦး မြတ်စွာဘုရား။

၁၂-အဖြေ။ ။နတ်သား၊ အကြင်သူသည် များပြားသော ရွှေ ငွေ ကျောက်သံ ပတ္တမြားလည်း ရှိ၏။ များပြားသော ငွေကြေး ပိုက်ဆံလည်း ရှိ၏။ စားဖွယ် သောက်ဖွယ် အသွယ်သွယ်တို့လည်း ပြည့်စုံပေါများ၏။ (ယင်းသို့လျှင် ဥစ္စာ ကြေးငွေ ဆန်ရေစပါး စားနပ်ရိက္ခာ စသည်တို့ ပြည့်စုံ ပေါများ ပါလျက် မိမိ၏ သားမယားများကိုသော်လည်း မဝေဒ မကျွေးမွေးဘဲ)

မိမိတစ်ယောက်တည်း စားသောက် သုံးဆောင်လေ့ရှိ၏။ (ထိုသူ၏) တစ်ယောက်တည်းသာ စားသောက် သုံးဆောင်လေ့ရှိသော သဘောတရားသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်ပေသည်။

၁၃-အမေး။ ။ဆဋ္ဌမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ။ သတ္တမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

၁၄-အဖြေ။ ။နတ်သား၊ အကြင်သူသည် အမျိုးဂုဏ်မာန်တက်၍ ခက်ထန်သောစိတ် ရှိ၏။ ပစ္စည်းမာန်တက်၍ ခက်ထန်သောစိတ် ရှိ၏။ မိဘ ဘိုးဘွား စသော အနွယ်ဂုဏ်မာန်တက်၍လည်း ခက်ထန်သောစိတ်ရှိ၏။ (ဤဂုဏ် ဤမာန်တို့ကြောင့်) မိမိဆွေမျိုးဥာတိကိုသော်လည်း မထီမဲ့မြင် မခန့်မငြား ပြုတတ်၏။ (ထိုသူ၏) မာန်တက်၍ မထီမဲ့မြင်ပြုခြင်း သဘောသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။

၁၅-အမေး။ ။သတ္တမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ။ အဋ္ဌမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကိုလည်း ဆက်လက် မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

၁၆-အဖြေ။ ။နတ်သား၊ အကြင်သူသည် (တဏှာစရိုက်အားကြီး၍) မိန်းမလိုက်စားမှု များ၏။ ကဲလွန်၏။ အရက်သေစာ အသောက်အစား ကဲလွန်များပြား၏။ ဖဲရိုက် မြင်းလောင်းစသော

အလောင်းအစား လွန်မင်းအားကြီး၏။ (ထိုသူမျိုးသည်) ရှာဖွေ၍ ရသမျှသော ဥစ္စာပစ္စည်းတို့ကို ဖြုန်းတီးဖျက်ဆီး၏။ (ထိုသူ၏) ဆိုခဲ့ပြီးသော လွန်ကဲခြင်း သုံးမျိုးသည် ပျက်စီး ဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။

၁၇-အမေး။ ။အဋ္ဌမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိမှတ်ကြရပါပြီ။ နဝမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

၁၈-အဖြေ။ ။နတ်သား၊ အကြင်သူသည် မိမိ၏ လက်ရှိမယားတို့နှင့် တင်းတိမ်ရောင့်ရဲခြင်း မရှိပါဘဲ မိန်းမပျက်တို့နှင့် ပျော်ပါးကျူးလွန်၏။ သူတစ်ပါးတို့၏ သားမယားတို့နှင့်လည်း စည်းဖောက်ကျူးလွန်၏။ (ထိုသူ၏)မိန်းမပျက်တို့နှင့် ကျူးလွန်ပျော်ပါးခြင်း၊ သူတစ်ပါးတို့၏ မယားတို့နှင့် စည်းဖောက်ကျူးလွန်ခြင်းသဘောသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။

၁၉-အမေး။ ။နဝမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို သိရှိမှတ်သားကြရပါပြီ။ ဒသမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

၂၀-အဖြေ။ ။နတ်သား၊ နုနယ်ပျိုမျစ်သော အရွယ်ကို ကျော်နင်း၍ ယိုယွင်းရင့်ရော်သော ယောကျ်ားအိုသည် (တည်သီးပမာဏ သားမြတ်ရှိ၍ ပျိုမျစ်နုနယ် အရွယ်ငယ်သော) မိန်းမပျိုကို ထိမ်းမြားသိမ်းပိုက်သည် ဖြစ်အံ့၊ ထိုအဘိုးအို၏ (ဇနီးငယ်၌ စိတ်မချနိုင်သော ကြောင့်ကြမှု၊ စိုးရိမ်မှု၊ ယောကျ်ားတစ်ပါး

တို့အပေါ်၌) ငြူစူခြင်း ကွဿာတရားစုသည် ငြိမ်ဝပ်စွာ ကိန်းအောင်းနေသည် မရှိနိုင်ပေ။ (သို့ဖြစ်၍) သက်ကြီး ရွယ်အို လျက် အပျိုငယ်ကို ဇနီးသည်အဖြစ် ယူဆောင် ထိမ်းမြားခြင်း သည် ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။

၂၁-အမေး။ ။ဒသမမြောက် ပျက်စီးဆုတ်ယုတ်ကြောင်း ကို သိရှိမှတ်သားကြရပါပြီ။ ဧကာဒသမမြောက် ပျက်စီး ဆုတ် ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာ ဘုရား။

၂၂-အဖြေ။ ။နတ်သား၊ အသောက်အစား အပျော်အပါး လွန်အားကြီးသော မိန်းမကိုဖြစ်စေ၊ ယောက်ျားကို ဖြစ်စေ၊ ထို့ပြင် ပစ္စည်းဥစ္စာတို့ကို စောင့်ရှောက် ထိန်းသိမ်းမှုကို မပြုတတ်၊ ပစ္စလက်ခတ် ဖရိုဖရဲ ထားတတ်သော ယောက်ျားကို ဖြစ်စေ၊ မိန်းမကို ဖြစ်စေ ပစ္စည်းဥစ္စာ ရောင်းရေးဝယ်တာတို့၌ (မိမိ ကိုယ်စား) အကြီးအကဲအဖြစ်ဖြင့် လွှဲအပ်ထားခြင်းသည်လည်း ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။

၂၃-အမေး။ ။ဧကာဒသမမြောက် ပျက်စီးဆုတ်ယုတ် ကြောင်းကို သိရှိမှတ်သားကြရပါပြီ။ ဒွါဒသမမြောက် ပျက်စီး ဆုတ်ယုတ်ကြောင်းကို ဆက်လက်၍ မိန့်ကြားတော်မူပါဦး မြတ်စွာဘုရား။

၂၄-အဖြေ။ ။နတ်သား၊ အကြင်သူသည် မျိုးရိုးအားဖြင့် မင်းမျိုး၌ဖြစ်၏။ စည်းစိမ်ဥစ္စာမူကား နည်းပါး၏။ ဥစ္စာစည်းစိမ် ကိုလည်း များစွာအလိုရှိ၏။ ဘုရင်မင်းအဖြစ်ကိုလည်း လိုချင်

တောင့်တ၏။ ထိုသို့ ပစ္စည်းဥစ္စာနည်းလျက် အလိုရမ္မက်ကြီးခြင်း၊ ဆင်းရဲနွမ်းပါးသော မင်းမျိုးဌာ်ဖြစ်လျက် ဘုရင်မင်း အဖြစ်ကို လိုချင်တောင့်တခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်ပေသည်။

၂၅-နီ ဂုံး။ ။နတ်သား၊ အသိဉာဏ်ရှိသောသူသည် (ယခု ငါဘုရား) ဟောပြ ညွှန်ကြားတော်မူခဲ့သော ပျက်စီး ဆုတ်ယုတ်ကြောင်း ပရာဘဝ သဘောတရားတို့ကို ဆင်ခြင်၍ သန့်ရှင်းသော ဉာဏ်အမြင်နှင့် ပြည့်စုံ၏။ ထိုသူသည် အေးချမ်း သာယာသော နတ်ပြည်သို့ လည်းကောင်း၊ အသခ်ီတဓာတ် နိဗ္ဗာန်သို့ လည်းကောင်း ရောက်သည့်တိုင်အောင် ကြီးပွား ချမ်းသာလေတော့သတည်းဟု ဖြေဆို မိန့်ကြားတော်မူသော ပရာဘဝသုတ္တန် တရားတော်ကို မြတ်စွာဘုရားထံတော်မှောက်မှ ကြားနာ မှတ်သားလိုက်ရပါသည် အရှင်ဘုရား။ ဤသို့ အရှင်အာနန္ဒာက လျှောက်ထားလေသတည်း။

ပရာဘဝသုတ္တန် မြန်မာပြန် ပြီး၏။

ဗရာဘဝသုတ် မြန်မာဘာသာအဖွင့်ကျမ်း ရေးသားစီရင်ရသည့်အကြောင်း

လူတို့၏ လောကကြီးသည် တစ်စတစ်စဖြင့် လူ့ဝိနည်း၊ လူ့စည်းကမ်း လူ့ကျင့်ဝတ် လူ့စာရိတ္တများ မှေးမှိန် တိမ်ကောအားသေးလာခဲ့သောကြောင့် လူတို့သည်လည်း အကယ်စင်စစ် ကိုယ်စိတ်နှစ်ပါးအစုံ ကုံလုံပြည့်ဝအောင် ချမ်းသာသော လူ့ချမ်းသာတို့ဘဝမှ တဖြည်းဖြည်း မသိမသာကလေး ဆုတ်ယုတ်ပျောက်ကွယ်လာကြသည်ကို အထိုက်အလျောက် အသိဉာဏ် အမြော်အမြင်နှင့် ဗဟုသုတရှိသူတို့မှသာ ရိပ်စားမိခဲ့ကြလေသည်။

၁၉၁၄–၁၉၁၈ ခုတို့၌ဖြစ်သော ပထမကမ္ဘာစစ်ကြီး အပြီးတွင် ထိုစစ်ဖြစ်ပွားရာ ဥရောပနယ် တစ်ခွင်၌ လူ့စည်းကမ်း လူ့စာရိတ္တတို့သည် ခပ်တွင်တွင် ယုတ်လျော့ ပျက်စီးခဲ့လေပြီ။ အာရှတိုက်နယ်ဘက်၌လည်း စစ်လှိုင်းဂယက်ရိုက်ရုံမျှ ရိုက်ခတ်ခံခဲ့ရသဖြင့် မသိမသာကလေး ယုတ်လျော့စ ပြုလာပေသည်။

၁၉၃၉–၁၉၄၅ ခုနှစ်တို့၌ ဖြစ်သော ဒုတိယ ကမ္ဘာစစ်ကြီး အပြီး၌ကား ဥရောပရော အာရှပါ ကမ္ဘာစစ်တလင်း စစ်မြေပြင်

အဖြစ်ခံကြရသော နိုင်ငံတို့နှင့်တကွ နီးစပ်ရာ နိုင်ငံတို့၌ လူ့ကျင့်ဝတ်တရား၊ လူ့ဝိနည်းများသည် ဒလဟော ကျဆင်းကာ ပျက်စီးကြလေတော့သည်။ မြန်မာနိုင်ငံတော်သည်လည်း စစ်တလင်းအဖြစ်နှင့် အပြန်အလှန် နှစ်ကြိမ်နှစ်ဖန် ခံခဲ့ရသောကြောင့် ရှင်ရောလူပါ စာရိတ္တဗလ လျော့ကျပျက်ပြားလိုက်သည်မှာ စဉ်းစားသူတိုင်း ဝမ်းနည်းဖွယ်ကြီးအဖြစ်ဖြင့် ဉာဏ်၌တွေ့ရှိထင်မြင်ကြရလောက်အောင် ရှိပေတော့သည်။ ယနေ့တိုင်အောင်လည်း တန့်ရပ်တိုးတက်ကောင်းမွန်လှသည် မရှိသေးဘဲ ပျက်စီးဆုတ်ယုတ်ဆဲပင် ရှိပေသေးသည်။

ယင်းသို့ ကမ္ဘာနှင့်အဝန်း ပျက်စီးယုတ်လျော့နေသော လူ့ကျင့်ဝတ် သဘောတရားတို့သည် ပြန်လည် တည်တံ့ ကောင်းမွန်သော်မှသာလျှင် လူတို့သည် လူ့ချမ်းသာ စစ်စစ်ကို ခံစားရပြီးလျှင် စည်ပင်သာယာမှုကို ရရှိကြ၊တွေ့မြင်ကြရပေမည်။ စာရိတ္တဗလ ပြန်လည် ကောင်းမွန်ရေးသည်လည်း သူတော်ကောင်းပညာရှိတို့၏ ဩဝါဒ အနုသာသနီ အသွန်အသင် ဉာဏ်မြင်ကိုယ်သိ နီတိတရားများနှင့်ကင်း၍ မဖြစ်နိုင်။ ပညာရှိတို့၏ ဉာဏ်မြင်ကိုယ်သိ ဆုံးမကြောင်း လမ်းညွှန်နီတိတို့ဖြင့် စာရိတ္တဗလ ကောင်းမွန် တိုးတက်အောင် ပြန်လည် ထူထောင်ရေးကို မည်ကဲ့သို့ ပြုလုပ်ကြပါအုံးနည်း။ ဤအတိုင်း လူ့လောကကြီးကို လျစ်လျူရှုမထားနိုင်။ ကြောင့်ကြမဲ့ မနေနိုင်။ ကိုယ်လွတ် မရုန်းနိုင်ကြသော ရန်ကုန်မြို့(ဝိုင်-အမ်-ဘီ-အေ)အသင်း ဝန်ဆောင်လူကြီးများသည် စုရုံးစည်းဝေးကြ၍ အကြံဉာဏ်ဓားများကို

သတိဝီရိယအားဖြင့် သွေးကြရာ အားရဖွယ်တောင်း အကြံ ကောင်းကို ရရှိကြရပေတော့သည်။

ထိုအကြံမှာကား လူတို့၌ ကိုယ်ကျင့် စာရိတ္တကောင်းစေ၍ ကြီးပွားချမ်းသာစေနိုင်သော မဂ်လသုတ္တန် ဟူ၍ ထင်ရှားသော နီတိတရားကြီးကို ကြံဆ စမ်းသပ်မိကြခြင်း ဖြစ်ပေသည်။ စမ်းသပ်မိသည်အားလျော်စွာ ကြီးပွားချမ်းသာကြောင်း မဂ်လာ နီတိတရား လူတိုင်းမှာ လိုက်နာတည်ရှိကြစေရန် မဂ်လာအဖွဲ့၊ မဂ်လသုတ် စာမေးပွဲများ ပြုလုပ် ချီးမြှောက် အားပေးသည် သာမက ဆိုင်ရာစပ်ရာ မဂ်လာနီတိတို့နှင့် ပြည့်စုံ ညီညွတ်သော လူငယ် လူလတ်တို့ကိုလည်း ဆုတံဆိပ် လက်မှတ် စသည်တို့ဖြင့် တစ်ဆင့်တက်ကာ ချီးမြှောက် အားပေးကြပြန်၏။ အားပေး ချီးမြှောက်သလောက်လည်း ထက်အောက် မြန်မာနိုင်ငံတော် အဝန်း၌ မဂ်လာနီတိပန်းသည် အတော်ပင် လန်းဆန်းဖူးပွင့် လျက် ရှိချေပြီ။

ပုဂံခေတ် ကျစွာမင်းလက်ထက်က အမျိုးကောင်းသမီး မိန်း ကလေးများပင်လျှင် သဒ္ဒါ၊ ပရမတ် စသော စာပေ ကျမ်းဂန် တို့ကို အလေ့အလာ အတတ်အသိများသဖြင့် ထင်းခွေရင်း၊ ရေ ခပ်ရင်း၊ ဗိုင်းငင်ရင်း၊ စာစကားပြောကြ၊ ဆွေးနွေးကြသကဲ့သို့ ယခုအခါ၌လည်း အချို့အချို့ မြို့ရွာ ရပ်ကွက်တို့၌ အမျိုးကောင်း သမီးငယ်တို့သည် မဂ်လသုတ်စကား ချမ်းသာကြီးပွားကြောင်း လူ့ကျင့်ဝတ်များကို ပြောဆိုဆွေးနွေးလျက်ပင် ရှိကြလေသည်။

ဤမျှလောက် စာရိတ္တဗလဘက်က ပြန်လည် တိုးတက်ကောင်းမွန်လာကာမျှနှင့် ကျေနပ် အားရခြင်း၊ တာဝန်လက်လွတ်နေခြင်းကို မဖြစ်စေလိုသေးဘဲ တိုးတက်၍ ဆောင်ရွက်လိုကြသော (ဝိုင်-အမ်-ဘီ-အေ) ဝန်ဆောင် လူကြီးများသည် ကောင်းနိုးရာရာ သုတ္တန်များကို မြန်မာဘာသာပြန်စေခြင်း၊ သံယုတ္တ အဂ်ုတ္တရ မဇ္ဈိမ ဒီဃ အချို့သောခုဒ္ဒကနိကာယ်များကို ဘာသာပြန်ဆိုစေခြင်း (ဤနိဒါန်းကို ရေးသားပြီးမှ ဘာသာပြန်ကိစ္စကို ဝိုင်-အမ်-ဘီ-အေ က အစိုးရသို့ လွှဲအပ်လိုက်သည်ဟု ကြားသိလိုက်ရသည်) အဓိပ္ပာယ် အဖွင့်ရေးခြင်းစသည်တို့ကိုလည်း ထိုထို လူပညာရှိ ရဟန်းပညာရှိတို့အားတောင်းပန်တိုက်တွန်း၍ စာအုပ်အဖြစ်သို့ ရောက်စေပြီးလျှင် တန်ဖိုးအနည်းငယ်ဖြင့် တိုင်းပြည်သို့ ဖြန့်ဖြူး၍ "စာရိတ္တဗလ" လူ့ကျင့်ဝတ် ကောင်းမွန်ရေးကို ဆောင်ရွက်ကြဆဲပင် ဖြစ်လေသည်။

ထိုသို့ဆောင်ရွက်ကြရာ၌ လူ့လောကပြုပြင်ရေးတွင် မင်္ဂလသုတ္တန်ကို ဟောတော်မူပြီး နောက်တစ်နေ့တွင် ဟောကြား ဖြေဆိုအပ်သော နိုတိဒေသနာတစ်ရပ် ဖြစ်သည့် ပျက်စီးကြောင်း ပရာဘဝသဘောတရားများကိုလည်း လူတို့သိရှိကြလျှင် ပျက်စီးကြောင်းဖြစ်၍ မလိုလား မနှစ်သက်ဘဲ ရှောင်ကြဉ်ကြပေလိမ့်မည်။ ပျက်စီး ဆုတ်ယုတ်ကြောင်း တို့ကို ရှောင်ကြဉ်ပါက ကြီးပွားကြောင်း မင်္ဂလာ၊ ကောင်းမွန်သော စာရိတ္တာဘက်သို့ သက်ဝင်ကူးပြောင်းကြသောအားဖြင့် လူရောစိတ်ပါ လူ့ချမ်းသာ

ကို အပြည့်အစုံ ရရှိကြပေရာသည်ဟု ဆက်လက် ကြံစည်တွေးမြင်ကြသည်နှင့် ပရာဘဝသုတ္တန်ကိုလည်း မင်္ဂလသုတ္တန်ကဲ့သို့ အဓိပ္ပာယ်အဖွင့် ရေးသားခြင်းဖြင့် လူ့လောကကြီး၏ စာရိတ္တကောင်းမွန်ရေးကို အားပေးပါရန် တိုက်တွန်း လျှောက်ထားကြသောကြောင့် "ပရာဘဝသုတ္တန် မြန်မာဘာသာ အဖွင့်ကျမ်း"ကို ရေးသားစီရင်အပ်ပေသည်။

(က) ယံ ပရေ သုခတော အာဟု၊
တဒရိယာ အာဟု ဒုက္ခတော။

(ခ) ယံ ပရေ ဒုက္ခတော အာဟု၊
တဒရိယာ သုခတော ဝိဒူ။

ပါဠိဂါထာ၏ မြန်မာအဓိပ္ပာယ်

(က) ပုထုဇဉ်တို့က (အဝိဇ္ဇာ မကင်းကြ၍) ချမ်းသာဟု ထင်မှတ် ပြောဆိုကြသည်ကို (အဝိဇ္ဇာ ကင်းသော) အရိယာ သူတော်ကောင်းတို့က ဉာဏ်မှန်ဖြင့် ဒုက္ခဟူ၍ သိမြင်ပြောဆိုကြကုန်၏။

(ခ) ပုထုဇဉ်တို့က ဆင်းရဲဒုက္ခဟူ၍ ထင်မြင်ပြောဆိုကြသည်ကိုကား အရိယာ သူတော်ကောင်းတို့က ချမ်းသာ အစစ်ဟူ၍ သိမြင်ပြောဆိုကြကုန်၏။

မိမိတို့သည် ပုထုဇဉ်ဖြစ်သော်ကောဟု ဆင်ခြင်ဉာဏ်ကင်းမဲ့၍ ဆင်ခြင်စိစစ်တတ်သော ဝိစာရဏဉာဏ်ကို အသုံးမပြုဘဲ ပျက်စီးဆုတ်ယုတ်ကြောင်းကို ကြီးပွားကြောင်း အနေဖြင့်

မထင်မှတ်ကြမ္ဘ၍ ကြီးပွားချမ်းသာကြောင်းကိုလည်း ပျက်စီးဆုတ်ယုတ်ကြောင်း အနေဖြင့် ဉာဏ်မြင်လွဲကာ မစွဲလမ်း မယှဉ်ကြမ္ဘ၍ မဂ်လာတရား၊ နိတိစကားများကို ကြီးပွားချမ်းသာကြောင်း အစစ်ဟု တစ်ထစ်ချ မှတ်ယူ လိုက်နာကြလျက် ပျက်စီးကြောင်း ပရာဘဝ သဘောတရားများကို ပျက်စီးဆုတ်ယုတ်ကြောင်းသာလျှင် အမှန်ဖြစ်ပေသည် ဟု ဉာဏ်နှင့် ဆင်ခြင်ကာ ရှောင်ရှားကြ၍ လူ့လောကကြီးအတွင်း၌ လူ့ချမ်းသာ စစ်စစ်ကို အပြည့်အစုံ ခံစားနိုင်ကြစေသတည်း။

အရှင်ပဏ္ဍိတထေရ်

ကျမ်းဦးစကား

ဘဝ် ဘဝ် ဝိဘာဇက်၊

သုဇနံ သုဇနံ ဇနံ။

ဖလံ ဖလံ ကတံ ကတံ၊

စက္ခုမ် သာဒရံ နမေ။

ဘဝ် ဘဝ်၊ ကြီးပွားကြောင်း ပျက်စီးကြောင်း သဘောတရားကို။ ဝိဘာဇက်၊ ဝေဖန်ခွဲခြားတော်မူအပ်သော။ သုဇနံ၊ သူတော်ကောင်းဖြစ်သော။ ဇနံ၊ လူအပေါင်းကိုလည်းကောင်း။ အသုဇနံ၊ သူယုတ်မာဖြစ်သော။ ဇနံ၊ လူအပေါင်းကို လည်းကောင်း။ ဝိဘာဇက်၊ ဝေဖန်ခွဲခြားတော် မူတတ်သော။ ကတံ၊ ပြုသင့်သော။ ဖလံ၊ အကျိုးရှိသော အမှုကို လည်းကောင်း။ အကတံ မပြုသင့်သော။ အဖလံ၊ အကျိုးမရှိသော အမှုကို လည်းကောင်း။ ဝိဘာဇက်၊ ဝေဖန်ခွဲခြမ်းတော် မူတတ်သော။ စက္ခုမ်၊ ဗုဒ္ဓစက္ခု ရှိတော်မူသော မြတ်စွာဘုရားကို။ အဟံ၊ ငါသည်။ သာဒရံ၊ ရိုသေစွာ။ နမေ၊ ဦးညွှတ်လျှိုး၍ ရှိခိုးပါသတည်း။

ကြီးပွားချမ်းသာနေဆဲ ဖြစ်ကြသော လူတို့သည် ကြီးပွားရေး ကြီးပွားကြောင်းတို့ကိုသာလျှင် ဉာဏ်မျက်စိဖြင့် သိကြ

မြင်ကြသည် မဟုတ်။ ကြီးပွားရေး ကြီးပွားကြောင်း၏ ဆန့်ကျင်ဘက် ပျက်စီးဆုတ်ယုတ်ရေး ပျက်စီးဆုတ်ယုတ်ကြောင်းတို့ ကိုလည်း တွေ့မြင်တတ်ကြကုန်၏။ ဤစကားသည် မှန်၏။ ပျက်စီးကြောင်းကို တွေ့မြင် သိရှိပြီးနောက် ပျက်စီးကြောင်းလမ်းသို့ မလိုက်မပါဘဲ ကြီးပွားရေး ကြီးပွားကြောင်း လမ်းဘက်သို့ အလိုက်မှန်ကန်ကြသောကြောင့်သာ ကြီးပွားချမ်းသာသူ အဖြစ်သို့ ရောက်ကြကုန်၏။ သို့ဖြစ်ရာ လူတို့၏ ပျက်စီးဆုတ်ယုတ်ကြောင်းများကို လူတို့သည် ကြိုတင်၍ သိရှိ တွေ့မြင်ထိုက်ကြပေသည်။

စီးပွားဥစ္စာ ရှာဖွေသော လူတစ်ယောက်သည် မည်သည့် အလုပ်အကိုင် အရောင်းအဝယ်ကို ပြုလုပ်လျှင် မည်ကဲ့သို့သော ပျက်စီးဆုံးရှုံးကြောင်း ဘေးအန္တရာယ် အနှောင့်အယှက် ရှိသည်။ အမြတ်အစွန်း ရရှိရေး စီးပွားဥစ္စာ ဖြစ်ထွန်းရေးဌ် မည်မျှ ဆွတ်ယွင်းချက် တွေ့ရှိသည်။ ကြီးပွားချမ်းသာခွင့် မရှိနိုင်။ အလောင်းအစား အပျော်အပါး လိုက်စားတတ်သောသူနှင့် ပူးပေါင်းရောင်းဝယ်လျှင် ကြီးပွားချမ်းသာမှုမရှိနိုင် စသည်ဖြင့် ဆိုင်ရာ အလုပ်အကိုင် အရောင်းအဝယ်နှင့် စပ်၍ ပျက်စီးဆုတ်ယုတ်ကြောင်းများကို ကြိုတင်ကာ ဆင်ခြင် သိမြင်ပြီးဖြစ်သောကြောင့် အလုပ်သစ် အကိုင်သစ်ဖြင့် စီးပွားဥစ္စာ ရှာမှီးရာ၌ ကြီးပွားတိုးတက် ချမ်းသာခြင်းကို ရရှိသော်သာ ရရှိရာသည်။ ပျက်စီးဆုတ်ယုတ်ခြင်း ရှိနိုင်တော့မည် မဟုတ်ပေ။ အဘယ့်ကြောင့်နည်း။ ပျက်စီးဆုတ်ယုတ်ကြောင်းကို ကြိုတင်

သိရှိ တွေ့မြင်ပြီးဖြစ်၍ ထိုလမ်းကို ရှောင်လွှဲနိုင်သောကြောင့် ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ကမ္ဘာလောကဌ နေထိုင်ကြကုန်သော လူဟူသမျှတို့သည် ကြီးပွားချမ်းသာရေးကို လူတိုင်း လူတိုင်း အလိုရှိကြသည့်အလျောက် ကြီးပွားရေး ကြီးပွားကြောင်းကို ချည်းသာ မကြည့်ကြသေးဘဲ ကြီးပွားရေး၏ ဆန့်ကျင်ဘက် ပျက်စီးဆုတ်ယုတ်ကြောင်း ကိုလည်း ဆင်ခြင် ကြည့်ရှုကာ ရှောင်ရှားကျော်လွန်နိုင်မှသာလျှင် ကြီးပွားချမ်းသာမှုကို ရရှိပေမည်ဟူသော သတိရှေ့သွား နှလုံးထားဖြင့် ပရာဘဝ သုတ္တန်-မြန်မာ ဘာသာပြန်နှင့် တကွ မြန်မာဘာသာ သက်သက် အဓိပ္ပာယ် ဖွင့်ဆို၍ မြန်မာစာ ဖတ်တတ်သူတိုင်း နားလည်လောက်အောင် တတ်နိုင်သမျှ ပေါ်ပေါ်လွင်လွင်နှင့် မကျဉ်း မကျယ် ရေးသားမည် ဖြစ်သည်။

ကြီးပွားချမ်းသာခြင်းကို လိုလားတောင့်တကြသောသူတို့သည် ဤပရာဘဝသုတ္တန်ကို အဖန်ဖန် ကြည့်ရှုမှတ်သား၍ ပျက်ပြား ဆုတ်ယုတ်ကြောင်းတို့ကို မိမိသန္တာန်၌ မကိန်းအောင်းစေဘဲ ကောင်းကောင်းကြီး မောင်းနှင်ပယ်ထုတ်နိုင်သောအားဖြင့် ယခုပစ္စုပ္ပန်ဘဝ ယခုနေ့ရက်မှစ၍ လက်ငင်း ကြီးပွားချမ်းသာ ကြပါစေသော-ဟူသော "မနောပဏိဓိ" စိတ်မြတ်ရှိသည် အားလျော်စွာ ဤစာကို ဖတ်ရှုနာကြားရသော သူတို့က လိုက်နာ ကြပါလျှင် ဤစာကို ရေးရကျိုး၊ အချိန် ကုန်ရကျိုး ရှိပေပြီဟု အားရကျေနပ်ရပေတော့မည်။

ပရာဘဝသုတ္တန်
မြန်မာဘာသာအဖွင့်ကျမ်း

နမော ပရာဘဝသုတ္တန္တ ဒေသကဿ ဘဂဝတော သမ္မာသမ္ဗုဒ္ဓဿ

လူ့ကမ္ဘာ လူ့လောက၌ လူတို့၏ ပျက်စီးရာ ပျက်စီးကြောင်း ပရာဘဝ သဘောတရားတို့သည် ပကတိအားဖြင့် ရှိနေကြသော်လည်း ပရာဘဝ သဘောတရား အကုန်အစင်ကို အကျန်အကြွင်းမရှိ၊ ဆုံးခန်းတိုင်အောင် မမြင်နိုင် မသိနိုင်ကြပေ။ အတန်အရာ ပဋိသန္ဓေ ဉာဏ်အမြင်ရှိ၍ ဆင်ခြင်မိကြစေကာမူ အမှန်အမှားကို ပြတ်သားစွာ ခွဲခြားသိနိုင်ကြမည်မဟုတ်ပေ။ ရံခါ မောဟ အမှောင်ဓာတ် အပိတ်အဆို့ ပါးလွှာသည့်အခါ၌ အချို့ အချို့ သဘောမှန်ကို သိမြင်နိုင်စေကာမူ ရံခါ မောဟ အမှောင်ဓာတ် ထူထပ်စွာ ပိတ်ဖုံးသည့်အချိန်၌ အမှန်ကို အမှား၊ အမှားကို အမှန်ဟူ၍ ထင်မှတ်စွဲယူတတ်ကြလေသည်။ သို့ကြောင့် ရံခါလမ်းမှန်တွေ့၍ ရံခါလမ်းမှားသို့ ရောက်တတ် လိုက်တတ်ကြသည်ဟု-

ဧကဒါ ယာတိ မဂ္ဂေန၊ ကုမ္မဂ္ဂေနာ ပိ ဧကဒါ။
(ရံခါ လမ်းမှန်ကိုတွေ့၍ ရံခါ လမ်းမှားသို့ ရောက်တတ်၏)

ဟူသော စကားတော်ကို ပုထုဇဉ်များအား ရည်ညွှန်း၍ ဗုဒ္ဓမြတ်စွာ မိန့်ဆိုတော်မူခဲ့သည်။ သို့ကြောင့်လည်း ပညာရှိများသည် မိမိတို့ဉာဏ်မြင်သလောက် နီတိခေါ်သော ဩဝါဒကထာများကို အသီးအသီး တစ်စိတ်တစ်ဒေသစီရင်ရေးသားခဲ့သော နီတိကျမ်းများ ရှိတန်သမျှ ရှိခဲ့ပေသည်။

မြတ်စွာဘုရားသည်ကား အလုံးစုံသော ဥယျဓမ္မကို သိတော်မူလိုပါက သိခြင်းငှာ စွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်နှင့်တကွ ဒသဗလဉာဏ်တော်တို့ကို ကိုယ်ပိုင်ရရှိတော်မူသော ဗုဒ္ဓဖြစ်၍ လူတို့၏ပျက်စီးရာ ပျက်စီးကြောင်းတို့ကိုလည်း အကုန်အစင် အကြွင်းအကျန်မရှိ မှန်ကန်တိကျစွာ သိမြင်တော်မူပေသည်။ ဤစကား မှန်၏၊ သာရိပုတ္တ-ငါဘုရားသည် ငရဲကိုလည်း သိတော်မူသည်။ ငရဲသို့ ရောက်ကြောင်း လမ်းကိုလည်း သိတော်မူသည်။ ငရဲသို့ ရောက်စေတတ်သော အလုပ်ကိုလည်း သိတော်မူသည်။ ဤသို့ ပြုကျင့်က သေလျှင် ငရဲသို့ ရောက်၏။ ထိုသို့သော လမ်းကြောင်းအကျင့်ကို ငါဘုရား သိတော်မူသည် စသည်ဖြင့် မဟာသီဟနာဒသုတ္တန်၌ ရဲရဲတင်းတင်း မိန့်မြွက်တော်မူခဲ့ဖူးပြီ။

ပရာဘဝသုတ္တန်ကို ဟောကြားရန် လျှောက်ထားသော နတ်သားသည်လည်း ကြီးပွားကြောင်း မင်္ဂလာစစ် မင်္ဂလာမှန်ကို ဗုဒ္ဓဘုရားမှသာ ပြတ်သား ရှင်းလင်းစွာ ကုန်စင်အောင်

သိတော်မူသကဲ့သို့ ထို့အတူ ပျက်စီးကြောင်း ပရာဘဝ သဘောတရားကိုလည်း ဗုဒ္ဓဘုရားရှင်မှသာ ထင်လင်းသေချာ ကြောင်းရာမရှိ သိတော် မြင်တော် မူနိုင်ပေမည်ဟု ယုံကြည် ကိုးစား၍ လျှောက်ထားခြင်း ဖြစ်မည်ကား မလွဲတန်ရာ။

ယင်းသို့သော မနသိကာရဖြင့် နတ်သား လျှောက်ထား ပုံ၊ မြတ်စွာဘုရား ဖြေကြားပုံတို့မှာ မင်္ဂလသုတ္တန်၌ကဲ့သို့ နတ်သားက တစ်ကြိမ်သာ မေးလျှောက်သည် မဟုတ်။ မြတ်စွာဘုရားကလည်း တစ်ကြိမ်သာ မေးလျှောက်သည်ကို တောက်လျှောက်ဖြေဆိုဟောကြားတော်မူသည် မဟုတ်ပေ။ ပရာဘဝသဘောတရား တစ်မျိုး ဖြေဆိုပြီးလျှင် တစ်ဖန် မေးလျှောက်၍ တစ်ဖန် ဖြေဆိုတော်မူရာ အမေးအဖြေ သဘော သက်ရောက်သော သုတ္တန် ဒေသနာတော် ဖြစ်လေ သည်။ ရှေးဦးအစ၌ဖော်ပြထားပြီးသော ပါဠိတော်နှင့်မြန်မာ ပြန်ကို ကြည့်ရှုကြလျှင်ပင် သိနိုင်ကြပေပြီ။ အဓိပ္ပာယ်အဖွင့်ကို ရေးသားအပ်သော ဤအခန်း၌ကား မြတ်စွာဘုရား ဖြေဆို တော်မူသော ပရာဘဝ သဘောတရားများကိုသာလျှင် ဖွင့်ဆို ရေးသားမည် ဖြစ်သည်။

(၁) သုဝိဇာနော ဘဝံ ဟောတိ

(ဉာဏ်ကြီးသူမျှား ချမ်းသာရ၏)

သိလွယ် တတ်မြောက်လွယ်သော ပဋိသန္ဓေဉာဏ် ရှိသောသူသည် ကြီးပွားချမ်းသာတတ်သည်။

(၁) ဒုဗ္ဗိဇာနော ပရာဘဝေါ

(ဉာဏ်မရှိသူ ပျက်စီးဆုတ်ယုတ်တတ်၏)

အသိအလိမ္မာ ဓာတ်ခံ (ပဋိသန္ဓေ)ဉာဏ် မရှိသော သူသည် ပျက်စီးဆုတ်ယုတ်တတ်သည်ဟု ဖြေဆိုတော်မူသည်မှာ နတ်သားက ပျက်စီးကြောင်းမျှကိုသာ မေးလျှောက်သော်လည်း ပျက်စီးကြောင်းမှ အပြန် (ဆန့်ကျင်ဘက်) အားဖြင့် ကြီးပွားကြောင်းဖြစ်တော့သည်ဟု သိစေတော်မူလို၍ **သုဝိဇာနော ဘဝံ ဟောတိ** ဟူသော ကြီးပွားကြောင်းကိုလည်း ထည့်သွင်း၍ ဖြေဆိုတော်မူသည်။ နောက်၌ ဆိုလတ္တံ့သော ပရာဘဝ သဘောတရားတို့၌လည်း ဤသို့ပင် (ပျက်စီးကြောင်းကို) အပြန်အလှန်ယူလျှင် ကြီးပွားကြောင်းဖြစ်သည်ကို မှတ်သားကြရမည်။

ပဋိသန္ဓေဉာဏ်ရှိသော သူသည်သာလျှင် ကြီးပွားချမ်းသာသည်။ ပဋိသန္ဓေဉာဏ်ကင်းမဲ့သောသူသည် အဘယ့်ကြောင့် ပျက်စီးဆုတ်ယုတ်သနည်း။ ပဋိသန္ဓေဉာဏ်သည် ကြီးပွားကြောင်း ဆုတ်ယုတ်ကြောင်း၌ အရင်းခံ ပဓာနဖြစ်သောကြောင့်တည်း။

ဆက်လက်၍ ဆိုဦးမည်။ ။အဘိဓမ္မာ သဘောအရ လူသတ္တဝါ တစ်ဦး တစ်ယောက်သည် အမိဝမ်းတိုက်၌ ပဋိသန္ဓေတည်နေသောအခါ အစဦးဆုံးဖြစ်သော စိတ်ကို ပဋိသန္ဓေစိတ်ဟု ဆိုသည်၊ ထိုပဋိသန္ဓေစိတ်သည်-

ပဋ္ဌိသန္ဓေဉာဏ်ထက်သန်သူနှင့် ပဋ္ဌိသန္ဓေဉာဏ် ကင်းသူတို့ဘဝ ခြားနားပုံကို ဟောကြားထားသည့် တရားတော်ဖြစ်သည်။ ပဋ္ဌိသန္ဓေဉာဏ်ထက်သန်သူသည် အကောင်းအဆိုးကို ခွဲခြားသိမြင်တတ်၍ ကြီးပွားချမ်းသာသည်။ ပဋ္ဌိသန္ဓေဉာဏ်မရှိလျှင် အကောင်းအဆိုး မခွဲခြားနိုင်၍ ပျက်စီးဆုတ်ယုတ်တတ်သည်။

၁။ ဉာဏ်နှင့် အတူတကွ ယှဉ်တွဲ၍ဖြစ်သော ပဋိသန္ဓေစိတ်,

၂။ ဉာဏ်နှင့် မယှဉ်မတွဲ ဉာဏ်ကင်းမဲ့၍ ဉာဏ်မပါဘဲ ဖြစ်သော ပဋိသန္ဓေစိတ်,

ဟူ၍ နှစ်မျိုးရှိ၏။ ဤနှစ်မျိုးတို့တွင်-

၁။ ဉာဏ်နှင့်ယှဉ်၍ ဉာဏ်နှင့်အတူတကွ ဖြစ်သော ပဋိသန္ဓေစိတ်ကို တိဟိတ် ပဋိသန္ဓေစိတ်ဟု ခေါ်သည်၊ အလောဘဟိတ်၊ အဒေါသဟိတ်၊ အမောဟဟိတ် ဤသုံးပါးကို တိဟိတ်ခေါ်သည်။ ထိုဟိတ်သုံးပါး ပြည့်စုံစွာ ယှဉ်တွဲ ဖြစ်ပေါ်လာသော ပဋိသန္ဓေစိတ်ကို တိဟိတ် ပဋိသန္ဓေစိတ် ဟုခေါ်သည်။ တိဟိတ်ပဋိသန္ဓေ တည်နေခဲ့သူကို တိဟိတ် ပုဂ္ဂိုလ်ဟု ဆိုသည်။

၂။ *အမောဟဟိတ်မပါဘဲ ကျန်ဟိတ်နှစ်ပါးဖြင့်သာ ယှဉ်သော ပဋိသန္ဓေစိတ်ကို ဒွိဟိတ်ပဋိသန္ဓေစိတ် ဆိုသည်။

တိဟိတ်နှင့် ဒွိဟိတ် ပဋိသန္ဓေနေသူတို့ ခြားနားမှု

တိဟိတ် ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေတည်နေခဲ့သော လူသည် အသိဉာဏ်ရှိသောလူ၊ သွက်လက်ပါးလျား နားလည်လွယ်၊ တတ်မြောက်လွယ်သော လူတော်တစ်ယောက် အဖြစ်သို့ ရောက်တတ်သည်။ ပဋိသန္ဓေဓာတ်ခံ အသိဉာဏ်ပါရှိမှ သာလျှင် ကြီးမြင့်လာသည့်အခါ လောကီရေးနှင့် သက်ဆိုင်

---

* "အမောဟ၊ ဝိဇ္ဇာ၊ ပညာ၊ ဉာဏ" တို့သည် ဉာဏ်ကိုဟောသော သဒ္ဒါတို့တည်း။

သော သိပ္ပံပညာ၊ လောကုတ္တရာရေးနှင့် သက်ဆိုင်သော ဝိဇ္ဇာပညာများကို သင်ကြားလေ့လာ ဆည်းပူးရာ၌ လျင်မြန်ထက်မြက်၍ လွယ်ကူစွာ တတ်မြောက်နိုင်သည်။ သုတ-သိပ္ပ ဝိဇ္ဇာပညာမျိုးတို့၌ လွယ်ကူလျင်မြန်စွာ တတ်မြောက်အောင်မြင်မှုသာ လောကီရေးရာ၊ လောကုတ္တရာရေးရာတို့၌ လိုအပ်သောအကျိုး ပြီးစီး၍ ကြီးပွားချမ်းသာနိုင်ကြလေသည်။

သင်ကြားပြသအပ်သော သိပ္ပဝိဇ္ဇာပညာတို့၌ ပဋ္ဌိသန္ဓေ ဉာဏ်မပါသောကြောင့် ကျွမ်းကျင်တတ်မြောက်ခြင်း မရှိသော လူတို့ကို အသင်တို့သည် သတိမူပါလျှင် လွယ်လွယ်နှင့်အများအပြား တွေ့မြင်နိုင်ကြပေလိမ့်မည်။ လောကီ ကြီးပွားရေး၌ ဖြစ်စေ၊ လောကုတ္တရာ ကြီးပွားရေး၌ ဖြစ်စေ ဆရာသမားတို့က သင်ကြားပြသပေးသောအခါ၌သော် လည်းကောင်း၊ မိမိအလိုအလျောက် ဆည်းပူးလေ့လာသောအခါ၌သော် လည်းကောင်း ပင်ရင်းဓာတ်ခံ ပဋ္ဌိသန္ဓေဉာဏ် ပါရှိသော သူတို့သည် လျင်မြန် လွယ်ကူစွာ သိရှိနားလည်ကြ၏။ ထိုလူမျိုးသည် မိမိ လေ့လာသင်ကြားခဲ့သော သိပ္ပဝိဇ္ဇာဘက်ဆိုင်ရာတွင် အကြီးအမှူး ဦးစီးနာယကဖြစ်၍ ကြီးပွားချမ်းသာကြပေသည်။ ပင်ရင်းဓာတ်ခံအသိဉာဏ်ကင်းမဲ့သော ဒုဗ္ဗိဇာနပုဂ္ဂိုလ်တို့ သည်ကား နောက်လိုက်ငယ်သားဘဝက မတက်နိုင်ကြဘဲ ပင်ပန်းဆင်းရဲခြင်းနှင့်သာ ဇာတ်သိမ်းကြရလေသည်။

ကြီးပြင်းမှ သင်ကြားတတ်မြောက်ရသော ပညာမျိုးမှာ ပညာဟု ဆိုရသော်လည်း ပဋ္ဌိသန္ဓေ ဉာဏ်ပညာကို အမှီပြု

အကြောင်းခံ၍ မှတ်သား ဆည်းပူး တတ်မြောက်ရသော သုတပညာမျှသာဖြစ်သည်။ ပဝတ္တိအခါ ကြီးပြင်းမှတစ်စုံတစ်ခု သော သုတသိပ္ပကို လေ့လာခြင်းဖြင့် ပဋ္ဌိသန္ဓေမှစ၍ အဆက်ဆက် ဖြစ်ပေါ်နေသော ဉာဏ်သည် သန်မာထွားကြိုင်းအား ကြီးစွာ ပွင့်လင်း ရံ့င့်သန်၍ ကြီးမားသော အဖြစ်သို့ ရောက်တတ်သည်။ အလေ့အလာနည်းလျှင် နည်းသလို၊ အလေ့အလာ မရှိလျှင်လည်း မရှိသလို ထိုဉာဏ်သည် သန်မာထက်မြက် ပွင့်လင်းခြင်းသို့ မရောက်ဘဲ အားနည်း မှေးမှိန်နေတတ်ပေသည်။ ''ပညာ၊ ပညာဉာဏ်သည်။ အဘာ-ဝိတာမလာ၊ ပွားများလေ့လာမှုမပြုခြင်းလျှင် အညစ်အကြေးရှိ၏''။

လေ့လာပွားများခြင်းဖြင့် ဉာဏ်ဆိုသောပညာကို ပွင့်လင်းသန်မာ အားကြီးအောင် ပြုပြင်နိုင်သည် ဆိုသော်လည်း ထိုဉာဏ်သည် ပဋ္ဌိသန္ဓေကစ၍ ပါရှိခဲ့ပါမှ လေ့လာခြင်းဖြင့် ကြီးပွားစေနိုင်သည်။ (မူလ)ပဋ္ဌိသန္ဓေကမှ ယှဉ်တွဲ၍ မပါခဲ့ပါမူ ကြီးပြင်းမှ ထိုဉာဏ်ကို ရရှိအောင် ပြုပြင်၍ မဖြစ်နိုင်တော့ချေ။ ပဋ္ဌိသန္ဓေပညာဉာဏ် ရှိကြသူတို့သည်လည်း တစ်ဦးနှင့် တစ်ဦးသည် မတူညီကြ။ ဉာဏ်အနုအရင့် အနုံ့ အထက်သို့ လိုက်၍ ကွဲပြားကြသေးသည်။ သို့ဖြစ်၍ ဉာဏ်နှ ဉာဏ်ရင့် ဉာဏ်နုံ့ ဉာဏ်ထက် ရှိကြသည်အလျောက် တစ်ခုတည်းသော သိပ္ပပညာ – ဝိဇ္ဇာပညာတို့၌သော်လည်း အောက်အထက်အားဖြင့် ကြီးပွားချမ်းသာရေး အဆင့်အတန်း ထူးခြား

ကြပြန်သည်။ တိဟိတ်ပဋိသန္ဓေ ပင်ကိုဉာဏ် ရှိကြသူတို့ပင် သော်လည်း မိမိ မရောက်ဖူး မသွားဖူးသေးသော ခရီး လမ်းကြောင်း သဘောတရား လမ်းကြောင်း နတ်ရွာနိဗ္ဗာန် လမ်းကြောင်းတို့ကို သွားကြရာ၌ အမှန်ကို သိရှိပြီးသူ၏ လမ်းညွှန်မပါဘဲ ရော်ရမ်းမှန်းဆကာ သွားကြရလျှင် လမ်းမှား သို့ ရောက်သူ ရောက်၍ လမ်းမှန်သို့ ရောက်သူလည်း ရောက်တတ်သည်ဖြစ်ရာ ပင်ကိုဉာဏ်ကင်းမဲ့သော "ဒုဗ္ဗဏန" တို့မှာမူကား အသို့လျှင် လမ်းမှန်သို့ ရောက်နိုင်အံ့နည်း။ အမှားလမ်းသို့သာ အလိုက်များကြ၍ ယခုဘဝ နောက်ဘဝ တို့၌ ကြီးပွားချမ်းသာရေးနှင့် အလှမ်းအကမ်း ဝေးကာ ဆင်းရဲ ပျက်စီးခြင်း ဘေးနှင့်သာ တွေ့ကြုံရတတ်သောကြောင့် "ဒုဗ္ဗဏနော ပရာဘဝေါ"ဟု ဟောတော်မူပေသည်။

မင်္ဂလသုတ္တန်၌ "အသေဝနာ စ ဗာလာနံ"ဟူ၍ ကြီးပွား ချမ်းသာလိုသောသူသည် လူမိုက်နှင့် မဆက်ဆံ မပေါင်း သင်းလေနှင့်ဟု အခြားသော မင်္ဂလာတို့ထက် ရှေးဦးစွာ ဟောကြားတော်မူခြင်းဖြင့် ကြီးပွားလမ်းကို ပိတ်ဆို့ရုံသာမက ဖျက်ဆီး နှောင့်ယှက်တတ်သော မကောင်းသူ လူမိုက်နှင့် ပေါင်းသင်းဆက်ဆံရေးကို တားမြစ်ဟောကြားတော်မူသကဲ့သို့ ဤပရာဘဝသုတ္တန်၌လည်း မူလပဋိသန္ဓေအသိဉာဏ် ရှိ မရှိ ကို ပဓာနထား၍ ရှေးဦးစွာ ဟောကြားတော်မူသည်။ ပဋိသန္ဓေ ဉာဏ်ဓာတ်ပါရှိသော ပုဂ္ဂိုလ်သည်ပင်လျှင် အခြား အကြောင်း တို့ ချို့ငဲ့ပါက ကြီးပွားချမ်းသာရေးလမ်း ပျက်ပြားတတ်ပေ

သေးသည်ဖြစ်ရာ ပဋိသန္ဓေဉာဏ်ဓာတ် ပင်ကိုကပင် မပါရှိခဲ့သော ပုဂ္ဂိုလ်စားတို့မှာကား အဘယ်မှာ ကြီးပွားတိုးတက်သော ချမ်းသာရေးကို ရရှိပါတော့အုံ့နည်း။ သို့ကြောင့် ပျက်စီးရာ ပျက်စီးကြောင်း ဆင်းရဲရာ ဆင်းရဲကြောင်း အများတို့တွင် ပင်ကိုဓာတ်ခံ ပဋိသန္ဓေဉာဏ် မရှိခြင်းသည် ပထမအကြောင်းရင်းကြီး ဖြစ်သည်ဟု ရှေးဦးစွာ အစထား၍ ဟောကြားတော်မူသည်ဟု မှတ်ယူကြရာသည်။

ဆောင်ပုဒ် – အကြောင်းမှန်ကို၊ ဉာဏ်မှန်နှင့်မြင်၊
သိလွယ်လျှင်ကား၊ သူကြီးပွား၏။
ဉာဏ်ပါးအလင်း၊ ကင်းမဲ့လျှင်းက၊
ပျက်စီးရ၊ မုချမလွဲမှတ်။

---

(၂) ဓမ္မကာမော ဘဝံ ဟောတိ

(မှန်ကန်သောတရား လိုလားသူ ကြီးပွားချမ်းသာတတ်၏)

လမ်းမှန် တရားမှန်ကို လိုလားသူသည် ကြီးပွားချမ်းသာတတ်၏။

(၂) ဓမ္မဒေဿီ ပရာဘဝေါ

(တရားမှန်ကို မလိုလားသူ ပျက်စီးတတ်၏)

လမ်းမှန် တရားမှန်ကို မလိုလား (ဒုစရိုက်များကိုသာ) ပြုလုပ်လိုသောသူသည် ပျက်စီး ဆုတ်ယုတ်တတ်၏ဟု ဖြေဆိုဟောကြားတော်မူသည်မှာလည်း ကြီးပွားကြောင်းနှင့် တွဲယှဉ်၍ ကြီးပွားကြောင်းကို ပထမညွှန်ကြားတော်မူပြီးလျှင်

ကြီးပွားကြောင်းဖြစ်သော ဓမ္မကာမသဘော ကင်းဝေးသော သူသည် ပျက်စီးဆုတ်ယုတ်တော့သည်သာဟု ဟောတော်မူလိုရင်း ဖြစ်သည်။ ပဋိသန္ဓေဉာဏ် စာတ်ခံရှိပြီး၍ လမ်းမှန်ကို သိမှသာ ဓမ္မကာမ ဖြစ်နိုင်သည်။ ပဋိသန္ဓေဉာဏ်စာတ်ကင်းမဲ့သူမှာ ဓမ္မဒေသီ တရားကို မှန်းသောသူ ဖြစ်သောကြောင့် ပထမ ပရာဘဝ သဘောတရား၏ အခြားမဲ့၌ ဤဒုတိယ ပရာဘဝ သဘောတရားကို ဆက်၍ ဟောကြားတော်မူသည်။

သုစရိုက် ဒုစရိုက်တို့၏ သရုပ်ကို မျှားစွာသော မြန်မာကျမ်းစာတို့၌ ရေးသားဖော်ပြလျက် ရှိကြကုန်၏။ သို့သော်လည်း ဤစာကို ဖတ်ကြား နာယူကြသော ပရိသတ်တို့ လွယ်ကူစွာ သိရှိနိုင်စေရန် ဖော်ထုတ်ရေးလိုက်ဦးမည်။

သုစရိုက် ဆယ်ပါး

ကာယသုစရိုက် သုံးပါး

၁။ ပါဏာတိပါတာ ဝေရမဏိ–သတ္တဝါတို့၏ အသက်ကို ညှဉ်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၂။ အဒိန္နာဒါနာ ဝေရမဏိ–သူတစ်ပါး၏ပစ္စည်းကို ထိုသူက မပေးဘဲ ယူခြင်းမှ ရှောင်ကြဉ်ခြင်း၊

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိ–မလွန်ကျူးထိုက်သော ယောကျ်ား မိန်းမကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း၊

ဝစီသုစရိုက် လေးပါး

၁။ မုသာဝါဒါ ဝေရမဏိ–မမှန်စကား မုသားပြောမှုမှ ရှောင်ကြဉ်ခြင်း။
၂။ ပိသုဏာဝါစာ ဝေရမဏိ–ကုန်းချောမှုမှ ရှောင်ကြဉ်ခြင်း။
၃။ ဖရုသဝါစာ ဝေရမဏိ–ကြမ်းတမ်းစွာ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း။
၄။ သမ္ဖပ္ပလာပါ ဝေရာမဏိ–အဖျင်းပြောမှုမှ ရှောင်ကြဉ်ခြင်း။

မနောသုစရိုက် သုံးပါး

၁။ အဘိဇ္ဈာ ဝေရမဏိ–သူ့ဥစ္စာကို ကိုယ့်ဥစ္စာ ဖြစ်လိုမှုမှ ရှောင်ကြဉ်ခြင်း။
၂။ ဗျာပါဒါ ဝေရမဏိ–သူတစ်ပါးကို ပျက်စီးစေလိုမှုမှ ရှောင်ကြဉ်ခြင်း။
၃။ မိစ္ဆာဒိဋ္ဌိယာ ဝေရမဏိ–အယူမှား အမြင်မှားမှုမှ ရှောင်ကြဉ်ခြင်း။

ကာယသုစရိုက် ၃ပါး၊ ဝစီသုစရိုက် ၄ပါး၊ မနောသုစရိုက် ၃ပါး၊ ပေါင်း ၁၀ပါး။

ဤသုစရိုက် ဆယ်ပါးကို–
၁။ ကိုယ်တိုင် ပြုလုပ်ခြင်း။
၂။ သူတစ်ပါးတို့ကို ပြုလုပ်ရန် တိုက်တွန်း နှိုးဆော်ခြင်း။
၃။ သူတစ်ပါး ပြုလုပ်သည်ကို ချီးမွမ်းအားပေးခြင်း။
၄။ သူတစ်ပါးနှင့် အတူတကွ တွဲဖက် ပြုလုပ်ခြင်း။

ဤလေးပါးနှင့် မြှောက်လျှင် ၁၀ x ၄ = ၄၀၊ သုစရိုက်ပေါင်း ၄၀ ဖြစ်သည်။

ဆောင်ပုဒ် – ကိုယ်တိုင်နှိုးဆော်၊ မြွက်ဖော်ချီးကျူး၊
ဆည်းပူးတူကွ၊ မြှောက်ပွားက၊
မှတ်ကြ လေးဆယ်တည်း။

ဒုစရိုက် ဆယ်ပါး

ကာယဒုစရိုက် သုံးပါး

၁။ ပါဏာတိပါတ – သတ္တဝါတို့၏ အသက်ကို ညှဉ်းဆဲသတ်ဖြတ်ခြင်း၊
၂။ အဒိန္နာဒါန – သူတစ်ပါး၏ ပစ္စည်းကို ထိုသူက မပေးဘဲ ယူခြင်း၊
၃။ ကာမေသု မိစ္ဆာစာရ – မကျူးလွန်ထိုက်သော မိန်းမ ယောကျ်ားတို့၌ လွန်ကျူးခြင်း၊

ဝစီဒုစရိုက် လေးပါး

၁။ မုသာဝါဒ–မမှန်စကား ပြောခြင်း၊
၂။ ပိသုဏာဝါစာ–ကုန်းချောခြင်း၊
၃။ ဖရုသဝါစာ–ကြမ်းတမ်းစွာ ပြောခြင်း၊
၄။ သမ္ဖပ္ပလာပ–အဖျင်းပြောခြင်း၊

မနောဒုစရိုက် လေးပါး

၁။ အဘိဇ္ဈာ–သူ့ဥစ္စာကို ပျက်စီးစေလိုမှု ကြံခြင်း၊
၂။ ဗျာပါဒ–သူတစ်ပါးကို ပျက်စီးစေလိုခြင်း၊

၃။ မိစ္ဆာဒိဋ္ဌိ-အယူမှား အမြင်မှားခြင်း၊
ကာယဒုစရိုက် ၃ပါး၊ ဝစီဒုစရိုက် ၄ပါး၊ မနောဒုစရိုက် ၃ပါး၊ ပေါင်း ၁၀ပါး။

ဤဒုစရိုက်ဆယ်ပါးကို-

၁။ ကိုယ်တိုင်ပြုလုပ်ခြင်း၊
၂။ သူတစ်ပါးတို့ကိုပြုလုပ်ရန် တိုက်တွန်းနှိုးဆော်ခြင်း၊
၃။ သူတစ်ပါးတို့ ပြုလုပ်သည်ကို ချီးမွမ်းအားပေးခြင်း၊
၄။ သူတစ်ပါးတို့နှင့်အတူတကွ တွဲဖက်၍ ပြုလုပ်ခြင်း၊

ဤလေးပါးနှင့် မြှောက်လျှင် ၁၀ x ၄ = ၄၀၊ ဒုစရိုက် ပေါင်း ၄၀ ဖြစ်သည်။

ဆောင်ပုဒ်-ကိုယ်တိုင်နှိုးဆော်၊ မြွက်ဖော်ချီးကျူး၊
ဆည်းပူးတူကွ၊ မြှောက်ပွားက၊
မှတ်ကြ လေးဆယ်တည်း။

စဉ်းစား၍ ဖတ်ပါ

ကောင်းမှု ကုသိုလ်ဖြစ်ကြောင်း သုစရိုက်တို့ကို ပြုလုပ်လျှင်၊ လိုလားနှစ်သက်လျှင် ကြီးပွားချမ်းသာတတ်သည်။ မကောင်းမှု အကုသိုလ်ဖြစ်ကြောင်း ဒုစရိုက်တို့ကို ပြုလုပ်လျှင် လိုလားနှစ်သက်လျှင် ကောင်းမှု ကောင်းလုပ်တို့ကို ရှုံ့မှုန်းစက်ဆုတ်လျှင် ပျက်စီးဆုတ်ယုတ်တတ်သည်ဟု ဗုဒ္ဓမြတ်စွာဖြေဆိုမိန့်ကြားတော်မူသည်မှာ ဟုတ်မှန်ပါသလော၊ မှားယွင်းပါသလော၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ကြည့်ပါ။

မည်သည့်ဘာသာဝင်မဆို တစ်ကမ္ဘာလုံးရှိ အစိုးရ ဟူသမျှတို့ အုပ်ချုပ်သော နိုင်ငံတိုင်း၌ ရဲသားများ၊ ရဲဘွားနများ၊ တရားရုံးများ၊ အချုပ်ထောင်ကလေးများ၊ အချုပ်ထောင်ကြီး များတို့ တည်ထားကြသည်မှာ မကောင်းမှု ဒုစရိုက်တို့ကို ပြုလုပ်သော ဝမ္မဒေသီလူစားတို့ကို ဖမ်းဆီးချုပ်နှောင်ရန်၊ စစ်ဆေးစီရင်ရန်၊ အပြစ်အလျောက် အပြစ်ဒဏ်ကို ခံယူကြရန် တည်ထားကြရသည် မဟုတ်ကုန်လော။ ဗုဒ္ဓဘာသာဝင် မဟုတ်သော အစိုးရသည်ပင် သဘောတရားကို နားလည် ကြ၏။ မကောင်းမှု ဒုစရိုက်ပြုသူတို့ကို စစ်ဆေး၍ ထင်ရှား လျှင် လက်ငင်း ထောင်ဒဏ် စသော အပြစ်ပေးကြ၏။ ဒုစရိုက်သမားတို့လည်း မကောင်းပြစ်ကို ခံယူကြရ၍ ပျက်စီး ကြ၏။ ဆင်းရဲပင်ပန်းကြ၏။ ရောဂါသော်လည်း ရကြ၏။ အသက်သော်လည်း ဆုံးရှုံး၍ လူ့ဘဝ တုံးကြရ၏။ မည်သူက ဆင်းရဲပင်ပန်းစေပါသနည်း၊ မည်သူက ဖျက်ဆီးပါသနည်း။ မိမိကိုယ်တိုင်ပြုသော ဒုစရိုက်အမှုများကသာ ဆင်းရဲ ပင်ပန်း စေသည်၊ ပျက်စီးစေသည် မဟုတ်ပါလော။ သုစရိုက်ပြုမှုကို ရှုံ့မှန်း၍ ဒုစရိုက်ပြုမှုကို လိုလားသောသူသည် ဥစ္စာစည်းစိမ် ဂုဏ်သိရိတန်ခိုးမှစ၍ ပျက်စီးဆုတ်ယုတ်ကာ ပင်ပန်းဆင်းရဲ တတ်သည်ဟု ဘုရားရှင် ဗုဒ္ဓဂေါတမ မိန့်ဆိုတော်မူသည်မှာ လွဲပါသေးသလော။

ဤစကားရပ်သည် ယခုလက်ငင်း ကြုံကြိုက်နေသော ဘဝ၌ တွေ့ရသော ပျက်စီးရေး၊ ဆင်းရဲ ပင်ပန်းရေးမျက်စိသာ

အတိုချုံး၍ ပြလိုက်ခြင်းဖြစ်သည်။ သေလွန်ပြီးနောက် အပါယ်သို့ ရောက်သောအခါ ယခုဘဝထက် အဆပေါင်းများစွာ ကြီးမားလေးလံသော ဆင်းရဲကြီးများကို နှစ်ကာလပေါင်းထောင်သောင်းမက ခံကြရဦးမည်မှာလည်း ကြောက်ခမန်းလိလိ ရှိသေး၏။ ထိုသို့သော နောက်ဘဝ၌ ခံယူရမည့် ချမ်းသာတို့မှ ပျက်စီးရခြင်း၊ ယုတ်လျော့ရခြင်းသည် ကောင်းမှုကောင်းလုပ်ဖြစ်သော သုစရိုက် သဘောတရားတို့ကို ရှုံ့မုန်းပြီး အဓမ္မဒုစရိုက်မှုတို့ကို လိုလားနှစ်သက်ကာ ပြုလုပ်ကြသောကြောင့်သာ ဖြစ်၍ ''ဓမ္မဒေသီ ပရာဘဝေါ''ဟု ဟောကြားတော်မူပေသည်။

ဒုစရိုက်တို့ကို ပြုလုပ်လေ့ရှိသော သူတို့၏ နောက်ဘဝ၌ ရရှိခံယူရမည့် အပြစ်တို့ကို ဗုဒ္ဓမြတ်စွာ ဒီဋ္ဌသိမြင်တော်မူသည့်အတိုင်း ဟောပြခဲ့သည်ကို သိမှတ်ကောင်းလှ၏။

ဒုစရိုက်တို့၏အပြစ်များ

၁။ သတ္တဝါတို့၏ အသက်ကို သတ်ဖြတ် ညှဉ်းဆဲခြင်း စေတနာများသောသူသည် ၎င်းရဲ့ တိရစ္ဆာန် ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော ပါဏာတိပါတကံသည် လူဖြစ်သော အခါ အသက်တိုတတ်၏။

၂။ ဥစ္စာရှင် မပေးဘဲ သူတစ်ပါး ပိုင်ဆိုင်သော ပစ္စည်းကို ခိုးဝှက်လုယူခြင်း စသည်ဖြင့် မတရားယူတတ်သည့် စေတနာများသောသူသည် ၎င်းရဲ့ တိရစ္ဆာန် ပြိတ္တာတို့၌ ဖြစ်တတ်၏။

အပေါ့ဆုံးဖြစ်သော အဒိန္နာဒါနကံသည် လူဖြစ်သောအခါ စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံးတတ်၏။

၃။ မကျူးလွန်ထိုက်သော မိန်းမ ယောကျ်ားတို့၌ လွန်ကျူးတတ်သည့် စေတနာများသောသူသည် ၎င်းရဲတိရစ္ဆာန်ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော ကာမေသုမိစ္ဆာစာရကံသည် လူဖြစ်သောအခါ ရန်သူပေါများတတ်၏။

၄။ မုသားပြောဆိုတတ်သည့် စေတနာများသောသူသည် ၎င်းရဲ တိရစ္ဆာန် ပြိတ္တာ တို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော မုသာဝါဒကံသည် မဟုတ်မတရား အစွပ်စွဲခံရတတ်၏။

၅။ ကုန်းတိုက်စကား ပြောဆိုတတ်သည့် စေတနာများသော သူသည် ၎င်းရဲ တိရစ္ဆာန် ပြိတ္တာ တို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော ပိသုဏာဝါစာကံသည် မိတ်ဆွေတို့နှင့် မိတ်ပျက်တတ်၏။

၆။ အဓိပ္ပာယ် အနက် ကြမ်းတမ်းသော စကားကို ပြောဆိုတတ်သည့် စေတနာများသော သူသည် ၎င်းရဲ တိရစ္ဆာန် ပြိတ္တာ တို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော ဖရုသဝါစာကံသည် လူဖြစ်သောအခါ နှစ်သက်စဖွယ် ကြားနာချင်စဖွယ် မရှိသော ကြမ်းတမ်းစပ်ခါးသော စကားသံတို့ကိုသာ ကြားရတတ်၏။

၇။ အနှစ်အသားမပါ အချည်းနှီး ဗလာစကားဖြစ်သော သမ္ဘပ္ပလာပကိုပြောဆိုတတ်သည့်စေတနာများသော သူသည် ၎င်းရဲ တိရစ္ဆာန် ပြိတ္တာ တို့၌ ဖြစ်တတ်၏။ အပေါ့ဆုံးဖြစ်သော

သမ္မပ္ပလာပက်သည် မိမိပြောဆိုသော စကားကို သူတစ်ပါးတို့ လေးစားယုံကြည်ခြင်းမရှိသော မကောင်းကျိုးကိုရရှိတတ်၏။

၈။ အရက်သေစာ စသော မူးယစ်စေတတ်သည့် အရာမျိုးကို သောက်စားခြင်း စေတနာများသောသူသည် ၎င်းရဲ့ တိရစ္ဆာန် ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ်ဆုံးဖြစ်သော သုရာမေရယက်သည် လူဖြစ်သောအခါ ရူးသွပ်တတ်၏။

၉။ သူတစ်ပါး ပစ္စည်းကို မိမိပစ္စည်းဖြစ်ပါမူကား ကောင်းပေစွဟု ကြံစည်ခြင်း အဘိဇ္ဈာစေတနာ များသောသူသည် ၎င်းရဲ့ တိရစ္ဆာန် ပြိတ္တာတို့၌ ဖြစ်တတ်၏။ အပေါ်ဆုံးဖြစ်သော အဘိဇ္ဈာက်သည် လူဖြစ်သောအခါ မိမိပစ္စည်းကို သူတစ်ပါး ကြံစည်ခြင်း ခံရပေမည်။

(က) ယံ ကမ္မံ ကရိသတိ ကလ္လာဏံ ဝါ ပါပကံ ဝါ၊ တဿ ကမ္မဿ ဒါယာဒေါ ဘဝိဿတိ။

(ခ) ကလ္လာဏကာရီ ကလ္လာဏံ၊ ပါပကာရီ စ ပါပကံ။ ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

(က) မည်သူမဆို ကောင်းသောက်ကိုသော် လည်း ကောင်း၊ မကောင်းသောက်ကိုသော် လည်း ကောင်း ပြုလုပ်အံ့ ထိုက်တို့၏ကောင်းမွေ ဆိုးမွေကို ခံရမည်သာ ဖြစ်၏။

(ခ) မိမိစိုက်ပျိုးသော မျိုးစေ့နှင့်တူသော အသီးကို သုံးဆောင် စားသောက်ရသကဲ့သို့ ကောင်းမှု ပြုသောသူသည် ကောင်းကျိုးကို ခံစားရ၏။

မကောင်းမှုပြုသောသူသည် မကောင်းကျိုးကို ခံစား ရ၏။။

အစရှိသည်တို့နှင့် အညီတည်း။။

၁၀။ သူတစ်ပါးတို့ကို ပျက်စီးစေလိုသော စေတနာ ဗျာပါဒများ သောသူသည် ၎င်းရဲ့ တိရစ္ဆာန် ပြိတ္တာတို့၌ ဖြစ်တတ်၏။။ အပေါ်ဆုံးဖြစ်သော ဗျာပါဒကံသည် လူဖြစ်သောအခါ မိမိ၏ အသက်စည်းစိမ်ကို သူတစ်ပါးက ဖျက်ဆီးတတ်၏။။

၁၁။ ကောင်းမှု မကောင်းမှုဟူ၍ မရှိ။ ကောင်းကျိုး မကောင်းကျိုးဟူ၍လည်း မရှိ။ ဤလောကဟူ၍လည်း မရှိ။ တခြားလောက ဟူ၍လည်း မရှိ။ ယခုဘဝလည်း မရှိ နောက်ဘဝလည်း မရှိဟု ဆိုလိုသည်။။ အမိ အဖ ဟူ၍လည်း မရှိ စသည်ဖြင့် မှားယွင်းဖောက်ပြန်သော မိစ္ဆာအယူအမြင်ကို မစွန့်ဘဲ သေသောသူသည် ၎င်းရဲ့ တိရစ္ဆာန် ပြိတ္တာတို့၌ ဖြစ်တတ်၏။။ အထူးသဖြင့် ၎င်းရဲ့၌ အဖြစ်များ၏။။

ဒုဗ္ဗိဇာနော ပရာဘဝေါ–ဟူသော ပထမ စကားရပ်၌ ပဋိသန္ဓေဉာဏ် ရှိသူတို့ပင် ပဝတ္တိဉာဏ်အမြင် သက္ကည်း လွဲကြသောကြောင့် ဖြစ်စေ၊ ပါပမိတ္တဟု ဆိုအပ်သော မိတ်ဆွေညံ့ မိတ်ဆွေဆိုးတို့နှင့် နီးစပ်စွာ ဆက်ဆံပေါင်းသင်း

(ယခု ထုတ်ပြခဲ့ပြီးသော အဂုံတွေရနိကာယ်လာ မကောင်းမှု အကုသိုလ် ဒုစရိုက်တို့ကြောင့် နောက်ဘဝ၌ ရရှိဦးမည့် အပြစ်ဒဏ်တို့ကိုလည်း ဉာဏ်မှန်နှင့်ဆင်ခြင်ယုံကြည်၍ ဒုစရိုက်တို့ကို ရှောင်ကြဉ်ကြသောအားဖြင့် ကောင်းကျိုးချမ်းသာကို ရယူကြပါလေ။)

မိသောကြောင့် ဖြစ်စေ၊ လမ်းကြောင်း တိမ်းပါး လွဲချော်ကာ ပျက်စီးကြောင်း ဒုစရိုက်လမ်းတို့ကို ပြုလုပ် ခင်းကျင်းမိကြသေးလျှင် ပဋိသန္ဓေဉာဏ် ကင်းမဲ့သူတို့မှာကား သုစရိုက်တရား သူတော်ကောင်း သဘောတရားတို့ကို ရွံမုန်း၍ ဒုစရိုက်တို့ကိုသာလျှင် အလွန်အားကြီးစွာ ပြုလုပ်မိတော့မည် ဖြစ်သောကြောင့် "ဒုဗ္ဗိဇာနော ပရာဘဝေါ" နောက်၌ "ဓမ္မ-ဒေသီ ပရာဘဝေါ"ဟူ၍ ဆက်ကာ ဖြေဆိုဟောကြားတော်မူသည်ဟု မှတ်ယူအပ်ပေသည်။

ပဋိသန္ဓေဉာဏ် အသင့်အတင့်ရှိပါလျှင် ဓမ္မဒေသီ ဖြစ်သောသူသည် သုစရိုက်သဘောတရားများကို အမှားထင်၍ ဒုစရိုက်လမ်းမှားဘက်သို့ လိုက်မိပါက ဉာဏ်ကလေး ရှိသလောက် လမ်းမှား၌ ဉာဏ်မှားနှင့် ခရီးတွင်တတ်သည်ကိုလည်း သတိပြုသင့်ကြ၏။ လမ်းမှား၌ ခရီးတွင်တတ်သည်ဟု ဆိုသည်မှာ လမ်းမှား၍ အမှားကို လိုက်စားပြုမူနေသော်လည်း မိစ္ဆာအမြင်နှင့် အမှန်ကြီး မှတ်ထင်ကာ ပင်ကိုဉာဏ်ကလေးကို အလွဲသုံးစားပြုခြင်းကြောင့် "**အလွဲမှား ဆံပင်ကောင်း**"ဆိုသလို မိစ္ဆာဉာဏ်နှင့် ဒုစရိုက်များကို စနစ်တကျ သန်သန်ကြီး တွင်တွင်ကြီး ချဲ့ထွင်တတ်သည်ကို ဆိုလိုသည်။ သို့ကြောင့် ပဋိသန္ဓေဉာဏ်ပင် ပါရှိသော်လည်း ပဝတ္တိ၌ ဓမ္မ-ဒေသီဖြစ်လျှင် ပျက်စီးတတ်၍ ဆင်းရဲပင်ပန်းရေးနှင့် တိုးမိတတ်သဖြင့် ဓမ္မဒေသီ သဘောတရားကို ဘုရားရှင် ဆက်၍ ဟောကြားတော်မူပေသည်။

သို့ဖြစ်၍ အသင်တို့သည် အထိုက်အလျောက် စဉ်းစားဆင်ခြင်သိမြင်တတ်သော ပဋိသန္ဓေဉာဏ် ပါရှိသူတို့ ဖြစ်ကြပါလျှင် လက်ရှိ မိမိတို့၏ ကိုယ်ပိုင်ဉာဏ်ကို အဖိုးတန်ရာရောက်၍ ကြီးပွား ချမ်းသာကြရလေအောင် **သုစရိုက်သဘောတရား တို့ကို မှန်းတီးရွံ့ရှာ ကြောက်လန့်ခြင်း မရှိဘဲ "သုစရိုက်တို့သည် ငါတို့အဖို့ အမှန် ကေန်စင်စစ် ကြီးပွားကြောင်း ချမ်းသာကြောင်းတို့ကိုသာ ဖြစ်ကြပေသည်တကား"**ဟု အမြင်မှန် မြင်၍ အလုပ်မှန်ကို ပြုလုပ်မိကြပါစေ။ ပျက်စီးဆုတ်ယုတ်ကြောင်း ဒုစရိုက်တို့ကိုသာ ကြောက်ရွံ့မှန်းတီး စက်ဆုတ်ရွံ့ရှာ၍ ရှောင်ကွင်းကျော်လွန်ကြပါလေ။

အဂါရိကဖြစ်သော အိမ်ရာတည်ထောင်နေကြသူ လူဝတ်ကြောင်တို့သည် ဆိုင်ရာဆိုင်ရာ သုစရိုက်မှု တို့ကို လိုလားနှစ်သက်ကြပါလျှင် ကြီးပွားချမ်းသာကြသည်။ သုစရိုက်မှုတို့ကို မှန်းတီးစက်ဆုတ်လျှင်ပျက်စီးကြသည်။ ထို့ပြင် အနဂါရိကဖြစ်တော်မူကြသော ရှင်ရဟန်းတို့သည်လည်း မိမိတို့ဆိုင်ရာ သီလသိက္ခာ ပရိယတ်ပဋိပတ်တို့ကို လိုလားနှစ်သက် ကျင့်သုံးလိုက်နာ အားထုတ်ကြပါလျှင် လောကီ လောကုတ္တရာ နှစ်ဖြာသော လောကဌပင် ကြီးပွားချမ်းသာခွင့်ကို အကြောင်းအားလျော်စွာ ရရှိတတ်ကြပါသည်။

(က) ရှင်ရဟန်းတို့၏ အလုပ်ဖြစ်သော သီလသိက္ခာကို ချစ်ခင်လေးစားမှု၊

(ခ) ပရိယတ် ပဋိပတ် အမှုများ လစ်ဟင်း ပျက်ကွက် ကြပါမူ ရဟန်း၏ အဝတ်သက်နှံးက ကယ်မ ထောက်ပင့်နိုင်တော့မည် မဟုတ်။ ဆုတ်ယုတ် ပျက်စီးတော့သည်သာ။

ရဟန်း၏ အလုပ်ဝတ္တရားသည် ဂန္ဓ ဝုရ ဝိပဿနာဝုရ နှစ်မျိုးသာ ရှိသောကြောင့် ရဟန်းတော်များ စောင့်ထိန်းအပ်သော သီလကို ဖြူစင်စွာ တည်ရှိစေပြီးသကာလ-

(က) ဂန္ဓ ဝုရ-လောကုတ္တရာ ပိဋကစာပေ သင်ကြား ပို့ချမှုကိုသော်လည်းကောင်း၊

(ခ) ဝိပဿနာဝုရ-ခန္ဓာငါးတန် ရုပ်နာမ်နှစ်ပါးတို့၏ အနိစ္စ သဘော၊ ဒုက္ခသဘော၊ အနတ္တသဘော တို့ကို ဉာဏ်ဖြင့် မြင်အောင် အဖန်ဖန်ရှုကြည့် လေ့လာပွားများမှုကိုသော်လည်းကောင်း ပြုကြ ရမည်။

ရဟန်းတို့၏ တာဝန်ကိစ္စသည် ဤနှစ်မျိုးသာ ရှိပေ သည်။ ဤနှစ်မျိုးတွင် တစ်မျိုးမျိုးကို အားထုတ်ရာ၌လည်း "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ" သံသရာ ဝဋ်ဆင်းရဲမှ ကျွတ်လွတ် လွန်မြောက်ရစေခြင်း အကျိုးကိုသာ မျှော်ကိုး တောင့်တ၍ အားထုတ်အပ်ကြသည်။ "**မြေပွေးကို ခါးဝိုက်၌**

ထည့်ဆောင်သကဲ့သို့''သော ပရိယတ်စာသင်နည်းမျိုး မဖြစ်စေသင့်ပေ။ ဘုန်းကံကြီးလိုခြင်း၊ လာဘ်လာဘပေါများလိုခြင်း၊ ဒကာ ဒကာမတို့၏ အကြည်အညိုများစေလိုခြင်း အကျိုးမျှကိုသာ အာရုံပြု၍ ကမ္မဋ္ဌာန်းသမား ကမ္မဋ္ဌာန်းဆရာတည်းဟူသော ဝိပဿနာယောဂီအစားမျိုး မဖြစ်သင့်ကြပေ။

ဝိနယပိဋကကို လေ့လာ သင်ကြားဖူးကြသော ရဟန်းတော်များသည် ထိုဝိနယပိဋက ပါဠိတော်တို့၌ ဆဗ္ဗဂို စသော ရဟန်းတို့၏ သီလသိက္ခာတို့၌ ရှိသေလေးစားမှု မရှိကြောင်းကို တွေ့ကြရသောအခါ ဆဗ္ဗဂိုတို့ ဆိုးညစ်ပုံကို ဆင်ခြင်၍ ပြုံးတတ်ကြ၊ ရယ်မောတတ်ကြကုန်၏။ မိမိတို့ကို ဆဗ္ဗဂိုတို့နှင့် ယှဉ်၍ စဉ်းစားကြည့်မိသူကား ရှားလိမ့်မည်ဟု သဘောရ၏။ ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်က ဆဗ္ဗဂို စသော ရဟန်းတို့သည် ဆိုးသည်ဟု ဆိုရစေကာမူ ဘုရားရှင်က မြစ်တား ပညတ်တော် မူပြီးသည်ကို လွန်ကျူးကျော်နင်းခြင်း မပြုကြတော့ချေ။ တစ်မျိုးတစ်ဖုံ ရှောင်ကွင်း၍ မပညတ်သေးသော အရာကိုသာ ပြုလျှင် ပြုလုပ်ကြသည်။

သို့ဖြစ်၍ ဆဗ္ဗဂို စသော ရဟန်းများကို တစ်နည်းအားဖြင့် ချီးကျူးအပ်ပေသည်။ ရဟန်းတော်များနှင့် သက်ဆိုင်ရာ အနာဂတ် သာသနာ (ယခုခေတ်လည်း ပါဝင်နေလေပြီ) ဖြစ်ဟန်ကို ဤကျမ်းငယ်ကလေး၌ ဤမျှသာ ရေးရတော့သည်။ ဆိုလိုရင်းမှာ လူသော ရှင်သော ကောင်းမှု ကောင်း

မသူတော်သည် မကောင်းမှုနှင့်မကောင်းသူကို သာ မြတ်နိုးတတ်ပြီး သူတော်ကောင်းကား ကောင်းမှုနှင့် ကောင်းသူကိုသာ ချစ်ခင်တတ်သည်။ ဒုစရိုက်အယုတ်သဘောကို ကောင်းနိုးနိုးထင်မှတ်မှားလျှင် ပျက်စီးဆုတ်ယုတ်တတ်၍ လူကောင်းနှင့်လူယုတ်မာတို့ မပေါင်းဆုံမိကြစေရန် ဟောညွှန်ပြထားခြင်းဖြစ်သည်။

လုပ်ရှိမှ ကောင်းကျိုးချမ်းသာကို ရရှိကြပေမည်။ မကောင်းမှု မကောင်းလုပ်ရှိလျှင် မကောင်းကျိုးကို ရရှိကြ၍ ပျက်စီး ဆုတ်ယုတ် ကြမည်သာ ဖြစ်သည်ကို မိမိကိုယ်ကို တကယ် ချစ်သော သူတိုင်း သတိပြုမိကြရန် ဖြစ်ပေသည်။

ဆောင်ပုဒ် – အမှန်တရား၊ လိုလားပါမှု၊ နှတ်လူမခြား၊ သူကြီးပွားအံ့။ တရားမှန်ကို၊ တော်လှန်မှုန်းတီး၊ ဟူတပြီးကား၊ ပျက်စီး ဆုတ်ယုတ်မည်သာမှတ်။

---

(၃) အသန္တသ ပိယာ ဟောတိ

(လူမိုက်လူယုတ်ကို ခင်မင်နှစ်သက်တတ်သူ ပျက်စီးတတ်၏)

သုစရိုက်တည်းဟူသော သူတော်ကောင်း သဘောတရား ကင်းမဲ့သော လူညံ့ လူမိုက်ကို ခင်မင်နှစ်သက် (ဆက်ဆံပေါင်းသင်း) သောသူသည် ပျက်စီးဆုတ်ယုတ် တတ်၏။

လူကောင်းသူကောင်းတစ်ယောက်သည် သူတော်ကောင်းတို့၏ သဘောတရားကို ရှုံ့ရှာ မုန်းတီးသောသူ၊ သုစရိုက်မှုတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သော ဒုစရိုက်မှုတို့ကို သာ ပြုလုပ်လေ့ရှိသော လူညံ့လူမိုက်တို့နှင့် နှစ်သက်ဆက်ဆံ ပေါင်းသင်းခင်မင်သွားမည်ကို စိုးရိမ်သဖြင့် ''ဝမ္မဒေသီ''၏

အခြားမဲ့၌ ''အသန္တသ ပိယာ ဟောတိ'' ဟူသော ပျက်စီးကြောင်းကို ညွှန်ပြတော်မူသည်။

အသန္တ–သူတော်ကောင်း မဟုတ်သော လူညံ့ လူမိုက် ဆိုသည်မှာ နတ်ရွာနိဗ္ဗာန် ရောက်ကြောင်း တရားကောင်း မရှိသောသူမျိုးကို ဆိုလိုသည်။ ယခုဘဝ၌ ကြီးပွားကြောင်း ချမ်းသာကြောင်းအပြင် လူနတ်အများ သာဓုခေါ်ထိုက်သော ကိုယ်ကျင့်သဘော မရှိသောသူသည် လူညံ့ လူမိုက်စာရင်းဝင် ဖြစ်တော့၏။

မိဘ ဆရာ ဘကြီး ဘထွေး ဒေါ်ကြီး ဒေါ်လေး စသော လူကြီးများက လူငယ်တို့အား ကြီးပွားချမ်းသာစေလို၍ ''**အလောင်းအစားသမားများနှင့် မပေါင်းနှင့်၊ အလုပ်အကိုင်အတည်တကျမလုပ်သော လူလွတ် လူပေါ့ လူပေါ်ကျော့တို့နှင့် မပေါင်းနှင့်**''စသည်ဖြင့် ကန့်မြစ်ပဲ့ပြင် သွန်သင်ဆုံးမ ကြသော်လည်း အချို့အချို့သော လူငယ်တို့သည် အထင်အမြင် လွဲမှား၍သော်လည်းကောင်း၊ စရိုက်တူညီကြသောကြောင့် လည်းကောင်း မပေါင်းသင်းပါနှင့်ဟု တားမြစ်ထားသော လူယုတ်လူညံ့များနှင့်မှ ပေါင်းသင်းဆက်ဆံတတ်ကြ၏။

ထိုသို့သော သူငယ်မျိုးတို့သည် ကြီးပွားချမ်းသာရေးနှင့် ဝေး၍ ကိုယ်ကျင့်တရားလည်း ပျက်ပြားတတ်ကြ၏။ မိဘတို့၏ ပစ္စည်းကို ယူငင်ဖြုန်းတီးကြသောကြောင့် ဥစ္စာပစ္စည်း ပြုန်းတီးပျက်စီးခြင်းသို့လည်း ရောက်၏။ အနေမတော် အသွားမတော်

အစားမတော်၍ ဓာတ်လေးပါးပျက် ကျရိယာပုတ်ပျက်သဖြင့် ရောဂါကြီး တစ်မျိုးမျိုး စွဲကပ်၍ ကိုယ်ခန္ဓာ ပျက်စီးခြင်းသို့ သော်လည်း ရောက်မည်ကား မလွဲတော့ပေ။

အဘယ်ကြောင့်နည်း၊ မိမိဆက်ဆံ ပေါင်းသင်း လာသူ ကိုယ်တိုင်ကမှ ကြီးပွားချမ်းသာကြောင်း ကိုယ်ကျင့်တရား ကောင်း မရှိ၊ အလုပ်ကောင်း မရှိသော လူညံ့ လူယုတ် ဖြစ်သောကြောင့် ထိုသူနှင့် ပေါင်းသင်းသောသူသည် အဘယ်မှာ လူကောင်းတစ်ယောက် အနေနှင့် ကြီးပွားချမ်းသာ ပါမည်နည်း။ ပျက်စီးဆုတ်ယုတ်ရေးသာလျှင် အနှေးနှင့် အမြန် ကျရောက်လာဖို့ ရှိတော့သည်။ မြွေပွေးကို ကစားစရာထင်၍ ချစ်ခင်နှစ်သက်သော ကလေးငယ်ပမာ တူလှတော့သည်။

လူယုတ် လူညံ့နှင့်
ဆက်ဆံပေါင်းသင်းမိမှု၏ အကျိုး

ဒွါဒသကနိပါတ် မဟာပဒုမဇာတ်လာ ဗြဟ္မဒတ်မင်းသည် သူယုတ်မ ဖြစ်သော မိဖုရားကို ချစ်ခင်တော်မူ၍ မိဖုရားက ကုန်းတိုက်သော မဟုတ်စကားကို နားယောင် မိသောကြောင့် သားလိမ္မာ သူတော်ကောင်း လက်လွတ်သည်ပြင် မိဖုရားပါ ဆုံးရှုံးသဖြင့် မိုက်လုံးကြီးသော မင်းဟူ၍ ယနေ့အထိ ဥဒါန်း တွင်လျက်ရှိသည်။ စိဠမာဏသည်လည်း ဗာလတိတ္ထိတို့နှင့် ပေါင်းသင်းကာ ဘုရားကို စွပ်စွဲမိသောကြောင့် လက်ငင်း ဘဝ၌ ပရိသတ်အလယ်တွင် အရိုက်အပုတ်ခံရ၍ သေပြီး

နောက်၌လည်း ငရဲသို့ ကျရောက်ရခြင်းသည် လူယုတ် လူညံ့ ဟိုနှင့် ဆက်ဆံပေါင်းသင်းမိသော အပြစ်ပင် ဖြစ်လေသည်။

လူလိမ္မာနှင့် ပေါင်းသင်းမှု၏ အကျိုး

ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသော သူနှင့် ဆက်ဆံပေါင်းသင်းမှ ဥစ္စာကြွေးငွေ အရင်းအနှီးရရှိ၍ ကြီးပွား တိုးတက်နိုင်သည်။ ပညာရှိသူ လူလိမ္မာနှင့် ဆက်ဆံပေါင်းသင်းမှ အသိအလိမ္မာ ပညာဗဟုသုတ ကျယ်ပြန့်တိုးတက်၍ ကြီးပွားချမ်းသာနိုင်သည်။ ဥစ္စာမဲ့ လူညံ့ ပညာမဲ့ လူမိုက်တို့နှင့် ခင်မင်ဆက်ဆံသောသူ၌ အဘယ်မှာလျှင် ဥစ္စာပစ္စည်းနှင့် အသိအလိမ္မာ ပညာဗဟုသုတ ကောင်းမှုသဘောတရားများကို ရရှိတိုးပွားပါမလဲ။

ဥစ္စာမဲ့ ဆိုသော စကား၌ ဥစ္စာပစ္စည်း မရှိဆင်းရဲကာမျှနှင့် လူညံ့လူမိုက် ဖြစ်တော့မည်ဟု မဆိုလို။ အကြောင်းမညီညွတ်၍ ပစ္စည်းဥစ္စာပင် ကြွယ်ဝပြည့်စုံခြင်း မရှိသော်လည်း ကိုယ်ကျင့်တရား ကောင်းလျှင်ဖြစ်စေ၊ ပညာရှိလျှင် ဖြစ်စေ၊ လူတော် လူကောင်းဟု ဆိုရမည်။ ထိုသူမျိုးကို ဆည်းကပ်မြတ်နိုးခြင်းဖြင့် ဆည်းကပ်သူ၌ ကျေးဇူးတရားပွားများ ဖြစ်ထွန်းတော့မည်သာ။ ဥစ္စာကလည်းမဲ့၊ ပညာကလည်း အချိုးနှိုး၊ ဒုစရိုက်လည်း များသော လူစားမျိုးကိုသာလျှင် ဥစ္စာမဲ့ လူညံ့အဖြစ် ဆိုလိုသည်။ ပညာရှိ သူတော်ကောင်းတို့သည် အသန္တ

ဖြစ်သော လူညှံ့တို့အပေါ်၌ ကရုဏာ တရားကား ထားရှိကြပါ၏။ ရင်းနှီးဆက်ဆံဖို့မူကား အလွန်ကြောက်ရွံ့တော်မူကြသည်။

ကိုယ်ကျင့်သီလ ပညာတို့၌ မိမိထက်တော်သူ၊ သာသူကို ဆည်းကပ်ပေါင်းသင်းကြရမည်။ တော်သူ သာသူကို မတွေ့ကြလျှင် တန်းတူနှင့် ပေါင်းသင်းကြရမည်။ ယုတ်ညှံ့သူနှင့်ကား မပေါင်းသင်းရာ။ တစ်ယောက်တည်း နေသော် နေရမည်ဟူ၍ ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူခဲ့၏။

အတွင်းရန်သူ အပြင်ရန်သူ

ပညာမဲ့ လူမိုက်တို့သည် အပြင်ရန်သူများ ဖြစ်ကြ၏။ ဒုစရိုက်အမှုတို့ကား အတွင်းရန်သူများ ဖြစ်ကြ၏။ ရန်သူဟူသမျှ သည် အကျိုးစီးပွား တည်ရှိ တိုးတက်ရေးကို မပြုကြ။ ဆုတ်ယုတ်ပျက်ပြားရေးကိုသာ ပြုလုပ်ကြ၏။ သို့ကြောင့် ရန်သူဟူသမျှကို လက်ခံ ဆက်ဆံခြင်းငှာ အချင်းခပ်သိမ်း မသင့်တော်သည်ကို သတိရှိကြရမည်။

ဆောင်ပုဒ် – ဒုဿီဗာလ၊ လူ့အန္ဓနှင့်၊ ပေါင်းထချစ်ခင်၊ ထိုသူပင်လည်း၊ လူ့တွင် လူ့လျောက်၊ ထွန်းမပေါက်ခဲ့၊ ဆိုက်ရောက်အပျက်၊ ဘုံနှစ်ဘက်၌၊ အတက်အညောင့်၊ သူကောင့်အသွင်၊ ညွှန့်မမြင်သည်၊ အစဉ် ဆုတ်ယုတ်မည်သာမှတ်။

(၄) သန္တေ နာ ကုရုတေ ပိယံ
(ပညာရှိ သူတော်ကောင်းကို ဆည်းကပ်မှု မရှိသူ ပျက်စီးတတ်၏)

ပညာရှိ သူတော်ကောင်းတို့ကို ခင်မင်ရင်းနှီး ဆည်းကပ်မှုကို မပြုခြင်းသည် ပျက်စီးဆုတ်ယုတ်တတ်၏။

အမှတ်(၃) ပျက်စီးကြောင်းတရားသည် သူတော်ကောင်း ပညာရှိ မဟုတ်သော သူယုတ်သူမိုက်ကို ခင်မင်၍ ဆက်ဆံပေါင်းသင်းခြင်း ဖြစ်၏။ သူယုတ် သူမိုက်တို့နှင့် ဆက်ဆံပေါင်းသင်းတတ်သောသူသည် ပညာရှိသူတော်ကောင်းတို့ကို ချစ်ခင်မြတ်နိုးတော့မည် မဟုတ်၊ ရွံရှာ မုန်းတီးမည်သာ ဖြစ်သောကြောင့် "သန္တေ နာ ကုရုတေ ပိယံ"ကို ဆက်လက်ဟောကြားတော်မူသည်။

လူမိုက်နှင့် လူလိမ္မာ ခြားနားပုံ

အလွန်သင့်လျော်လှပေ၏။ ဗုဒ္ဓစကားတော် ဖြစ်ပေသည် ဟူ၍ မျက်စိမှိတ်ကာ နှစ်သက် ထောက်ခံခြင်း မဟုတ်။ အကျိုးအကြောင်း ဆင်ခြင်ကြည့်ရှုလေ မှန်ကန်လေ ဖြစ်သောကြောင့် သင့်လျော်လှပါပေသည်ဟု ထောက်ခံရပေတော့သည်။ လူမိုက်နှင့် လူလိမ္မာတို့သည် မီးနှင့်ရေပမာ သဘောတရားချင်း ခြားနားကြ၏။ လူမိုက်သည် မကောင်းကြံ မကောင်းလုပ် မကောင်းမှုတို့၌ မွေ့လျော် ပျော်ပိုက်လေ့ရှိ၏။ မကောင်းမှု ဒုစရိုက်သမားတို့နှင့်သာ သဘောတူမျှ၍ သဟာယ ဖြစ်ကြ၏။

ထိုသူမိုက်တို့သည် ရတနာသုံးပါးတို့ကို ရိုသေပျပ်ဝပ်ဆည်းကပ်သော သူတော်ကောင်းများ၊ သုစရိုက်သမားများ၊ ပုညကြိယာများကို ပြုလေ့ပြုထရှိသော သူတော်ကောင်းများ၊ လမ်းမှန်သော ပညာရှိများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကြ၏။ ပညာရှိ သူတော်ကောင်းများကို တွေ့မြင်လျှင် ကြည့်ရှုနိုင်ကြသည် မဟုတ်။ ခင်မင်ကြည်ညိုရန်ကား ဝေးကွာလှ၏။ ဆည်းကပ်ရန်မှာ အိပ်မက်ပင် မက်ကြသည် မဟုတ်။ သူတော်ကောင်းများသည် ပုဂ္ဂိုလ်ကောင်းတွေ ဖြစ်စေကာမူ သဘာဝချင်းမတူ၊ အလုပ်ချင်းမတူ၊ လမ်းစဉ်ချင်း မတူကြသောကြောင့် ခင်မင် ကြည်ညိုခြင်း မဖြစ်နိုင်ကြပေ။ သူတော်ကောင်းတို့နှင့် ဝေးလေလေ ပျက်စီးဆုတ်ယုတ်လေလေ။

ညံ့သူ ညံ့သူချင်း၊ ကောင်းသူ ကောင်းသူချင်း

သဘာဝဓာတ်ခံချင်း မတူကြ၍ မပူးပေါင်း မဆက်ဆံနိုင်သည်မှာ မှန်လှ၏။ ဓာတုသော ဘိုက္ခဝေ သတ္တာ သံသန္ဒန္တိ သမေန္တိ–စသည်ဖြင့် ဓာတုသံယုတ်၌ ဗုဒ္ဓရှင်စော ဟောကြားတော်မူခဲ့ပေပြီ။ ဓာတ်တူချင်းသာ ပေါင်းသင်းဆက်ဆံကြကုန်၏။ ညံ့သော အလိုဆန္ဒရှိသူတို့သည် ညံ့သောအလိုဆန္ဒရှိသူတို့နှင့်သာ ပေါင်းသင်းဆက်ဆံကြကုန်၏။ ကောင်းသော အလိုဆန္ဒရှိသူတို့သည်လည်း ကောင်းသောအလိုဆန္ဒရှိသူတို့နှင့်သာ ပေါင်းသင်းဆက်ဆံကြကုန်၏။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကူဋ္ဌတောင်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တ

မထေရ်သည် များစွာသော ရဟန်းတော်တို့နှင့်အတူ မြတ်စွာဘုရား၏ မနီးမဝေး၌ စကြံလျှောက်တော်မူနေ၏။ မြတ်စွာဘုရားက-

၁။ ရဟန်းတို့-သာရိပုတ္တတို့ စကြံလျှောက်နေကြသည်ကို ကြည့်ကြစမ်းလော့၊ အဲသည် ရဟန်းတွေ အားလုံးကုန် ပညာဉာဏ်ကြီးကြတဲ့ ပုဂ္ဂိုလ်တွေချည်းပဲ။

၂။ များစွာသော ရဟန်းတော်များနှင့်အတူ အရှင်မဟာမောဂ္ဂလာန်ထေရ် စကြံလျှောက်နေသည်ကိုလည်း ပြတော်မူ၍ အဲသည် ရဟန်းတွေ အားလုံးကုန် တန်ခိုးကြီးကြတဲ့ ပုဂ္ဂိုလ်တွေချည်းပဲ။

၃။ ရဟန်းတော်များစွာနှင့်အတူ စကြံလျှောက်နေသော အရှင်မဟာကဿပထေရ်ကို ညွှန်ပြတော်မူ၍ အဲသည် ရဟန်းတွေ အားလုံးကုန် ဓုတင်ဆောင်တွေချည်းပဲ။

၄။ များစွာသော ရဟန်းတော်တို့နှင့်အတူ စကြံ လျှောက်နေသော အရှင်အနုရုဒ္ဓထေရ်ကို ပြတော်မူ၍ အဲသည် ရဟန်းတွေ အားလုံးကုန် ဒိဗ္ဗစက္ခု အဘိညာဉ်ရှိသော ပုဂ္ဂိုလ်တွေချည်းပဲ။

၅။ များစွာသော ရဟန်းတော်တို့နှင့်အတူ စကြံ လျှောက်နေသော အရှင်ပုဏ္ဏထေရ်ကို ပြတော်မူ၍ အဲသည်ရဟန်းတွေ အားလုံးကုန် ဓမ္မကထိကတွေချည်းပဲ။

၆။ များစွာသော ရဟန်းတော်တို့နှင့်အတူ စကြိုလျှောက်နေသော အရှင်ဥပါလိထေရ်ကို ပြုတော်မူ၍ အဲသည် ရဟန်းတွေ အားလုံးကုန် ဝိနည်းဆောင်တွေချည်းပဲ။

၇။ များစွာသော ရဟန်းတော်တို့နှင့်အတူ စကြိုလျှောက်နေသော အရှင်အာနန္ဒာထေရ်ကို လက်ညှိုးညွှန်တော်မူ၍ အဲသည်ရဟန်းတွေ အားလုံးကုန် ဗဟုသုတရှိသော ပုဂ္ဂိုလ်တွေချည်းပဲ။

၈။ ဒေဝဒတ်နှင့် တကွသော ရဟန်းတွေကိုလည်း ပြုတော်မူ၍ ချစ်သားတို့–ဒေဝဒတ်တို့ တစ်စုလုံးသည် ယုတ်မာသော အလိုရမ္မက်ရှိကြသော ပုဂ္ဂိုလ်တွေချည်းသာ ဖြစ်ပေသည်–

ဟု ဓာတ်တူ သဘောတူချင်းသာ ပေါင်းသင်းရိုး သဘောဓမ္မတာကို လက်တွေ့ပြသတော်မူခဲ့ဖူး၏။ သို့ဖြစ်၍ သူယုတ်သည် သူတော်ကောင်းနှင့် ပေါင်းသင်းခြင်းငှာ မဖြစ်နိုင်ဟု ဆိုရပေမည်။

အရှင်မဟာကဿပမထေရ်ကြီး၏ တပည့်ရဟန်းငယ် တစ်ပါးသည် အရှင်မဟာကဿပအား မုသားစကားဖြင့် လှည့်စားလေ့ရှိ၏။ ဒကာများထံ၌ မတောင်းအပ်သော ဝစီဝိညတ်ဖြင့် ဥာတိပဝါရိတမဟုတ်ဘဲ တောင်းခံ စားသောက်တတ်၏။ ထိုအကြောင်းကို အရှင်မဟာ ကဿပမထေရ်သိတော်မူ၍ ဤအလုပ်များသည် မသင့်မလျော် မလျောက်ပတ်။ ဤသို့ မပြုစကောင်းဟု ကရုဏာတော်ဖြင့် ကန့်မြစ်

တော်မူသည်ကို အကောင်းမထင် အကျိုးမမြင်၊ အရှင်မဟာ ကဿပထေရ်အား သူခိုးက လှူလှူ ဟစ်သကဲ့သို့ ကဲ့ရဲ့ရှုတ်ချ၍ အရှင်မဟာကဿပမထေရ် ဆွမ်းခံကြွချိန်၌ ကျောင်းကို မီးရှို့၊ ကြွင်းကျန်သော သေနာသန ပရိဘောဂများကိုလည်း ရိုက်ခွဲ ဖျက်ဆီးပြီး ထွက်ပြေးသွားလေ၏။

ဤရဟန်းငယ်သည် ယခုဘဝ၌လည်း သူတော်ကောင်း ပညာရှိ ဆရာကောင်းမှ ဆုံးရှုံး၍ ဆင်းရဲပင်ပန်းရပြန်၏။ သေသည်မှ နောက်၌လည်း ငရဲသို့ ကျရောက်၍ ဆင်းရဲပင်ပန်းရပြန်၏။ ဓာတ်သဘာဝချင်းမတူ၍ မဆည်းကပ်မဆက်ဆံနိုင်ရုံသာမနေ၊ ဒုက္ခတွေ ပင်လယ်ဝေအောင် ဖောက်ပြန်မှားယွင်းလိုက်ရချေသေး၏။ ဤရဟန်းငယ်ကဲ့သို့ ဒုက္ခတွင်းသို့ မသက်ဆင်းမိကြရအောင် သူတော်ကောင်းများထံ မြတ်နိုးစွာဖြင့်ဆည်းကပ်၍ သူတော်ကောင်းဖြစ်အောင် သတိပြုကြသင့်ပေသည်။

သူတော်ကောင်းနှင့် ပေါင်းသင်းရကျိုး

သို့ကြောင့် ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှား ရှိတော်မူစဉ် သိဝနတ်သားက-

၁။ သူတော်ကောင်းနှင့် ပေါင်းသင်းရမည်။ သူတော်ကောင်းနှင့် ပေါင်းသင်းမှ သူတော်ကောင်း သဘောတရားကို သိ၍ သူတော်ကောင်းဖြစ်နိုင်သည်။

၂။ သူတော်ကောင်းနှင့် ပေါင်းသင်းမှ ပညာကောင်း အလိမ္မာကောင်းကို ရနိုင်သည်။

၃။ သူတော်ကောင်းနှင့် ပေါင်းသင်းမှ စိုးရိမ်ပူပန်နေကြသော လူတွေထဲမှာ စိုးရိမ်ပူပန်မရှိ နေရသည်။

၄။ သူတော်ကောင်းနှင့် ပေါင်းသင်းမှ ဆွေမျိုးတို့၏ အလယ်၌ တင့်တယ်သည်။

၅။ သူတော်ကောင်းနှင့် ပေါင်းသင်းမှ ကောင်းရာဘဝသို့ ရောက်နိုင်သည်။

၆။ သူတော်ကောင်းနှင့် ပေါင်းသင်းမှ ချမ်းသာတည်မြဲ သည်ဟု လျှောက်ထားဖူးသည်။

ဗုဒ္ဓမြတ်စွာက ဆက်လက်၍-

၇။ သူတော်ကောင်းနှင့် ပေါင်းသင်းမှ သူတော်ကောင်းတရား ကို သိ၍ ဆင်းရဲဒုက္ခဟူသမျှမှ လွတ်မြောက်သည်ဟု နိဂုံးချုပ်၍ မိန့်ကြားတော်မူခဲ့လေပြီ။ (သံ-၁။ ၅၅-၅၆။)

အသင်တို့သည် သူတော်ကောင်းကို မုန်းတီး၍ သူတော်ကောင်းနှင့် မရင်းနှီး မဆက်ဆံခြင်းကြောင့် ပျက်စီးဆင်းရဲတတ်သည်ကိုလည်း သိတန်သမျှ သိခဲ့ကြပြီ။ သူတော်ကောင်းနှင့် ပေါင်းသင်းမှ ကောင်းကျိုးချမ်းသာမျိုးစုံကို ရရှိတတ်သည်ကိုလည်း အတန်အရာ သိခဲ့ကြပြီ။

သူတော်ကောင်းဆိုသည်မှာ

၁။ သူတော်ကောင်းဆိုတာ ဘယ်လိုဟာလဲ။

၂။ ဘယ်လိုနည်းဖြင့် သူတော်ကောင်းကိုခွဲခြားသိရမလဲ-

ဟု အသင်တို့က စောဒနာဆင့်၍ မေးမြန်းခွင့်ရှိ၏။ သို့ကြောင့် သူတော်ကောင်း သိနည်းကို ဖော်ပြရန် တာဝန်ကို လွတ်ကင်း စေဦးအံ့။

တာဝတိံသာနတ်တို့သည် အကြောင်းအဂါ ခုနစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို သူတော်ကောင်း စာရင်းသွင်းကြ ကုန်၏။

သူတော်ကောင်းအဂါ ခုနစ်ပါး

၁။ အသက်ရှည်သမျှ မိဘတို့ကို ရိုသေစွာ ပြုစု လုပ်ကျွေး ခြင်း။

၂။ အသက်ရှည်သမျှ လူကြီးသူမများကို ခရီးဦးကြိုဆိုခြင်း၊ နေရာပေးခြင်း စသည်ဖြင့် လေးစားမြတ်နိုးခြင်း၊

၃။ အသက်ရှည်သမျှ သာယာပြေပြစ်စွာသောစကားကို ပြောဆိုခြင်း၊

၄။ အသက်ရှည်သမျှ ကုန်းတိုက်စကား မပြောခြင်း၊

၅။ အသက်ရှည်သမျှ ဝန်တို မစ္ဆေရမှ လွတ်ကင်း၍ စွန့်ကြဲ ပေးကမ်း ဝေဖန်သုံးဆောင်လေ့ရှိခြင်း၊

၆။ အသက်ရှည်သမျှ မှန်ကန်သော စကားကို ပြောဆိုခြင်း၊

၇။ အသက်ရှည်သမျှ အမျက်ဒေါသ နည်းပါးခြင်း၊ ဒေါသ ဖြစ်ပြန်လျှင်လည်း အမြန်ပယ်ဖျက်နိုင်ခြင်း။

ဤအကြောင်းအဂါ ခုနစ်ပါးနှင့် ပြည့်စုံသော သူသည် သူတော်ကောင်းဟူ၍ တာဝတိံသာ နတ်သားတို့သည် ရိုသေ

လေးစားကြသည်။ ဤအဂါလက္ခဏာတို့နှင့် ကြည့်ရှုစစ်ဆေး စုံစမ်း၍ သူတော်ကောင်း ရွေးချယ်ရမည်။

သူတော်ကောင်းဟု သိနိုင်ရန်

မြတ်စွာဘုရား ညွှန်ကြားတော်မူခဲ့သော သူတော်ကောင်း သိနည်း များစွာ ရှိသေး၏။ ထိုနည်းအများထဲမှ နည်းနှစ် နည်းခန့်မျှ ပြဦးမည်။

ရဟန်းတို့၊ သူတော်ကောင်းသည်-

၁။ သတ္တဝါကို မသတ်တတ်။

၂။ အရှင် မပေးသော သူ့ပစ္စည်းကို မယူတတ်၊

၃။ မပြစ်မှားအပ်သော မိန်းမ၊ ယောကျ်ားတို့၌ ပြစ်မှား ကျူးလွန်ခြင်း မရှိတတ်၊

၄။ မုသားမပြောတတ်၊

၅။ ကုန်းမတိုက်တတ်၊

၆။ ကြမ်းတမ်းသော စကားကို မပြောတတ်၊

၇။ အနှစ်အသား မရှိသော စကားကို မပြောတတ်၊

၈။ သူတစ်ပါးပစ္စည်းကိုကိုယ့်ပစ္စည်းဖြစ်အောင် မကြံတတ်၊

၉။ သူတစ်ပါးပျက်စီးခြင်းကို မလိုလားတတ်၊

၁၀။ အယူအမြင် မမှားတတ်။

ရဟန်းတို့၊ သူတော်ကောင်းသည်-

၁။ မှန်ကန်ကောင်းမွန်သော အယူအမြင်ရှိ၏။

၂။ မှန်ကန်ကောင်းမွန်သော အကြံအစည်ရှိ၏။

၃။ မှန်ကန်ကောင်းမွန်သော စကားကို ပြောဆို၏။

၄။ မှန်ကန်ကောင်းမွန်သော အလုပ်ကို ပြုလုပ်၏။
၅။ မှန်ကန်ကောင်းမွန်သော အသက်မွေးခြင်းရှိ၏။
၆။ မှန်ကန်ကောင်းမွန်သော ဝိရိယရှိ၏။
၇။ မှန်ကန်ကောင်းမွန်သော သတိရှိ၏။
၈။ မှန်ကန်ကောင်းမွန်သော သမာဓိရှိ၏။

(ဤသို့ ညွှန်ပြတော်မူခဲ့၏)

သူတော်ကောင်းထက် သူတော်ကောင်း ဖြစ်သူတို့ကိုလည်း ပြတော်မူသေး၏။ ပြုပုံမှာ–ရဟန်းတို့ သူတော်ကောင်းထက် သူတော်ကောင်းဖြစ်သူသည် မိမိကိုယ်တိုင်လည်း သူတော်ကောင်း အဂါလက္ခဏာတို့နှင့် ပြည့်စုံ၏။ သူတစ်ပါးတို့ကိုလည်း သူတော်ကောင်း အဂါလက္ခဏာတို့နှင့် ပြည့်စုံစေ၏။ ဤသို့ ဟောပြတော်မူခဲ့၏။ ဆိုအပ်ခဲ့ပြီးသော သူတော်ကောင်း ရွေးနည်းတို့ဖြင့် သူတော်ကောင်းကို ရွေးချယ်သိရှိကြရာသည်။ သူတော်ကောင်း အဂါလက္ခဏာတို့တွင် အဂါလက္ခဏာ တစ်ပါးနှင့် ပြည့်စုံသူ၊ နှစ်ပါးနှင့် ပြည့်စုံသူ၊ သုံးပါးနှင့် ပြည့်စုံသူ၊ လေးပါး စသည်တို့နှင့် ပြည့်စုံသူ၊ အဂါလက္ခဏာ အားလုံးနှင့်ပြည့်စုံသူဟူ၍ အစားစား ရှိကြပေမည်။ သူတော်ကောင်း အဂါလက္ခဏာတို့နှင့် ပြည့်စုံနိုင်သလောက် ပြည့်စုံကြအောင် အထူးသဖြင့် အကုန်လုံးနှင့် ပြည့်စုံအောင် ကြိုးစားကြပါလေ။

ထို့ပြင် ကောသလမင်းကြီးအား ဗုဒ္ဓမြတ်စွာက ဤသို့ မိန့်တော်မူခဲ့သေး၏။

၁။ မင်းကြီး၊ သီလ ရှိမရှိကို အတူနေမှ သိရသည်။
၂။ ကြာကြာပူးပေါင်းနေမှ သိရသည်။
၃။ သတိပြု နှလုံးသွင်းနေမှ သိရသည်။
၄။ ကိုယ်တိုင်က ပညာရှိမှ သိရသည်။

အတူမနေသော မင်းကြီးတို့မှာမူ သူတော်ကောင်း သီလဝန္တ ဟုတ် မဟုတ်ကို အမှန်အကန်သိရန် ခဲယဉ်းသည်။ အတူတကွ ပူးကပ်နေသော်လည်း ကြာကြာနေမှ သိနိုင်သည်။ နှစ်ရက်စ သုံးရက်စနှင့် မသိနိုင်။ ကြာကြာနေသော်လည်း မိမိက သတိပြုမှု၊ နှလုံးသွင်းမှုရှိမှ သိနိုင်သည်။ အမှတ်မဲ့နေ၍ မသိနိုင်။ သတိပြုနေသော်လည်း ကိုယ်တိုင်က ခွဲခြမ်းဝေဖန် ဆင်ခြင်ဉာဏ်ရှိမှ သိနိုင်သည်။ ဉာဏ်ပညာ မရှိက မသိနိုင် ဟူ၍ ဟောတော်မူခဲ့သည်။

ထို့နောက် ဆက်လက်၍ မိန့်တော်မူပြန်သည်မှာ-

မယုံစားအပ်သူများ

၁။ အပြင်ဘက်၌ ပြုပြင်ထားသော အသွင်ပုံဟန် သဏ္ဌာန်ကိုမြင်ရုံမျှနှင့် သူတော်ကောင်း သီလဝန္တ-ဟု မယုံစားရာ။
၂။ တစ်ခဏမျှ မြင်ကာမတ္တနှင့် သူတော်ကောင်း သီလဝန္တဟု မယုံစားရာ။
၃။ သူတော်ကောင်း သီလဝန္တတို့၏ အသုံးအဆောင် ပရိက္ခရာကိုမြင်ကာမျှနှင့် သူတော်ကောင်းသီလဝန္တ ဟု မယုံစားရာ။

လောကဌ် သူတော်ကောင်း သီလဝန္တ အတုတွေ များစွာ ကျက်စားနေကြသည်။ ကြေးပိုက်ဆံ (၂) ပြားလောက်သာ တန်သော ရွှေရောင်တင် ရွှေအိုးတုမြေအိုးညံ့ကဲ့သို့ အပြင်ပန်း လှလှပြ၍ အတွင်းသန္တာန်ဌ မသန့်ရှင်း မစင်ကြယ်သော သူတော်ကောင်း သီလဝန္တတုများသည် အခြံအရံ တပည့် သားမြေးတွေ ကာကွယ်လျက် ရှိကြသည်ဟု ညွှန်ပြတော် မူပြန်သည်။ ခေတ်စကားနှင့် ရေးရလျှင် သူတော်ကောင်း အတု၏ ပတ်ဝန်းကျင်ဌ အလံရှူး ဒလံ လူညာများ ဝိုင်းရံ ကာကွယ်၍ အပြစ်ကို ဖုံးဝှက်ပြီး ဆွယ်နေကြသည်ဟု ဆိုလိုသည်။

ဖော်ပြအပ်ပြီးသော ဘုရားနည်း၊ သိကြားနည်းတို့ဖြင့် သူတော်ကောင်း မှန်သည်၊ မမှန်သည်ကို ဝေဖန် စိစစ်ပြီး နောက် သူတော်ကောင်း အဂ်ိလက္ခဏာနှင့် ညီညွတ်သော သူတော်ကောင်းတို့ကို မြတ်နိုးရိုသေစွာ ဆည်းကပ်ပေါင်းသင်း ကြ၍ ကြီးပွားချမ်းသာကြစေသတည်း။

ဆောင်ပုဒ် – သူတော်သူမြတ်၊ မချစ်တတ်၊
မကပ်ထံပါး၊ ထိုလူစားသည်၊
ပျက်ပြားဆုတ်ယုတ်မည်သာမှတ်။

(၅) အသတ် ဓမ္မ ရောစေတိ

(မသူတော်တို့၏ တရားကို လိုလားသူ ဖျက်စီးတတ်၏)

မသူတော်တို့၏ အမှားအမိုက် ဒုစရိုက်သဘောကို နှစ်သက်လိုလားသောသူသည် ဖျက်စီးဆုတ်ယုတ်တတ်၏။

သူတော်ကောင်းတို့ကို မကြည်ညိုမလိုလား၊ ပေါင်းသင်းဆက်ဆံမှုကို မပြုသော လူညံ့သည် သူတော်ကောင်းသဘောတရားကို နှစ်သက်လိုလားတော့မည် မဟုတ်။ အယုတ်အမိုက် ဒုစရိုက်မကောင်းမှုတို့ကိုသာလျှင် လိုလားနှစ်သက်တော့မည် ဖြစ်၍ ''သန္တေ နု ကုရုတေ'' နောက်၌ ''အသတ် ဓမ္မ ရောစေတိ''ကို ဆက်၍ ဟောတော်မူသည်။

အသတ်ဓမ္မ–မသူတော်တို့၏ သဘောတရားဆိုသည်မှာ အာဂါရိကလူတို့ အဖို့၌ ကံငါးပါးကို လည်းကောင်း၊ ဒုစရိုက်တို့ကို လည်းကောင်း ယူရပေမည်။ ရဟန်းတော်များအဖို့၌ကား စတုပါရိသုဒ္ဓိသီလ ဖျက်ပြား၍ ထိုသီလတို့ကို ဖောက်ပြန်ကာ ပြုကျင့်သော အပြုအမူတို့ကို ယူရပေမည်။

တရား၏သဘော

တရားဟူသည်–သူတော်ကောင်းတရားဖြစ်စေ၊ သူယုတ်မာ တရားဖြစ်စေ၊ အမြတ်တရားဖြစ်စေ၊ အယုတ်တရားဖြစ်စေ၊ ပြုလုပ်သောသူသို့ အစဉ်လိုက်၍ ကောင်းကျိုးမကောင်းကျိုးတို့ကို ကံအကြောင်းအားလျှော်စွာ ပေးမြဲဖြစ်သောကြောင့် လူသော ရှင်သော မျက်နှာကြီးငယ်မလိုက်။

မကောင်းမှု ဒုစရိုက်မှုကို ပြုကြလျှင် မကောင်းကျိုး ဆင်းရဲ ဒုက္ခတို့ကို ခံကြရသည်ဖြစ်၍ ရှိပြီးသော ကြီးပွားရေး ချမ်းသာ ရေးတို့သည် ပျက်စီးတော့သည်သာ ဖြစ်ရာ၊ မသူတော်တရား ကို နှစ်သက်လိုလား လိုက်စားသော လူရှင်တို့သည် ယခု ဘဝ၌ပင်သော်လည်း လက်ငင်းဒိဋ္ဌရရှိပြီးသော ချမ်းသာ ကလေး ပျက်စီး၍ ဆင်းရဲကြီးနှင့် တွေ့ကြုံရမည် ဟု။

သေပြီးနောက်၌လည်း အပါယ်သို့ ကားခနဲ လျားခနဲ ကျရောက်၍ အလွန်ရှည်ကြာသော နှစ်ကာလပတ်လုံး ကြောက်မက်ဖွယ်အကောင်းဆုံးဒုက္ခနှင့် မုချ တွေ့ကြုံခံစားကြ ရမည် ဖြစ်သည်။ ဂေါတမဗုဒ္ဓမြတ်စွာ၏ သာသနာတော်မှာ လည်း ၂၅၀၀ ပြည့်ရန် ငါးနှစ်ကာလမျှသာ လိုတော့သည်။ (ဤစာကို ရေးစဉ်အခါကို ရည်ရွယ်သည်။)

၁။ ယနေ့ သာသနာတော်၏ အခြေအနေကို တွေ့မြင် ကြရသည်မှာလည်း အတော်ကြီး ဆုတ်ယုတ် အားနည်း လျော့ပါးလျက်ရှိသည်ကို တွေ့မြင်ကြရသည်။

၂။ လူတို့၏ ကိုယ်ကျင့် တရားများသည် တောင်ကျချောင်း ရေပမာ အလျင်ထန်သည်းစွာ တဝုန်းဝုန်း ယုတ်လျော့ လျက် ရှိချေပြီ။

၃။ လူရောရှင်ပါ သတိတရား ရကြပြီးလျှင် ဆိုင်ရာဆိုင်ရာ ကိုယ်ကျင့်တရား ပျက်ပြားသည်တို့ကို ပြုပြင်ဖို့ အခါတိုင် ရောက်လေပြီ။

ပျက်အစဉ် ပြင်ခဏာ

ဒုဿီလ အဖြစ်သည်လည်း မြဲသည်မဟုတ်။ ယနေ့သတိလွတ်ကင်း၍ သီလချုတ်ယွင်းကာ ဒုဿီလ အလဋ္ဌိ ဖြစ်စေကာမူ သတိရှိ၍ ပြုပြင်ပါလျှင် ယနေ့ပင် သုသီလ လဋ္ဌိ သူတော်ကောင်း စာရင်းဝင် ဖြစ်နိုင်သည်။ ယနေ့ အရက်သမားသည် အရက်၏အပြစ်ကို တကယ်မြင်၍ ဖြတ်တောက်လိုက်လျှင် ဖြတ်တောက်လိုက်သော အချိန်မှစ၍ အရက်ရှောင်ကြဉ်သူ လူကောင်းတစ်ယောက် ဖြစ်တော့သည်။ ထို့အတူ အခြားသော ဒုစရိုက်တို့ကို လိုက်စားပြုကျင့်နေသော သူတို့သည်လည်း ထိုထိုဒုစရိုက်တို့ကို စွန့်ပယ်လိုက်သော အချိန်မှစ၍ လူ့သူတော်ကောင်း လူ့သီလဝန္တ ဘဝသို့ ရောက်ကြလေတော့သည်။

အဂ္ဂုလိမာလထေရ်သည်–လူပေါင်းများစွာကို သတ်ဖြတ်တိုက်ခိုက် လုယက်ခဲ့သော လူဆိုးကြီးတစ်ဦး ဖြစ်ခဲ့ဖူး၏။ ဗုဒ္ဓမြတ်စွာနှင့်တွေ့၍ တရားမှန်သိကာ မကောင်းမှုတို့ကို ပယ်လိုက်သော အချိန်မှစ၍ သူတော်ကောင်း သာမန်ဖြစ်ရုံမဟုတ်၊ လောကုတ္တရာဘက်၌ ထင်ရှားသော ထေရ်မြတ်တစ်ပါးဖြစ်၍ သံသရာဇာတ်သိမ်းတော်မူလေပြီ။

မြတ်စွာဘုရား လက်ထက်တော်က ငါးရာစု၊ တစ်ထောင်စုနှင့် တောခိုကာ တောပုန်းခားပြ အကြီးစားလုပ်၍ ဆိုး ခိုးတိုက်ခိုက် လုယက်ကြ၍ မကောင်းမှုနှင့် အသက်မွေးနေကြသော လူဆိုးလူမိုက်တို့သည် ဘုရား စသော သူတော်ကောင်း

တို့နှင့် တွေ့ကြုံ သူတော်ကောင်းတရားစကားကို ကြားနာ ကြရကုန်သောကြောင့် မကောင်းမှုတို့ကို ပယ်စွန့်၍ သူတော်ကောင်းဖြစ်ကြသည်မှာ များလှစွာ၏။ ဇွဲကောင်းသည်၊ ပေနိုင်၊ တေနိုင်သည်ဟူ၍ မကောင်းမှု မကောင်းလုပ်၌ မိစ္ဆာဝါယာမ မဖြစ်သင့်ကြပေ။

သို့ကြောင့် ဤစာကိုရေးသူနှင့်တကွ ရဟန်းရှင်လူ လူဟူသမျှတို့သည် အပပမာဒ သတိတရားတို့ကို အမြဲရှေ့ထား၍ မိမိတို့နှင့် ဆိုင်ရာဆိုင်ရာ ကိုယ်ကျင့်တရားကောင်းတို့ကို တည်ရှိစေသင့်ကြပြီ။ တည်ရှိပြီးဖြစ်ကလည်း ခိုင်မြဲစေသင့်ကြပြီ။ သတိဉာဏ်ယှဉ်၍ ပြုပြင်သင့်ပြီ ဖြစ်သော ဤအချိန်၌ မပြုပြင်ကြလျှင် ကဿပ ဘုရားရှင်၏ သာသနာတော် နောက်ဖျား၌ ရှင်လူတို့ အညံ့များ၍ သေတိုင်း သေတိုင်း အပါယ်လေးပါးသို့ ကျရောက်ကြသကဲ့သို့ အပါယ်စာတို့သာ ဖြစ်ကြရလိမ့်မည်။ နတ်သူတော်ကောင်းတို့၏ ကဲ့ရဲ့ခြင်းကို လည်း ခံကြရပေဦးမည်။ အပြင်ပန်းလှလှ ပြုနိုင်အောင် ပြင်ဆင်မှု၊ လူပြိန်း ဒကာ အဝေးနေဒကာတို့ကို စကားဖြင့် လှည့်စားမှု၊ စကားတတ်တိုင်း အမည်းကို အဖြူဖြစ်အောင် ပြောနိုင်မှုတို့က ကယ်နိုင်မည် မဟုတ်ပေ။

ဤနေရာ၌ မဟာကဿပတ်တော်ကို အတိုချုပ်ပြသင့်၍ ပြဦးအုံ့။

မဟာကဿပတော်

ကဿပဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် နှစ်ကာလကြာမြင့်၍ ကဿပမြတ်စွာ၏ သာသနာတော် အားနည်းမှေးမှိန်သောအခါ၌-

၁။ ရဟန်းတော်တို့သည် ပစ္စည်းလေးပါးကို မရှာဖွေကောင်း မရှာဖွေထိုက်သောနည်းတို့ဖြင့် ရှာဖွေကြ၍ တစ်ဘဝ ကလေးအတွက် မိစ္ဆာဇီဝဖြင့် အသက်မွေးကြကုန်၏။

၂။ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် လူတွေနှင့် ရောနှော ဆက်ဆံကြကုန်၏။

၃။ သားသမီးတွေလည်း ပေါက်ပွားထွန်းကားကြကုန်၏။

၄။ ရဟန်းတို့သည် ရဟန်းကျင့်ဝတ် ရဟန်းတရားကို ပယ်စွန့်၍ လူတို့သည်လည်း လူကျင့်ဝတ် လူ့တရားကို ပယ်စွန့်ကြ၍ များသောအားဖြင့် မကောင်းမှု ဒုစရိုက်ကိုသာ ပြုလုပ်ကြကုန်၏။

၅။ သေတိုင်း သေတိုင်းသော ရှင်လူတို့သည် နိဗ္ဗာန်နှင့် ဝေးဝေးလံလံ သုဂတိသံမှ မကြားရဘဲ အပါယ်လေးဘုံ သို့သာလျှင် ကျရောက်ကြကုန်၏။

၆။ အပါယ်၌သာ ကျိတ်ကျိတ်တိုး စည်းကားပြည့်ကြပ်လျက် ရှိ၏။

၇။ နတ်ပြည်၌ အသစ်အသစ်သော နတ်သား နတ်သမီးတို့ အလွန်နည်း၍ ကျဲတောက်တောက် ခြောက်သွေ့သွေ့ကြီး ဖြစ်နေ၏။

သိကြား နတ်မင်းသည် နတ်ပြည်၌ နတ်များ နည်းပါး ကြောင်းကို ဆင်ခြင်ကြည့်ရှုလေရာ ကဿပဘုရားမြတ်စွာ၏ သာသနာတော် ဆုတ်ယုတ်အားနည်း၍ ရှင်လူ အများတို့သည် ကိုယ်ကျင့်သီလ ကင်းမဲ့ကြကာ အပါယ်ရောက်ကြောင်း မကောင်းမှု ဒုစရိုက်တို့ကိုသာ ဥာဏ်သက္ကည်း လွဲမှောက်ကာ ဝမ်းမြောက်ဝမ်းသာ ပြုနေကြသောကြောင့် နတ်ရွာသို့ မဆိုက် မရောက်ကြဘဲ ငရဲစသော အပါယ်ဘုံသို့သာ စုံမျှောကျရောက်ကြသည်ကို သိမြင်လေလျှင် သတ္တဝါတွေ အပေါ်၌ ကရုဏာ များစွာဖြစ်ကာ လျှစ်လျူရှု၍ မျက်နှာလွှဲမနေနိုင်၊ စွမ်းနိုင်သလောက် ကယ်ဆယ်လိုသော သူတော်ကောင်း သဘာဝ သမာဓိ ဖြစ်ပေါ်ခဲ့၏။

သမာဓိ ဖြစ်ပေါ်သည့်အလျောက် အသို့လျှင် လူတို့၏ ဒုစရိုက်တို့ကို ပယ်ဖျက်၍ သုစရိုက်ဘက်သို့ ကူးပြောင်းစေရ အံ့နည်းဟု အကြောင်းဥပါယ်ကို ဆင်ခြင်ပြန်ရာ ဒုစရိုက် အမှုကြမ်းတို့ကြောင့် ကိုယ်ကြမ်း စိတ်ကြမ်း ဖြစ်နေကြသော ဤလူကြမ်းတွေကို ကြောက်လောက်အောင် ခြောက်လှန့်ဆုံးမ သော်မှ ပြုပြင်၍ ရမည်ဟု ဆုံးဖြတ်လိုက်၏။

ထို့နောက် မာတလိနတ်သားကို ခေါ်၍ ဆင်မျှလောက် ကြီးမားသော ခွေးနက်ကြီး သဏ္ဌာန် ဖန်ဆင်းစေ၏။ အစွယ် လေးချောင်းတို့သည် ၄က်ပျောဖူးကြီးများလောက် ရှိကုန်၏။ ကြောက်မက်ဖွယ် ရုပ်ဆင်းသဏ္ဌာန်လည်းရှိ၏။ ခွေးကြီး၏ လည်ပင်း၌ ပန်းနီကုံးကြီးကိုလည်း ဆွဲထား၏။ သိကြား

နတ်မင်းသည် ခွေးကြီးကို ကြိုးငါးချက်ဖြင့်ချည်နှောင်၏။ ကြိုးစကို ကိုင်လျက် သစ်ခေါက်ဆိုး အဝတ်တစ်ထည်ကို ခါး၌၊ ကျန်အဝတ် တစ်ထည်ကို ကိုယ်ပေါ်လွှမ်း၍ တောမုဆိုးကြီး သဏ္ဌာန်ဖြင့် ဆံပင်ကို ငါးထုံးခွဲကာ ထုံးထား၏။ ပန်းနီကြီးကိုလည်း ဦးခေါင်း၌ ပန်ဆင်ထား၏။ သန္ဓာနီ အဆင်းရှိသည့် မြားတပ်သော လေးကြီးကိုလည်း ကိုင်စွဲလျက် စိန်သွားတပ်သော မြားကို လက်သည်းဖြင့် လှည့်ကာ လှည့်ကာ လူပြည်လူရွာ ဗာရာဏသီ မင်းနေပြည် မြို့တော်၏ အနီး၌ ဆင်းသက်၍ ''လူ့လောကကြီးပျက်စီးပြီ၊ လူ့လောကကြီး ပျက်စီးပြီ''ဟု သုံးကြိမ်ကြွေးကြော်၍ လူတို့၏စိတ်ကို ထိတ်လန့်တုန်လှုပ်စေပြီးနောက် တစ်ဖန် ထပ်မံကြွေးကြော်ပြန်၏။

လူတို့သည် သိကြားမင်း၏ ကြွေးကြော်သံကြောင့် ကြောက်ရွံ့ တုန်လှုပ်ကြသည်ပြင် ကြီးမားကြောက်မက်ဖွယ်ကောင်းသော ခွေးနက်ကြီးကို မြင်ကြရသောကြောင့်လည်း သာလွန်၍ ကြောက်လန့်ကြကုန်၏။ အချို့လည်း အိမ်ထဲသို့ ပြေးဝင်ကာ ပုန်းကြကုန်၏။ ခွေးနက်ကြီးသည် မည်မျှလောက် ကြောက်မက်ဖွယ် ကောင်းသနည်းဟု ဆိုလျှင် ကိုယ်ဝန်ဆောင် မိန်းမများ မြင်ရလျှင် ကိုယ်ဝန် ပျက်ကျလောက်အောင်ပင် ကြောက်စရာ ကောင်းသတဲ့။

ဗာရာဏသီ မြို့သူမြို့သားတို့သည် မုဆိုးကြီးနှင့် ခွေးနက်ကြီး လာကြောင်းကို ဥသိနက ဘုရင်မင်းကြီးထံ အပြန်

သွားရောက် အကြောင်းကြားကြ၏။ မင်းကြီးသည် မြို့တံခါးများကို အဆောတလျင် ပိတ်စေ၏။ သို့ပိတ်သော်လည်း မုဆိုးကြီးနှင့် ခွေးနက်ကြီးတို့သည် မြို့ရိုးကြီးကို အလွယ်နှင့် ခုန်လွှားကာ မြို့တွင်းသို့ ဝင်လာကြသည်။ လူများသည် မိမိတို့၏ အိမ်များ၌ နေခြင်းငှာ မဝံ့ကြဘဲ ဥသိနက မင်းကြီး၏ နန်းတော်သို့ အတင်းပြေးဝင်သူ ဝင်ကြ၊ တံခါးပိတ်ကြနှင့် မြို့တော် တစ်ရပ်လုံးပွက်လောရိုက်၍ သေမင်းလိုက်သကဲ့သို့ ချောက်ချားနေကြကုန်၏။

ဥသိနက မင်းကြီးကိုယ်တိုင်လည်း ကြောက်ရွံ့၍ မိဖုရားမောင်းမများကို ခေါ်ယူကာ နန်းတော်အထက်ထပ်သို့ တက်နေကြ၏။ ခွေးနက်ကြီးသည် ရှေ့လက်နှစ်ဖက်ကို နန်းတော်အထက် လေသာပြတင်းသို့ မြှောက်တင်၍ အသံနက်ကြီးဖြင့် ဟောင်လိုက်၏။ လူတို့သည် အကြောက်ကြီး ကြောက်၍ တစ်ယောက် တစ်လေမျှ ခွေးရှင် မုဆိုးကြီးနှင့် ထွက်၍ စကားမပြောဝံ့ကြ ဖြစ်နေ၏။

ဥသိနက မင်းကြီးသည် သတိပြု၍ အရစ္စန့်ကာ လေသာပြတင်းမှ ရပ်၍ အို-မုဆိုးကြီး၊ အသင်၏ ခွေးကြီးသည် ဘာကြောင့် ဟိန်းဟောင်နေပါသလဲဟု မေးရတော့၏။

မင်းကြီး၊ ဆာလောင်မွတ်သိပ်သောကြောင့် ဟိန်းဟောင်ပါသည်ဟု ပြောသောကြောင့် နန်းတော်ရှိ ချက်ပြုံး ထမင်းဟင်းများကို ယူစေ၍ ကျွေးရာ တစ်လုတ်စာကဲ့သို့ တစ်ခဏတည်း ကုန်အောင်စားပြီး ဟိန်းဟောင်ပြန်၏။ မင်းကြီးက

တစ်ဖန် ပြန်မေးရာ မဝေးမီ ဟိန်းဟောင်ပြန်ပါသည်ဟု ပြော၍ ချက်ပြီး ကျက်ပြီး ဆင်စာ မြင်းစာတို့ကို ယူစေ၍ ကျွေးပြန်၏။ ရေးနည်းနှင်နှင် တစ်ခဏတည်းနှင့် အကုန်စားကာ ဟိန်းဟောင်ပြန်၏။ မြို့တော်၌ ကျက်ပြီး အသင့်ရှိသော အစားအစာများကို စုဆောင်းယူငင်စေကာ ကျွေးပြန်၏။ ရေးနည်းအတူ စားပြီးနောက်၍ ဟိန်းဟောင်ပြန်၏။

ထိုအခါမှ ဥသိနက မင်းကြီးသည် စဉ်းစားမိ၏။ ဤခွေးကြီးသည် ဇကန် ခွေးစစ်မဟုတ်၊ တန်ခိုးကြီးသောနတ် ဖြစ်တန်ရာသည်ဟု ဆင်ခြင်ကာ ကြောက်ရွံ့ ထိတ်လန့်လျက်ပင်-

အချင်းမှဆိုး...အသင်၏ ခွေးကြီးသည် နက်မှောင်သော အသွေးအရောင်လည်း ရှိ၏။ နက်ကျယ်သော အသံလည်းရှိ၏။ အရောင်တလက်လက်နှင့် ဖြူဖွေးပြူးထွက်သော အစွယ်များလည်း ရှိ၏။ ကြိုးငါးချက်ဖြင့်လည်း ချည်နှောင်ထား၏။ ဟိန်းဟောင်သည့် အကြောင်းကား အသို့ကြောင့်ပါလဲ။

အို-မင်းကြီး...ဤခွေးကြီးသည် သားသမင်တို့ကို စားလို၍ လာသည်မဟုတ်။ လူသားကို စားလို၍ လာပေသည်။ အကြင်အခါ၌ လူတို့သည် လူ့ကျင့်ဝတ်တရား ပျက်ပြားမှု ဒုစရိုက်များကြကုန်၏။ ထိုအခါ ဤခွေးနက်ကြီးသည် အကျွန်ုပ်လက်မှ လွတ်ထွက်ပါလိမ့်မည်။

အချင်းမုဆိုး...ခွေးနက်ကြီးသည် အသင့်လက်မှ လွတ်ထွက်လျှင် လူအားလုံးကိုပင် စားဝါးလေမည်လား။ သို့မဟုတ် သူ၏ ရန်သူများကိုသာ စားဝါးလေမည်လား။

အို-မင်းကြီး...ရန်သူများကိုသာ စားဝါးလေမည်။

အချင်းမုဆိုး...သူ၏ရန်သူများကား ဘယ်သူတွေ ပါလဲ။

မင်းကြီး... အဝမ္မတရား၊ ဝိသမတရားတည်း ဟူသော ဒုစရိုက်မှု အယုတ်တရားစုကို ပြုလုပ်ပြောဆို ကျင့်ကြံသော ဒုဿီလ ပုဂ္ဂိုလ်တို့သည် ခွေးနက်ကြီး၏ ရန်သူများ ဖြစ်ပေသည်။

အချင်းမုဆိုး...အဝမ္မတရား၊ ဝိသမတရားတည်း ဟူသော ဒုစရိုက်မှု အယုတ်တရားစုတွေကို ပြုလုပ်သော ဒုဿီလဆိုတာ ဘယ်သူတွေပါလဲ၊ ကျွန်ုပ်ကို ပြောပြ ပါလော့ဟု တောင်းပန်သောကြောင့်-

မင်းကြီး... ၁။ အရဟတ္တဓဇ - အရဟတ္တဖိုလ်၏ အောင်လံဖြစ်သော အဝတ်သက်နှံးကို ဝတ်ရုံကြ၍ ဦးခေါင်း

(ဒုဿီလ မည်မျှပေါများနေသည်၊ သီလဝန္တမည်မျှ နည်းပါး နေသည်ကို "ဒုဿီလဆိုတာ ဘယ်သူတွေပါလဲ"ဟု မေးသည်ကို ထောက်၍ သိနိုင်တော့သည်၊ ထွန်တုံးခေတ် ဖြစ်၍သာ လယ်ယာထွန်၍ ဝမ်းစာကျောင်းနေကြသည်ကို ညွှန်ပြရသည်။ ယခုခေတ်မျိုးသာ ဆိုလျှင် ခေတ်ဆန်းသဇလာက် ဝမ်းစာကျောင်းနည်းအဆန်းတို့ကို ညွှန်ပြပေ လိမ့်မည်။)

တုံးလျက် သပိတ်လက်စွဲသော ရဟန်းတို့သည် အကြင်အခါ ထွန်တုံးတို့ဖြင့် လယ်ယာများကို ထွန်ယက်ကြကုန်လိမ့်မည်။ ထိုအခါ ကျွန်ုပ်၏ ခွေးနက်ကြီးသည် လွတ်ထွက်၍ ထိုလူတို့ကို ကိုက်စားဝါးမျိုပါလိမ့်မည်။

၂။ အရဟာတ္တဓေ–အရဟာတ္တဖိုလ်၏ အောင်လံ ဖြစ်သော သက်နှံးကို ဝတ်ရုံကြ၍ ဦးခေါင်းတုံးသော သာသနာတော်ထမ်း ရဟန်းများသည် အကြင်အခါ လောဘ စသော ကိလေသာတို့ ပူလောင်သည်ဖြစ်၍ လောကဌ် လှည့်လည် ကျက်စားကြလိမ့်မည်။ ထိုအခါ ခွေးနက်ကြီးသည် လွတ်ထွက်၍ ကိုက်စားဝါးမျိုပါလိမ့်မည်။

၃။ ရှည်သောကျင်စွယ်ရှိ၍ သွားချေးတက်သော သွားလည်း ရှိကုန်သော မြှားမှုန်တို့ဖြင့် ပြွမ်းသော ဦးခေါင်းရှိကုန်သော ဆံကျစ်ရသေ့တို့သည် အကြင်အခါ ကြွေးတောင်းခံ၍ အသက်မွေးမြှုကြကုန်လိမ့်မည်။ ထိုအခါ ခွေးနက်ကြီးသည် လွတ်ထွက်၍ ကိုက်စားဝါးမျိုပါလိမ့်မည်။

၄။ အကြင်အခါ ဗြာဟ္မဏ မည်သောသူတို့သည် သာဝိတ္တိကျမ်း၊ ဝေဒကျမ်းတို့ကို သင်ယူ၍ ယဇ်ပူဇော်နည်းကို လည်း သင်ယူ၍ အခကြေးငွေဖြင့် ယဇ်ပူဇော်ကြလိမ့်မည်။ ထိုအခါ ခွေးနက်ကြီးသည် လွတ်ထွက်၍ ကိုက်စား ဝါးမျိုပါလိမ့်မည်။

၅။ အကြင်အခါ သားသမီးတို့သည်အသက်အရွယ်လွန်၍ အိုမင်းမစွမ်းရှိသော မိဘတို့ကို ပြုစုလုပ်ကျွေးနိုင်သော အစွမ်း

ရှိလျက် မပြုစု မလုပ်ကျွေးဘဲ ပစ်ထားကြလိမ့်မည်။ ထိုအခါ ခွေးနက်ကြီးသည် လွတ်ထွက်၍ ကိုက်စားဝါးမျိုပါလိမ့်မည်။

၆။ အကြင်အခါ သားသမီးတို့သည် အသက်အရွယ် လွန်၍ အိုမင်းမစွမ်းရှိသော မိဘတို့ကို အသင်တို့သည် (ခင်ဗျားကြီးတို့သည်၊ တော်တို့၊ ရှင်တို့သည်)ဘာမှ မသိတတ်ကြတဲ့ အမိုက်အိုကြီးတွေပဲဟု ဆိုဆဲ ကြိမ်းမောင်းကြကုန်လိမ့်မည်။ ထိုအခါ ခွေးနက်ကြီးသည် လွတ်ထွက်၍ ကိုက်စားဝါးမျိုပါလိမ့်မည်။

၇။ အကြင်အခါ လူတို့သည် ဆရာသမား၏ မယားကို လည်းကောင်း၊ မိတ်ဆွေ၏ မယားကို လည်းကောင်း၊ ဦးရီး၏ မယားကို လည်းကောင်း၊ ဘထွေး၏ မယားကို လည်းကောင်း ကျူးကျော်ပြစ်မှားကြကုန်လိမ့်မည်။ ထိုအခါ ခွေးနက်ကြီးသည် လွတ်ထွက်၍ ကိုက်စားဝါးမျိုပါလိမ့်မည်။

၈။ အကြင်အခါ လူများထဲတွင် ဖြူစင်သော တရားအကျင့်ရှိသည်ဟု၍ မိမိကိုယ်ကို မိမိ ဟြာဟွဏဟု ခေါ်ဆိုကြသောသူတို့သည် ဓား သန်လျက် စသော လက်နက်ကို ကိုင်ဆောင်၍ လမ်းခရီးအကြားတို့၌ ခရီးသွားတို့ကို တိုက်ခိုက်လုယက်ဖျက်ဆီးကြကုန်လိမ့်မည်။ ထိုအခါ ခွေးနက်ကြီးသည် လွတ်ထွက်၍ ကိုက်စားဝါးမျိုပါလိမ့်မည်။

၉။ အကြင်အခါ ဖြူညစ်သော အရေအဆင်းရှိကုန်သော ကြီးမားသော လက်ရုံးလက်မောင်း ရှိကုန်သော ပစ္စည်းဥစ္စာ ပါးလျှား၍ ထင်ရှားခြင်း မရှိကုန်သော ကုတ္ထိဝုတ္ထ – မိန်းမ

လိုက်စား လူမိုက်များတို့သည် လက်ရှိ မယားတို့ကို စွန့်ပစ်၍ ဥစ္စာငွေကြေး မပေးမကမ်းဘဲ မိတ်ဖျက်ကြကုန်လိမ့်မည်။ ထိုအခါ ခွေးနက်ကြီးသည် လွတ်ထွက်၍ ကိုက်စားဝါးမျိုပါလိမ့်မည်။

၁၀။ အကြင်အခါ လူတို့သည် လှည့်စား ပြောဆိုကြလိမ့်မည်။ ကောက်ကျစ်စဉ်းလဲကြလိမ့်မည်။ သူယုတ်တို့၏ အကြံကို ကြံစည်ကြလိမ့်မည်။ ထိုအခါ ခွေးနက်ကြီးသည် လွတ်ထွက်၍ ကိုက်စား ဝါးမျိုပါလိမ့်မည်။

သိကြား မုဆိုးသည် ဤသို့ ပြောကြား၍ ဤသူတွေသည် မကောင်းမှု ဒုစရိုက်ကို ပြုလုပ်နေသော ကျွန်ုပ်တို့၏ ရန်သူ ဒုဿီလတွေ ဖြစ်သည်ဟု ညွှန်ပြလျှင် ခွေးနက်ကြီးသည် ကိုက်စားဝါးမျိုတော့မည့် အခြင်းအရာကို ပြုလေ၏။ လူတို့သည် အလွန်အလွန် ကြောက်ရွံ့တုန်လှုပ်ကြကုန်၏။ ထိုအခါမှ သိကြားမုဆိုးကြီးသည် ကြိုးကိုဆွဲထားဟန်ပြုပြီးလျှင် မုဆိုး အသွင်သဏ္ဌာန်ကို ဖျောက်၍ သိကြားနတ်မင်း အသွင်ဖြင့် ကောင်းကင်ထက်၌ ရပ်တည်၍-

"မင်းကြီး...ကျွန်ုပ်သည် သိကြား နတ်မင်းဖြစ်သည်။ လူ့လောကကြီးသည် လူ့ဒုစရိုက်သမား လူ့ဒုဿီလတွေ ပေါများ၍ ပျက်စီးဆုတ်ယုတ်နေလေပြီ။ ကောင်းမှုကုသိုလ်ဖက် သုစရိုက်ဖက်၌ မေ့လျော့ပျေါတန်နေကြသော လူတို့သည် သေတိုင်း သေတိုင်း အပါယ်သို့ ကျရောက်နေကြလေပြီ။ နတ်ပြည်တို့၌ ခြောက်သွေ့

သက့ဲသို့ ရှိနေလေပြီ။ ယနေ့မှစ၍ မသူတော်တရားတို့ကို ပြုကျင့်လိုက်စားသောသူတို့၌ ပြုလုပ်အပ်သော ကိစ္စကို ကျွန်ုပ်တို့ လျစ်လျူရှုမနေကြဘဲ ထိုက်သင့်သလို ပြုလုပ်ကြရတော့မည်။ ခေါင်ကလုံမှ အားလုံးလုံခြုံသည် ဖြစ်၍ အသင်မင်းကြီး ကိုယ်တိုင် ကောင်းမှု သုစရိုက်တို့၌ မမေ့မလျော့ မပျေါ်မစား သတိတရား ထားပါလေ''ဟု မင်းနှင့် တကွသော လူအပေါင်းကို နတ်ရွာရောက်ကြောင်း လမ်းကောင်း ညွှန်ကြား တရားပြသ ဟောပြောသောကြောင့် လူတို့သည်လည်း သတိသံဝေဂ ရရှိကြ၊ မကောင်းမှု ဒုစရိုက် ပြုလုပ်ရမည်ကို ကြောက်ရွံ့ ထိတ်လန့်ကြ၍ ဒုစရိုက်တို့ကို ရှောင်ကြဉ်ကာ ကောင်းမှု သုစရိုက်တို့ကို အားတက်သရော ပြုလုပ်ကြသောကြောင့် နတ်ပြည် နတ်ရွာသို့ မျှားစွာရောက်ကြကုန်သတတ်။

ယခုလည်း ဂေါတမ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် ထက်ဝက်ရောက်ရန်မှာ ငါးနှစ်မျှသာ လိုတော့သည်။ (၇) စာကို ရေးသောအချိန်ကို ဆိုလိုသည်) ရဟန်း ရှင်လူတို့မှာ လည်း မျှားသောအားဖြင့် ကျင့်ဝတ်တရားတို့ ချွတ်ယွင်းမှုတွေ မျှားပြားအားကြီးလာကြလေပြီ။ ဤသို့သော ဒုစရိုက်မှုတို့ ကြောင့်ပင် လူ့လောက ကမ္ဘာကြီးသည် အေးချမ်း သာယာသည် မရှိ။ ဆူပွက် ပူလောင်လျက် ရှိချေပြီ။ သိကြားမင်း၏ ခွေးနက်ကြီးထက် ကြောက်မက်ဖွယ်ကောင်းသော-

၁။ အဏုမြူလက်နက်၊
၂။ ဟိုက်ဒရိုဂျင်လက်နက်၊
၃။ ပန်းကန်ပြားပုံ၊ (ဒုန်းပုံလက်နက်)
၄။ ရောဂါပိုး

စသော လက်နက်ဆန်းဘေး၊ ရောဂါဘေး၊ ငတ်မွတ်ခေါင်းပါး ဘေး စသော ကြီးလေးပြင်းထန်သော ဘေးဆိုးတွေကြောင့် အသေဆိုး သေကြရပြီးနောက် အပါယ်သို့ ရောက်ကြရမည့် အန္တရာယ်တို့ကို ကြိုတင် ကာကွယ်ဖို့ အချိန်သင့်ပြီ ဖြစ်၍ ပျက်စီးကြောင်း အယုတ်တရားတို့ကို ရှောင်ရှားကာ သုစရိုက်များကိုသာ ကြိုးစားပြုကြကုန်စို့။

ဆောင်ပုဒ်–မသူတော်တရား၊ ကျင့်လိုက်စားက၊
ပျက်ပြားဆုတ်ယုတ်၊ ဒုက္ခဆင်းရဲ၊
တွင်းနက်ထဲသို့၊ မလွဲကေန် ကျမည်မှတ်။

၆။ နိဒ္ဒါသီလိ
(အအိပ်များသူ ပျက်စီးတတ်၏)

အအိပ်များသောသူသည် ကြီးပွားရေး ဆုတ်ယုတ်ပျက်စီးတတ်၏။

မသူတော်မှု ဒုစရိုက်မှုတို့ကို လိုလားသောသူသည် မသူတော် တရားတို့ကို လိုက်စား၍ လောကသံသရာ ကြီးပွားရေး ချမ်းသာရေးတို့၌ လေးစားတော့မည် မဟုတ်။ မောဟ ဖိစီး ထိနမိဒ္ဓ အကုသိုလ် ဘက်သားတို့ လွှမ်းမိုးအားကြီး၍

ထိုင်းမှိုင်း လေးလံကာ အအိပ်အနေ များရာသည်ဖြစ်၍ ''နိဒ္ဒါသီလီ''ကို ဆက်လက်၍ ပျက်စီးကြောင်း တရားအနေဖြင့် ဟောကြားတော်မူသည်ဟု မှတ်ယူသင့်သည်။

တစ်နည်းသော်–မသူတော်တရားကို နှစ်သက်ခြင်းသည်သာ ပျက်စီးသည် မဟုတ်သေး၊ အအိပ်များသောသူသည်လည်း ပျက်စီးတတ်သေးသည်ဟု ဟောတော်မူလို၍ ''နိဒ္ဒါသီလီ''ကို ဆက်ကာ ပြုတော်မူသည်ဟု မှတ်ယူရမည်။

များစွားသော လူ့ဒုစရိုက်သမားတို့သည် မကောင်းမှုဒ္ဒ အပျော်အပါးများကြ၍ အမေ့အလျော့ အအိပ်အနေ များကြ၏။ နေမြင့်အောင် အိပ်တတ်ကြ၏။ အအိပ်များခြင်း၊ အအိပ်ကြီးခြင်း၏ အပြစ်ဒေါသ တို့သည် များလှ၏။ အအိပ်များသော သူတို့၏ ကြီးပွားခြင်းကို မည်သူမျှ တွေ့မြင်ကြရမည် မဟုတ်ပေ။ နေထွက်အောင် နေမြင့်အောင် အိပ်တတ်သော သူသည်–

အအိပ်များသူတို့အတွက် ဆိုးကျိုးများ

၁။ နံနက်စောစော၌ ပြုအပ်သော အမှုကိစ္စတို့ကြောင့် ရရှိမည့် အကျိုးကျေးဇူး မှန်သမျှတို့မှ ဆုတ်ယုတ်၏။

၂။ နံနက်၌ အိပ်ရာမှ စောစောထတတ်သော သူတို့၌ ရရှိတတ်သော စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကောင်းမှု ကုသိုလ်ရေးတို့မှ ယုတ်လျော့ဆုံးရှုံး၏။

၃။ နံနက်ခင်း၌ သန့်ရှင်းအေးမြသော လေကောင်း လေသန့်ကို မရှုမရှိက်ရ၊ လေကောင်းလေသန့် အရသာကို

မခံစားရခြင်းကြောင့် ကိုယ်တွင်း၌ သန့်ရှင်းမှု နည်း၍ မစွဲကပ်သင့်သော ရောဂါဆိုးများ စွဲကပ်တတ်၏။

၄။ အိမ်တွင်း အခန်းတွင်း ခြင်ထောင်တွင်း၌ မသန့်ရှင်းသော လေဟောင်း လေသိုးတို့ကို ရှူရှိုက်နေရခြင်းကြောင့်လည်း ကိုယ်တွင်းသို့ ရောဂါပိုးများ ဝင်ရောက်၍ မစွဲကပ်သေးသော ရောဂါများ စွဲကပ်တတ်၏။

၅။ စွဲကပ်ပြီး ရောဂါများ ကြီးပွားအားရှိ၍ ကျန်းမာရေး ချို့ယွင်းတတ်၏။

၆။ ရုပ်ခန္ဓာ သန့်ရှင်းမှုနည်း၍ ကျန်းမာရေး ချို့ယွင်းတတ်သော သူတို့၌ များသောအားဖြင့် ထိုရုပ်ကို အမှီပြု၍ ဖြစ်ပေါ်သော စိတ်နာမ် ပညာနာမ်တို့သည်လည်း သွက်လက်ထက်သန်ခြင်း မရှိ။ ထုံထိုင်းလေးတွဲ ချိန့်တတ်၏။

၇။ စိတ်ဓာတ်၊ ဉာဏ်ဓာတ်၊ ထုံထိုင်းချည့်နဲ့သောသူသည် သူတစ်ပါးနှင့် တန်းတူအောင် ကြီးပွားချမ်းသာရေးတို့ကို ကြံစည် ဆောင်ရွက်မှုကို မပြုနိုင်တော့ဘဲ ယုတ်လျော့ပျက်စီးလေတော့သည်။

အိပ်ခြင်းကို မည်မျှအပြစ်ဆိုကြသည်ကို ကြည့်ဦးလော့။

အခါတစ်ပါး၌ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်ဝယ် မြတ်စွာဘုရား သီတင်းသုံးနေတော်မူစဉ် ညဉ့်သုံးယံတွင်

(မအိပ်သင့်သော အခြားအချိန်တို့၌အိပ်တတ်သော သူတို့၌လည်း ထိုအချိန်မှာ ရသင့်ရထိုက်သော အကျိုးကျေးဇူးတို့သည် လက်လွတ်ဆုံးရှုံးလေတော့သည်သာ။)

နောက်ဆုံးဖြစ်သော ပစ္ဆိမယံကို သုံးစုပြု၍ နောက်ဆုံးအစုဌ် အရုဏ်မတက်မီအတွင်း ဂန္ဓကုဋ္ဌီကျောင်းတော်သို့ ဝင်တော်မူ၍ လက်ျာဘက်သို့ စောင်းတော်မူလျက် အပန်းဖြေကာ အခိုက်အတန့် လျောင်းလဲကျိန်းစက်တော်မူခိုက်ဌ မာရ်နတ်က လာ၍-

၁။ အိပ်တယ်ဆိုတာ သည်လိုလား။

၂။ ဘာ့ကြောင့် အိပ်ပါသလဲ။

၃။ လူသေကဲ့သို့ အဘယ့်ကြောင့် အိပ်ပါသလဲ။

၄။ လူဆိတ်သောကျောင်းကိုရပြီ ဟူသော သဘောနှင့် အိပ်ပါသလား။

၅။ နေထွက်အောင် အဘယ့်ကြောင့် အိပ်ပါသလဲ-

ဟု အပြစ်ကင်းစင်သော ဗုဒ္ဓမြတ်စွာကိုပင် တမင် အပြစ်ရှာ၍ အပြစ်တင်လေသည်။

ဤမျှ တိုတောင်းသော အချိန်ကာလကလေးဌ ဣရိယာပုတ်မျှစေ၍ အပန်းဖြေကာ ကျိန်းစက်တော်မူသော မြတ်စွာဘုရားကိုပင် ''ဘုရားဆိုတာ သည်လို အိပ်ရသလား''ဟူ၍ အပြစ်ရှာသေးရာ တကယ် အရုဏ်တက်အောင် နေထွက်အောင် အိပ်ကြသော ရဟန်းရှင်လူတို့ကို မာရ်နတ်က အဘယ်ပုံ ကဲ့ရဲ့လိမ့်မည်ကို စဉ်းစားကြပါလေ။

အအိပ်အနေ မျှားခြင်း၏ အပြစ်၊ အရုဏ်တက်အောင် နေထွက်အောင် အိပ်တတ်ခြင်း၏ အပြစ်တို့ကို အတန်အရာ သိကြရပြီ။ အအိပ်အနေ နည်းပါးခြင်း၊ နံနက်စောစော အိပ်ရာ

မှ ထလေ့ရှိခြင်း၏ အကျိုးကျေးဇူးကိုလည်း အသင်တို့ သိသင့်ကြပေသည်။

အဘိပ်အနေနည်းခြင်း၏ အကျိုး

လွန်လေပြီးသော နှစ်ပေါင်း နှစ်ထောင်ကျော်အခါက ရာဇဂြိုဟ်မြို့၌ ကုမ္ဘယောသက အမည်ရှိသော လုလင်ပျို တစ်ယောက်သည် အလုပ်သမားများ နေထိုင်ရာ ရပ်ကွက်၌ နံနက်စောစောထ၍ အလုပ်သမားတွေကို-

''မိတ်ဆွေတို့၊ အိပ်ရာမှ ထကြလော့၊ လှည်းများကို ပြင်ဆင်ကြလော့၊ နွားများကို အစာကျွေးကြ၊ လှည်း၌ ကကြလော့၊ တပ်ကြလော့၊ အလုပ်ထွက်ချိန် သင့်တော်ပြီဟု။

အို-အစ်မတော် နှမတော်တို့၊ အသင်တို့လဲပဲ နိုးကြ ထကြလော့၊ ထမင်း ဟင်း ချက်ပြုတ်ကြလော့''။

ဟု နေ့စဉ် နံနက်စောစောတိုင်း ရပ်ကွက်ထဲသို့ လှည့်လည်လျက် အိပ်ရာမှ ထကြအောင် အလုပ်ထွက်ကြအောင် နှိုးဆော်ကြွေးကြော်သတတ်။

ဗိမ္ဗိသာရမင်းကြီးသည် အသံလက္ခဏာ၌ နားလည်သိရှိသည်ဖြစ်၍ နံနက်စောစောတိုင်း အလုပ်သမား ရပ်ကွက်၌ နှိုးဆော်ကြွေးကြော်သော အသံ၏ အရှင်သည် ပစ္စည်းကြွယ်ဝချမ်းသာသောသူ၏ အသံတည်းဟု ပြော၏၊ အနီး၌ရှိသော အလုပ်အကျွေး မောင်းမ တစ်ယောက်သည် မင်းကြီး

ကား ဤစကားကို အမှုမဲ့ အမှတ်မဲ့ ပြောသည် မဟုတ်ရာ၊ စုံစမ်းစေအံ့ဟု မင်းချင်း ယောက်ျား တစ်ယောက် အမြန်စေလွှတ်စုံစမ်းစေ၏။ မင်းချင်းသည် ပြန်လာ၍ လူဆင်းရဲ အခစား တစ်ယောက် ဖြစ်ပါသည်ဟု ပြော၏။

မင်းကြီးသည် ဆိတ်ဆိတ်နေကာ ဒုတိယ တတိယ နေ့တို့၌လည်း ရှေးနည်းပင် ဤအသံရှင်သည် ပစ္စည်းကြွယ်ဝ ချမ်းသာသောသူ၏ အသံတည်းဟု ပြောမြဲပြောပြန်၏။ အလုပ် အကျွေးမောင်းမသည် အရှင်မင်းမြတ် ငွေတစ်ထောင် ခိုးမြှင့်တော်မူပါလျှင် သမီးကိုခေါ်၍ ထိုပစ္စည်းများကို နန်းတော်သို့ ရောက်စေပါမည်ဟုပြောရာ ငွေတစ်ထောင်ရရှိ၍ သမီးကို အဝတ်နွမ်းများကို ဝတ်ဆင်၍ သားအမိနှစ်ယောက် ခရီးသွား အသွင်ဖြင့် အလုပ်သမားရပ်ကွက်သို့ သွားကြ၏။

ရောက်လျှင် ယောသကအိမ်၌ နှစ်ရက် သုံးရက်မျှ ခေတ္တ တည်းခိုခွင့်ရအောင် မရမက လှည့်ပတ်ကာ တောင်းပန်ပြီး နေကြ၏။ ပထမသော် ကောင်းမွန်စွာ ချက်ပြုတ်ကျွေး၍ အစားနှင့် ဖြားယောင်းကြ၏။ ထိုနောက် ကုမ္ဘယောသက၏ ကြိုးခုတင်ကို ကြွက်များ ကိုက်ဖြတ်သည်ပြောကာ ဓားဖြင့် ဖြတ်ထားကြ၏။ ကုမ္ဘယောသက အိပ်စရာ နေရာလွတ် မရှိအောင် ပရိယာယ်ပြု၍ သမီးအနား၌ အိပ်စေ၏။ ထိုညမှာပင် နီးနှောမိကြပြီး အကြင်လင်မယားဟု အဖြစ်သို့ ရောက်စေ၏။ ထိုနောက် အလုပ်အကျွေး မောင်းမသည် မင်းကြီးထံ ဤသို့ အကြောင်းကြားလိုက်၏။

"အရှင်မင်းကြီး၊ အလုပ်သမား ရပ်ကွက်၌ ပွဲသဘင် လုပ်ကြစေ၊ မပြုလုပ်လျှင် ဤမျှသော ဒဏ်ထားရမည် ဟု အမိန့်ထုတ်တော်မူပါ"ဟု ဖြစ်၏။

မင်းကြီးလည်း အမှာစကားအတိုင်း အမိန့်ထုတ်လိုက်၏။ ယောဂ္ဂမကြီးသည် ကုမ္ဘယောသကအား ဤအကြောင်းကို ပြော၍ ငွေတောင်း၏။ ပထမ၌ ငွေမရှိဟု ငြင်းပယ်နေ၏။ မရှိမဖြစ်ဘူး၊ ကြွေးသော်လည်း ချေးယူ၍ ပွဲသဘင်ပြုမှ ဖြစ်မည်ဟု မရမနေ ပြောသော်မှ ငြီးငြီးငြူငြူနှင့် ထွက်သွားပြီး မြှုပ်ထားသော ငွေထဲမှ ငွေတစ်ကျပ် ယူ၍ပေး၏။ ယောဂ္ဂမသည် ၎င်းငွေကို မင်းကြီးထံပို့၍ ပွဲအတွက် မိမိ ငွေဖြင့် အသုံးပြုလိုက်၏။

ဒုတိယ တစ်ဖန်လည်း ဤသို့ပင် ပွဲသဘင်ပြုလုပ်ရန် အမိန့်ထုတ်စေ၏။ ငွေညှစ်တောင်းပြန်ရာ ရှေးနည်းတူပင် ငြိုငြင်စွာသွား၍ ငွေသုံးကျပ် ယူပေးလေ၏။ ယောဂ္ဂမကြီးသည် ယခုအခါမူကား ကုမ္ဘယောသကကို နန်းတော်သို့ လူလွှတ်ခေါ်တော်မူရန် သင့်ပါပြီဟု အကြောင်းကြားလိုက်၏။ မင်းချင်း ယောက်ျားတို့သည် ကုမ္ဘယောသကကို သွားရောက်ခေါ်ခဲ့၍ ရှေ့တော်သို့ ရောက်လျှင်-

အမောင် ကုမ္ဘယောသက...အသင်၌ မျှားစွာသော ဥစ္စာကြေးငွေတွေ ရှိလျက် အဘယ်ကြောင့် မသုံးမစားလေသလဲ ဟု မေးကာလ ကြေးငွေဥစ္စာ မရှိရပါကြောင်းနှင့် အတန်တန် ငြင်းကွယ်နေ၏။ မင်းကြီးက နှောက်ဆုံး၌ကုမ္ဘယောသကထံမှ

ရရှိသော ငွေများကို ထုတ်ပြပြီး သည်ငွေတွေဟာ ဘယ်သူ့ ငွေတွေလဲဟု မေးသောအခါမှ ဟုတ်မှန်တိုင်း မိမိငွေများပါ ဟု ဝန်ခံ၏။ ဤငွေများ ဘယ်နည်းနှင့် မင်းကြီးထံ ရောက်လေသလဲဟု ဟိုဟိုသည်သည် ကြည့်သောအခါမှ ယောဂ္ဂမနှင့် မိမိ၏ ခင်ပွန်းမကို နန်းတော်သူ အဆင်အပြင် အဆောင် အယောင်နှင့် တွေ့မြင်ရလေ၏။

ထိုအခါ မင်းကြီးက အမောင်...အဘယ့်ကြောင့် ဤသို့ လျှို့ဝှက်သိုသိပ်ရပါသလဲဟု မေးရာ အရှင်မင်းမြတ်။ အားကိုးရာမဲ့ ဖြစ်ပါသောကြောင့် ဤသို့ နေရပါကြောင်း ပြောကြားလျှင် ငါကဲ့သို့သောသူသည် မှီခိုအားထားရာ မဖြစ်သင့်ပါသလောဟု ပြောကာ လှည်းများဆင့်ဆို ထုတ်ဖော်စေလျက် ငွေကုဋေလေးဆယ်ရှိကြောင်း သိရှိ၍ သူဌေးရာထူးဖြင့် သမီးတော်ကိုပါ အပ်နှင်းလျက် ချီးမြှောက်သဖြင့် ထင်ရှားသော ကုမ္ဘယောသက သူဌေးအဖြစ်သို့ ရောက်ရဖူးလေပြီ။

ကုမ္ဘယောသကသည် ငွေကုဋေ ၄၀ ပိုင်ရှင် သူဌေးကြီး တစ်ယောက် ဖြစ်ပါလျက် အလုပ်သမားဟန်ပြု၍ အဘယ့်ကြောင့် ဆင်းရဲခံနေရပါသနည်းဟု အသင်တို့၌ သံသယ ဖြစ်စရာရှိ၏။ ကုမ္ဘယောသက ငယ်စဉ်က မိဘတို့သည် ကူးစက်တတ်သော ရောဂါနှင့် သေဆုံးကြ၏။ သေဆုံးခါနီးညကုမ္ဘယောသကကို ခေါ်၍ ငါတို့တော့ ကေန်သေကြရတော့မည်။ ဤအရပ်၌ ဤမျှသော ရွှေငွေတို့ကို မြှုပ်နှံထားသည်။ ငုံ့သား မှတ်ထားလေ။ ငါတို့ကိုလည်း မင့်ကွက်လေနှင့်၊

ငါ့သား အသက်ချမ်းသာအောင်သာ သင့်တော်ရာ အရပ်သို့ သွားရောက် တိမ်းရှောင်နေချေ။ ဤအရပ်၌ ရောဂါဘယ အေးငြိမ်းမှ ပြန်လာပေတော့ဟု မှာကြားစေလွှတ်ကြသည့် အတိုင်း မျက်ရည်စက်လက်နှင့် မိဘတို့ကို ရှိခိုး၍ ရောဂါ ကင်းလွတ်လောက်သော တောင်ခြေတောသို့ သွားရောက် နေခဲ့လေ၏။

၁၂ နှစ်လွန်မှ ပြန်လာသောအခါ ငယ်စဉ် ရောဂန္တရကပ် နှိပ်စက်သော ကာလပျက်ခိုက်၌ ထွက်သွား၍ မုတ်ဆိတ် ကျင်စွယ်များ ပေါက်၍ လူပျိုအရွယ်ရောက်မှ ပြန်လာသော ကြောင့် ရပ်ကွက်နေသူများလည်း ကုမ္ဘယောသကကို မမှတ် မိကြတော့ပေ။ သေသူတို့လည်း သေကုန်ကြပြီ ဖြစ်၏။ ကုမ္ဘယောသကသည် မိဘများ ညွှန်ကြားခဲ့သော အမှတ် အသားအတိုင်း ဥစ္စာများ ထားရာကို အမှတ်မဲ့ ကြည့်ရှုရာ မပျက်မစီး ရှိသည်ကို သိ၏။ သိသော်လည်း ဤပစ္စည်း များကို ယခုထုတ်ဖော်၍ ယူပါလျှင် ငါ့ကို ယုံကြည်ကြမည် မဟုတ်။ လူဆင်းရဲ တစ်ယောက် အရပ်တစ်ပါးက လာ၍ ဥစ္စာတိုက်ကို ဖော်ယူသည်ဟု စွပ်စွဲကာ အန္တရာယ်ပြုကြ ပေလိမ့်မည်။ အခြေအနေကို စောင့်ဆိုင်းရင်း အခစားကူလီ လုပ်နေဦးမှပဲဟု အကြံထုတ်၍ အလုပ်ရှာဖွေရာ အထက်က ဆိုခဲ့သည့်အတိုင်း နံနက်စောစောထ၍ အလုပ်သမားတို့ကို နှိုးဆော်ရသော အလုပ်ကိုရ၍ တာဝန်ကို ဆောင်ရွက်နေခြင်း ဖြစ်ပေသည်။

ကုမ္ဘယောသကသည် စောစောထမှ ဥဒ္ဒာနဂုဏ်ရှိမှု၊ သန့်ရှင်းစင်ကြယ်သော အသက်မွေးဝမ်းကျောင်းပြုမှု၊ အဆင်အခြင်ရှိမှု၊ ကိုယ်နှုတ်နှလုံး စောင့်ထိန်းမှု၊ တရားသဖြင့် အသက်မွေးမှု၊ မမေ့မလျော့မှုတို့ကြောင့် ကြီးပွားရပေသည်ဟု ကုမ္ဘယောသကကို အကြောင်းပြု၍-

ဥဒ္ဒာနဝတော သတိမတော၊
သုစိကမ္မဿ နိသမ္မကာရိနော။
သညတဿ စ ဓမ္မ ဇီဝိနော၊
အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ။ ။(ဓမ္မပဒ-၁၆။)

ထကြွလုံ့လဝီရိယရှိသော၊ မိမိလုပ်ဆောင်ရမည့်လုပ်ငန်းဆောင်တာ၌ အမြဲ သတိရှိသော၊ ကာယကံမှ စသည်တို့၌ အပြစ်မရှိသော၊ နှိုင်းချိန်ဆင်ခြင်တိုင်းတာ၍ ပြုတတ်သော၊ ကိုယ်နှုတ်နှလုံး စောင့်ထိန်းသော၊ တရားသဖြင့် အသက်မွေးသော၊ အမြဲသတိနှင့်နေသောသူအား အခြေအရံသည် တိုးပွားတတ်၏ ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည်။ သို့ဖြစ်၍ အအိပ်အနေများလျှင် နေမြင့်အောင် အိပ်တတ်လျှင် အကျိုးကျေးဇူး ဆုတ်ယုတ်ပျက်ပြားပုံ၊ စောစောထခြင်း သတိရှိခြင်း စသည်ကြောင့် ကြီးပွားပုံတို့ကို မှတ်သားကြ၍ ကြီးပွားလိုကြသော အသင်တို့သည် ကြီးပွားကြောင်းလမ်းသို့ လိုက်ကြရပေမည်။

ထို့ပြင် ကုမ္ဘယောသက၏ ချီးကျူးထိုက်သော ဂုဏ်ကို မြတ်စွာဘုရားရှေ့တော်၌ ဗိမ္ဗိသာရ မင်းကြီးက ချီးကျူး

လျှောက်ထားပြန်သည်မှာ အရှင်မြတ်စွာဘုရား၊ ကုမ္ဘယောသက သည် ကုဋေ ၄၀ ကြွယ်ဝသူ ဖြစ်ပါလျက် လျှပ်ပေါ်ခြင်း၊ ထောင်လွှားခြင်း မရှိပါဘဲ လူဆင်းရဲကဲ့သို့ အထည်ကြမ်းကို ဝတ်၍ အလုပ်သမား ရပ်ကွက်ထဲ၌ အခစား လုပ်၍ အသက် မွေးနေရှာပါသည်။ ဤသူကဲ့သို့ တည်ကြည် ပိပြားသောသူကို ရှေးက တပည့်တော် မတွေ့မမြင်ဖူးပါဟု လျှောက်သောဟူ၏။ ပစ္စည်းဂုဏ်၊ ပညာဂုဏ်စသည် ရှိကြသူတိုင်း ကုမ္ဘယောသက ၏ သမာဓိမျိုးကို အတုခိုးယူထိုက်ကြပေသည်။ ကုမ္ဘ ယောသက၌ ဤသမာဓိမျိုး အကယ်၍ မရှိခဲ့ပါမူ စောစော ကပင် ပျက်စီးရှာပေတော့မည်။ သမာဓိရှိ၍ မဝင့်မဝါ မပမလွှား ပိပြားသေဝပ် တည်ကြည်စွာ နေတတ်ခြင်းကြောင့်သာလျှင် ကြီးပွားသည်တိုင်အောင် အကျိုးခံစားရပေသည်ဟု သတိပြု ကြကုန်ရာသတည်း။

ဆောင်ပုဒ် – အိပ်လေ့အိပ်ထ၊ မျှားကထိုသူ၊
လူ့တွင် လူ့လျှောက်၊ သူ့အောက်ကျ၍၊
ရမည်ကောင်းကျိုး၊ အိပ်ပေါက်လျှိုးသို့၊
မတိုးမတည်၊ ပွားမစည်သည်၊
ပျက်မည်မုချ၊ မှတ်ကုန်ကြ။

၇။ သဘာသီလီ

(ပွဲလမ်းသဘင် လိုက်စားလျှင် ပျက်စီးတတ်၏)

ပွဲလမ်းသဘင် အလိုက်အစား များလျှင် ပျက်စီးဆုတ်ယုတ် တတ်၏။

အပျော်အပါး ပွဲလမ်းသဘင် လိုက်စားကြည့်ရှု များပြား အားကြီး၍ အအိပ်များမှ ဖြစ်တတ်သောကြောင့် အအိပ်များကြောင်း ဖြစ်သည့် ပွဲလမ်းသဘင် ကြည့်ရှုများခြင်းသည် ပျက်စီးကြောင်း သဘောတရား တစ်မျိုးပင် ဖြစ်သည် ဟု "နိဒ္ဒါသီလီ"၏ အခြားမဲ့၌ "သဘာသီလီ"ကို ဆက်လက်၍ ဟောတော်မူသည်ဟု ဆိုရပေမည်။ "သဘာ" သဘာ ဟူသော ပါဠိကို မြန်မာတို့က သဘင်ဟု ပြန်ဆိုသုံးစွဲကြ၏။ သဘာ-သဘင်ဟူသည် ပျော်ရွှင်စွာ စုဝေးပေါင်းဆုံသော လူစုလူဝေး။ ထိုလူစုလူဝေးနှင့် တကွသော ဌာနကို သဘင်ဟု ဆိုလေသည်။ ခေတ်အလျောက် အမျိုးမျိုးသော ကပွဲ စည်းဝေးပွဲ လောင်းကစားပွဲ စသည်တို့သည် သဘင်စာရင်းဝင် ဖြစ်ကြသည်။ ထိုထိုပျော်ရွှင်ကြရာ ပွဲလမ်းသဘင် တို့သို့ အသွားအလာများလျှင် အကြည့်အရှုများလျှင်-

၁။ မိမိပြုလုပ်ဆောင်ရွက်ရမည့် အလုပ်အကိုင် တာဝန် ဝတ္တရားပျက်စီး၍ အသစ်အသစ်သော ဥစ္စာ၊ ကြေး ငွေ၊ ပညာ၊ ကောင်းမှု ရရှိခြင်းတို့မှ ဆုတ်ယုတ် ပျက်စီးခြင်း၊

အအိပ်ကြူးသူ၊ အပျော်ကြူးသူတို့ ဆုတ်ယုတ်ပျက်စီးတတ်သကဲ့သို့ လုံ့လဝီရိယနည်းသူ၊ ပျင်းရိသူ၊ ဒေါသကြီးသူတို့သည်လည်း စည်းစိမ်ဥစ္စာမတိုးပွားဘဲ ဆုတ်ယုတ်တတ်၍ ထိုသို့မဖြစ်ကြစေရန် ရှင်းလင်းဟောညွှန်ပြခြင်းဖြစ်သည်။

၂။ အအိပ်အစားစသည် ချုတ်ယွင်းဖောက်ပြန်၍ ရောဂါ ရရှိကာ ကျန်းမာမှု ချို့ငဲ့ပျက်စီးခြင်း၊

၃။ ရရှိပြီး ဥစ္စာကြေးငွေ ကုန်ခန်းဆုတ်ယုတ်ခြင်း၊

၄။ မိတ်ကောင်း ဆွေကောင်း မိဘဆရာကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းမှ ဆုတ်ယုတ်ပျက်စီးခြင်း–

စသည်ဖြင့် ပွဲလမ်းသဘင်ကို အလွန်အကျူး လိုက်စား သွားလာခြင်းကြောင့် ပျက်စီးချက်တို့သည် များလှစွာ၏။

ကာမဘုံသားဖြစ်သော လူတို့သည် ကာမဂုဏ် အသစ်အသစ်တို့ကို လိုက်စား လိုလား တောင့်တတတ်ကြသည် အားလျော်စွာ အသစ်အသစ်သော အာရုံရှိရာ စုဝေးရာသို့ ပင်ကို သဘာဝအားဖြင့်ပင် သွားလို မြင်လို ကြည့်ရှုလို နားထောင်လို စားသောက်လို ခံစားလိုကြ၏။ ခံစားသုံးဆောင်လိုသော အာသာတဏှာ မကင်းကြသည့်အတိုင်းလည်း လိုက်စားကြ၏။ ထိုအာရုံတို့ကို လိုက်စားသာယာ ပျော်ရွှင်ကြသည်ကိုပင် လူ့စည်းစိမ်ခံစားကြသည်ဟု ခေါ်ဝေါ်ပြောဆိုကြ၏။ ကာမတဏှာ မကင်းကြသေး၍ ကာမအာရုံတို့ စုဝေးရာ ပွဲလမ်းသဘင်များသို့ သွားရောက်ကြည့်ရှုသော်လည်း အလုပ်အကိုင် အရောင်းအဝယ်ကိစ္စတို့ကြောင့် ပင်ပန်းနွမ်းနယ်ညစ်ထေးနေသော ကိုယ်စိတ်နှစ်ပါးကို လန်းဆန်းရွှင်ပြုရုံ ပျင်းရိငြီးငွေ့မှု ပြေပျောက်ရုံသာ အတိုင်းအရှည်ပမာဏကို သိ၍ ကြည့်ရှုသွားလာသင့်ကြ၏။

တဏှာလောဘနှင့် ယှဉ်သော စိတ်ရိုင်းကို အလိုအတိုင်း လွှတ်ထားပြီး တံခါးမရှိ ဓားမရှိဆိုသလို စိတ်နောက်ကိုယ်ပါ လိုက်ကြလျှင် တစ်နေ့၌ အပျက်ကြီး ပျက်ကြပေလိမ့်မည်။ ကာမအာရုံ ဟူသည်မှာလည်း ဆားငံရေနှင့် တူသည်။

၁။ ဆားငံရေ သဘောမှာ "သောက်လေ ငတ်လေ၊ သောက်လေ ငတ်လေ" ဖြစ်၏။

၂။ ကာမအာရုံ သဘောမှာလည်း "လိုက်စားလေ လိုချင်လေ၊ လိုက်စားလေ လိုချင်လေ" ဖြစ်၏။

ပြေပျောက်အားရတင်းတိမ်သည် မရှိ။ တင်းမတိမ်တိုင်း လိုက်စား လိုလားမှု မျှားခြင်းကြောင့် ပြဆိုခဲ့ပြီးသော ပျက်စီးခြင်း မျိုးစုံနှင့် ဝင်တိုးမိကာ အရှုံးကြီး ရှုံးရတတ်သည်ကို သတိပြု၍ ဆင်ခြင်သင့်ကြပေသည်။

ဗဒ္ဓါသိ သဗ္ဗပါသေဟိ၊
ယေ ဒိဋ္ဌာ ယေ စ မာနုသာ။
မဟာဗန္ဓနဗဒ္ဓါသိ၊
နု မေ သမဏာ မောက္ခသိ။ (သံ-၁။ ၁၀၇။)

သမဏာ-ရဟန်းကြီး။ ဒိဋ္ဌာ-နတ်ပြည်၌ ဖြစ်ကုန်သော။ ယေ ပါသာစ-အကြင်ကျော့ကွင်းတို့သည် လည်းကောင်း။ မာနုသာ-လူ့ဘုံ၌ ဖြစ်ကုန်သော။ ယေ ပါသာစ-အကြင်ကျော့ကွင်းတို့သည် လည်းကောင်း။ အတ္ထိသန္တိ-ထင်ရှားရှိကုန်၏။ တေဟိ သဗ္ဗပါသေဟိ-လုံးစုံခပင်း ထိုကျော့ကွင်းတို့ဖြင့်။ တွံ-သင့်ကို၊ ဗဒ္ဓါသိ-ချည်နှောင်အပ်ပြီ။ မဟာ

ဗန္ဓုန ဗဒ္ဓေါသိ-ကြီးမားစွာ နှောင်ဖွဲ့အပ်လေပြီ။ မေ-အကျွန်ုပ်၏။ ပါသေဟိ-ကာမကျော့ကွင်းတို့မှ၊ တွံ-သင်သည်၊ နမောဂ္ဂသိ-မလွတ်နိုစ်လတ္တံ့။

ဟု မြတ်စွာဘုရားကိုပင် ခြိမ်းခြောက်ဖူးသော မာရ်နတ်စကားဌ္ဌလည်း ကာမအာရုံတို့ကို ကျော့ကွင်းအဖြစ် ပြုလုပ်၍ ဘုရားမြတ်ကိုပင် ဖမ်းချင်သေးသည်။ ဝဋ်ဒုက္ခမှ မလွတ်မကျွတ် မထွက်နိုင်အောင် မလွန်နိုင်အောင် ချည်နှောင်ချင်သေးသည်။ ကာမအာရုံတို့ကို လိုချင်တပ်မက်သော အကြောင်းရင်း တဏှာလောဘကို အမြစ်ပြုတ် အငုတ်မကျန် တွန်းလှန်ပယ်သတ်ပြီးသော ဘုရားသဗ္ဗညူ ဖြစ်တော်မူသော ကြောင့်သာ နှောင်ဖွဲ့ခြင်းဌာ မတတ်သာ၍ လက်မှိုင်ချကာ ရှောင်ရှားရလေသည်။ ကာမအာရုံကို ခုံမင်လိုလား၍ ပွဲလမ်း သဘင်သို့ အသွားအလာများသော သူတို့ကိုမူကား မာရ်နတ်၏ ထောင်ချောက်ကျော့ကွင်းတို့ဌ် စင်းကနဲ စင်းကနဲ တိုးမိချည်နှောင်မိနေကြတော့မည်သာတည်း။

သို့ဖြစ်၍ ဤဘဝဌ်လည်း ကြီးပွားရေးတုံ့၍ ဆုံးရှုံး ဟုက်စီးကြောင်း၊ ဘဝသံသရာ မာရ်နတ်၏ ထောင်ချောက်မှလည်း မလွတ်မြောက်နိုင်ဘဲ ဆင်းရဲမျိုးစုံတို့ဌ် တဝဲလည်လည် ဒုက္ခခံစားရကြောင်း ဖြစ်သည့် ပွဲလမ်းသဘင် အလိုက်အစားအပျော်အပါးများခြင်းမှ ရှောင်ကြဉ်ကြ၍ ကြီးပွားချမ်းသာရေး၊ သံသရာမှမုချလွတ်မြောက်ရေးတို့ကိုသာ လိုက်စားမှု များကြပါစေသတည်း။

ဆောင်ပုဒ် – အာရုံစုံလင်၊ သဘင်ပွဲလမ်း၊
ရှုစမ်းတဲ့ချင်၊ စိတ်လျှင်အားကောင်း၊
သွားပေါင်းလည်းမျှား၊ ထိုလူစားကား၊
ပျက်ပြားဆုတ်ယုတ်၊ လူ့သစ်ငုတ်သည်၊
အဟုတ် ဖြစ်တော့မည်သာမှတ်။

---

(၈) အနုဠာတာ စ

(ထကြွလုံ့လကင်းမဲ့သူ ပျက်စီးတတ်၏)

ထကြွလုံ့လ ကင်းမဲ့သောသူသည် ဆုတ်ယုတ်တတ်၏။ ပျော်ပွဲရှင်ပွဲ အလိုက်အသွား မျှားသောသူသည် မိမိ၏ ပညာရေး စီးပွားရေး ကောင်းမှုရေး ကျန်းမာရေးတို့၌ ဆုတ်နစ်ပေါ်လျှော့ ဝိရိယပျော့တတ်သည်ဖြစ်၍ ''သဘာသီလီ'' ပရာဘဝ သဘောတရား၏ အခြားမဲ့၌ ''အနုဠာတာ စ''ကို ဟောကြားတော်မူသည်မှာ မှတ်ယူသင့်သည်။

မျိုးရိုးဇာတိ အရပ်ဒေသ အတန်းအစား အလျှောက် မိမိတို့၏ဆိုင်ရာ ပြုလုပ်ဆောင်ရွက်ရမည့် ကိစ္စတာဝန်တို့၌ လုံ့လဝိရိယ ရှိမရှိကို လိုက်၍ ကြီးပွားခြင်း၊ ပျက်စီးခြင်း ဖြစ်တတ်လေသည်။ ထုံထိုင်းလေးအိ ပျင်းရိပေါ်တန်သော သူသည် အကျိုးကျေးဇူးရကြောင်းဖြစ်သည့် ပညာ ဥစ္စာ ကုသိုလ် တို့တွင် မည်သည့် ရာဖွေဆည်းပူး လုပ်ကိုင်သည်၌ မဆို ဝိရိယပျော့ညံ့မှုကြောင့် နေရာတကာ၌ အောက်တန်း နောက်တန်း၌ ကျန်ရစ်ကျရောက်တတ်လေသည်။ ဝိရိယ

ကင်းမဲ့၍ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် ခန္ဓာကိုယ်ကျန်းမာရေးလည်း ခိုင်ခဲ့တတ်လေသည်၊ ဝိရိယနှင့် ထူထောင်မှု ချမ်းသာကြီးပွားရေး ဟူသမျှကို ရရှိနိုင်ရာ လူမျိုးလူဇာတ်ဖြစ်သော လူသားတို့သာမဟုတ်၊ ကံကြောင့် ပေါ်ပေါက်သော ချမ်းသာသက်သက်ကိုသာ ခံစံရသည် ဟုဆိုသော နတ်များသည်ပင် လုံ့လဝိရိယ ထကြွနိုးကြားမှုရှိရသည်ဖြစ်၍ သိကြားနတ်မင်းသည် သုသိမ, သုဝိရမည်သော သူ၏သားတော်များကို ဆုံးမရာ၌-

သိကြားမင်း ဆုံးမပုံ

အနုဋ္ဌဟံ အဝါယာမံ၊ သုခံ ယတြာဝိဂစ္ဆတိ။
သုဝီရ တတ္ထ ဂစ္ဆာဟိ၊ မဋ္ဌ တတ္ထေဝ ပါပယ။

(သံ-၁။ ၂၁၈)

ငါ့သား သုဝီရ-ထကြွလုံ့လ ဝိရိယမရှိရာဘဲ ချမ်းသာကြီးပွားနိုင်သော အရပ်ဒေသရှိလျှင် မင်း အဲဒီအရပ်ဒေသမှာ သွားနေပါချေ။ ငါ့ကိုလည်းပဲ အဲသည် အရပ်ဒေသသို့ ပို့ပေးစမ်းပါဟု ဆုံးမသော ဟူ၏။ (သုသိမကို ဆုံးမရာ၌လည်း သုသိမ အမည်ပြောင်းလွဲအပ်ရုံသာ ထူး၏။) နတ်တို့သော်လည်း လုံ့လဝိရိယရှိမှ ထထကြွကြွရှိမှ ချမ်းသာကြီးပွားရာသည် ဖြစ်ပါလျှင် လူတို့မှာမူကား အသို့ပြောဖို့ လိုတော့အုံ့နည်း။

ကြီးသည် ငယ်သည် မဟုတ်၊ မည်သို့သော အလုပ်ကိစ္စကိုမဆို ထက်သန်သော ဝီရိယဖြင့်သာ ပြုလုပ်ရမည် ဖြစ်၏။ စာဏကျနီတို့ ဆရာကြီးကလည်း လူတို့သည် လူမှုကိစ္စကို ဆောင်ရွက်ပြုလုပ်ရာ၌ ခြင်္သေ့ သတ္တဝါ၏ နည်းကို ယူ၍ ပြုလုပ်သင့်သည်ဟု ဆို၏။ ခြင်္သေ့တို့ သဘောသည် သေးငယ်သော ယုန်ကလေးကို ဖမ်းယူလိုသည် ဖြစ်စေ၊ သမင် ဒရယ် စသော ကြီးမားသော သားကောင်မျိုးကို ဖမ်းယူလိုသည် ဖြစ်စေ ဝီရိယအားကို မလျော့ဘဲ ထက်သန်စွာ အားထုတ်သော ဝီရိယဖြင့် လေးစားစွာ ဖမ်းယူ လေ့ရှိသည်။ ယုန်ငယ်ကလေးပဲ ဟူ၍ ဝီရိယအရှိန်ကို ပေါ့လျော့ နဲ့ညံ့ခြင်းကို မပြုတတ်ဟု ဆိုသည်။ မြတ်စွာဘုရားကိုယ်တော်တိုင်လည်း များစွာသော ဒေသနာတို့၌ ဝီရိယ အကျိုးကျေးဇူးကို လည်းကောင်း၊ ဝီရိယရှိရမည်ကို လည်းကောင်း၊ ဝေနေယျဏာသယ အားလျော်စွာ တရားနာ ပုဂ္ဂိုလ်၏ ဉာဏ်အလိုဆန္ဒသို့လိုက်၍ ဝီရိယကို နည်းအမျိုးမျိုး လဲလှယ်၍ ရေလဲနှင့် ဟောတော်မူခဲ့သည်မှာ များလှပါ၏။

ဥဋ္ဌာနဝတော သတိမတော၊
သုစိကမ္မဿ နိသမ္မဓိဝိနော။
သညတဿ စ ဓမ္မဇီဝိနော၊
အပ္ပမတ္တဿ ယသောဘိဝဍ္ဎတိ-(ဓမ္မပဒ-၁၆။)

ဟူ၍လည်း ဥဋ္ဌာနတည်းဟူသော ထကြွလုံ့လရှိမှုကို ဦးတည်သော အကြောင်းအဂါတို့နှင့် ပြည့်စုံသော သူ၏ အခြွေအရံ

အကျော်အစော တိုးတက်ကြီးပွားတတ်သည်ကို ဟောတော်မူသေး၏။ သို့ဖြစ်၍ အလုပ်ကိစ္စ အားလုံး၌ ပျေပျေလျှောလျှော ပျက်ပြယ်ပြယ်နှင့် မလေးမစား မပြုမလုပ်ကြဘဲ လေးလေးစားစား ဝိရိယအားကို မလျှော့မူ၍ ပြုလုပ်ကြရာသည်။ သေးငယ်သော ကိစ္စပဲ၊ ဆောင်ရွက်နေကျ ကိစ္စပဲ ဟူ၍ ပျေပျေတိပျေဆ ပြုလုပ်လိုက်လျှင် ပျေပျေလျှော့လိုက် သလောက် လုပ်ငန်းကိစ္စမှာ ညံ့ဖျင်းသွားတတ်လေသည်။ ဆုတ်ယုတ်သွားတတ်လေသည်။ ဝိရိယနှင့် အားစိုက် ဆောင်ရွက်ရမည်ကို ကြောက်ရွံ့တွန့်တို၍ မျက်နှာလွှဲ ခဲပစ် ဆိုသလို သူတစ်ပါးအား လွှဲအပ်ထားကာ မထ မကြွ နေတတ်သော သူသည်လည်း မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်ပျက်ပြားတတ်လေသည်။

ကိစ္စတာဝန် အလွှဲအအပ်ခံယူရသော သူတို့သည်လည်း တာဝန်ကျေပွန်အောင် ကိစ္စချောမော ပြီးပြေထမြောက်အောင် အလုပ်ရှင်၌ ကျေးဇူးရှိအောင် သဘောထား၍ ရိုးရိုးသားသား ဆောင်ရွက်တတ်သူသည်လည်း ယခုခေတ်၌ ရှာမှ ရှားလှ၏။ ကိုယ်ပိုင် အလုပ်ကို ကိုယ်တိုင်ကိုယ်ကြပ် မျက်မြင် ကိုယ်တွေ့ ပြုလုပ်၍ ဆောင်ရွက်လေ့ရှိသော လုပ်ငန်းရှင်တို့မှာမူကား "ဝိရိယဝတော ကီ နာမ ကမ္မံ နာ သိဒ္ဓတိ–ဝိရိယရှိသောသူမှာ မပြီးသော ကိစ္စမရှိ"ဟု ဆိုသည့်အတိုင်း တစ်နေ့၌ မပြီးသော ကိစ္စဟူ၍မရှိ၊ အောင်မြင် ပြီးစီးရမည်သာ ဖြစ်၏။ ဝိရိယ

ရှိသောသူသည် သက်ဆိုင်ရာ ကျွမ်းကျင်ရာ ကိစ္စကို ဆောင်ရွက်ဖို့ရန်မှာ တာဝန်မလေးကြတော့ပေ။ သို့ကြောင့်-

"စွမ်းအင်လုံ့လ ရှိတုံက၊ ကိစ္စဝန်မလေး"-

ဟု ပညာရှိများ ဆိုရိုးရှိကြသည်။

မဟာဇနကမင်း, သန်သူကြွယ် စသော ပုဂ္ဂိုလ်ကြီးတို့သည်လည်း ဝီရိယစွမ်းအင်ကြောင့် လူပေါ်လူဇော် ဖြစ်ခဲ့ကြသည်။ မြတ်စွာဘုရား စသော ပစ္ဆိမဘဝိက ပုဂ္ဂိုလ်ကြီးတို့သည်လည်း ဝီရိယကြောင့် အတုမရှိ ဘုံကျော် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အဖြစ်သို့ ရောက်တော်မူကြရသည်။ သို့ကြောင့် "အနုဌာတာ"ဖြစ်သော ဝီရိယကင်းမှုကို ရှောင်ကွင်း၍ ဝီရိယ ထက်သန်စွာဖြင့် ကိုယ်ကျိုးစီးပွားတို့ကို ရှာမှီးဆောင်ရွက်ကြစေသတည်း။

ဆောင်ပုဒ်-ထကြွမရှိ၊ ပျင်းရိဘိမူ၊ ထိုသူလူ့အောက်အမှန်ရောက်၍၊ ပျောက်ပျက်ဥစ္စာ၊ ပညာကောင်းမှု၊ သူ၌မပွား၊ ယုတ်လျော့ပါးသည်၊ ပျက်ပြားရတော့မည်သာမှတ်။

---

(၉) အလသော

(ပျင်းရိသူ ပျက်စီးတတ်၏)

ပျင်းရိသောသူသည် ပျက်စီးဆုတ်ယုတ်တတ်၏။

လုပ်ဆောင်စရာ အမှုကိစ္စတို့၌ လုံ့လဝီရိယ မရှိကင်းမဲ့သောသူသည် လူပျင်းတစ်ယောက်ဖြစ်တော့သည်။ သို့ကြောင့်

"အနုဗ္ဗာတာ"၏ အခြားမဲ့၌ "အလသော"ကို ဆက်လက် ဟောကြားတော်မူသည် ဖြစ်ရာ၏။

ပျင်းရိပေါ့လျော့ခြင်းသည် ကြီးပွားရေး, ဥစ္စာပစ္စည်း ရရှိရေး, ပညာရရှိရေး, တည်တံ့ရေးတို့၏ ဆန့်ကျင်ဘက် ပျက်စီးကြောင်း သဘောတရား တစ်မျိုးဖြစ်၏။ ပျင်းရိ ပေါ့တန်ခြင်းကို "အကျိုးစီးပွားတို့ ယိုဖိတ်ထွက်ကျရာ အပေါက် ကြီး" ဟူ၍ ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူခဲ့၏။ အိတ်ပေါက်၌ ကြေးငွေဥစ္စာရတနာတို့ကို ထည့်လျှင် အထက်က မည်မျှ ထည့်လောင်းသော်လည်း အိတ်တွင်း၌ မတည်ဘဲ ယိုဖိတ် ထွက်ကျ ကုန်ခန်းသကဲ့သို့ ပျင်းရိပေါ့တန်၍ ထက်သန်သော ကိုယ်စိတ်မရှိသော အာလသျ(ပျင်းရိခြင်း)အပေါက် ရှိသူ၌ မည်မျှရရှိထားသော ပစ္စည်းဥစ္စာပင်ဖြစ်စေ ယိုဖိတ်ကုန်ခန်း ချမ်းသာရေးပျက်စီး အဆင်းရဲကြီး ဆင်းရဲတတ်လေသည်။

ဗာရာဏသီ သူဌေးသားသည် မိဘတို့ထားရစ်ပေးအပ် ခဲ့သော ကုဋေပေါင်း များစွာသော ပစ္စည်းတို့ကို တည်မြဲအောင် မစောင့်ရှောက် မထိန်းသိမ်းနိုင်။ ကြီးပွားချမ်းသာရေး၌ အသုံး မပြုနိုင်ခြင်းသည် ပေါ့ဆ ပျင်းရိသော "အာလသျဆိုဒ္ဓ–အပျင်း ပေါက်"ကို ပိတ်ဆို့မှု မရှိသောကြောင့် လက်ရှိပစ္စည်းများ ကုန်ဆုံး ယိုဖိတ်၍ အိပ်စရာ နေစရာ မရှိအောင် ဆင်းရဲ မွဲတေ ရွာပြေမကပ် တောအရပ်၌ ခိုကိုးရာမဲ့ဖြစ်၍ သေရှာ သော ထုံးလည်း ရှိဖူးချေပြီ။

ပျင်းရိပေါက်နှင့်တကွ အခြားသော ပျက်စီး ဆုတ်ယုတ်ကြောင်း အပေါက်တို့ကို ပိတ်ဆို့နိုင်ကြစေရန် ယင်းအပေါက်ခြောက်မျိုးတို့ကို အသင်တို့ သိကောင်းကြသည် ဖြစ်၍ ပါဠိဂါထာနှင့် တကွ ဖော်ပြဦးမည်။

ဆ လောကသို့ ဆိဒ္ဓါနိ၊ ယတ္ထ ဝိတ္တံ နိ တိဋ္ဌတိ။
အာလသျှေ ပမာဒေါ စ၊ အနုဋ္ဌာနံ အသံယမော။
နိဒ္ဒါ တန္ဒီ စ တေ ဆိဒ္ဒေ၊ သဗ္ဗသော တံ ဝိဝဇ္ဇယေ။

(သံ-၁။ ၄၀။)

ဒေဝတေ-နတ်သား၊ ယတ္တဆိဒ္ဒေသု-အကြင် အပေါက်တို့၌။ ဝိတ္တံ-စည်းစိမ်ဥစ္စာသည်။ နတိဋ္ဌတိ-တည်တံ့ရပ်နားခြင်းမရှိ။ လောကသို့၊ ကမ္ဘာလောကဌ်။ တာနိ ဆိဒ္ဒါနိ-ထိုအပေါက်တို့သည်။ ဆ-ခြောက်မျိုးတို့ ဖြစ်ကုန်၏။ ကတမာနိဆ-အဘယ် ခြောက်မျိုးတို့နည်းဟူမူ။

အပေါက် ခြောက်ပေါက်ကို ပိတ်ပါ

၁။ အာလသျှေ-တက်ကြွထက်သန်မှုမရှိ ပျင်းရိထိုင်းမှိုင်းခြင်း လည်းကောင်း၊

၂။ ပမာဒေါစ-သတိပေါ့စား မေ့လျော့မျှားခြင်း လည်းကောင်း၊

၃။ အနုဋ္ဌာနံစ-ပြုဖွယ်ကိစ္စဟူသမျှ၌ ထကြွလုံ့လ ဝီရိယ မရှိခြင်း လည်းကောင်း၊

၄။ အသံယမောစ-ကိုယ်နှုတ်နှလုံးကို ဆုံးမသိပ်သည်းစောင့်စည်းမှု မရှိခြင်း လည်းကောင်း၊

၅။ နိဒ္ဒါစ–ငိုက်မျဉ်းခြင်း လည်းကောင်း။
၆။ တန္ဒီစ–ချမ်းသည် ပူသည် စသည်များစွာ အကြောင်း ရှာ၍ ကောင်းစွာမဝံ့ အလုပ်ကိစ္စ၌ ရွံ့ခြင်းတွန့်ခြင်း လည်းကောင်း။

တေ ဆိဒ္ဒေ–တာနိ ဆိဒ္ဒါနိ၊ ခြောက်မျိုးသော ထိုအပေါက် တို့ကို။ ဝုစိုကာမေန – ချမ်းသာကြီးပွားလိုသောသူသည်။ သဗ္ဗသော–အခါခပ်သိမ်း။ ဝိဝဇ္ဇယေ–ပိတ်ဆို့ ဖာထေးသော အားဖြင့် အဝေးက ရှောင်ရာသတည်း။

အပေါက် ခြောက်မျိုး

ဆောင်ပုဒ်–မေ့လျော့ပျင်းရိ၊ မရှိထကြွ၊ မနကိုယ်နှုတ်၊ ထိန်းအုပ်လွတ်ကင်း၊ ငိုက်မျဉ်းခြင်းနှင့်၊ ပြုခင်းကိစ္စ၊ ဟူသမျှ၌၊ မထလူးလွန့်၊ ရွံ့တွန့်နောက်လျှိုး၊ ပေါက်ခြောက်မျိုးသည်၊ ကောင်းကျိုး ယိုဖိတ်ကြောင်းတို့တည်း။

လောကီ လောကုတ္တရာ ဥစ္စာပစ္စည်း မတည်တံ့ကြောင်း ဆုတ်ယုတ် ပျက်ပြားကြောင်း အိတ်ပေါက် အိုးပေါက်နှင့် တူသော အပေါက်တရားများ မည်မျှရှိပါသနည်းဟု နတ်သား တစ်ယောက် မေးလျှောက်၍ မြတ်စွာဘုရား ဖြေဆိုဟော ကြားတော်မူသော အပေါက် ခြောက်မျိုးတို့ ဖြစ်ပေသည်။

ဆောင်ပုဒ်–ထကြွမရှိ၊ ပျင်းရိနောက်တွန့်၊ ကြောက်ရွံ့အမှု၊ မပြုဝံ့ငြား၊ ထိုလူစားကား၊ ပျက်ပြား ဆင်းရဲမည် သာမှတ်။

(၁၀) ကောဓ ပညာ ကော
(ဒေါသကြီးတတ်သူ ပျက်စီးတတ်၏)

ဒေါသကြီးတတ်၊ စိတ်ဆိုးတတ်သောသူသည် ပျက်စီးဆုတ်ယုတ်တတ်၏။

လူ့ဘုံ လူ့လောက နယ်ပယ်အတွင်း၌ မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ ညီအစ်ကို မောင်နှမ၊ အလုပ်ရှင်နှင့် အလုပ်သမား စသည်ဖြင့် မကင်းရာ မကင်းကြောင်း ပေါင်းသင်း ဆက်ဆံမှု ရှိကြရာ သား, သမီး, တပည့်, ညီ, ညီမ စသောသူတို့သည် အထက်က ပြဆိုခဲ့သော အအိပ်အနေ များခြင်း၊ ပွဲလမ်းသဘင်၊ အပျော်အရွှင် အလိုက်အစား များခြင်း၊ ထကြွလုံ့လ မရှိခြင်း၊ ပျင်းရိပျော်တန်ခြင်းဆိုတဲ့ ကြီးပွားရေး တည်တံ့ရေးတို့ ပျက်ပြားဆုတ်ယုတ်ကြောင်း အစိတ်အပိုင်းတို့နှင့် မကင်းကြ။ ဖျတ်ယွင်းချက် ရှိနေကြသောကြောင့် မိဘဆရာ စသည်တို့က သတိပေးကြ၊ ဆုံးမကြ၊ ပြောဆိုကြသောအခါ သားသမီး စသောသူတို့သည် မိမိတို့၏ ဖျတ်ယွင်းချက်ကို သိမြင်၍ ပြောဆိုဆုံးမသည်ကို သည်းခံကာ နာယူ၍ ပြုပြင်တတ်သူ နည်းပါးလှ၏။

အများအားဖြင့် မိမိအပြစ်ကို မမြင်ကြဘဲ ပြောဆိုမြည်တွန်ရပါမည်လားဟု အမျက်ဒေါသ ချောင်းချောင်း ထတတ်ကြ၏။ ယင်းသို့ အမျက်ဒေါသ ထတတ်ကြသူတို့ကို လူကြီးမိဘ ဆရာသမားတို့က အကျိုးစီးပွား လိုလား မေတ္တာ ကရုဏာတရားရှေ့သွား ရှိကြသော်လည်း လူငယ်များသည်

"အနာပေါ် တုတ်ကျ" သကဲ့သို့ ဆတ်ဆတ်ထိမခံ၊ နာကျည်းတတ်ကြသောကြောင့် ဆုံးမသွန်သင် ပဲ့ပြင်ပြောကြားခြင်းမရှိကြတော့ဘဲ လျစ်လျူရှုထားခြင်းဖြင့် လူငယ်တို့သည် ပျက်စီးကြောင်း အလေ့အထများသာ ဆက်တိုက် ပူးဝင်စွဲကပ်၍ ထပ်တလဲလဲ ပျက်စီးဆုတ်ယုတ် ကြီးပွားရေး ပြုတ်တော့သည် ဖြစ်သောကြောင့် အမျက်ဒေါသကြီးခြင်းသည်လည်း ပျက်စီးကြောင်း ပရာဘဝ သဘောတရား တစ်မျိုးတည်းဟု ဆက်လက် ဟောကြားတော်မူသည်ဟု ယူလျှင် လျော်ကန်ရာသည်။

ဆက်ဦးအုံ–ကေသီ အမည်ရှိသော မြင်းဆရာကြီးကို ဗုဒ္ဓမြတ်စွာသည် ဤသို့ မေးဖြေ မိန့်ဆိုတော်မူဖူး၏။

မြတ်စွာဘုရား–အသင်သည် မြင်းများကို အဘယ်သို့ ဆုံးမသွန်သင်ပါသနည်း။

ကေသီ–တပည့်တော်သည် နုနုနှင့် ဆုံးမ၍ရသော မြင်းကို နုနုပင် ဆုံးမရပါသည်။ ကြမ်းကြမ်း ဆုံးမသော်မှ ရမည့်မြင်းကို ကြမ်းကြမ်း ဆုံးမရပါသည်ဟု လျှောက်၏။

မြတ်စွာဘုရား–ဆုံးမ၍ မရသောမြင်းကို အသို့ပြုသနည်း။

ကေသီ–အနုအကြမ်း နှစ်နည်းနှင့်မှ ဆုံးမ သင်ကြား၍ မရသောမြင်းကို သတ်ပစ်လိုက်ပါတော့သည်ဟု လျှောက်၏။

ကေသီ–မြတ်စွာဘုရားကော တပည့်သား ရဟန်းများကို ဘယ်လို ဆုံးမတော်မူပါသလဲ။

မြတ်စွာဘုရား–ငါဘုရားလည်း နုနုနှင့် ဆုံးမ၍ ရမည့် ရဟန်းကို နုနုနှင့် ဆုံးမရသည်။ ကြမ်းကြမ်းနှင့်ဆုံးမရမည့် ရဟန်းကို ကြမ်းကြမ်းပဲ ဆုံးမရပေတယ်။

ကေသီ–ဆုံးမ၍ မရလျှင် ဘယ်လိုပြုပါသလဲ။

မြတ်စွာဘုရား–ဆုံးမ၍မှ မရလျှင် သတ်ပစ်လိုက်ရတာပေါ့။

ကေသီ–အရှင်ဘုရားတို့သည် ပါဏာတိပါတအမှုမှ ရှောင်ကြဉ်ကြသည် မဟုတ်ပါလား။ အသို့လျှင် သတ်ပစ်နိုင်ပါသလဲ။

မြတ်စွာဘုရား–မဆုံးမတော့ဘဲ လျစ်လျူရှုထားလိုက်ခြင်းကိုပင် သတ်ပစ်သည်ဟု ငါဆိုသည်။ ငါဘုရား၏ အဆုံးအမ အပြုအပြင်အသင်အပြကို မခံယူရသော ရဟန်းသည် ကြီးပွားရေးတုံး ဆုံးရှုံးပျက်စီးကာ

(ဆုံးမပဲ့ပြင်မှုကိုမခံယူရသောလူငယ်တို့သည် ပျက်စီးတတ်ရာ အလျဉ်းသင့်၍ သားသမီးအပေါ်၌ အချစ်လွန် အလိုလိုက်သော မိဘတို့သည် သားသမီးတို့အား ဆုံးမသွန်သင်မှု မရှိကြဘဲ စည်းကမ်းမဲ့ အလိုလိုက် ထားကြသောကြောင့် အချို့သားသမီးများသည် မပျက်စီးသင့်ဘဲ ပျက်စီး ကြရသည်၊ ပညာမဲ့ မဖြစ်သင့်ဘဲ ဖြစ်နေကြရသည်။ အလုပ်လက်မဲ့ မဖြစ်သင့်ဘဲ ဖြစ်နေကြရသည်တို့ကို မျက်မြင်ထင်ရှားတွေ့ရှိကြရပေသည်။ သို့ဖြစ်၍ လူကြီးမိဘများကလည်း ဆိုဆုံးမတန်သလောက် ဆုံးမမိကြအောင် သတိပြုထိုက်ကြပေသည်။)

သေရသည်နှင့် တူသောကြောင့် အဆုံးအမ သြဝါဒ
မပေးခြင်း ကို သတ်ပစ်သည်ဟု ဆိုလိုတော်မူသည်။
(အံ–၁။ ၄၂၇။)

ဤသို့လျှင် ကေသီမြင်းဆရာကြီးကို မိန့်တော်မူသကဲ့သို့ ဆရာမိဘတို့ ဆုံးမပဲ့ပြင် သွန်သင်ပြောဆိုမှု မရှိဘဲ ပစ်ပယ်ထားခြင်းကို ခံရသော လူငယ်သည် ပျက်စီးတော့သည်ဖြစ်၍ ''ကောဓပညာဏော''ကို ဆက်၍ ဟောကြားတော်မူသည်ဟု မှတ်ရမည်။

တစ်နည်းအားဖြင့်–အာလသျှ အပေါက်ရှိသော သူတို့သာ ပျက်စီးတတ်သည် မဟုတ်သေး၊ အမျက်ထန်သည်း ဒေါသကြီးတတ်သော သူတို့သည်လည်း ပျက်စီးတတ်သည်ကို ပြတော်မူလိုသောကြောင့် ''ကောဓပညာဏော''ကို ဟောကြားတော်သည်ဟု မှတ်ရမည်။

တွေ့ကြုံလာသော အာရုံ၊ ဖြစ်ပေါ်လာသော ကိစ္စတို့၌ သင့်တင့်အောင် နှလုံးမသွင်းတတ်သောသူသည် ဒေါသဖြစ်တတ်၏။ စိတ်တိုတတ်၏။ မိမိ၏ အပြစ်ကိုမမြင်၊ သူတစ်ပါး အပြစ်ကိုသာ မြင်၍ ဒေါသရှေ့ထားမိသဖြင့် မှားတတ်၏။ ယင်းသို့ စိတ်တိုတောင်းတတ်၊ ဒေါသကြီးတတ်၊ သူတစ်ပါး အပေါ်၌ အပြစ်မြင်တတ်သောသူသည် အများနှင့် ဆက်ဆံပေါင်းသင်း၍ မဖြစ်နိုင်။ သည်းခံကာ ဆောင်ရွက်သော်မှ ပြီးမြောက် အောင်မြင်အံ့သော အကျိုးစီးပွားတို့သည် အောင်မြင်ခြင်း မရှိဘဲ ပျက်ပြားဆုတ်ယုတ်တတ်သည်။

အမျက်ဒေါသဟူသည် မောဟအရင်းခံသော အကုသိုလ်ဒေါသ သဘောတရားဖြစ်၍ အကျိုးကျေးဇူးကိုလည်း မသိမမြင်၊ ဆင်ကန်းတောတိုး ပြုလုပ်တတ်၍ ဒုက္ခရောက်ရတတ်သည်။ ဒေါသအစွမ်းဖြင့် ကြမ်းကြုတ် ခက်ထန်သော ကျားခြသေ့ စသော သတ္တဝါတို့ကို လူတို့သည် ရွံ့မုန်း စက်ဆုတ်သကဲ့သို့ ဒေါသမျက်မာန် ခက်ထန် ကြမ်းကြုတ်သော လူစားကိုလည်း လူအများ ရွံ့မုန်း စက်ဆုတ်၏။ အပေါင်းအသင်းမလုပ်၊ ရှောင်ကြဉ်တတ်ကြသည်။ ဒေါသ မဖြစ်သင့် မဖြစ်ထိုက်သော သူတော်ကောင်းတို့အပေါ်၌ ဒေါသဖြစ်၍ ပြစ်မှားမိပါကလည်း အပြစ်သည် မိမိအပေါ်သို့ ကျရောက်တတ်ပေသည်။

ကာသိတိုင်းရှင် ဘုရင်ကလာဇု မင်းသည် တစ်နေ့သ၌ အခြွေအရံတို့နှင့်တကွ ဥယျာဉ်သို့ထွက်၍ ပျော်မြူးရာ အထူးချစ်မြတ်နိုးသော အလုပ်အကျွေး မောင်းမတစ်ယောက်၏ ရင်ခွင်၌ အရက်မူးယစ်ကာ အိပ်စက်နေ၏။ သီဆိုတီးမှုတ်မှု၌ ကျွမ်းကျင်လိမ္မာကြကုန်သော ကချေသည် နန်းတွင်းသူတို့သည် သီဆိုတီးမှုတ်ဖျော်ဖြေကာ နေကြရ၏။ ကလာဇုမင်းအိပ်စက် ပျော်သောအခါ သီဆိုတီးမှုတ်သူတို့သည် ဥယျာဉ်တွင်း၌ သစ်သီးသစ်ပွင့်တို့ကို ဆွတ်ခူးကာ လှည့်လည်ကြကုန်၏။

ပင်လုံးကျွတ်ပွင့်နေသော အင်ကြင်းပင်ရင်း၌ ခန္ဓိဝါဒီရသေ့သည် သမဏသုခဖြင့် သီတင်းသုံးနေသည်ကို ဖူးမြင်

ကြရသဖြင့် အနီးသို့ ချဉ်းကပ်၍ တရားဟောကြားရန် တောင်းပန်ပြီး တရားနာယူနေကြ၏။ ကလာဗုမင်းကို ပွေ့ပိုက် ပြုစုနေရသော မောင်းမငယ်သည် ကလာဗုမင်းကို နှိုး၍ သီဆိုတီးမှုတ်သူများ ခန္တီဝါဒီ ရသေ့ထံသွား၍ တရားနာနေကြကြောင်းကို ကုန်းချောပြောကြား၏။ ကလာဗုမင်းသည် ဒေါသအမျက် ပြင်းပြစွာထွက်၍ သန်လျက်ကို လက်စွဲကာ ရသေ့ထံအမြန်သွား၏။ ကချေသည်များက ကလာဗုမင်း ဒေါသဖြစ်ပေါ်လာသည်ကို မြင်သဖြင့် မင်းနှင့်လည်း ကျွမ်းဝင်ရင်းနှီးသောကြောင့် မင်းထံမှ သန်လျက်ကို လုယူ ကြပြီး ကျေအေးအောင် တောင်းပန်ပြောကြ၏။ နန်းတော်သူတို့အပေါ်၌ ကျေအေးသော်လည်း ရသေ့ထံသွားကာ-

အိုရဟန်း-အသင် ဘယ်လိုဝါဒ ရှိသလဲဟု မေး၏။

မင်းကြီး-ငါကား ခန္တီဝါဒ ရှိသည်ဟု ဖြေလျှင်-

ခန္တီ-ဆိုတာ ဘာကိုဆိုလိုသလဲဟု ထပ်၍ မေး၏။

ခန္တီ-ဆိုတာ ဆဲဆိုရိုက်ပုတ်ညှဉ်းဆဲခြင်း စသည်ကို ပြုသော်လည်း စိတ်မဆိုးသည်ကို ဆိုသည်ဟု ပြော၏။

ကလာဗုမင်းက သင်၏ ခန္တီကို ကြည့်အံ့ဟု ပြော၍ သူသတ်သမားကို ခေါ်စေပြီး၊ အချင်း-ဤရသေ့ကို မြေပေါ်သို့ ဆွဲချ၊ ဆူးကြိမ်လုံးဖြင့် ရင်ငါးရာ, ကျောငါးရာ, ဘေးနှစ်ဘက်ငါးရာစီ ပေါင်းအချက်ပေါင်း နှစ်ထောင် ရိုက်လေဟု ခိုင်း၏။ ရိုက်စေပြီးနောက် လက်, ခြေ, နှာသီးဖျား, နားရွက်တို့ကို ဖြတ်စေပြန်၏။ ထိုနောက် ကလာဗုမင်း ကိုယ်တိုင် ရင်ဝကို

ဖနောင့်နှင့် ကန်ပြီး ထွက်သွား၏။ ကလာဇုမင်းသည် ဥယျာဉ်က ထွက်မိလျှင်ပင် မြေသို့ မြုပ်ဝင်၍ မြေမျိုခံရလေတော့သည်။ အဝီစိငရဲသို့ တိုက်ရိုက် ကျရောက်ကာ ပြင်းပြသောငရဲဒုက္ခကြီးကို ခံရတော့သတည်း။ ဒေါသကြီးသူသည် ဒေါသ၏ အစွမ်းကြောင့် မပြစ်မှားထိုက်သူကို ပြစ်မှားမိတတ်၏။ ဒေါသ၏ အပြစ်သည် မိမိသို့သာ ကျရောက်တတ်မြဲ ဖြစ်လေသည်။

ရသေ့ကို ကြည်ညိုး၍ ပစ္စည်းလေးပါးဖြင့် လှူဒါန်းကိုးကွယ်နေသော စစ်သူကြီးသည် ရသေ့ထံသို့ အဆောတလျင်လာ၍ ဒဏ်ရာများကို ယုယ ကြင်နာစွာ ပြုစုကုသပေး၏။ ရသေ့ကိုလည်း အရှင်ရသေ့၊ စိတ်ဆိုးတော်မူပါလျှင် ကလာဇုမင်းကိုသာ စိတ်ဆိုးတော်မူပါ၊ တိုင်းသူပြည်သား အားလုံးကိုမပျက်စီးပါစေနှင့်ဟု လျှောက်၏။ ဒကာစစ်သူကြီး–ကလာဇုမင်းသည် အသက်ရာကျော်ရှည်ပါစေ။ ငါကဲ့သို့သော သည်းခံမှုရှိကြသော သူတော်ကောင်းတို့သည် စိတ်မဆိုးတတ်ကြပါဟု မိန့်ဆို၍ ထိုနေ့၌ပင် စုတေပျံလွန်လေသည်။ ကလာဇုမင်း၏ ဒေါသကြောင့်ဖြစ်သော အပြစ်ကို ကြည့်၍ ဒေါသဖြစ်ခြင်း၊ ပြစ်မှားခြင်းတို့မှ ရှောင်ကြဉ်အပ်လှသည်။ ခန္ဓီဝါဒီရသေ့၏ သည်းခံပုံကိုလည်း ကြည်ညိုတုယူသင့်လှ၏။

အကြောသကဘာရဒ္ဒါဇ မည်သော ဗြာဟ္မဏ တစ်ယောက်သည် မိမိသားချင်းဖြစ်သော ဘာရဒ္ဒါဇ ဂေါတ္တ

ဗြာဟ္မဏ ရှင်ဂေါတမထံ၌ ရဟန်းပြုသည်ဟု ကြား၍ ဗုဒ္ဓ မြတ်စွာထံသို့ လာပြီးလျှင် မသူတော်သုံး ကြမ်းတမ်းသော စကားလုံး တို့ဖြင့် ဗုဒ္ဓမြတ်စွာကို ဆဲဆို ရေရွတ် မြည်တွန် မောင်းမဲသောဟူ၏။ ဗုဒ္ဓမြတ်စွာက သည်းခံတော်မူ၍ မိန့်ကြား တော်မူပုံကို သင်တို့ သတိအထားပြု၍ ရှုကြစမ်းလော့။

(က) ဗြာဟ္မဏ–အသင့်ထံသို့ ဆွေမျိုးသားချင်း မိတ်ဆွေ သင်္ဂဟများ တစ်ခါတစ်ရံ လာတတ်ကြသည် မဟုတ်လား၊ လာတတ်ကြပါတယ် ရှင်ဂေါတမ။

(ခ) အသင့်ထံသို့ လာကြသော သားချင်းမိတ်ဆွေ တို့အား စားသောက်ဖွယ်များကို ကျွေးမွေးပေးကမ်း ဖူးပါသလား။ မှန်ပါ၊ ကျွေးမွေးပေးကမ်းဖူးပါသည်။

(ဂ) အသင် ကျွေးမွေးပေးကမ်းဖူးသော စားသောက် ဖွယ်တို့ကို ထိုလူများက အကယ်၍ မစားကြ မယူကြလျှင် ထိုစားသောက်ဖွယ်တို့သည် ဘယ်သူ့ ပစ္စည်းများ ဖြစ်ပါသလဲ။ ထိုလူများ မစားမယူကြ လျှင် အကျွန်ုပ် ပစ္စည်းသည် အကျွန်ုပ်၏ ပစ္စည်း သာ ဖြစ်ပါသည် အရှင်ဘုရား။

အိုဗြာဟ္မဏ–ဤဥပမာကဲ့သို့ပင် အသင်သည် ဆဲရေး ခြင်း မရှိသော ငါတို့ကို ဆဲရေး၏။ ချုပ်ချယ်ခြင်း မရှိသော ငါတို့ကို ချုပ်ချယ်၏။ ငြင်းခုန်ခြင်းမရှိသော ငါတို့ကို ငြင်းခုန် ဘိ၏။ အဲဒီ ဆဲရေးခြင်း စသည်တို့ကို ငါတို့သည် လက်မခံ ကြကုန်၊ အသင့်ပစ္စည်းတို့သာ ဖြစ်ပေသည်။

ဗြာဟ္မဏ-အကြင်သူသည် မိမိအား ဆဲရေးသောသူကို ပြန်လှန်ဆဲဆိုခဲ့အံ့၊ ချုပ်ချယ်သောသူကို ပြန်လှန် ချုပ်ချယ်ခဲ့အံ့၊ ငြင်းခုန်သောသူအား ပြန်လှန်ငြင်းခုန်ခဲ့အံ့၊ ထိုသူသည် ဆဲရေးမှု စသည်တို့ကို လက်ခံယူဆောင်သည် မည်၏။ ငါတို့သည်ကား လက်ခံခြင်းလည်း မပြုကြ။ ယူဆောင်ခြင်းလည်း မပြုကြ။ အသင့်ပစ္စည်းသည် အသင်၏ ပစ္စည်းသာ ဖြစ်တော့သည်ဟု မိန့်ကြားတော်မူလေ၏။ ဘာရဒ္ဒါဇ ဗြာဟ္မဏသည် ဤတရားစကားကို ကျေနပ် နှစ်သက်၍ ဘုရားရှင်ထံ၌ ကိုယ်တိုင် ရဟန်းပြုရာ နောက်ကာလမကြာမီ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သည်ဟူသတည်း။

တသေဝ တေန ပါပိယော၊ ယော ကုဒ္ဓံ ပဋိကုဗ္ဗတိ။
ကုဒ္ဓံ အပ္ပဋိကုဗ္ဗန္တော၊ သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။

(သံ-၁။ ၁၆၃-၇။)

မြန်မာအဓိပ္ပာယ်

စိတ်ဆိုးပြစ်မှားသောသူကို ပြန်လှန်စိတ်ဆိုးတတ်သောသူသည် ပထမ စိတ်ဆိုးသူထက် ယုတ်ညံ့မိုက်မဲရာရောက်၏။ စိတ်ဆိုးပြစ်မှားလာသူကို အတုံ့အပြန် စိတ်မဆိုးတတ်သောသူသည် အောင်မြင်နိုင်ခဲသော စစ်ကိုလည်း အောင်မြင်တတ်၏။

သို့ဖြစ်၍ အမျက်ဒေါသ မထွက်မပေါ်စေအောင် သတိသမ္ပဇည တရားနှင့် ဆင်ခြင်စောင့်စည်းသင့်ကြသည်။ ယောနိသော မနသိကာရဖြင့်လည်း သင့်တင့်အောင် နှလုံးသွင်း၍

ပယ်ဖျောက်သင့်ကြသည်။ မိမိကစ၍ အမျက်ဒေါသ ထွက်မိခဲ့လျှင် အကျိုးကျေးဇူး မပျက်ပြားမီ ပြန်၍ ရုပ်သိမ်းနိုင်အောင် လေ့ကျင့်သင့်သည်။ သူတစ်ပါးက စတင်ကာ အမျက်ဒေါသ ထွက်ပေါ်လျှင်လည်း အတုံ့အပြန် မထွက်စေရအောင်၊ ထိန်းသိမ်းနိုင်အောင် လေ့ကျင့်ရမည်။ အတုံ့အပြန် အမျက်ထွက်လျှင် ပိုမိုကြီးလေးသော အပြစ်သို့ ရောက်တတ်သည်။ ဒေါသလွှမ်းမိုးဖိစီး ကာကွယ်နေသောကြောင့် အကျိုးအပြစ်ကို မစဉ်းစားနိုင်ဘဲ သူထက်ကဲအောင် စော်ကားကျူးလွန်မိခြင်းကြောင့် ပိုမို ကြီးကျယ်သော အပြစ် ဖြစ်တတ်သည်ဟု ဆိုသည်။ သည်းခံနိုင်ပါက နောက်က ပြုဆိုခဲ့သည့်အတိုင်း အောင်မြင်နိုင်ရန် ခဲယဉ်းသော ရန်သူကိုပင် အောင်နိုင်တတ်သည်။

အကယ်၍ မိမိအား တစ်ပါးသောသူက လွန်ကျူးပြစ်မှားပြီးနောက်မှ အဖြစ်မှန်ကို သိရှိကာ ဝန်ချတောင်းပန်လာသည် ဖြစ်အံ့၊ မိမိက အာဃာတ ရန်ငြိုးမထားဘဲ လက်ခံကျေအေးလိုက်ရမည်။ တောင်းပန်ခြင်း၊ ကျေအေးခြင်းကြောင့် နှစ်ဦးလုံး သူတော်ကောင်း ပညာရှိ အတန်းအစားဝင်များ အဖြစ်သို့ ရောက်ကြရသည်။

လူမိုက် နှစ်မျိုး ပညာရှိနှစ်မျိုး

ရဟန်းတို့–ဗာလ(လူမိုက်)ပုဂ္ဂိုလ် နှစ်မျိုးရှိသည်။

၁။ ဒေါသကြောင့် ကျူးလွန်မိသော အပြစ်ကို အပြစ်ဟူ၍ မသိသော ဗာလတစ်ယောက်၊

၂။ အပြစ်ကို ဝန်ချတောင်းပန်ခြင်း မရှိသော ဗာလ တစ်ယောက်စသည်အားဖြင့် ဗာလ နှစ်မျိုးရှိသည်။

ပဏ္ဍိတ(ပညာရှိ)ပုဂ္ဂိုလ်သည်လည်း နှစ်မျိုးရှိသည်။

၁။ အပြစ်ကို အပြစ်ဟူ၍ သိတတ်သော ပဏ္ဍိတ တစ်ယောက်၊

၂။ အပြစ်ဝန်ချ တောင်းပန်သည်ကို လက်ခံကျေအေး သော ပဏ္ဍိတတစ်ယောက် စသည်အားဖြင့် ပဏ္ဍိတ နှစ်မျိုးရှိသည်ဟု "သံယုတ္တနိကာယ်"၌ ဟောတော်မူခဲ့ပြီ။

အခါတစ်ပါး၌ သိကြားနတ်မင်းက နတ်တို့အား ဆုံးမ သြဝါဒ ပေးဖူးသည်မှာ-အချင်းနတ်တို့။ အမျက်ဒေါသ အလိုသို့ မလိုက်ကြနှင့်၊ မိတ်ဆွေများနှင့် မိတ်မဖျက်ကြနှင့်၊ မကဲ့ရဲ့ ထိုက်သူကို မကဲ့ရဲ့ကြနှင့်၊ ကုန်းတိုက်စကား မပြော ကြနှင့်။ ငါ သတိပေးသလို မဟုတ်ဘဲ ဒေါသအမျက် အလိုသို့ လိုက်မိကြလျှင် အမျက်ဒေါသသည် ကျောက်တောင်ကြီး ဖိစီး ကြိတ်ချေသကဲ့သို့ အသင်တို့ကို ဖိနှိပ်ကြိတ်ချေပေလိမ့်မည်။

ကောဓော ဝေါ ဝသ မာယာတု၊
မာ စ မိတ္တေဟိ ဝေါ ဇရာ။
အဂရဟိယံ မာ ဂရဟိတ္ထ၊
မာ စ ဘာသိတ္ထ ပေသုဏံ။

အထ ပါပဇနံ ကောဓော
ပဗ္ဗတောဝါဘိမဒ္ဒတိ။
ဟူသတည်း။ (သံ–၁။ ၂၄၁။)

မြန်မာအဓိပ္ပာယ်

သူတော်ကောင်း ပညာရှိ မှန်သမျှတို့သည် အမျက်ဒေါသ ထွက်မှုကို ကြောက်လန့်ကြကုန်၏။ အပြစ် မြင်ကြကုန်၏။ စောင့်စည်းကြကုန်။ အသင်တို့သည်လည်း သူတော်ကောင်း ပညာရှိ အဆင့်အတန်းဌ ပါဝင်သောအားဖြင့် မိမိသန္တာန်ဌ အမြစ်မပြတ်သေးဘဲ ကိန်းအောင်း တည်ရှိသော ဒေါသကို မပေါ်ထွက် မထကြွစေမူ၍ သတိကို တံခါးမှူးအရာဌထားကာ ထိန်းသိမ်းစောင့်စည်းကြကုန်ရာသတည်း။

ဆောင်ပုဒ် – ဒေါသအမျက်၊ ပေါ်လာထွက်၍၊ သူ့ထက် ကျူးလွန်၊ မမွန်မမြတ်၊ ယုတ်ပတ်သောအား၊ နှုတ်စကားနှင့်၊ တခြားကိုယ်မှု၊ ထိုနှစ်ခုဖြင့်၊ ပြုမိခဲ့မှု၊ အကြင်သူသည်၊ လူတွင်လူ့လျှောက်၊ ပြစ်ကြီးရောက်၍၊ ပျောက်ပျက်ချမ်းသာ၊ ပျက်စီး ရာသည်၊ မြဲစွာတတ်အပ်၊ မှတ်ကုန်ကြ။

(၁၁) ယော မာတရံ ဝါ ပိတရံ ဝါ။
ဇိဏ္ဏကံ ဂတယောဗ္ဗနံ။
ပဟူ သန္တော နာ ဘရတိ၊
တံ ပရာဘဝတော မုခံ။

မြန်မာအဓိပ္ပာယ်

အသက်အရွယ်ကျော်နင်း၍ အိုမင်းမစွမ်း ရှိသော မိဘတို့ကို ပြုစုလုပ်ကျွေး မွေးမြူခြင်းငှာ စွမ်းနိုင်သော အရည်အချင်းရှိလျက် မပြုစု မလုပ်ကျွေးသောသူ၏ သဘောတရားသည် ပျက်စီးဆင်းရဲကြောင်းဖြစ်၏။

သူစိမ်းပြင်ပြင်ဖြစ်သော အခြားသူတို့အပေါ်၌သာ ဒါယရှေထား မေတ္တာပါးသည် မဟုတ်သေးဘဲ မိဘတို့၏ အပေါ်၌သော်လည်း မေတ္တာ တုံ့ပြန်ခြင်းမရှိ၊ ကျေးဇူးကိုလည်း မမြင်မသိ၊ ကရုဏာသဘောတရား ကင်းဝေးလျက်ရှိသော သားသမီးတို့သည်လည်း အတိုင်းမသိ ကျေးဇူးရှိသော ကျေးဇူးရှင် မိဘတို့ကို အကုသိုလ်ဥပေက္ခာ သဘောထားနှင့် လေးစားရှိသေမှု ယုယမြတ်နိုးမှုမရှိ၊ ပြုစုလုပ်ကျွေးခြင်း မရှိသဖြင့် ပျက်စီးဆုတ်ယုတ်သည်ကို ပြုတော်မူလို၍ ''ယော မာတရံ ဝါ''စသော ပရာဘဝသဘောတရားကို ဆက်လက်ဟောကြားတော်မူသည်ဟု မှတ်အပ်သည်။

မိအိုဘအိုတို့ကို ပြုစုကျွေးမွေးခြင်းငှာ တတ်နိုင်သော သားသမီးတို့သည် ပြုစုကျွေးမွေးထိုက်ပါလျက် မပြုစု မကျွေး

သက်ကြီးရွယ်အိုမိဘများအား ပြုစုလုပ်ကျွေးရမည်။ ထိုတာဝန်ကိုမကျေပွန်သော သားသမီးများသည် မာတာပိတုဥပဋ္ဌာန် = အမိအဖများအားပြုစုလုပ်ကျွေးရမည်ဟူသော မဂ်လာတရားတော်နှင့်မညီညွတ်၍ ပျက်စီးဆုတ်ယုတ်တတ်ကြောင်း ဟောကြားသည့် တရားတော်ဖြစ်သည်။

မွေးလျှင် အဘယ့်ကြောင့် ပျက်စီးတတ်ပါသလဲ။ အဆုံးမရှိ အောင် ရှည်လျားကြီးမား များပြားသော ကျေးဇူးရှင်ကြီးများ ဖြစ်ပါလျက် ကျေးဇူး တုံ့ပြန်ဆပ်ရမှုဖြစ်သော သားသမီးတို့၏ ဝတ်တရားပျက်ကွက်သောကြောင့် ဖြစ်၏။

အချို့အချို့သော သားသမီးတို့သည် မိဘများကို ရိုသေ လေးစားစွာ မပြုစု မကျွေးမွေးရုံသာ မဟုတ်သေးမူ၍ မိဘ တို့ကိုပင် နှိပ်စက်ညှဉ်းပန်းကြ၏။ မောင်းမဲပြောဆိုကြ၏။ ထိုသို့ သော သားသမီးများသည် လူညွှန့်လူစုတုံ၍ ခပ်မြန်မြန် ပြုန်းတီးပျက်စီးတတ်လေသည်။

မိဘတို့သည် သားငယ်သမီးငယ်တို့ အပေါ်၌ မည်မျှ လောက် မေတ္တာဓာတ်ကြီးမားသည်၊ မည်မျှမေတ္တာ ရှေ့ထား ကြသည်။ မည်မျှ စောင့် ရှောက် မွေးမြူခဲ့ကြသည်။ မည်မျှ ပြုသ သင်ကြားခဲ့ကြသည်၊ ဘေးအန္တရာယ် ကင်းလွတ်အောင် မည်မျှ ကာကွယ်ခဲ့ကြ သည်တို့ကို သတိပြုမိကြပါက နေ့စဉ် နေ့တိုင်း မြင်နိုင်တွေ့နိုင်ပေလိမ့်မည်။ မိဘတို့ကသာ (သား သမီး တို့ကို) မစောင့်ရှောက် မမွေးမြူ မကာကွယ်ဘဲ စွန့်ပစ် ထားခဲ့ပါလျှင် ကလေးငယ်သည် ဘယ်နှစ်ရက် အသက် ရှည်ကာ တည်ရှိနိုင်ပါမည်နည်း။ မိဘတို့၏ အဆင့်အတန်း အလျောက် ဥစ္စာငွေကြေးရှိလျှင် ရှိသလို သားငယ် သမီးငယ် တို့ကို ချမ်းသာနိုင်သမျှ ချမ်းသာအောင် မွေးမြူကြလေသည်။

၁။ စားတတ် သောက်တတ်အောင်၊ ယူတတ် ကိုင်တတ်အောင်၊ ကြည့်တတ် ရှုတတ်အောင်၊ သွားတတ် လာတတ်အောင်လည်း မိဘတို့ကပင် သင်ကြားပေးကြရသည်။

၂။ စကားပြောနိုင်သော အရွယ်ရောက်ပြန်သော် အမေ အဖေ အစ်ကို အစ်မ စသည်ဖြင့် ခေါ်တတ် ပြောတတ်အောင် သင်ကြားပေးကြသည်။

၃။ ယုတ်စွအားဖြင့် အပေါ့အလေး သွားတတ်အောင်၊ ချဿလိပ် စွန့်ပစ်တတ်အောင်၊ နှုပ်ညှစ်တတ်အောင်လည်း မိဘတို့ကပင် သင်ပေးကြရသည်။

၄။ စကားအတော်အတန် ပြောတတ်သော အရွယ်သို့ ရောက်ပြန်လျှင်လည်း သည်ဟာ လှည်းခေါ်သည်၊ ရထား ခေါ်သည်၊ စသည်တို့ကိုလည်း မိဘတို့ကပင် သင်ပေးကြရသည်။

၅။ ကျွန်တော် ကျွန်မ ရှင် ဗျာ စသည်ဖြင့် ယဉ်ယဉ် ကျေးကျေး ပြောဆိုတတ်အောင်လည်း မိဘတို့ကပင် သင်ပေးကြရသည်။

၆။ အိမ်က ကိုယ်တိုင် သင်ကြားသင့်သမျှ သင်ကြား ပေးကြပြီးနောက် စာသင်ကျောင်းသို့ ပို့အပ်၍ လူမှုရေးရာ သက်မွေးဝမ်းကျောင်း ပညာရပ်များကို ဆင်လက်ကာ သင်ကြားစေကြပြန်သည်။

၇။ စာသင်ကျောင်းသို့ပို့၍ သင်ကြားစေသောအခါ၌ အခြား ကျောင်းသူ ကျောင်းသားများနှင့် တန်းတူရည်တူ

ဝတ်ရ စားရစေရန်လည်း ကြောင့်ကြစိုက်၍ ဆင်ယင်ဝတ်စား ပေးကြရသည်။

၈။ ကျောင်းမသွားမီ အိမ်မှာ ကျွေးမွေးလိုက်သည့်အပြင် ကျောင်းမှာစားသောက်ရန် သွားရေစာဖိုးကိုလည်း ပေးလိုက်ကြရသေးသည်။

၉။ မိမိတို့၏ သားသမီးများကို ဂရုတစိုက် စောင့်ရှောက်သင်ကြားပေးစေလိုသော စေတနာ တက်ကြွစေရန် စာသင်ကျောင်းမှ ဆရာ ဆရာမများကိုလည်း ဝတ္တရား ကျေပွန်အောင် ပြုစုကြ၊ ပူဖော်ကြရသည်မှာလည်း မိဘများပင်။

၁၀။ မူလတန်းကျောင်းမှ အထက်တန်းကျောင်း၊ အထက်ဝန်းကျောင်းမှ ကောလိပ်ကျောင်းသို့ အဆင့်ဆင့် ပို့ကြရသောအခါ၌ အချို့မိဘတို့သည် မိမိတို့ကိုယ်တိုင် ခြိုးခြိုးခြံခြံ နေဖြစ်ရုံ၊ စားဖြစ်ရုံ နေကြ စားကြကာ သားသမီးများ ခေတ်ကာလအလျောက် ပညာဆုံးခန်းတိုင်ရောက် တတ်မြောက်၍ လူတစ်လုံးသူတစ်လုံး ဖြစ်စေခြင်းငှာ ကျောင်းလခ၊ စာအုပ်ဖိုး၊ အဝတ်အစားဖိုးနှင့် အပိုသုံးများအတွက် ချွေတာစုဆောင်း၍ ထောက်ပံ့ကြရပေသည်။

အချို့မိဘတို့မှာ သားသမီးများ ကောလိပ်ကျောင်းမှ ဘွဲ့ရပြီးသည့်အခါ ဥစ္စာကြေးငွေကုန်ခန်း၍ ဆင်းရဲနွမ်းပါးကြသည်တို့လည်း ရှိကြလေသည်။ သားသမီးများမှာမူ ကျောင်းက ထွက်လာကြသောအခါ ကောလိပ်မရောက်မီက အနေအချိုး မျိုး မဟုတ်တော့ပေ။ တစ်မျိုးတစ်ဖုံ ပြောင်းလဲ

ကာ ဘဝင်မြင့်လာကြသူတို့ များကြသည်။ သို့ဖြစ်သောကြောင့် အနေအစား အဝတ်အရုံ အသုံးအစွဲတို့၌ ပိုမို ကျယ်ဝန်း အတန်းအဆင့် မြင့်လာကြသည်။ ထိုသို့ အသုံးအဖြုန်းများ သော်လည်း မိဘတို့မှာ ကျေနပ် နှစ်သိမ့်လျက်။ အဖြုန်းအသုံး ကို အခွင့်အရေးပေးရုံမက ကွယ်ရာ၌ သားသမီးများကိုပင် ဂုဏ်တင်၍ ပြောတတ်ကြပေသေးသည်။ အလုပ်အကိုင် ရရှိဖို့ ကိုလည်း မိဘတို့ကပင် တာဝန်ယူကြရသည်။

အလုပ်ရရှိပြီးသော်လည်း အခြေအနေမကျမီ ရရှိသော လခကြေးငွေနှင့် မလောက်မငှရှိပြန်လျှင် မိဘများက တတ် နိုင်သမျှ ကူညီထောက်မပံ့ပိုးကြရသေးသည်။ အချိန်တန်၍ အိမ်ထောင်မက်လာ ပြုရန်အတွက်ကိုလည်း မိဘတို့ကပင် ငွေကုန်ကြေးကျခံ၍ ချီးမြှောက်ဆောင်ရွက်ကြရသည်။ မိဘ တို့သည် အသက်ရှည်ကြပါလျှင် သားသမီးတို့ကိုသာမက မြေးမြစ်များတိုင်အောင်ပင် ချီးမြှောက်ကြရ၊ ထောက်ပံ့ကြရ၊ ကျေးဇူးပြုကြရသည်။ အတိုချုံးကာ ပြဆိုခဲ့သော ဤမျှကျေးဇူး ကြီးမားသော မိဘတို့ကို အိုမင်းမစွမ်း ရှိသောအခါ ပြုစု ကျွေးမွေးနိုင်ပါလျက် မပြုစု မကျွေးမွေး မစောင့်ရှောက်သော သားသမီးတို့၌ ကြီးပွားချမ်းသာရေး ရှိနိုင်တော့မည်မဟုတ်၍ ပျက်စီးဆုတ်ယုတ်ကြောင်းသာဟု ဟောတော်မူခဲ့သည်။

မိဘတို့၏ကျေးဇူးကို မသိကျိုးကျွံပြု၍ ရိုသေကင်းမဲ့ မိုက်မှားမိခဲ့ကြသောကြောင့် ဆင်းရဲဒုက္ခရောက်ရသော သား သမီးတို့သည်လည်း အတိတ်ကာလ ပစ္စုပ္ပန်ကာလတို့၌ပင်

ထင်ရှား ဖြစ်ခဲ့ဖူးကြ၊ ဖြစ်ဆဲလည်း ရှိကြပေသည်။ မိတ္တာဝိန္ဒက သည် မိခင်ကို ရိုသေခြင်းကင်းမဲ့မှုကြောင့် သင်ဝုန်းစက် ဦးခေါင်းပေါ် ကျရောက်၍ ခုတ်ဖြတ်မှုကို ခံရဖူး၏။ အခြား သော အတိတ်ဝတ္ထု သာဓကတွေလည်း များလှ၏။

မကြာလှသေးမီ ယခု ပစ္စုပ္ပန်ကာလ၌ ဖြစ်ပေါ်သော ပစ္စုပ္ပန်ဝတ္ထုကစ်ခုကို ပြလို၏။

သတင်းစာပါ သတင်းတစ်ပုဒ်

မြန်မာကောဇာသက္ကရာဇ်၁၃၁၃ ကဆုန်လကုန် နယုန် လဆန်းလောက်မှာပင် ကျေးဇူးရှင်မိခင်ကြီးကို စော်ကားသော သားတစ်ယောက် မြေမျိုခံရကြောင်း သတင်းစာတစ်စောင်၌ ဖတ်လိုက်ရ၏။ ''မြန်မာ့အလင်းသတင်းစာ''ဟု ထင်၏။

ကေအမ်ဒီအို စစ်ရုံးစိုက်သော ကျိုက်ပိမြို့၌ ကေအမ် ဒီအို စစ်သား ခရစ်ယာန်ဘာသာဝင် ကရင်ကပြားသည် ဗုဒ္ဓဘာသာ မြန်မာမိခင်ကို နေ့စဉ်လိုပင် ဆဲဆို ကြိမ်းမောင်း တတ်သည်ဆို၏။ မိခင်ဖြစ်သူသည် ရတနာသုံးပါးကိုကြည်ညို ပလေးစား၏။ အမြဲတမ်း ဘုရားရှိခိုးခြင်း စသော ကောင်းမှုကို ပြုလေ့ရှိသည်ဆို၏။ တစ်နေ့သောအခါ မိခင်သည် ဘုရားရှိခိုး ဝတ်ပြုနေစဉ် သားခရစ်ယာန်က ခင်ဗျား ဒီလို ရှင်ဂေါတမကို ကိုးကွယ်ရှိခိုးနေသောကြောင့် ကျုပ်တို့ စစ်မနိုင်ဘဲ ဆုံးရှုံးနေ ကြရသည် စသည်ဖြင့် ကြိမ်းမောင်းဆဲဆို ရေရွတ်ရုံသာမက ခြေနှင့်ကန်တော့သတဲ့။

သူ၏ မယားက သည်လို မလုပ်ကောင်းပါဘူး၊ မလုပ်ပါနှင့်ဟု ဝင်ပြောသဖြင့် မယားကိုလည်းရိုက်၊ အမေကို ဓားနှင့်ခုတ်ရန် ပြေးအလိုက်တွင် မြေမျိုခံရသည် ဟူ၏။

သို့သော် ချက်ချင်း ကိုယ်လုံးမြုပ်သွားအောင် မြေမျိုမသွားဘဲ ပထမဦး အမေကို ဓားနှင့်ခုတ်ရန် ပြေးလိုက်နေရာက ခြေကို ကြွေ့မရဘဲ ဖြစ်သွား၏။ အမေက လိုက်လာဦးမည် ထင်၍ ကေအမ်ဒီအို စစ်ရုံးသို့ အရောက်ပြေးပြီး ဗိုလ်ဖြစ်သူကို တိုင်လိုက်၏။ ဗိုလ်က လူလွှတ်ခေါ်စေမှ ခြေကြွေ့မရ၍ ရပ်နေကြောင်းကို သိရ၏။ ဗိုလ်နှင့်တကွ သူ၏အမေရော အခြားလူများပါ ဝိုင်းအုံလာကြပြီး အမေကို ကန်တော့ရန် ပြောကြသတဲ့။

မိမိကိုသတ်ရန် ဓားနှင့်လိုက်သော ရန်သူဖြစ်လျက် မြေမျိုသည်ကို တွေ့မြင်ရသောအခါ မိခင်၏ မေတ္တာ ကရုဏာကြီးဖြင့် အလွန် သနားကြင်နာဖြစ်လျက် ငုံ့သား၊ အမေ့ကို ကန်တော့ကွယ်၊ ကန်တော့ကွယ်။ အမေ ကျေနပ် သည်းခံပါသည်ဟု မျက်ရည်စက်လက်နှင့် ကန်တော့စေ၏။ အမေကို ပြစ်မှား စော်ကားသော သားမိုက်သည် ကန်တော့လို၍ လက်များကို မြှောက်ရာ လက်မြှောက်၍လည်းမရ ဖြစ်ရပြန်၏။ သူရပ်နေသော နေရာမှာလည်း ပူပြင်းလှ၍ ၁၅ တောင်လောက်က နေကြရသည်ဆို၏။ အနားသို့ မကပ်နိုင်ကြ။ သူမှာလည်း ပြင်းပြစွာ ပူလောင်သော ဒုက္ခကို အော်ကာ

ဟစ်ကာ ခံရလျက် တဖြည်းဖြည်း မြေအောက်သို့ မြုပ်ဝင်သွားလေတော့သည်ဆိုတ်။

မိဘကျေးဇူးကို မနှိုင်၍ မဆပ်ရစေကာမူ ပြစ်မှားမှု ကင်းလွတ်အောင် သတိပြု၍ ရိုသေလေးစားစွာ သာယာပြေပြစ်ကဏ္ဍသုခ-ပိယဝါစာစကားတို့ဖြင့် ကျေးဇူးတရားများကို အောက်မေ့ သင့်ကြသည်။ တတ်နိုင်လျှင်လည်း ကျွေးမွေးပြုစုသင့်ကြသည်။ မိဘတို့၏ ကျေးဇူးကိုသိ၍ ပြုစုလုပ်ကျွေးသော သားသမီးကောင်းတို့၌ လက်ငင်းကောင်းကျိုးကျေးဇူးတို့ကိုလည်း ရရှိမြဲဖြစ်၏။ သိကြားနတ်မင်းစသော နတ်ကောင်း နတ်မြတ် တို့၏ ရှိခိုးမြတ်နိုးခြင်း၊ ချီးမွမ်းခြင်း၊ စောင့်ရှောက်ခြင်းကိုလည်းခံယူရတ်။ နတ်ပြည်ရောက်ကြောင်းသူတော်ကောင်း ကျင့်ဝတ်ကိုလည်း ဖြည့်ကျင့်ရာရောက်၏။ လူသူတော်ကောင်းတို့၏ ကောင်းချီးထောမနာပြုခြင်းကိုလည်း ရရှိ၏။ မာတုပေါသက ဆင်မင်းကဲ့သို့ ဘေးအန္တရာယ်နှင့် အချုပ်နှောင်မှ ကင်းလွတ်၍ မင်းနှင့်တကွသော ပြည်သူတို့၏ ပူဇော်ခြင်းကိုလည်း ခံယူရရှိတတ်၏။

မာတုပေါသကအလောင်းတော်ဆင်မင်း

တစ်ခုသော ဘဝ၌ အလောင်းတော် ဆင်မင်းသည် မျက်မမြင် မိခင်အိုကြီးကို စက္ကောရဏာတောင်ခြေရှိ လေမိုးလုံခြုံသော လိုဏ်ဂူ၌ ကောင်းစွာထား၍ ရိုသေလေးမြတ်စွာ ပြုစုလုပ်ကျွေးနေသတတ်။ တစ်နေ့သောနေ့၌ တောမုဆိုးတစ်ယောက်သည် လမ်းမှား မျက်စိလည်၍ ရှေ့နောက်

တောင်မြောက်ကိုပင်မသိနိုင်ဘဲ ပူဆွေးကြောင့်ကြ၍ ဟစ်အော်ငိုကြွေးလေရာ တောမုဆိုး ငိုကြွေးသံကို အလောင်းတော်ဆင်မင်း ကြားသိ၍ ငါကဲ့သို့သောပုဂ္ဂိုလ် အနီးဌ၌ရှိပါလျက် တောမုဆိုးသည် မပျက်စီးပါစေနှင့်ဟု ကရုဏာနှင့် ယှဉ်သော သူတော်ကောင်းစိတ်ဖြင့် မုဆိုးထံသွား၍ မုဆိုးကို မိမိ၏ ကျောက်ဂုန်းပေါ်သို့တင်ကာ တောမှလွန်မြောက်သည်တိုင်အောင် ပို့လိုက်၏။

မုဆိုးသည် မြို့သို့ရောက်လျှင် ဗာရာဏသီမင်းထံသို့သွား၍ မျက်နှာလိုမျက်နှာရ ဘုရင်မင်းမြတ်အား လျှောက်ပတ်သော ဆင်မင်းကို တွေ့ရှိခဲ့ပါသည်။ လမ်းကိုလည်း မှတ်သားခဲ့ပါသည်။ ဆင်ဆရာများကို ထည့်လိုက်ပါက ဖမ်းယူနိုင်ပါသည်ဟု သံတော်ဦးတင်သတဲ့။ မင်းတို့မည်သည်မှာ ဆင်ကောင်း မြင်းကောင်းကို အလိုရှိကြမြဲဖြစ်၍ ဆင်ဆရာများကို ထည့်လိုက်ရာ မပစ်မခတ်ရဘဲ အသာအယာ ဖမ်းယူနိုင်ခဲ့ကြ၏။ အလွယ်တကူ ဖမ်းယူနိုင်ခြင်းအကြောင်းကတော့ ဆင်မင်းသည် ဖမ်းယူရန်လာသော လူတို့ကို သတ်ဖြတ်သုတ်သင်နိုင်သောအား အစွမ်းရှိလျက် မိမိစောင့်ထိန်းနေသော သီလပျက်စီးမည်ကို နှမြောလှ၍ အသက်ပင် သေစေကာမူ ပါဏာတိပါတ စသော သီလသိက္ခာကို မကျိုးပေါက်အောင် စောင့်စည်းသောအားဖြင့် လူတို့ကို ရန်မမူ အန္တရာယ်မပြုဘဲ အလွယ်တကူ အသာအယာ အဖမ်းခံ၍ ခေါ်ရာသို့ လိုက်သွားပေသည်။

ဗာရာဏသီမြို့ ဘုရင်မင်း ရှေ့တော်သို့ ရောက်၍ ကောင်းမွန်သော အထူးထူးအရသာရှိသော အစားအစာ တို့ကို ကျွေးမွေး၏။ ဆင်မင်းသည် အစားအစာများကို မစားသဖြင့် အဘယ့်ကြောင့် မစားပါသလဲဟု မင်းက မေးသောအခါ-

အရှင်မင်းမြတ်၊ မျက်မမြင် ဒုက္ခိတ ခိုကိုးရာမဲ့ဖြစ်၍ ပြုစုလုပ်ကျွေးမည်သူ သားသမီး အနီးဌ မရှိသော အကျွန်ုပ်၏ မိခင်အိုကြီးကို အကျွန်ုပ် ပြုစုကျွေးမွေးနေပါသည်။ ယခုအခါ မိခင်အိုကြီးသည် စက္ကြာရဏ တောင်ခြေဌ တောင်စမ်း မြောက်စမ်း ဟိုတိုး သည်တိုးနှင့် မျှားစွာဆင်းရဲနေမည်ကို ဆင်ခြင်အောက်မေ့ကာ အကျွန်ုပ်၏စိတ် မချမ်းမြေ့သော ကြောင့် အစားအစာ မစားပါကြောင်းဟု ပြောကြားကာလ ဘုရင်မင်းသည် တရားနှင့်ပြည့်စုံသော မင်းကောင်းဖြစ်သည် အားလျော်စွာ ဆင်မင်းကို ပူဇော်ပသကာ ပြုစုပြီးနောက် လွှတ် စေလိုက်၏။ ဆင်မင်းသည်လည်း စက္ကြာရဏ တောင်ခြေသို့ နေ့ချင်းအရောက်ပြန်၍ မိခင်အိုကြီး အလို့ငှာ ကြာစွယ် ကြာရင်း တို့ကိုလည်း ယူ၍ နှာမောင်းနှင့် အပြည့် ရေများကိုလည်း သယ်ယူလျက် မိခင်အိုကြီးထံသို့ အမြန်သွား ကျွေးမွေး ပြုစုလေသည်။

ဆင်မင်းသည် မိခင်အိုကြီးကို ရှိသေစွာ ပြုစုလုပ်ကျွေးသော ကောင်းမှုကောင်းလုပ်ကြောင့် လူတို့၏ အချုပ်အချယ် အနှောင်ဖွဲ့မှ လွတ်မြောက်ချမ်းသာခဲ့ရ၏။ ဗာရာဏသီမင်းနှင့်

တကွသော လူတို့သည်လည်း. ဆင်မင်းဂုဏ်ကို အောက်မေ့ချီးကျူးကြလျက် အလောင်းတော် ဆင်မင်းနှင့် တူညီသော ကျောက်ဆင်ရုပ်ကြီးကို ပြုလုပ်တည်ထားကြပြီးလျှင် ဆင်မင်းပူဇော်ပွဲကို ပြုလုပ်ကြကုန်၏။ ဗာရာဏသီမြို့တော်မှစ၍ ဇမ္ဗူဒီပ် တစ်ကျွန်းလုံး နှစ်စဉ်နှစ်တိုင်း ဆင်မင်းပူဇော်ပွဲတို့ကို ထိုအခါမှစ၍ ဝဲချီးပြုလုပ်ကြသည်ဟု ဆိုသည်။ ယခုနှစ်တိုင်အောင် အထက်မြန်မာပြည် ကျောက်ဆည်မြို့၌ ဆင်ပူဇော်ပွဲ နှစ်စဉ်ကျင်းပ ပြုလုပ်ကြသည်မှာလည်း ဆင်မင်းဂုဏ်ကို အာရုံမူကာ ပြုလုပ်သော ပွဲပင် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

လူသားတို့သာ မဟုတ်၊ တိရစ္ဆာန်များသည်ပင်လည်း မိဘတို့ကို ပြုစုလုပ်ကျွေးကြရသည့် သားသမီးကောင်း တို့၏ ကျင့်ဝတ်ကို သိရှိကြပေသည်။ သိရှိကြသည့် အလျောက် ကောင်းစွာပြုစု လုပ်ကျွေးသော စေတနာ ကံအားလျော်စွာ ကောင်းကျိုးချမ်းသာတို့ကို ဝမ်းသာအားရဖွယ် လက်ငင်းဒိဋ္ဌ ယခုဘဝ၌ပင်လည်း ရရှိကြပေသည်။ တမလွန်အခါ သံသရာ၌လည်း ရရှိကြပေဦးမည်။ သို့ကြောင့် အသင်တို့သည်လည်း မိဘတို့ကို ရိုသေလေးမြတ်စွာ ပြုစုကျွေးမွေးခြင်း လူ့ကျင့်ဝတ် တရားနှင့် ပြည့်စုံစေကြ၍ ယခုနှင့်နောင် နှစ်ဖြာသော ဘဝတို့၌ ချမ်းသာ သုခကို ဝဝကြီး ရရှိခံယူနိုင်ကြပါစေသတည်း။

ဆောင်ပုဒ်–ကျေးဇူးများလှ၊ ပုဗ္ဗဆရာ၊ သညာခေါ်ဆို၊ မိဘ အိုကို၊ ပျိုအိုငယ်ကြီး၊ သားသမီးတို့၊ ထံနီး

ရဟန်းသံယာများ၊ သက်ကြီးရွယ်အို များနှင့် ရှေးဘုန်းကံပါရမီနည်းသူကို့အား ဒါနဋ္ဌ = ပေးကမ်း၊ လျှုဒါန်း၊ စွန့်ကြဲရမည်ဟူသော မဂ်လာတရားနှင့်အညီ နေထိုင်ကျင့်သုံးခြင်းမပြုလျှင် ဆုတ်ယုတ်ပျက်စီးတတ်သဖြင့် ထိုဆုတ်ယုတ်ကြောင်းတရားများကို ရှောင်ကြဉ်ရန် ဟောကြားသည့်တရားတော်ဖြစ်သည်။

ခ,ယ၊ လုပ်ကျွေးကြလော့၊ လောကကျင့်မြတ်၊ သားကောင်းဝတ်ကို၊ ချွတ်စေသောသား။ ယင်းလူစားသည်၊ ပျက်ပြား ဆုတ်ယုတ်မည်သာမှတ်။

---

(၁၂) ယော ဗြာဟ္မဏံ ဝါ သမဏံ ဝါ။
အညံ ဝါပိ ဝနိဗ္ဗကံ။
မုသာ ဝါဒေန ဝဉ္စေတိ။
တံ ပရာဘဝတော မုခံ။

မြန်မာအဓိပ္ပာယ်

အကြင်သူသည် ဗြာဟ္မဏ မည်သော ပုဂ္ဂိုလ်ကိုသော် လည်းကောင်း၊ ရဟန်းမြတ် ရဟန်းကောင်းကိုသော် လည်းကောင်း၊ ရှေးဘုန်းကံ အလွန်နည်းပါး၍ တောင်းရမ်းစားသောက်ရသော လူမျိုးကိုသော် လည်းကောင်း၊ အလိုရှိသော ပစ္စည်းကို တောင်းယူ အလှူခံပါလေဟု ဖိတ်ကြားပြီးနောက် အလှူခံများလာသောအခါ မလှူလိုဘဲ လိမ်လည်လှည့်စားတတ်၏။ ယင်းသို့ လိမ်လည်ခြင်းသည် ကြီးပွားချမ်းသာရေးကို ဆုတ်ယုတ်ပျက်စီးတတ်၏။

စွမ်းနိုင်လျက် မိဘဘိုးဘွားတို့ကို မပြုစု မကျွေးမွေးခြင်းကြောင့်သာလျှင် ပျက်စီးတတ်သည် မဟုတ်သေး။ ဖိတ်ကြားပြီးနောက် မပေးလိုဘဲ မုသားပြောတတ်၊ လှည့်ပတ်တတ်ခြင်းကြောင့်လည်း ပျက်စီးတတ်သည်ဟု ပြလိုဘဲ "ယော

ပြာဟွဏံ ဝါ''စသော ဂါထာကို ဆက်၍ ဟောတော်မူပြန်သည်။

ပြာဟွဏာ၏ အဓိပ္ပာယ်

ဤစကားရပ်၌ ပြာဟွဏာ သဒ္ဒါသည်-

၁။ အာသဝေါ ကုန်ခန်းပြီးသော ရဟန္တာကိုလည်း ဆိုလို၏။

၂။ ကိုယ်နှုတ်စိတ်တို့ဖြင့် မကောင်းမှုကို မပြုသော ပုဂ္ဂိုလ်ကိုလည်း ဆိုလို၏။

၃။ ပံသုကူလသင်္ကန်းကို ဝတ်ရုံ၍ ကြုံလိုသော ကိုယ်ဖြင့် ကောစာရိ တောရကျောင်း၌ ကိန်းအောင်း၍ ရဟန်းတရားကို ပွားများ အားထုတ်နေသော ရဟန်းကိုလည်း ဆိုလို၏။

၄။ ဆဲဆိုကြိမ်းမောင်း ရိုက်ပုတ် နှောင်ဖွဲ့ခြင်းတို့ကို သည်းခံနိုင်သော ပုဂ္ဂိုလ်ကိုလည်း ဆိုလို၏။

၅။ ကြာဖက်ပေါ်၌ ရေမတင်သကဲ့သို့ လည်းကောင်း၊ အပ်ဖျားပေါ်၌ မုန်ညင်းစေ့မတင်သကဲ့သို့ လည်းကောင်း၊ ကာမဂုဏ်ဖြင့် မလိမ်းကျံ၊ ကာမဂုဏ်ညွှန်မတင်သော ပုဂ္ဂိုလ်ကိုလည်း ဆိုလို၏။

၆။ ကောင်းမှုလည်းမရှိ၊ မကောင်းမှုလည်းမရှိ၊ ကောင်းမှု မကောင်းမှုတို့၌ ကပ်ငြိခြင်းကင်း၍ ကြောင့်ကြစိုးရိမ်ခြင်းမရှိသော ပုဂ္ဂိုလ် စသည်တို့ကိုလည်း ဆိုလို၏။

ပရိယာယ် ဝေဝုစ်တို့ဖြင့် ဗြာဟ္မဏမည်ထိုက်သည်တို့ကို ဝေနေယျရှာသယအားဖြင့် ဟောတော်မူသော်လည်း ဗုဒ္ဓ၏ အလိုတော်အမှန်မှာ ကိလေသာ ကုန်ငြိမ်း ဘဝဇာတ်သိမ်း တော်မူပြီးသော ရဟန္တာပုဂ္ဂိုလ်တို့ကိုသာလျှင် "ဗြာဟ္မဏ" ဟူသော ဘွဲ့မည်ဖြင့် ခေါ်းကျူးတော်မူလိုသည်။ သို့ကြောင့်-

"နာ စာဟံ ဗြာဟ္မဏံ ဗြူမိ၊ ယောနိဇံ ပေတ္တိသမ္ဘဝံ" စသည်ကို ဟောတော်မူသည်။

ပုဏ္ဏားမမိခင်၏အဂ်ါမှ မွေးဖွားသော ဖခင်၏သုက်သွေးကြောင့် ဖြစ်သော ပုဏ္ဏား၏သားကို "ဗြာဟ္မဏ" ခေါ်သည် မဟုတ်ဟု ဆိုလိုသည်၊ ထို့ပြင်-

"နာ ဇစ္စာ ဝသလော ဟောတိ၊
နာ ဇစ္စာ ဟောတိ ဗြာဟ္မဏော"

စသည်တို့ဖြင့်လည်း အမျိုးဇာတ်အားဖြင့် ဗြာဟ္မဏ မဖြစ်နိုင်သည်တို့ကိုလည်း မျှားစွာပင် ရှင်းလင်း ဟောကြားတော်မူခဲ့၏။

ဤပရာဘဝသုတ္တန်လာ "ဗြာဟ္မဏ"အရကိုမူကား လူတို့ထံ၌ ဆန် စသော ဝတ္ထုများကို အလှူခံယူ၍ အသက်မွေးသော ပုဏ္ဏားကိုလည်း ယူသင့်ပါ၏။ အောက်တန်းစား အလှူခံ ဖုန်းတောင်းယာစကာတို့ကိုပင် ထည့်သွင်း ဟောကြားတော်မူလျက် ရှိပေသည်။ ပုဏ္ဏားတို့ကို "ဗြာဟ္မဏ"ဟု အဘယ်ကြောင့် ခေါ်ဆိုသနည်း၊ ဗြာဟ္မဏ အခေါ်ခံရသော ပုဏ္ဏားတို့၏ ကျင့်ဝတ်သည် ရှေးအခါက အဘယ်ကဲ့သို့ ရှိသည်တို့ကို

ပုဏ္ဏားတို့ကပင် မေးလျှောက်သောကြောင့် ဗုဒ္ဓမြတ်စွာ ကိုယ်တိုင် ဖြေဆိုဟောကြားတော်မူခဲ့ရပေသေးသည်။ ပုဏ္ဏား ခေါ် ရှေးဗြာဟ္မဏတို့သည်-

၁။ ကိုယ်နှုတ်နှလုံးကို စောင့်ထိန်းကြ၏။

၂။ ပြင်းထန်သော ကိုယ်ကျင့်တရားရှိကြ၏။

၃။ ကာမဂုဏ် ငါးပါးကို ပယ်၍ မိမိ၏ နတ်ရွာ ပြဟ္မာ့ရွာ အကျိုးငှာ အားထုတ်ကြ၏။

၄။ ရွှေငွေဥစ္စာ ဆန်ရေစပါး သိုမှီးခြင်း မရှိကြ။

၅။ ဗေဒင်ကျမ်းဂန်တို့ကို သရစ္ဆာယ်ခြင်းဖြင့် မြတ်သော ဥစ္စာတို့ကို စောင့်ထိန်းကြ၏။

ဤသို့သော ကျင့်ဝတ်များ ရှိသောကြောင့် သူတို့ကို ဗြာဟ္မဏဟု ခေါ်ကြ၏။ ယခုကာလ (ဘုရားရှင် လက်ထက်ကို ဆိုလိုသည်၊) ဗြာဟ္မဏ အမည်ခံ ပုဏ္ဏားတို့မှာမူကား ဗြာဟ္မဏ ကျင့်ဝတ်တရားများ မရှိတော့ချေဟုလည်း ဟောတော်မူခဲ့၏။ ယင်းသို့ ဗြာဟ္မဏ ကျင့်ဝတ် မရှိကြတော့ဘဲ သားမယား အိုးအိမ်နှင့် ဥစ္စာကြေးငွေ ဆန်ရေစပါးတို့ကို သိုလှောင်ကာ ရောင်းဝယ် ဖောက်ကား၍ အသက်မွေးမြူနေကြသော်လည်း ရှေးအမည် အစဉ်အလာအားဖြင့် သူတို့ကိုပင် ဗြာဟ္မဏ ဟူ၍ ပညတ် ခေါ်ဝေါ်ကြရသည်။ အလှူခံနှင့် စပ်၍ ဟောတော်မူသော အရာဖြစ်သောကြောင့် အလှူခံသမား ဤဗြာဟ္မဏ များကိုလည်း ထည့်သွင်းဟောကြားတော်မူရပေသည်။

လူတို့သည် မိမိတို့ သက်စွန့်ကြိုးပမ်း ဆင်းရဲခံလျက် လုပ်ငန်းဆောင်တာ အမျိုးမျိုးဖြင့် ရှာမှီးကြရသော ပစ္စည်းတို့ကို ရဟန်းတော် အစရှိသော အလှူခံ ပုဂ္ဂိုလ်တို့အား လှူလိုမှ လှူကြရ၏။ အလှူခံပုဂ္ဂိုလ်တို့သည် လူဆိုးလူမိုက်များကဲ့သို့ ဗလက်ကာရ အနိုင်အထက် ပြု၍ အတင်း တောင်းခံကြသည်ကား မဟုတ်ပေ။ မျက်မှောက် သံသရာ နှစ်ဖြာသော မိမိ၏ ကောင်းကျိုးစီးပွား တိုးတက်ကြီးမားခြင်းကို အလိုရှိကြသော လူတို့သည် လည်းကောင်း၊ လောကဒုက္ခမှ လွတ်မြောက်၍ နိဗ္ဗာန်သို့ ရောက်လိုကြသောသူတို့သည် လည်းကောင်း၊ နိဗ္ဗာန်သို့ ညွှတ်ကိုင်းဦးတည်သော စိတ်ဖြင့်လည်း ထိုက်သည် အားလျော်စွာ ပေးကမ်းလှူဒါန်းစွန့်ကြဲကြရှိုးရှိကြပေသည်။

လူသုံးမျိုး၊ မိုးသုံးမျိုး

အလှူဒါနနှင့် စပ်၍ ပုဂ္ဂိုလ် သုံးမျိုးသုံးစားရှိ၏။

၁။ မရှာသော မိုးနှင့်တူသော လူမျိုး။

၂။ တစ်စိတ်တစ်ဒေသ၌သာ ရှာသောမိုးနှင့် တူသော လူတစ်မျိုး။

၃။ အရပ်ခပ်သိမ်းတို့၌ ရှာသောမိုးနှင့်တူသော လူတစ်မျိုး။

အမှတ်(၁) အမျိုးအစားလူသည် ရဟန်း, ပုဏ္ဏား, ဖုန်းတောင်း ယာစကာမှစ၍ အလှူခံမှန်သရွေ့ မည်သူ့အားမျှ ပေးကမ်းစွန့်ကြဲခြင်း မရှိသောကြောင့် မရှာသောမိုးနှင့် တူ၏။

အမှတ်(၂) အမျိုးအစား လူသည် အချို့အချို့သော ရဟန်း ပုဏ္ဏား စသည် အလှူခံတို့ကိုသာ ပေးကမ်းလှူဒါန်း လေ့ရှိ၏။ အချို့အချို့တို့အား မလှူတတ်သောကြောင့် တစ်စိတ်တစ်ဒေသ၌သာ ရှာသောမိုးနှင့်တူ၏။

အမှတ်(၃) အမျိုးအစား လူသည် အားလုံးသော အလှူခံ တို့အား ပေးကမ်းလှူဒါန်းလေ့ရှိသောကြောင့် အရုပ်ခပ်သိမ်း တို့၌ရှာသော မိုးနှင့်တူ၏။

အမှတ်(၂) အမျိုးအစားဖြစ်သော လူသည် အချို့သော အလှူခံ တို့အားသာ လှူ၍ အချို့အလှူခံတို့အား မလှူ-ဟူရာ၌ သီလ စသော ဂုဏ်အရည်အချင်း တူညီသော အလှူခံပုဂ္ဂိုလ် တို့တွင် အချို့အားသာ လှူခြင်း မလှူခြင်းကို ဟောတော်မူ သည်ဟု မှတ်ရမည်။ အလှူခံချင်း တူသော်လည်း သီလ စသော ဂုဏ်အရည်အချင်း ပိုမိုပြည့်စုံသော အလှူခံကို ရွေးချယ်၍ လှူသင့်သည်ကိုကား ထိုထိုနိကာယ်တို့၌ ဗုဒ္ဓ မြတ်စွာ၏ စကားတော် တို့သည် ထင်ရှားရှိလေသည်။

"အပိ စာဟံ ဝစ္ဆ သီလဝတော ဒိန္နံ မဟပ္ဖလံ ဝဒါမိ၊ နော တထာ ဒုဿီလတော"

ဝစ္ဆ-စင်စစ်သော်ကား သီလရှိသော အလှူခံအား ပေးကမ်းခြင်းသည် အကျိုးကြီးမား၏။ ဒုဿီလအား ပေးလှူခြင်းသည် အကျိုးမများဟု ငါဘုရား ဟောတော် မူသည် စသည်ဖြင့် အဂုံတ္တရနိကာယ်၌ လည်းကောင်း၊ "သီလဝတော ခေါ် မဟာရာဇ ဒိန္နံ မဟပ္ဖလံ"စသည်

ဖြင့် ကောသလ သံယုတ်၌ လည်းကောင်း၊ ''ဝိစေယျ ဒါနံ ဒါတဗ္ဗံ'' သီလရှိသော အလှူခံကို ရွေးချယ်၍ လှူရမည် ဟု၍ လည်းကောင်း တိုက်ရိုက်ဟောတော် မူခဲ့၏။

သို့ကြောင့် အချို့သော အလှူခံအား လှူသည်ဆိုသော် လည်း သီလရှိသော အလှူခံအား ရွေးချယ်၍ လှူသည်ကို မဆိုလိုဟု မှတ်ယူ၍ လောကသံသရာ ကျိုးနှစ်ဖြာကို ရယူ လိုသော ပုဂ္ဂိုလ်တို့သည်-

''အလံ ဟိ သုမနေ ဒါနာနိ ဒါ တုံ၊ ပုညာနိ ကာတုံ'' ဟု ကောသလမင်းကြီး၏ သမီးတော် သုမန မင်းသမီးကို ချစ်သမီးသုမန၊ အလှူဒါနတို့ကိုလည်း ပေးလှူသင့်ပေသည်။ ကောင်းမှုတို့ကိုလည်း ပြုလုပ်သင့်ကြပေသည်။ ဒါန၏ အကျိုးကျေးဇူးကို ငါဘုရားသိသကဲ့သို့ သိကြပါလျှင် မလှူဘဲ စားကြ သုံးကြမည် မဟုတ်ပေဘူး ဟု၍လည်း ဟောတော် မူခဲ့သည်။

၁။ ဒါနသည် အလှူပေးပုဂ္ဂိုလ်ကြောင့်လည်း စင်ကြယ်သော ဒါနရှိ၏။

၂။ အလှူခံကြောင့် စင်ကြယ်သော ဒါနရှိ၏။

၃။ အလှူပေး အလှူခံ နှစ်ဦးကြောင့် စင်ကြယ်သော ဒါနလည်း ရှိ၏။

၄။ အလှူခံ အလှူပေး နှစ်ဦးကြောင့် မစင်ကြယ်သော ဒါနလည်း ရှိ၏။

ပစ္စည်းသည်-

၁။ ဝမ္မိယလဒ္ဓ တရားသဖြင့် ရရှိသော ပစ္စည်း။

၂။ အဝမ္မိယလဒ္ဓ မတရားနည်းဖြင့် ရရှိသော ပစ္စည်း-

ဟူ၍ နှစ်မျိုးရှိ၏။ ပ်စ္စည်းကို ရှာဖွေစဉ်က အချိန်ကာလတစ်ခု ဖြစ်သောကြောင့် ပစ္စည်း ဝမ္မိယလဒ္ဓဖြစ်ခြင်း မဖြစ်ခြင်းထက် အလှူခံ အလှူပေး ပုဂ္ဂိုလ်တို့ သီလရှိမှု မရှိမှုသည် ဒါန၏ ဖွံ့ဖြိုးသော ကောင်းကျိုးချမ်းသာပေးမှု အလှူပေး ပုဂ္ဂိုလ်၏ တောင့်တသောဆု ပြည့်ဝမှုတို့၌ ပဓာနဖြစ်၏။ ပစ္စည်းကလည်း သန့်ရှင်းပါလျှင် သာ၍ အကျိုးကျေးဇူးကြီးသော အကျိုးကို ရ၏။ (ဒက္ခိဏာဝိဘင်္ဂသုတ် စသည်)

၁။ ပေးလှူသူ၌ သီလရှိ၏။ အလှူခံ၌ သီလမရှိလျှင် ပေးလှူသူကြောင့် စင်ကြယ်သော ဒါနဖြစ်၏။

၂။ ပေးလှူသူ၌ သီလမရှိ၊ အလှူခံ၌ သီလရှိလျှင် အလှူခံကြောင့် စင်ကြယ်သော ဒါနဖြစ်၏။

၃။ နှစ်ဦးလုံး သီလမရှိလျှင် မစင်ကြယ်သော ဒါနဖြစ်၏။ အကျိုးကား ပေး၏။ မဖွံ့ဖြိုး။

၄။ နှစ်ဦးလုံး၌ သီလရှိလျှင် ဖွံ့ဖြိုးသော အကျိုးကို ပေးနိုင်သည့် စင်ကြယ်သော ဒါနဖြစ်၏။

ကံကံ၏အကျိုးကို ယုံကြည်မှု ကြည်လင်ရှင်လန်းသော စိတ် ရှိမှုတို့သည်လည်း ကောင်းကျိုးပေးရာ၌ ထက်သန်

ကြီးမား ဖွံ့ဖြိုးသော ကောင်းကျိုးကို ပေးကြောင်းတို့ ဖြစ်လေသည်။

အလှူခံ သီလရှိလျှင် အလှူပေးသည် တောင့်တတိုင်းသော လူနတ်နိဗ္ဗာန် ချမ်းသာသုံးတန်ကို ရရှိနိုင်သည်။ သီလမရှိက မရပေ။ (အဋ္ဌကနိပါတ၊ အင်္ဂုတ္တရ၊ ဒါနဝဂ္ဂ)

ဘဝိဿန္တိ - ခေါ ပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနော ကာသာဝကဏ္ဍာ ဒုဿီလာ ပါပဓမ္မာ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ၊ တဒါ ပါဟံနန္ဒ သံဃဂတံ ဒက္ခိဏံ အသချေ်ယျံ အပ္ပမေယျံ ဝဒါမိ။ (ဥပရိဒက္ခိဏာဝိဘင်္ဂ)

သံဃာကို အာရုံပြု၍ ပေးလှူတတ်ပါမူ သာသနာတော် နောက်ပိုင်း၌ ဒုဿီလပင် ဖြစ်သော်လည်း သံဃာတော် အစစ်အကောင်းတို့၏ ဂုဏ်တော်ကို အာရုံပြုကာ ထိုဒုဿီလအား သံဃာစစ်၏ ကိုယ်စားအနေဖြင့် နှလုံးသွင်း၍ လှူဒါန်းလျှင် အတိုင်းအရှည် ပမာဏမရှိ အပိုင်းအခြား မရှိသော အကျိုးကျေးဇူးကို ရစေနိုင်သော သံဃိကဒါန ဖြစ်သည်ဟု ဟောတော်မူသည်။

တီဏိမာနိ ဘိက္ခဝေ ပုညကြိယာဝတ္ထူနိ၊ ကတမာနိ တီဏိ၊ ဒါနမယံ ပုညကြိယဝတ္ထု၊ သီလမယံ ပုညကြိယဝတ္ထု၊ ဘာဝနာမယံ ပုညကြိယဝတ္ထု။

စသည်ဖြင့် အင်္ဂုတ္တရ၊ အဋ္ဌကနိပါတ၊ ဒါနဝဂ်၌လည်း ဒါန၏ ကျေးဇူးတို့ကို များစွာ ဟောတော်မူသည်။ အနည်းငယ်ပြု

သော ဒါနသည် အနည်းငယ် အလျှောက်၊ အတိုင်း အရှည် နှင့် အသင့်အတော်ပြုလျှင် အသင့်အတော်အလျှောက်၊ ပိုပို ကဲကဲ အထူး အလွန်ပြုလျှင် အထူးအလွန်အလျှောက် ကောင်းကျိုးပေးကြပုံကိုလည်း ပြတော်မူသည်။

စာတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည် ဒါန စသော ပုညကြိယာတို့ကို အလွန်အကဲ ပြုခဲ့ကြဖူးသော ကြောင့် စာတုမဟာရာဇ်ဘုံ၌ အသက်, အဆင်း, ချမ်းသာ, အခြွေအရံ, အစိုးရခြင်း, ရုပ်ပုံသဏ္ဌာန် အသံ, အနံ့, အရသာ, အတွေ့, ကာမဂုဏ်တို့သည် အခြားနတ်တို့ထက် သာလွန်မြင့်မြတ် ကောင်းမွန်သော အကျိုးကို ရကြလေသည်။ သိကြားနတ်မင်းသည်လည်း ဒါန စသော ပုည ကြိယာတို့ကို အလွန်အကဲ ပြုခဲ့ဖူးသောကြောင့် တာဝတိံသာဘုံ၌ နတ်၌ ဖြစ်သော အသက်, အဆင်း, ချမ်းသာ, အခြွေအရံ, အစိုးရခြင်း, ရုပ်ပုံသဏ္ဌာန် အသံ, အနံ့, အရသာ, အတွေ့, ကာမဂုဏ်တို့သည် အခြားနတ်တို့ထက် ထူးချွန်ပိုလွန်သော ကောင်းကျိုးချမ်းသာကို ရရှိပေသည်။

ယသ ဒါနေန သီလေန၊
သံယမေန ဒမေန စ။
နိဓိ သုနိဟိတော ဟောတိ၊
ကုတ္တိယာ ပုရိသဿ ဝါ။ (ခုဒ္ဒကပါဋ-၉။)

ဒါနစသော ရွှေအိုးကို အလှူခံတည်း ဟူသော မြေ၌ ယောက်ျား မိန်းမမဟု မည်သူမဆို မြှုပ်နှံသောအားဖြင့် ပြုလုပ်

အပ်ကြောင်း၊ ပြုလုပ်ခြင်းကြောင့် လောကီအကျိုးနှင့်တကွ နိဗ္ဗာန်တိုင်အောင်သော ကောင်းကျိုးသုခကို တောင့်တသလို ရရှိနိုင်ကြောင်းတို့ကို အထက်ပါ ဒေသနာ ဂါထာ စသည်တို့ဖြင့် "နိဓိကဏ္ဍသုတ်"၌ ဟောတော်မူခဲ့သည်။ ဒါနကို ပြုထိုက်ကြောင်း, ပြုသင့်ကြောင်း, ဒါန၏ ကျေးဇူးကို နိဗ္ဗာန်တိုင်အောင် ရရှိကြောင်းတို့ကို ထိုထိုသုတ္တန်တို့၌ အရာအားလျော်စွာ များစွာပင် ညွှန်ကြားတော်မူခဲ့သည်။ သို့ပါလျက် အချို့လူပြိန်းများသည် ဒါနကို သွားပုပ်လေလွင့် ပစ်ပယ်၍ ပြောဟောနေကြသည်မှာ မိမိတို့သန္တာန်၌ အဆံမပြည့်ဝသည်ကို လည်းကောင်း၊ မိမိသန္တာန်၌ မစ္ဆေရအားကြီး တည်ရှိသည်ကို လည်းကောင်း၊ ကောင်းမှုဒါန၌ အကျိုးကို မမြင်မတွေ့ မေ့လျော့ဖုံးကွယ်ခြင်း ရှိနေသည်တို့ကို လည်းကောင်း လူသိအောင် ထုတ်ပြနေကြသည်နှင့် တူလှသည်။

မစ္ဆေရာ စ ပမာဒါ စ၊
ဝံ ဒါနံ နဒိယျတိ။
ပုညံ အာကခ်မာနေန၊
ဒေယျံ ဟောတိ ဝိဇနတာ။ (သံ-၁။ ၁၇။)

မိမိပစ္စည်းကို နှမြောဝန်တို မပေးကမ်းလိုခြင်း၊ ကောင်းမှု၌ မေ့လျော့ခြင်း၊ ဤအကြောင်း နှစ်မျိုးကြောင့် ဒါန မပြုကြခြင်းဖြစ်သည်။ ကောင်းမှုကို အလိုရှိသူ လူပညာရှိသည် ဒါနကို ပြုရမည်သာတည်း။

ဒါနနှင့်စပ်သော ပရာဘဝတရား အချက်ဖြစ်၍ ဒါန၏ အကျိုးကျေးဇူးနှင့်တကွ ဒါနကို ဘုရားရှင် ကိုယ်တော်တိုင် ဌာနပေါင်းများစွာ၌ အထူးထူးအပြားပြား ညွှန်ကြား ဟောပြတော်မူသည်ကိုလည်း အကျဉ်းအမြွက်မျှသိကြပါစေ ဟူသော မဟစ္ဆာသယဖြင့် ဒါန၏ကျေးဇူးများကို ရေးလိုက်ပါသည်။

ဤပရာဘဝတရား၌ လိုရင်းမှာ အလှူခံတို့အား ဖိတ်မံပြီးသကာလ မလှူလို၍ လိမ်လည်ပြောကြားခြင်းသည် ပျက်စီးကြောင်း ဖြစ်သည်။ သို့ကြောင့် ဖိတ်ကြားထားလျှင် အကြောင်းရှိက စွမ်းအားရှိသမျှ ပေးလှူခြင်းဖြင့် ပျက်စီးကြောင်းကို ပြောင်းလွှဲ၍ ချမ်းသာကြောင်း ဖြစ်ပါစေဟု ဆိုလိုသည်။

အလှူဒါနဟူသည်မှာလည်း လူနတ်နိဗ္ဗာန်ချမ်းသာသုခကို ရယူလိုသူတိုင်း ပြုအပ် ပြုသင့်ကြသည်။ ဘုရားစသော သူတော်ကောင်းများလည်း ဦးတည်ချီးကျူးရာ ကောင်းမှု ဖြစ်သည်ကို ပြဆိုလိုရင်း ဖြစ်သည်။ သို့ဖြစ်၍ သမ္မာဒိဋ္ဌိ အမြင်မှန်နှင့် ဒါနာဒိမယ ပုညကြိယာတို့ကို မမေ့မလျော့ မပေါ့မဆ စေတနာသဒ္ဓါမနည်းကြဘဲ များများကြီး ပြုနိုင်ကြပါစေသတည်း။

ဆောင်ပုဒ်–အလှူခံများ၊ ပစ္စည်းအားဖြင့်၊ ဖိတ်ကြားပြီးခါ၊ သဒ္ဓါတွန့်တို၊ မလှူလို၍၊ လိမ်ဆိုမုသား၊ ထိုလူစားသည်၊ ပျက်ပြားဆုတ်ယုတ်မည်သာမှတ်။

စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာပါလျက် ပုတ္တဒါရဿသင်္ဂဟော = သားသမီးသားမယားတို့အား လုပ်ကျွေးသမှုပြုရမည်ဟူသော မင်္ဂလာတရားနှင့်အညီ မနေထိုင်ဘဲ မိမိတစ်ကိုယ်တည်း ကောင်းစားရေးကိုသာ ကြည့်တတ်သူတို့သည် ပျက်စီးဆုတ်ယုတ်တတ်သဖြင့် ထိုသို့နေထိုင်ခြင်းမပြုရန် ဟောကြားသည့်တရားတော်ဖြစ်သည်။

(၁၃) ပဟူတဝိတ္တော ပုရိသော၊
သဟိရညော သ ဘောဇနော။
ဧကော ဘုဉ္ဇတိ သာဒုနိ၊
တံ ပရာဘဝတော မုခံ။ ။

မြန်မာ အဓိပ္ပာယ်

အသုံးအဆောင် ရွှေငွေ ဥစ္စာ ဘဏ္ဍာစပါး ပေါများ ပြည့်စုံပါလျက် သားမယားနှင့် တကွသော အခြွေအရံ ပရိသတ်များမှစ၍ အခြားသူတို့အား ပေးကမ်းဝေဌခြင်းမရှိဘဲ တစ်ယောက်တည်း သုံးစွဲ စားသောက်ခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်းပင် ဖြစ်သည်။

ပစ္စည်းဥစ္စာ ချမ်းသာ ပြည့်ဝပါလျက် ဝေဖန် ပေးကမ်းချီးမြှောက်မှု မရှိခြင်းသည်လည်း ပျက်စီးကြောင်း တစ်မျိုးပင်တည်းဟု "ပဟူတဝိတ္တော" စသည်ကို ဟောကြားတော်မူသည်။

မိမိ၌ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေနှင့်တကွ အသုံးအဆောင် ပရိဘောဂ စားဖွယ်သောက်ဖွယ် ပြည့်စုံပါသော်လည်း အာဂန္တုကသူဌေး၊ ဂ္ဂလိသသူဌေး စသောသူတို့ ကဲ့သို့ စေတနာမရှိ၊ သံဝိဘာဂ ဂုဏ်အင်္ဂါ ခို့ယွင်းသဖြင့်-

၁။ အခြွေအရံ ပရိသတ်နည်းပါးခြင်း၊

၂။ ကိစ္စတာဝန်ကို ကူညီဆောင်ရွက်ပေးသူ မရှိခြင်း၊

၃။ အပေါင်းအသင်း ပြုကြမှုမှရှောင်ကြဉ်ခံရခြင်း စသော ပစ္စုပ္ပန်အပြစ် မကောင်းကျိုးတို့ကို ရ၍-

၁။ မိတ်ကောင်း၊ ဆွေကောင်းတို့ ပျက်စီးဆုံးရှုံးခြင်း၊
၂။ ပစ္စည်း၌ တပ်မက်လွန်းသော တဏှာ အကြီးစား ဥပါဒါန်နှင့် ဝန်တိုမစ္ဆေရတို့ကြောင့် သေသောအခါ အပါယ်သို့ ရောက်ရခြင်းဖြင့် ပျက်စီးတတ်လေသည်။

တိုင်းနိုင်ငံကို အုပ်စိုးပိုင်နင်းသော ဘုရင်မင်းတို့ဖြစ်လျှင် ''ဒါန–သင်္ဂဟတရား, ဒါနမင်းကျင့်တရား, သံဝိဘာဂ–နာယကတရား, ချို့ငဲ့လျှင် မင်း၏ ကြီးပွားချမ်းသာရေး ပျက်စီးတတ်သည်။ ဌာနတစ်ခုခု၌အကြီးအချုပ် ဥက္ကဋ္ဌရှေ့ဆောင်ဖြစ်လျှင်လည်း သံဝိဘာဂ ဂုဏ်ပျက်ယွင်း၍ ကြီးပွားရေးဆုတ်ယုတ်တတ်သည်။ ကျောင်းကန်တိုက်တာ အကြီးအမှူး သံဃာဦးစီး ထေရ်သည်လည်း သံဃာငယ်များအား တန်ရာတန်ရာ ဝေဖန် ချီးမြှောက်မှုမရှိလျှင် ထိုသို့သော ကျောင်းကန်တိုက်တာသည် ကြီးပွားရေးမှ ပျက်စီးတတ်၏။

ဗိဋ္ဌာရကောသိယ သူဌေးကဲ့သို့သော်လည်း ပရိသတ်အလည်၌ အရှက်တကွဲ ဖြစ်ပြီးနောက်မှ သတိရတတ်ကြသည်။

ရှေးအခါက ဗာရာဏသီမြို့၌ အလောင်းတော် သူဌေးသားသည် မိဘများ ကွယ်လွန်လျှင် ကျန်ရှိသော ရွှေငွေဥစ္စာတို့ကို စစ်ဆေးကြည့်ရှုကာ ငါ၏ မိဘတို့သည် ဤပစ္စည်းများကို ယူဆောင်၍ မသွားနိုင်ကြကုန်။ ပစ္စည်းတို့ကိုသာ မြင်ရတော့သည်။ ငါကား ငါ့နောက်သို့ လိုက်ပါအောင် ယူဆောင်အံ့ဟု နှလုံးသွင်း၍ အလှူမဏ္ဍပ်ကြီးကို ဆောက်

လုပ်၍ နေ့စဉ်ရက်ဆက် အသက်ရှည်သမျှ အလှူကြီးပေး နေ၏။ သေသောအခါ တာဝတိ်သာ၌ သိကြားနတ်မင်း ဖြစ်လေ၏။

ထိုသူ၏ သားသည်လည်း မိဘ၏ လက်ဝတ် အလှူ တင်းကုပ်၌ မိဘများနည်းတူ ဆက်လက်၍ လှူဒါန်းသော ကောင်းမှုကြောင့် သေလျှင် တာဝတိ်သာ၌ စန္ဒနတ်သား ဖြစ်၏။ ကျန်ရစ်သောသားသည်လည်း ဆက်လက် လှူဒါန်း သောကောင်းမှုကြောင့်ပင် တာဝတိ်သာ၌ သူရိယနတ်သား ဖြစ်၏။ သူ၏သားသည်လည်း အလှူဝတ်မပျက် ဆက်၍ လှူဒါန်းသော ကောင်းမှုကြောင့် မာတလိနတ်သား ဖြစ်၏။ သူ၏သားသည်လည်း ဒါနဝတ်မပျက်ခဲ့သောကြောင့် ပဠာသီခ နတ်သားဖြစ်၏။

ခြောက်ဆက်မြောက် သားဖြစ်သူကား မဇ္ဈေရပမာဒတို့ ကြောင့် အလှူဝတ်ကို ဖျက်၍ မစားရက်, မပေးရက် ပစ္စည်းများကိုသာ ဖုံးဝှက်၍, သိမ်မိုး၍ အလှူတင်းကုပ်ကို မီးရှို့ ပစ်ကာ ဒါနကို ပယ်လေတော့၏။ အလှူဝတ် အဆက်ပြတ် ကာ ကောသိယသူဌေး ဝန်တို၍ ကောင်းမှု၌ သတိမေ့လျော့ နေသည်ကို သိကြားမင်းမှအစ ပဠာသီခအထိ သိရှိကြ၍ ပုဏ္ဏားအသွင်ဖြင့် ကောသိယသူဌေးထံ အလှူခံကြ၏။ မလှူဘဲ အတင်း နှင်ထုတ်နေ၏။ အတန်တန် နှင်ထုတ်၍ မရသော အခါမှ နွားစာထမင်းကိုပေးသော ဟူ၏။

ပုဏ္ဏား တို့သည် ထမင်းကြမ်းတမ်း၍ မျိုမကျနိုင်သဖြင့် သေဟန်ဆောင်ကြမှ လူကဲ့ရဲ့လွတ်အောင် သလေးထမင်းနှင့် ဟင်းကောင်းများကို ပုဏ္ဏားတို့၏ အနီးဌ်ချထား၍ လမ်းပေါ်မှ လူအများကို ခေါ်၍ပြ၏။ ကျွန်ုပ် ထမင်းကောင်း ဟင်းကောင်း များကို ကျွေးပါသည်။ ပုဏ္ဏားတွေ အစားကြီး၍ လည်ပင်း နှင့်ဆို့ သေကြသည်ဟုလည်း ပြော၏။ ပုဏ္ဏားတို့သည် သေဟန်ပြုရာမှ ထကြကုန်၍ ဤသူဌေးသည် မုသားပြောဆို သည်။ ငါတို့ကို ကြမ်းလှသော နွားစာများကို ကျွေးသည်။ သေဟန် ဆောင်နေကြပါမှ ဤထမင်းကောင်း ဟင်းကောင်း များကို ယူဆောင်ချထားလေသည်။ ပထမက သူကျွေးသော နွားစာကိုကြည့်ကြပါလော့–ပြော၍ ထမင်းများကို လည်ချောင်း မှ အန်ထုတ်ပြကြ၏။

ပရိသတ်အားလုံး အံ့အားသင့်ကာ ကြည့်၍ ကောသိယ သူဌေးကို ဝိုင်းဝန်းကဲ့ရဲ့ ရှုတ်ချကြကုန်၏။ နောက်မှ သိကြား နတ်မင်းတို့သည် ပကတိနတ်အသွင်ဖြင့် ကောင်းကင်၌ ရပ်၍ ငါတို့သည် ကောသိယသူဌေးမျိုး ဘဘိုးဘေး အစဉ် အဆက် တို့ ဖြစ်သည်။ အလှူဒါန ကောင်းမှုကြောင့် တာဝတိံသာ၌ သိကြားစသည် ဖြစ်ကြပုံနှင့်တကွ ကောသိယသူဌေး အလှူ ဝတ်ကို ဖျက်ဆီးပစ်သောကြောင့် လာရောက်ကြသည်ဟု ပြော၍ ဒါန, သံဝိဘာဂ၏ ကျေးဇူးကို ဟောပြော၍ ငါးပါး သီလ၌ တည်စေသဖြင့် ကောသိယလည်း တာဝတိံသာသို့ ရောက်သည်ဟု ဆိုသည်။

မိမိပစ္စည်းကို သူတစ်ပါးအား မပေးလိုခြင်း၊ သူတစ်ပါးနှင့် မဆက်ဆံစေလိုခြင်း။ တဖန် မစ္ဆေရ ကင်းရှင်းသော အခိုက်၌ ဒါန သံဝိဘာဂကို ပြုပြင်ပြန်လျှင်လည်း ပုဗ္ဗ, မုဥ္ဥ, ပရ စေတနာ သုံးဖြာညီသော ဒါနသည်သာ ကောင်းမွန်စွာ ချမ်းသာကြီးပွားသောအကျိုးကို ပေးသည်။ ပေးသောအကျိုးကိုလည်း နှစ်သက် မြိန်ယှက်စွာ ကိုယ်တိုင် သုံးဆောင်ခံစားရသည်။ သူတစ်ပါးကိုလည်း ဝေဖန် ပေးကမ်းလှူဒါန်းခြင်းဖြင့် ပစ္စုပ္ပန်သံသရာ၌ ကောင်းကျိုးချမ်းသာကို ရသည်။ ပရစေတနာ တွန့်ဆုတ်၍ အဂ်ါယုတ်လျော့သော အလှူဒါန ဖြစ်ပြန်လျှင် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော်လည်း မစားရက်, မလှူရက်, မပေးရက်, အကောင်းမကြိုက် အညှံစား အပေါ့စား အဟောင်းအနွမ်း ပစ္စည်းများကိုသာ သုံးစွဲစားသောက် ဝတ်ရုံနေရတတ်သည်။

ဘုရားသခင် သက်တော်ထင်ရှား ရှိတော်မူစဉ် အာဂန္တုက မည်သော သူဌေးကြီးတစ်ဦးသည် များစွာသော ပစ္စည်းဥစ္စာ တို့နှင့် ပြည့်စုံကြွယ်ဝ၏။ သို့ပြည့်စုံသော်လည်း သူကိုယ်တိုင် မစားရက်, မသုံးရက်, မဝတ်ရက်၊ သူတစ်ပါးအားလည်း မပေးမကျွေးရက်၊ အစားအသောက် အဝတ်အရုံ အသုံးအဆောင်ကောင်းမှန်လျှင် မသုံး၊ မကြိုက်တတ်၊ မနှစ်သက်တတ်၊ ဆန်ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုသာ စား၏။ ဖျင်ကြမ်းကိုသာ ဝတ်၏။ လှည်းကြမ်းကိုသာ စီး၏။ ထန်းရွက်သစ်ရွက်ထီးကိုသာ ဆောင်း၏။ အသက်ထက်ဆုံး ဘာဒါန ကိုမှမပြုပေ။ သေလွန်သောအခါ စုဆောင်းထားရှိသော ပစ္စည်း

တို့သည် အမွေခံမရှိ၍ မင်းဘဏ္ဍာတော်အဖြစ်သို့ ရောက်ကုန်ကြ၏။

ဤအာဂန္တုက သူဌေးသည် တစ်ခုသော ဘဝ၌ တဂ္ဂရသိခီ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူဒါန်းပြီးနောက်မှ ဤလောက်ကောင်းသော ထမင်းဟင်းများကို ငါ့ကျေးကျွန် စာရင်းငှားတွေကို ကျွေးမွေးရပါမူကား ငါ့ကျေးဇူးကြောင့် ခဲယဉ်းတဲ့အလုပ်တွေကိုပင် ဆောင်ရွက်လုပ်ကိုင်ပေးကြမှာပဲ။ ယခုတော့အလကား အကျိုးမဲ့ဖြစ်လေရဲ့ဟု ပရစေတနာ ပျက်ကွက်သောကြောင့် ယခုဘဝ၌ ကြွယ်ဝချမ်းသာသော်လည်း ကိုယ်တိုင်လည်း မစားရက်, မသောက်ရက်, မလှူရက်, မပေးရက်သဖြင့် မင်းဘဏ္ဍာ ဖြစ်ရလေသည်။ ပစ္စည်းလည်းရှိ၊ စားလည်းစား၊ လှူလည်း လှူတတ်သော လူတို့သည် စေတနာသုံးတန် ပြည့်စုံလျက် ဒါန၏ကျေးဇူးဂုဏ်ကိုသိကာ ပေးကမ်းဝေဖန် လှူဒါန်းခဲ့ဖူးသော သူတို့သာဖြစ်ကြသည်ဟု ဝမ်းမြောက်ထိုက်လှပေသည်။

သို့ကြောင့် ပစ္စည်းပြည့်စုံလျှင် ထိုက်သည်အားလျော်စွာ စားသောက်သုံးစွဲ ပေးကမ်းဝေဖန် လှူဒါန်းခြင်းဖြင့် ပျက်စီးကြောင်းကို ပိတ်ဆို့နိုင်ကြပါစေသတည်း။

ဆောင်ပုဒ်–ပစ္စည်းပြည့်စုံ၊ ပေါများတုံလည်း၊ မယုံကံကျိုး၊ ကောင်းဆိုးမရှိ၊ ယူဒိဋ္ဌိနှင့်၊ ညံ့ဘိမစ္ဆေရ၊ ဝန်တိုလှ၏။ ဒါနမပြု၊ ကောင်းမှုမပွား၊ ထိုလူစားသည်၊ မမှားပျက်စီးမည်သာမှတ်။

အမျိုးဂုဏ်၊ ပစ္စည်းဂုဏ်နှင့် မိဘတို့၏ဂုဏ်ရှိမှုကို အကြောင်းပြုပြီး မာနတက်ကာ သူတစ်ဖက်သားတို့အား မထီမဲ့မြင်မပြုရာ၊ မထီမဲ့မြင်ပြုကာနေထိုင်သူတို့သည် လောကဌ်ပျက်စီးဆုံးရှုံးမှုနှင့် ကြုံရတတ်ကြောင်း ဟောကြားသည့် တရားတော်ဖြစ်သည်။

(၁၄) ဇာတိတ္ထဒ္ဓေါ ဓနတ္ထဒ္ဓေါ၊
ဂေါတ္တတ္ထဒ္ဓေါ စ ယော နရော။
သညောတ အတိမညေတ၊
တံ ပရာဘဝတော မုခံ။

မြန်မာအဓိပ္ပာယ်

လူမျိုးမာန်၊ ပစ္စည်းမာန်၊ အမျိုးအစဉ်အဆက် မာန်တို့ဖြင့် ခက်ထန်မြင့်မောက်၍ မိမိ၏ဆွေမျိုး သားချင်းတို့ကိုပင် မထေမဲ့မြင်ပြုသောသူသည် ပျက်စီးတတ်၏။

အကျိုးစီးပွား ဆုတ်ယုတ် ပျက်စီးကြောင်း တစ်ရပ်ကို ပြုတော်မူလိုသော မြတ်စွာဘုရားသည် "ဇာတိတ္ထဒ္ဓေါ" စသော ဒေသနာကို ဆက်လက်ဟောတော်မူသည်။

ဤဂါထာ အဖြေဖြင့်-

၁။ ဇာတိတ္ထဒ္ဓ-လူမျိုးဂုဏ် မာန်တက်၍ ခက်ထန်ကြမ်းတမ်းခြင်း၊

၂။ ဓနတ္ထဒ္ဓ-ပစ္စည်းဂုဏ် မာန်တက်၍ ခက်ထန်ကြမ်းတမ်းခြင်း၊

၃။ ဂေါတ္တတ္ထဒ္ဓ-မိဘမျိုးနွယ် အစဉ်အဆက် ဂုဏ်မာန်တက်၍ ခက်ထန်ကြမ်းတမ်းခြင်း၊

၄။ မိမိ ဆွေမျိုးသားချင်းတို့ကို အထင်အမြင် သေးခြင်း၊

ဤလေးမျိုးသည် ပျက်စီးကြောင်း အဂါလေးပါး ဖြစ်သော်လည်း ခက်ထန်ခြင်း၊ မာန်တက်ခြင်းဟူသည့် လက္ခဏာတူနှင့်

ပေါင်း၍ ပျက်စီး ကြောင်း တစ်မျိုး အဖြစ်ဖြင့် ဟောတော်မူ သည်။

ဇာတိနှင့် ဂေါတ္တသည် အနက်ချင်း ထူးခြား ကွဲလွဲကြ၏။ ဇာတိသဒ္ဒါသည်-

၁။ အမျိုးအစားတူ အရာဝတ္ထုအပေါင်း သတ္တဝါ အပေါင်း။

၂။ ပဋိသန္ဓေ၊

၃။ သာမည၊

၄။ ဖွားမြင်ခြင်း။

၅။ လူမျိုး။

၆။ အထူးပြုအပ်သော ဝိသေသ၊

၇။ မြတ်လေးပန်း၊

၈။ သခ်ၢတတရား၏ လက္ခဏာ။

ဤအနက် ရှစ်မျိုးထဲမှ ဆိုင်ရာဆိုင်ရာ ဌာနအလျောက် တစ်မျိုးမျိုးကို ဟောရာ ဇာတိတ္ထဒ္ဓအရာ၌ လူမျိုးဆိုသော အနက်ကို ဟော၏။ လူမျိုးဟူသည် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ ကုန်သည်မျိုး၊ ဆင်းရဲသားမျိုးတို့ကိုလည်း ဆိုနိုင်၏။ မြန်မာ လူမျိုး၊ ကုလားလူမျိုး၊ တရုတ်လူမျိုး စသော လူမျိုးကိုလည်း ဆိုနိုင်၏။

ဂေါတ္တသဒ္ဒါသည် လူမျိုး တစ်မျိုးတည်းက သီလရှိသော မိဘဘိုးဘွားတို့၏ အဆက်အနွယ်၊ ပညာရှိသော မိဘဘိုးဘွား တို့၏အဆက်အနွယ် စသည်ဖြင့် တစ်နွယ် တစ်ဆက်ဟူသော

အနက်ကို ဟောတ်။ မြန်မာလူမျိုးတို့၌ ဂေါတ္တသဒ္ဒါအနက်ကို အသုံးအစွဲရှိသော်လည်း နည်း၍ မထင်ရှားလှပေ။ ဥရောပ၊ အိန္ဒိယစသော တိုင်းရင်းသားများ၊ တရုတ်လူမျိုးများ၌ ဂေါတ္တ အနက်ကို အထင်အရှား အသုံးများကြ၏။

တရုတ်လူမျိုးတို့၌ ''စော, ချန်, ချင်, တန်''စသည်ဖြင့် အမည်၏ ရှေ့က ထည့်သော စကားလုံးသည် အနွယ်၏ အမှတ်အသားပင် ဖြစ်သည်။ ဥရောပ, အိန္ဒိယတိုင်းရင်းသား တို့၌လည်း သူတို့မျိုးရိုးအလျောက် အနွယ်၏ အမှတ်အသား အတိုကောက် အက္ခရာများကို အသုံးပြုကြလျက် ရှိ၏။ အနွယ်၏ အမည်များသည် ရှေးအစဉ်အလာကပင် ဂေါတမ အနွယ်, ကဿပအနွယ်, ဘာရဒ္ဒါဇအနွယ် စသည်တို့ဖြင့် ထင်ရှားလျက် သုံးစွဲရှိကြ၏။ ဇာတိနှင့် ဂေါတ္တသည် ဤသို့ အနက် သဘောခြင်းမတူ ထူးပြားခြားနား၏။

တစ်နည်း အကျဉ်းမှတ်ရန်မှာ–ဗြာဟ္မဏ သဒ္ဒါသည် ပုဏ္ဏားလူမျိုး တစ်မျိုးလုံးကို ဟောသော ဇာတိသဒ္ဒါဖြစ်၏။ ကဿပ, ဘာရဒ္ဒါဇ စသည်တို့သည် အနွယ်အဆက် တစ်ရပ်ကို ဟောသော ဂေါတ္တသဒ္ဒါဟု မှတ်ရမည်။

ဤပရာဘဝ သဘောအရာ၌ အမျိုးမာန်, ပစ္စည်းမာန်, အနွယ်မာန်, ယင်းမာန်တို့ဖြင့် မာန်တက်ပြီး ခက်ထန်သော နှလုံးရည်ကြောင့် အမျိုးသားချင်းတို့ အပေါ်၌ လေးစားကိုင်းရှိုင်းခြင်းမရှိ၊ မထီမဲ့မြင်ပြု၍ ပျက်စီးဆုတ်ယုတ်ရေး ထင်ရှားပုံကို စုပေါင်း၍ ပြလိမ့်မည်။

အမျိုးအနွယ်နှင့် စပ်၍ မာန်တက် ခက်ထန်တတ်သူတို့သည်လည်း အများအပြားရှိ၏။ ပိဋကတ် စာပေထဲ၌ ဗြာဟ္မဏာမျိုးတို့သည် အမျိုးအနွယ်မာန် အလွန်တက်သော အဖြစ်ကို တွေ့ရလေသည်။ ထိုဗြာဟ္မဏာတို့သည် များသောအားဖြင့်လည်း အညတိတ္ထိယ သာသနာပ ဆရာကြီးများ၏ တပည့်သားတို့သာ ဖြစ်ကြ၏။ သို့ကြောင့် ဗုဒ္ဓမြတ်စွာနှင့် တကွသော ရတနာသုံးပါး၌လည်း ကြည်ညိုသူ နည်းကြ၏။

မြတ်စွာဘုရားသည် လောကသုံးပါး၌ အတုမရှိ ရှေးဦးစွာ အဝိဇ္ဇာဥဃ် တဏှာအမြေးအကာတို့ကို ဖောက်ခွဲကာ အဝိဇ္ဇာမှ ထွက်မြောက်ဖွားမြင်တော်မူခဲ့၍ လောကဂုဏ်လ သဗ္ဗညုတ ဉာဏ်ရှင် ဘုရားမြတ်ဧကန်စင်စစ်ဖြစ်၏။ သို့ပါသော်လည်း ဗြာဟ္မဏာတို့သည် ပင်ကိုက ဗုဒ္ဓနှင့် ဗုဒ္ဓ၏ တရားကို အနီးအပါးသို့ ချဉ်းကပ်၍ စုံစမ်းလျှောက်ထား နာကြားခြင်း မရရှိခဲ့ကြ၍ ဘုရားမြတ်အဖြစ်ဖြင့် မြတ်နိုးသဒ္ဓါမရှိနိုင်သည်ကို ထားဘိဦး။ ဘုရားမြတ်စွာသည် ဂေါတမနွယ် သာကိယဇာတ် မြတ်သောမင်းမျိုး၊ ကပိလဝတ် ပြည်ရှင် ဘုရင်စကြာလောင်း သူတော်ကောင်းပုဂ္ဂိုလ်ကြီးတစ်ဦး အနေနှင့်လည်း သိကြပါလျက် ရှင်ဂေါတမသည် မိမိထက် အသက်အရွယ်ကြီးကုန်သော ဗြာဟ္မဏာတို့ကို ရိုသေလေးစားမှုကို မပြုဘူး၊ ခရီးဦးကြို မပြုဘူး။ နေရာထိုင်ခင်း မပေးဘူး စသည်ဖြင့် ဗြာဟ္မဏာမာန်တက်၍ မနှစ်သက်သောစကားကို ပြောဆိုကြသေး၏။

ဗြာဟ္မဏာတို့သည် အခြားသော အမျိုးတို့ကဲ့သို့ မိခင်၏ ယောနိမှ မွေးဖွားကြသည်မဟုတ်။ ဗြာဟ္မာမင်း၏ ခံတွင်းမှ

ပေါက်ဖွားရှိ ဗြဟ္မာမင်း၏ ရင်နှစ်သားတို့သာ ဖြစ်ကြသည် စသည်ဖြင့် အစဉ်အလာ မှတ်ယူကြ၍ ဗြာဟ္မဏမျိုးတို့သာ မြတ်သည်။ ဗြာဟ္မဏမျိုးတို့သာ ဖြူစင်သော အကျင့်ရှိသည်။ ဗြာဟ္မာကြီးမှဆင်းသက်ပေါက်ဖွားလာခြင်း ဖြစ်သည်။ ဗြဟ္မာသည် ဖန်ဆင်းအပ်သည်။ ဗြဟ္မာ၏ အမွေခံတို့ ဖြစ်ကြသည်ဟု ဇာတိမာန်တက်၍ အလွန်ခက်ထန်ကြကုန်၏။

အချို့ ဗြာဟ္မဏတို့သည် ဗုဒ္ဓရှေ့တော်သို့ ရောက်လာ၍ ဝါဒတင်ကာ ငြင်းကြသေး၏။ အဿလာယန-ဝေဒဂူက စသော ဗြာဟ္မဏတို့ကို အမျိုးမျိုးသော ဥပမာ-ယုတ္တိတို့နှင့် ဗုဒ္ဓကိုယ်တော်တိုင် ရှင်းလင်းဟောပြော ပြသသောအခါမှ သဘောကျ၍ ကိုယ်ကျင့်သီလရှိလျှင် ဖုန်းတောင်းယာစကာပင် ဖြစ်စေ မြတ်သည်။ သီလမရှိလျှင် မင်းမျိုး၊ သူဌေးမျိုး ဖြစ်စေ ယုတ်ညံ့သည်။ အမျိုးလေးပါးမရွေး မိခင်၏ ယောနိမှ ပေါက်ဖွားကြသည်။ မည်သူမှ ဗြဟ္မာမင်း၏ သားသမီး မဟုတ်ကြ။ ပုဏ္ဏားမတို့ ဥတုရာသီ ပေါ်သည်ကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်ကြသည်ကို လည်းကောင်း၊ သားဖွားကြသည်ကို လည်းကောင်း၊ အသင်တို့ တွေ့မြင်ကြသည် မဟုတ်တုံလော။ သို့လျက် အဘယ်ကြောင့် ဗြဟ္မာမင်း၏ ခံတွင်းက ပေါက်ဖွားသည်ဟု အထင်မှား၍ မာန်တက်ခက်ထန်နေကြဘိသနည်း စသည်ဖြင့် ရှင်းလင်းဟောပြောတော် မူရလေသည်။

အမျိုးအနွယ် ဂုဏ်တက်၍ အလွန်ခက်ထန်သော ဗြာဟ္မဏတို့သည် ဇာတိမာန်၊ ဂေါတ္တမာန်ကြောင့် မြတ်စွာ

ဘုရား အနီးသို့ မချဉ်းကပ်နိုင်ကြ။ တရားမနာယူနိုင်ကြ၍ တရားထူး တရားမြတ်ကို ရယူခံစားရခြင်း ကောင်းကျိုးမှ ဆုတ်ယုတ်ကြရသည်။ ဘုရားကို ဆည်းကပ်နိုင်သော ဗြဟ္မာယု-ဘာရဒ္ဒါဇ စသော အချို့သော ဗြာဟ္မဏတို့သာ တရားအရသာကို ခံစားကြရသည်။ မည်သည့် လူမျိုးမဆို မီးခြစ် မီးခတ်တို့ကို ခြစ်လျှင် ခတ်လျှင် ပွင့်ထွက်လာသော မီးသည် အရောင်အဆင်း အလင်းချင်းတူညီကြ၏။ ချက်ပြုတ်ခြင်း စသော ကိစ္စတို့၌ အသုံးဝင်ပုံချင်း တူညီကြ၏။ ထို့အတူ မည်သည့် လူမျိုး မည်သည့်အနွယ်မဆို ကောင်းမှုကိုပြုလျှင် ကောင်းမှုချင်း တူညီ၍ တူညီသော ကောင်းကျိုးကို ခံစားစံစားကြရပေမည်။ မကောင်းမှုကို ပြုလျှင်လည်း တူညီသော မကောင်းကျိုးကို ရရှိကြပေမည်။ အမျိုးအနွယ်ဂုဏ်က ပြုပြင်ကယ်တင်နိုင်မည် မဟုတ်ပေ။ ကိုယ်ကောင်းမှု ကိုယ်စံရ၍ ကိုယ်မကောင်းလျှင်လည်း ကိုယ်သာခံရပေမည်။

ကမ္ဘာဦးလောက် အခါကစ၍ စွဲလမ်းမှုတ်ထင် ယူမှားလာကြသော ဗြာဟ္မဏတို့သော်ပင် တကယ်အမှန်ကို သိရှိကြသောကာလ မိစ္ဆာဝါဒကို စွန့်၍ မာန်တံခွန်ကို ပယ်ချ ရုပ်သိမ်းနိုင်ကြပါသေးလျှင် ငါတို့ သင်တို့၌ မပြောပလောက်သော မျိုးရိုးမျှလောက်အတွက် မာန်မာန တက်ဖွယ်ရာ မသင့်ကြပါကလား။ ကိုယ်နှုတ် အမူအရာ မညွှတ်မကိုင်းနိုင်သော အခြင်းအရာလည်း မရှိသင့်ကြပါကလား။ အကယ်မာန်မာန ခက်ထန်၍ တောင့်တင်းမာကြောသော ကိုယ်နှုတ် အမူအရာ

ကို မစွန့်နိုင်ကြလျှင် ရရှိအံ့သော ဥစ္စာ ပညာ ကောင်းမှု စသော ကျေးဇူးတရားတို့မှ ဆုံးရှုံးပျက်ပြားခြင်းသာ အဖတ်တင်ကြပေမည်ကို သတိပြုကြရာသည်။

မြန်မာလူမျိုးအချို့တို့၌ ဇာတိမာန် ရှိတတ်ကြ၏။ အချို့တို့၌ မထင်ရှားသော ဂေါတ္တမာန်လည်း ရှိတတ်ကြ၏။ အချို့တို့၌ ငါမိတ္ထီလာသားကွ, ငါ ရွှေဘိုသားကွ စသည်ဖြင့် မွေးဖွားရာ အရပ်ဒေသ ဇာတိဌာနကို စွဲ၍ ဇာတိမာန်တစ်မျိုးရှိတတ်ကြသေး၏။ အမှန်ဆိုရလျှင် မည်သည့်မာန်မာနမှ ကောင်းကျိုးချမ်းသာကို ပေးတတ်ကြသည် မဟုတ်ချေ။ မင်းမျိုး, မှူးမတ်မျိုး အချို့တို့သည် ဇာတိမာန် ရှိတတ်ကြ၏။ ပညာရှိ မိဘအဆက်က ပေါက်ဖွားသောသူ၊ ကြွယ်ဝချမ်းသာသော မိဘအဆက်က ပေါက်ဖွားသောသူတို့သည် ဂေါတ္တမာန်တက်တတ်ကြ၏။ ဒုစရိုက်ကင်းသော မိဘမျိုးနွယ်မှ ပေါက်ဖွားလာသောသူသည်လည်း ဂေါတ္တမာန် ရှိတတ်ကြ၏။

မာန်ဟူသည် ကောင်းရေး ကောင်းတာနှင့် စပ်၍လည်း မာန်တက်တတ်၏။ သီလသိက္ခာရှိသူကလည်း သိက္ခာမာန်တက်တတ်၏။ မာန်သည် နယ်ကျယ်သော သဘောတရားတစ်ခုဖြစ်၏။ သောတာပတ္တိမဂ်, သကဒါဂါမိမဂ် အနာဂါမိမဂ်တို့သည် မာန်ကို အမြစ်အရင်းပြတ်အောင် ပယ်သတ် ဖြိုဖျက်ခြင်းငှာ မစွမ်းနိုင်ကြသေးချေ။ အရဟတ္တမဂ်ကမှ မာန်ကို အခြေဖြတ်, အမြစ်ပြုတ် ပယ်သတ်ဖြတ်တောက်နိုင်ပေသည်။

ဇာတိမာန်, ဂေါတ္တမာန် ရှိသောသူတို့သည် မျိုးရိုးဇာတိ မတူသူတို့ကို အထင်အမြင်သေး၍ ပေါင်းသင်းဆက်ဆံမှု မပြုကြ။ ဆက်ဆံ ပေါင်းသင်းထိုက်သူများ မဟုတ်ကြဟု သဘောထား၍ အခွင့်အရေး တန်းတူ မပေးချင်ကြပေ။ အင်္ဂလိပ်များ မြန်မာနိုင်ငံတော်ကို အုပ်ချုပ်စဉ်အခါက-

၁။ မီးရထားတွဲ စသော အချို့ဌာနတို့၌ "ဥရောပသား များသာ"ဟု၍ စာရေးသတ်မှတ်၍ လူတန်းစား ခွဲခြားထား သည် ကိုလည်း တွေ့ခဲ့ဖူး၏။

၂။ ရန်ကုန် ဂန်တော်ကြီးအတွင်း၌ ဥရောပတိုက်သား များသာ နွေရာသီ ညနေခင်း၌ လှေငယ်များဖြင့် လေညင်းခံ ထွက်နိုင်ကြသည်။ မြန်မာတို့မှာ အဝေးကသာ မော်ကြည့် နေရသည်ကိုလည်း တွေ့ခဲ့ဖူး၏။

ဤသည်တို့မှာ မာန်မာန၏ အရောင်အလင်းတို့ပင် တည်း။ မိမိတို့၏ မျိုးတူ ဇာတ်တူချင်းအပေါ်၌လည်း မာန် တက်တတ်သေးသည်။ မထီမဲ့မြင် ပြုတတ်ကြသေးသည်။ ယင်းမာန်တို့ကြောင့် အခွင့်အရေး ကြုံလာသောအခါ ထို သူတို့ထံမှ အကူအညီ အစောင့်အရှောက် မရကြ၍ ဆင်းရဲ ဒုက္ခ ရောက်တတ်ကြ၊ ပျက်စီးတတ်ကြသည်။

မာနရှိတတ်သူတို့ အထဲမှာ ဓနမာန်တက်သောသူသည် မျက်မာန်တန်ခိုး ပိုမိုတိုး၍ သာလွန်ဆိုးရွားကြသည်ဟု ဆိုချင် ၏။ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော သူတို့၌ ကိုယ်အမှု ဒေရာ နှုတ်အမှုအရာတို့သည် အတွင်းမာန်ဓာတ်က မြှောက်

ပင့် လှုံ့ဆော်အားပေးနေမှုကြောင့် အလွန်ထူးခြားစွာ တက်ကြွ ထည်ဝါသော အခြင်းအရာ ရှိတတ်ကြ၏။ ယခုခေတ်၌ အချို့က လူတန်းစားတိုက်ပွဲ အမည်တပ်၍ ဖျက်ဆီးနေကြ သည်မှာ ဓနမာန် တက်၍ ဆင်းရဲသား အောက်တန်းစားတို့ အပေါ်၌ ဖိနှိပ်လွှမ်းမိုးလိုသော ဓနရှင်တို့ကြောင့်ဆိုလျှင် မှားမည် မထင်ချေ။

ယင်းသို့ဖျက်ဆီးကြသောကြောင့် ဓနရှင်တို့လည်းပျက်စီး ကြ၏။ တိုက်ပွဲဝင်သူတို့လည်း ပျက်စီးကြ၏။ မည်သူမှ မသက်သာပေ။ အဘယ့်ကြောင့်နည်း။ အဖျက်သမားတို့ သန္ဓာန်၌လည်း ဣဿာ, အဘိဇ္ဈာ, ဗျာပါဒ စသော အကုသိုလ် အယုတ်တရား မကောင်းကျိုးကို ပေးတတ်သည့် မကောင်းမှု စေတနာကံတို့ ထကြွကျူးလွန် ဖျက်ဆီးကြသော ကြောင့် ဖျက်သူလည်း ပျက်ရမြဲသာ ဖြစ်ပေသည်။ ယင်းသို့ လျှင် မာန်သည် အဆက်ဆက် ပျက်စီးတတ်သော သဘော တရားဖြစ်၏။

မာတင်္ဂတ်၌ သူဌေးသမီး ဒိဋ္ဌမင်္ဂလိကာသည် အရွယ် အဆင်းနှင့် ပြည့်စုံသော သူဌေးသမီး အဖြစ်မှ စဏ္ဍာလ အဖြစ်သို့ ရောက်ရခြင်းသည် ဇာတိမာန်ကြောင့် ဖြစ်၏။ မဗ္ဗ တိုင်းအားလုံး သေကျေပျက်ပြုန်း ရခြင်းသည်လည်း ဇာတိ မာန်ကြောင့် ဖြစ်၏။ ဤသို့ စသည်ဖြင့် ဇာတိ, ဂေါတ္တ, ဓန, ပညာ စသည်တို့ကို အကြောင်းရင်းခံ၍ ဖြစ်ပေါ်လာသော မာန်ဟူသမျှသည် ကောင်းကျိုး ချမ်းသာကို မပေးကြဘဲ

ဆိုးကျိုးသာ ပေးကြလေသည်။ သံသရာနယ်ကိုလည်း မာနသည် ကျယ်ပြန့်စေ၏။ ရှည်လျားစေ၏။ အပါယ်သို့ ပို့ဆောင်တတ်၏။ သို့ကြောင့် မြင့်မောက် ဝင့်ဝါ ပလွှားခြင်း ဥန္ဒတိလက္ခဏာရှိသော မာနကို တတ်နိုင်သမျှနှိမ်နင်း၍ နှိမ့်ချသော စိတ်ဖြင့်အကြောင်းအလျောက်ဆက်ဆံသင့်သူတိုင်းနှင့် အထင်အမြင်မသေးမူ၍ မြေ, ရေ, လေ စသည်တို့ကဲ့သို့ ဆက်ဆံပေါင်းသင်းခြင်းဖြင့် ကောင်းကျိုးကျေးဇူးတို့ကို ရယူကြရမည်။

မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တသည် ဝါလမှထ၍ ဒေသစာရီ ကြွချီရန် မြတ်စွာဘုရားထံ ကိုယ်တိုင်လာရောက်ခွင့်ပန်လျှောက်ထားပြီး ရိုသေစွာ လက်အုပ်ချီ၍ ပြန်လည်အကြွတွင် အနီး၌ရှိသော ရဟန်းတစ်ပါးကို သက်နံးစွန်းနှင့် ထိခိုက်မိသတဲ့။ လေဟတ်ရုံ ဟတ်မိသည်ဟုလည်းဆိုဇ၏။ ထိုမျှလောက် ထိခိုက်ကာမျှဖြင့် ရှင်သာရိပုတ္တ အပေါ်၌ ရန်ငြိုးထားပြီး ဘုရားမြတ်စွာကို ရှင်သာရိပုတ္တသည် တပည့်တော်အား စော်ကားထိပါးသွားပါသည်။ သို့ထိပါးစော်ကားပါလျက် တပည့်တော်ကိုမတောင်းပန်ဘဲ ဒေသစာရီထွက်မည်ပြုနေပါသည်ဟု လျှောက်ထားတိုင်ကြားလေသတဲ့။

ဘုရားက ချက်ချင်း ထိုရဟန်းကိုပင် ရှင်သာရိပုတ္တအား ခေါ်စေ၏။ ရှေ့တော်သို့ ရောက်သောကာလ "သာရိပုတ္တ-ယခု ရဟန်းတစ်ပါးက သင့်ကိုလာတိုင်ကြားနေသည်။ အသင်သည် ဤရဟန်းကို ထိပါးစော်ကားသွားလျက် မတောင်းပန်

ဘဲ ဒေသစာရီ ထွက်မည်ဆိုပါကလား''ဟု မေးမြန်းတော်မူလျှင် ရှင်သာရိပုတ္တက မြတ်စွာဘုရား–ကာယာနုပဿနာ, ကာယဂတာသတိတရား ထင်ရှားမရှိသောသူဖြစ်ပါလျှင် ထိပါးစော်ကားခြင်း မတောင်းပန်ခြင်းတို့ ဖြစ်ရာပါသည်။ ဆက်လက်၍–

၁။ မြတ်စွာဘုရား၊ မြေပေါ်သို့ သန့်ရှင်း စင်ကြယ်သော အရာဝတ္ထုကိုလည်း ပစ်ချသွန်းလောင်းကြပါသည်။ မစင် ကျင်ကြီး ကျင်ငယ် စသော အညစ်အကြေးတို့ကိုလည်း သွန်းလောင်းပစ်ချကြပါသည်။ မြေကြီးသည် ထိုဝတ္ထုတို့ကြောင့် စက်ဆုတ်ရွံရှာခြင်း၊ သာယာနှစ်သက်ခြင်း မရှိသကဲ့သို့ ဘုရားတပည့်တော်သည် ရန်သူမရှိ, ကြောင့်ကြပူပန်မရှိ, သူတစ်ပါးအား ထိခိုက်စေလိုခြင်းမရှိဘဲ မြေကြီးနှင့် တူသော စိတ်နှင့် နေပါသည်။

၂။ ရေ၌ သန့်ရှင်း, မသန့်ရှင်းသော အဝတ်အထည် စသည်တို့ကို ဖွတ်လျှော် ဆေးကြောသော်လည်း ရေသည် စက်ဆုတ်ရွံရှာခြင်း၊ သာယာနှစ်သက်ခြင်း မရှိသကဲ့သို့ ဘုရားတပည့်တော်သည် ရန်သူမရှိ၊ ချစ်သူမရှိ၊ သူတစ်ပါးအား ထိပါးစေလိုခြင်းမရှိ၊ ရေနှင့်တူသော စိတ်နှင့် နေပါသည်။

၃။ မီးထဲသို့ ကောင်း မကောင်း ပစ္စည်းမီးစာများကို ထည့်လောင်းသော်လည်း မီးသည် စက်ဆုတ်ရွံရှာခြင်း၊ သာယာနှစ်သက်ခြင်း မရှိသကဲ့သို့ ဘုရား တပည့်တော်သည် ရန်သူမရှိ၊ ချစ်သူမရှိ၊ သူတစ်ပါးအား ထိပါးစေလိုခြင်းမရှိ မီးနှင့် တူသောစိတ်နှင့် နေပါသည်။

၄။ ထို့အတူ လေနှင့်တူသော စိတ်နှင့်နေပါသည်။
၅။ ခြေသုတ်ဖုံနှင့် တူသော စိတ်နှင့်နေပါသည်။
၆။ စက္ကာလတို့၏ စိတ်နှင့်တူစွာ နှိမ်ချသောစိတ်နှင့် နေပါသည်။

၇။ ဦးခို၊ကို၊းပြီးသော ယဉ်ကျေးအောင် ဆုံးမအပ်ပြီး၍ ဝှေ့ခြင်း၊ ကန်ခြင်းမရှိသော နွားလားဥသဘအိုကြီးကဲ့သို့ ဦးခို၊ စသည်နှင့်တူသော ဒေါသမာနတို့ကို ပယ်ပြီးသောစိတ်နှင့် နေပါသည်။

၈။ မြတ်စွာဘုရား၊ ကောင်းစွာ ဝတ်စားဆင်ယင် သန့်စင်သောသူသည် မိမိလည်၌ ဆွဲကပ်အပ်သော တစ်စုံတစ်ခုသော ခွေးကောင်ပုပ် စသည်ကို စက်ဆုတ်ရွံရှာသကဲ့သို့ ဘုရားတပည့်တော်သည် ဤဘုရားတပည့်တော်၏ ကရဇကာယ ကောင်ပုပ်ကို ရွံရှာစက်ဆုတ်လျက် ရှိနေပါသည်။

၉။ မြတ်စွာဘုရား၊ ယောက်ျား တစ်ယောက်သည် အထက်အောက်ရှိ အပေါက်တို့ မှ လှံ၊ကျ ယိုကျလျက် ရှိသော သားဆီအိုးကိုယူဆောင်ရသကဲ့သို့ အထက်သို့ လည်းကောင်း၊ အောက်သို့ လည်းကောင်း အပုပ်ရည်များ ယိုစီးထွက်ကျလျက် ရှိသော ဤကိုယ်ကြီးကို စက်ဆုတ်ရွံရှာလျက် နေပါသည်။ ကာယဂတာသတိ ကမ္မဋ္ဌာန်း မထင်မရှိသူသာလျှင် သူတစ်ပါးအား ထိပါးစော်ကားပါမည်။ မတောင်းပန်ဘဲ နေပါမည်ဟု လျှောက်ထားလေသည်။

တိုအခါ မဟုတ်မတရား တိုင်ကြားလျှောက်ထားသော ရဟန်းသည် မိုက်မဲတွေဝေ ဉာဏ်ပညာမရှိ၊ မလိမ္မာသည့် အလျောက် ဘုရားနှင့် ရှင်သာရိပုတ္တာအား ပြစ်မှားမိသော အပြစ်ကို ဖော်ထုတ်၍ တောင်းပန်ဝန်ချလေသတဲ့။ မာန်မာန ထောင်လွှားလိုသော သူ ငါတို့သည် ရှင်သာရိပုတ္တာ၏ မာနကို ချိုးနှိမ်ပုံ၊ စိတ်ထားပုံများကို အားကျတုမ္ဘကြသောအားဖြင့် ပျက်ပြားရေး၏ ဆန့်ကျင်ဘက် ကြီးပွားရေးတို့သာလျှင် တိုးတက်နေကြရာသတည်း။

ဆောင်ပုဒ်–ဇာတိဂေါတ္တ၊ ဓနစသား၊ မာန်အများကို၊ ပယ်ရှား
ချိုးဖျက်၊ တက်မကြွဘဲ၊ နှိမ့်ချစိတ်ယုတ်၊
သာရိပုတ်သို့၊ ပုဂ္ဂလမြတ်၊ ဖြစ်စေအပ်သည်၊
မှတ်လော့ ရှင်လူကြီးငယ်တည်း။

---

(၁၅) ဣတ္ထိဓုတ္တာ

(မိန်းမလိုက်စားသူ ပျက်စီးတတ်၏)

တဏှာစရိုက်အားကြီး၍ မိန်းမလိုက်စားများသောသူ သည် ပျက်စီးဆုတ်ယုတ်တတ်၏။

ဥစ္စာဓန ကြွယ်ဝချမ်းသာသော သူတို့သည် ငွေကြေးဖြင့် ပစ်ခတ်၍ မယားအများယူကာ ကာမဂုဏ် အလိုက်အစား များတတ်သောကြောင့် ဥစ္စာဓန ကြွယ်ဝချမ်းသူသောသူတို့၌

အလွယ်တကူဖြစ်နိုင်သော ပျက်စီးကြောင်းကို ပြတော်မူလို၍ ''ကူတ္ထိဝုတ္ထော'' စသည်ကို ဟောကြားတော်မူရပြန်သည်။

မိန်းမလိုက်စားခြင်း၏ အပြစ်များ

လူကြီးမိဘများ သဘောတူ၍ လက်ထပ်ထိမ်းမြားပေး၍ ပေါင်းသင်းဆက်ဆံသော မိန်းမ၊ သို့မဟုတ် ကိုယ်တိုင် သဘောကျ ရွေးချယ်၍ လက်ထပ်ပေါင်းသင်းသော မိန်းမ၊ ယင်းသို့သော တရားဝင် ဇနီး မိန်းမတို့နှင့် တရားသဖြင့် ဆက်ဆံပေါင်းသင်းနေချိန်၌ပင် လက်ရှိမယားနှင့် တင်းတိမ်ရောင့်ရဲခြင်းမရှိ အသစ်အသစ်သော မိန်းမတို့ကို ရှာဖွေ ယူငင်ခြင်းဖြင့် မိန်းမလိုက်စား အပျော်အပါးများလျှင်-

၁။ မိမိ၏ လက်ရှိဥစ္စာပစ္စည်းလည်း ဆုတ်ယုတ်ကုန်ခန်း၏။

၂။ ရောဂါဝေဒနာ စွဲကပ်ခြင်းကြောင့်လည်း ကျန်းမာရေးပျက်ပြား၏။

၃။ ''အဂမနီယ-မသွားလာ မလွန်ကျူးထိုက်သော မိန်းမ''တို့၌ သွားလာလွန်ကျူးမိသောကြောင့်လည်း မိစ္ဆာစာရ ကံ ထိုက်ပြန်၏။

၄။ လူတို့တွင် မိန်းမ လိုက်စားလေ့ရှိသောသူသည် အထူးသဖြင့် လူကြီးလူကောင်း ဂုဏ်အဂါ ယုတ်လျော့တတ်၍ ရှင်လူတို့၏ အထင်အမြင် အယုံအကြည် ခံယူရခြင်းမှ ဆုံးရှုံးတတ်၏။

ဣတ္ထိဖဿ, ပုရိသဖဿ ဖြစ်သော မိန်းမ ယောကျ်ား တို့၏ အတွေ့အာရုံသည် ကာမဂုဏ် ငါးပါးတို့တွင် ကာမ သတ္တဝါတို့ကို အဆွဲငင်ဆုံးသော ကာမဂုဏ် ဖြစ်လေသည်။ ကာမဂုဏ် ဟူသည်မှာလည်း ဆားငန်ရေနှင့် တူသည်ဟု ဟောတော်မူရာ ဆားငန်ရေသဘောသည် ရေမွတ်သိပ်၍ သောက်လေ ငတ်လေ အာသာမပြေရုံသာမက ဆားငန်ရေ ဖြစ်သောကြောင့် ဝမ်းကို ဥပဒ်ပေး၍ ဒုက္ခဆေးကို သောက် မျိုသကဲ့သို့ ရှိတတ်သည်။

ထို့အတူ ကာမဂုဏ်သည်လည်း လိုက်စားလေ လိုချင် လေ လိုချင်လေ လိုက်စားလေ ဖြစ်၍ အာသာမပြေနိုင်ဘဲ ရှိ၏။ ကာမဂုဏ် အလိုက်အစားများသောအခါ ပညာရေး စီးပွားရေးတို့ ဆုတ်ယုတ်ပျက်စီးလာလေတော့သည်။ မိန်းမ ကာမဂုဏ် အလိုက်အစား များပြားအားကြီးသောကြောင့် အယုတ်အညံ့ မိန်းမတို့နှင့် တွေ့ကြုံရသည့်အခါ ကြောက်မက် ဖွယ်ကောင်းသော အနာဆိုး ရောဂါဆိုးများ စွဲကပ်၍ လူစဉ်မမီ အောင်လည်း ဖြစ်တတ်ကြ၏။ သေသော်လည်း သေကြရ၏။ ကျန်းမာရေး ထိခိုက်ခြင်း၊ အသက်တိုခြင်းတို့သည် ''ဣတ္ထိ ဓုတ္တ''ကြောင့် ဖြစ်သော ပျက်စီးချက်တို့သာတည်း။

လက်ရှိ သားမယားကို ပစ်ထား၍ အသစ်အသစ် ရှာမှီး လိုက်စားသောသူ၏ အိမ်ရှိဇနီးသည်မှာလည်း ကာမဂုဏ်ကို အလိုရှိသော ကာမဂုဏ်သမား ကာမသတ္တဝါပင် ဖြစ်သဖြင့် သူသည်လည်း ဖောက်ပြန်လိုပါက ကာမဂုဏ် လိုက်စားရန်

အခွင့်အလမ်းသာဖို့ အကြောင်းတစ်ရပ်သာ ဖြစ်၏။ ယောက်ျား က တရားလက်လွတ် အပျော်အပါးကျူးခဲ့လျှင် မိန်းမသည် လည်း ဖြစ်နိုင်သောနည်းဖြင့် ယောက်ျားတစ်ပါးနှင့် ပျော်ပါး ကျော်နင်းခြင်း မရှိဟု မဆိုနိုင်ပေ။

အနိတ္ထိဂန္ဓ မင်းသားသည် ကုတ္ထိဝုတ္ထ ပရာဘဝတရား အားကြီး၍ တိုင်းပြည်မှ အနှင်ခံရသဖြင့် မယားကို ခေါ်၍ တောသို့သွားရောက်နေကြရ၏။ မင်းသား သစ်သီးရှာသွားနေ ခိုက် လစ်လပ်ချိန်တွင် မင်းသံား၏ ကြင်ယာသည် ရသေ့ တစ်ဦးနှင့် ပျော်မြူးလွန်ကျူးသော သာဓက စသည်တို့ကို ကြည့်ပါမူ မိမိတို့၏ လက်ရှိမယားများကို ကျော်လွန်ကာ မိန်းမလိုက်စားတတ်သော သူတို့သည် လက်ရှိမိန်းမများကို အခွင့်အရေးပေး၍ ပရာဘဝသဘောသို့ သက်လျောကျဆင်း စေသကဲ့သို့ ရှိတတ်သည်ကိုလည်း သတိပြုသင့်သည်။

ယောက်ျားများကပင် ကျော်ကျူး ဖောက်ပြားကြသော် လည်း အိမ်သူများက အားကျမခံ အရှုံးမပေးဘဲ အယူအမြင် လွဲမှား၍ မတရား မဖြစ်ကြပါလေနှင့်။ အသိတာဘူ မင်းသမီး ကဲ့သို့ လင်ဆိုးကို အကြောင်းပြု၍ ကာမဂုဏ်ထက် အဆ ပေါင်း များစွာ မြင့်မြတ်သော တရားအမြတ်ကို ရယူနိုင်ကြ ပါစေ။

ရှေးအခါက ဗာရာဏသီမင်းသည် မိမိသားဖြစ်သော ပြဟ္မဒတ်မင်းသား၌ အခြွေအရံ တပည့်လက်သား ပရိသတ် များပြားသည်ကို မြင်ကာ သားအပေါ်၌ ထီးနန်းကိုပင် လုယူ

လေမလားဟု သံသယရှိသဖြင့် ဗြဟ္မဒတ်မင်းသားကို တိုင်းပြည်မှ နှင်ထုတ်လိုက်၏။ ဗြဟ္မဒတ် မင်းသားသည် ကြင်ယာဇနီးဖြစ်သော အသိတာဘူ မင်းသမီးကိုခေါ်၍ ဟိမဝန္တာသို့သွားကာ သားငါး သစ်သီး သစ်ရွက်တို့ကို စားသောက်၍ သစ်ခက်တဲအိမ်ကလေးဌာ နေကြ၏။ တစ်နေ့သောအခါ မင်းသားသည် ကိန္နရီမနောက်သို့ လိုက်သွားသတဲ့။

အသိတာဘူ မင်းသမီး လိမ္မာပုံမှာ မောင်တော်သည် ငါရှိပါလျက် ငါ့ကို အရေးမထား အသိအမှတ်မပြုတော့ဘဲ ကိန္နရီမနောက်သို့ လိုက်သွားပေသည်။ ငါ့ကိုမှ မကြင်မခင်တော့ဘဲ ငါကကော ခင်မင်ကြင်နာနေ၍ သင့်တော်မည် မဟုတ်ဟု မင်းသားအပေါ်၌ ရင်းနှီးခင်မင်သောစိတ် ကင်းရှင်း၍ အလောင်းတော်ရသေ့ထံ သွားပြီး ကသိုဏ်းတရားတောင်းပန်လျှောက်ထား ကြားနာမှတ်ယူ၏။ ကသိုဏ်းပရိကံကို အားထုတ်ရာ အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ရရှိ၍ အလောင်းတော် ရသေ့အား ရှိခိုးကန်တော့ပြီးနောက် နေရင်း သစ်ခက်တဲအိမ်သို့ ပြန်လာပြီး တံခါးဝ၌ ရပ်နေစဉ် ကိန္နရီမကို မမြင်မတွေ့ မျက်ခြေပြတ်ပြီး မောပန်းကာ ပြန်လာသော မင်းသားကိုမြင်လျှင် မြအဆင်းကဲ့သို့ ပြာစိမ်းစိမ်း အဆင်းရှိသော ကောင်းကင်သို့ ပျံတက်ရပ်တည်၍-

အရှင့်သား, အရှင့်သား၏ ကျေးဇူးပါပဲ။ အရှင့်သား ကြောင့် အကျွန်ုပ် ဤကဲ့သို့သော စျာန်ချမ်းသာကို ရပါသည်။ အရှင့်သားသည် အကျွန်ုပ်ကို အာရုံမစိုက် ကိန္နရီမနောက်သို့

လိုက်သွားသောကြောင့် အရှင့်သားအပေါ်၌ ခင်မင် တပ်မက်ခြင်း ကာမပြုတ်ရှင်း၍ ဤစျာန်ချမ်းသာကိုရခြင်း ဖြစ်ပါသည်။ လွှဖြင့် ဖြတ်အပ်ပြီးသော ဆင်စွယ်ကို တစ်ဖန် ပြန်ဆက်၍ မရသလို အရှင့်သားအပေါ်၌ အကျွန်ုပ်၏ ခင်မင် တွယ်တာသောစိတ်ကို ပြန်လည်ဆက်စပ်မှု မရှိတော့ပြီဟု ပြောကာ မင်းသား ကြည့်ရှုနေစဉ်မှာပင် ကောင်းကင်ခရီးဖြင့် အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားသတဲ့။

ဤ အသိတာဘူ မင်းသမီးကဲ့သို့ ယောကျ်ား၏ ဒုစရိုက်မှု ကံမျိုးသည် မိမိတို့ထံသို့ မကူးစက်စေဘဲ စျာန်ချမ်းသာ စသည်ဖြင့် အမြတ်ရအောင် လိမ္မာပါးနပ်ကြပါလေ။

အကယ်၍ အကြင်လင်မယား နှစ်ဦးသားလုံးကပင် တစ်ယောက် တစ်ယောက် အားကျမခံ မဟုတ်ရာ၌ ဂုဏ်တူ ဂုဏ်ပြိုင်ပြုကာ ဒုစရိုက်မှု များနေကြပါလျှင် သိုသူတို့၏ သားသမီးများသည် အသို့လျှင် ကိုယ်ကျင့်တရားကောင်းသူ များ ဖြစ်နိုင်ပါအံ့နည်း။ ထိုသူတို့နှင့် နီးရာစပ်ရာ ဆက်ဆံပေါင်းသင်းသော သူတို့သည်လည်း လူကောင်းများ ဖြစ်နိုင်ကြပါဦးမည်လော။ လူကောင်းများကလည်း ထိုသူတို့ကို မိတ်ရင်း ဆွေရင်းအဖြစ်နှင့် အပေါင်းအသင်း ပြုလုပ်ကြပါဦးမည်လော။ ''ဂ္ဂဟတ္ထိဝတ္ထု'' အမှုသည် အဘယ်အထိ ကောင်းကျိုး ကျေးဇူး ဆုတ်ယုတ်သည်ကို စဉ်းစားကြသင့်ပေသည်။

မိန်းမလိုက်စားသောသူသည်-

၁။ မိန်းမတို့၏ အလိုဆန္ဒသို့ လိုက်ရ၏။

၂။ သူတို့၏ အလိုကို ဖြည့်တင်းရ၏။

၃။ ပစ္စည်းနှင့်လည်း အလိုလိုက်ရ၏။

၄။ ကိစ္စတာဝန်ကို ဆောင်ရွက်ခြင်းဖြင့်လည်း အလိုလိုက်ရ၏။

၅။ ကိုယ်ကျင့်သီလ ဖျက်၍လည်း အလိုလိုက်ရ၏။

၆။ မဂ္ဂင်းမှ အမှားလမ်းဟု သိလျက်လည်း မျက်စိမှိတ်၍ အလိုလိုက်ရ၏။

မိန်းမလိုက်စားတတ်သောသူသည်-

ဗလဝန္တော ဒုဗ္ဗလာ ဟောန္တိ၊
ပညဝန္တောပိ ဟာယရေ။
စက္ခုမာ အန္ဓကာ ဟောန္တိ၊
ယေ ဣတ္ထိနံ ဝသံ ဂတာ။ ။

ဟူသည်အတိုင်း ပင်ကိုက ကာယဗလ, ဉာဏဗလနှင့် ပြည့်စုံသော်လည်း မိန်းမအလိုသို့ လိုက်ရသောအခါ-

၁။ ကာယဗလ, ဉာဏဗလများ အားနည်း ပျော့ညံ့ကုန်ကြ၏။

၂။ ပညာရှိ ဖြစ်ခဲ့သော်လည်း ပညာမဲ့ဘဝသို့ ရောက်တတ်ကုန်၏။

၃။ မျက်စိအမြင်ရှိသော်လည်း အကန်း ဖြစ်ရကုန်၏။

၄။ ဂုဏ်ရှိသော်လည်း ဂုဏ်မဲ့ ဖြစ်တတ်ကုန်၏။

၅။ အချုပ်အနှောင်မှ လွတ်ကင်းသော်လည်း အချုပ်အနှောင် ခံရတတ်ကုန်၏။

၆။ မိန်းမလိုက်စား၍ ကောင်းမှုကောင်းရာဘက်၌ ပျေါ်လျှော့သဖြင့် အခြံအရံ ပရိသတ်, အကျော် အစော ဂုဏ် သတင်း, တည်ကြည်ခြင်း, ရဲရင့်ခြင်း စသည်တို့သည် တစ်စတစ်စ ပျက်စီးတတ်လေ သည်။

မိန်းမ လိုက်စားသောသူသည်– အဟောင်းအဟောင်း သော မိန်းမများ၏ ကာမဂုဏ်ထက် အသစ်အသစ်သော မိန်းမတို့၏ ကာမဂုဏ်က ကောင်းနိုး, ဟုတ်နိုး, သာနိုး ထင်မှတ်၍ အပိုင်းအခြားမရှိ လိုက်စားတတ်သည်ဖြစ်ရာ သူတစ်ပါးတို့ စောင့်ရှောက်ထိန်းသိမ်းအပ်သော မိန်းမတို့၌ လွန်ကျူးပြစ်မှား မိသောကြောင့် စတုက္ကနိပါတ် လောဟကုမ္ဘီ ဇာတ်လာ ပရဒါရက်ကို လွန်ကျူးသော သူဌေးသား လေး ယောက်တို့ကဲ့သို့ လောဟကုမ္ဘီ၏ကျေးဇူးကို ကျေးဇူးခြင်းဖြင့်လည်း အကြီးအကျယ် ဆင်းရဲရတတ်၏။ အနိတ္ထိဂန္ဓ မင်းသားကဲ့သို့ သော်လည်း နေရင်းရပ်ရွာ တိုင်းပြည်မှနှင်ထုတ်ခံရတတ်၏။

ယောကျ်ားတို့သည်သာ ''ကုတ္ထိဝုတ္ထ''ကြောင့် ပျက်စီး ဆင်းရဲတတ်ကြသည် မဟုတ်သေး။ မိန်းမများသည်လည်း မိမိတို့၏ ကာမပိုင် လင်ယောကျ်ားကို ကျော်လွန်၍ ယောကျ်ား တစ်ပါးနှင့် ဖောက်ပြန်လျှင်လည်း လောကသံ်သရာ နှစ်ဌာန

၌ပင် ပျက်စီးခြင်းဘေးအမျိုးမျိုးနှင့် တွေ့ကြုံရတတ်သည်။ ကာမေသုမိစ္ဆာစာရက် လွန်ကျူးမိခဲ့ကြသော မိန်းမများ အလွန်ဆင်းရဲပင်ပန်းစွာ ငရဲ၌ ဒုက္ခခံနေကြရသည်ကို နေမိမင်းကြီး ကိုယ်တိုင် တွေ့မြင်ခဲ့ရကြောင်းကို မဂ်လသုတ် လက်စွဲ၌ ထုတ်ပြဖူးလေပြီ။ မိစ္ဆာစာရက်ကြောင့် ငရဲ၌ မိန်းမ, ယောက်ျား ငရဲဒုက္ခ ခံစားနေကြရသည်မှာ အလွန်ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းလှ၏။

ကုတ္ထိဝုတ္တ,ပုရိသဝုတ္တာဖြစ်သော ယောက်ျား မိန်းမတို့သည် မိမိတို့သာလျှင် လောကသံသရာနှစ်ဖြာတို့၌ ကောင်းကျိုးကျေးဇူး ပျက်စီးဆုတ်ယုတ်ကြသည်မဟုတ် သားမြေးများသို့တိုင်အောင်လည်း ပျက်စီးစေတတ်သည်။

၁။ ကာမတဏှာနောက်သို့လိုက်၍ အပျော်အပါးကျူးလွန်သော သူတို့သည် ကျန်းမာရေးပျက်၍ ရောဂါကြီးများ စွဲကပ်တတ်လေရာ မိဘဖြစ်သူ လူဝုတ္တာတို့၏ ရောဂါသည် သားသမီးတို့၌ ပဋိသန္ဓေတည်နေစကပင် စတင်စွဲငြိ၍ ပါရှိလာတတ်ကြသည်။

၂။ ထိုပဋိသန္ဓေက ပါလာသော ရောဂါကြောင့် သားသမီးများသည် ငယ်ရွယ်စဉ်မှစ၍ ရောဂါသည်ကလေးများ ဖြစ်ကာ ရုပ်ရည် ကြည်လင်သန့်ရှင်းခြင်း မရှိ၊ သန်မာထွားကြိုင်းခြင်း မရှိ၊ အသက်ရှည်ခြင်း မရှိကြ။

၃။ ကျန်းမာရေး ခိုင်ယွင်းသော ရုပ်ကို အမှီပြုရသော နာမ်တရား၊ နာမကွန္ဓာတို့သည်လည်း ကြည်လင်ကောင်းမွန်

ခြင်း မရှိသည်ကို အကြောင်းပြု၍ စိတ်နှလုံး ညှံဖျင်းသေးသိမ်တတ်ကြ၏။

၄။ ဉာဏ်ပညာနှံ့၍ ထုံထိုင်းတတ်ကြ၏။

၅။ စိတ်နှင့် ဉာဏ်ပညာ ညှံဖျင်းသော သားသမီးတို့သည် အကြံကောင်း ဉာဏ်ကောင်း မထွက်၊ အလုပ်ကောင်း မပေါ်နိုင်ကြ။

၆။ မိမိနှင့်တကွ လူအပေါင်းတို့ ဆင်းရဲဒုက္ခဖြစ်ကြောင်း မကောင်းသော အကြံဉာဏ် အလုပ်အကိုင်တို့ကို မှားယွင်းစွာ ပြုလုပ်မိကြပြန်သဖြင့် မီးခိုးမဆုံး မိုးမဆုံး ဆုံးရှုံး ပျက်စီးခြင်းတို့သည် အဆက်မပြတ် ဖြစ်ပေါ်တတ်ချေသည်။

လူတို့ လူ့ကျင့်ဝတ်တရား ချွတ်ယွင်း ပျက်ကွက်လာ၍ အသက်တမ်း စသည်ဆုတ်၊ ရောဂါထူပြော၊ ဘေးအန္တရာယ်ပေါများ၊ အစာရေစာ ခေါင်းပါးခြင်း စသည် အားဖြင့် မကောင်းကျိုးတွေ ထူပြောလာသော ဆုတ်ကပ် ဆိုသည် ယခု ပြဆိုခဲ့သော အကြောင်းအကျိုး အဆက်ဆက် ပျက်စီးယုတ်လျော့ခြင်းကိုပင် ဆိုလေသည်။

သို့ဖြစ်၍ အသင်တို့သည် အရှည်သဖြင့် ကောင်းကျိုးချမ်းသာရေး၊ ကြီးပွားရေးတို့ကို ရရှိ၍ မိမိတို့ တိုင်းပြည်၊ မိမိတို့ မြို့ရွာ၊ မိမိတို့ ရပ်ကွက်၊ မိမိတို့ နေအိမ်၊ မိမိတို့ သန္တာန်၌ ဆုတ်ကပ်နှင့် ကင်းလွတ်စေလျက် ဣတ္ထိဓုတ္တ၊ ပုရိသဓုတ္တ၊ တဏှာရာဂ အားကြီးသူတို့၏ အလုပ်ဖြစ်သော အယုတ်တရားကို ရှောင်ရှားတွန်းလှန်ကြကုန်လော့။

မိန်းမလိုက်စားမှုလွန်ကဲသူ၊ အရက်သေစာ သောက်စားလွန်းသူ၊ အလောင်းအစားများသူတို့သည် ရှာဖွေစုဆောင်း၍ရသမျှ ပစ္စည်းဥစ္စာတို့ကို ဖြုန်းတီး ဖျက်ဆီးတတ်သူများဖြစ်ကြသည်။ ထိုအခြောင်း သုံးပါးပြည့်စုံနေလျှင် ပျက်စီးဆုတ်ယုတ်တတ်၍ ထိုတရားများ ရှောင်ကြဉ်ကာ နေထိုင်သင့်ကြောင်း ဟောကြားခြင်းဖြစ်သည်။

ဆောင်ပုဒ်–မိန်းမ ယောကျ်ား၊ ကာမအားဖြင့်၊ လိုက်စား လွန်မူး၊ အပျော်ကြူးက၊ နှစ်ဦးမိဘ၊ တို့မှစ၍ ပျက်ကျသားပြေး၊ အဝန့်ဝေးအောင်၊ ဘေးရန် ဥပါဒ်၊ ရောဂါကပ်တို့၊ ထက်ကြပ်မကွာ၊ လိုက်ကာဖျက်ဆီး၊ တောက်လျှောက်ကြီးသည်၊ ပျက်စီးငရဲတိုင်တိုင်တည်း။

---

(၁၆) သုရာဝုတ္တာ

(အရက်သေစာအသောက်အစားများသူ ပျက်စီးတတ်၏)

မူးယစ် ရူးသွပ်ကြောင်းဖြစ်သော အရက်သေစာတို့ကို အသောက်အစား များပြားအားကြီးသောသူသည် ပျက်စီးဆုတ်ယုတ်တတ်၏။

မိန်းမလိုက်စား ကြူးသောသူသည် များသောအားဖြင့် အရက်သေစာကိုလည်း သောက်စားမှု လွန်ကဲတတ်သည် ဖြစ်၍ "သုရာဝုတ္တ"ကို ဆက်လက် ဟောတော်မူသည်။

တစ်နည်းမှာ – ဣတ္ထိဝုတ္တ, သုရာဝုတ္တ, အက္ခဝုတ္တ တို့သည် ခွဲခြားအပ်သည် မဟုတ်။ တစ်မျိုးနှင့်တစ်မျိုးသည် ဆက်စပ်လျက် ရှိကြသည်၊ ကို သိစေလို၍ "ဣတ္ထိဝုတ္တ" နောက်၌ "သုရာဝုတ္တ"ကို ဟောတော်မူသည်ဟု မှတ်ရမည်။

သုရာ–သေအရက်ဟူ၍ အမည်တစ်မျိုးမျှသာ ဆိုသော်လည်း မူးယစ်ရူးသွပ်စေတတ်သော ယစ်မျိုး မှန်သမျှကို ယူရမည်။ အရက်သေစာ သောက်ဇားလေ့ရှိသူသည်–

၁။ အချိန်ကောင်းကို ဖြုန်းတီးဖျက်ဆီးရာ ရောက်၏။

၂။ ရရှိသမျှသော ဥစ္စာပစ္စည်းကိုလည်း ကုန်ခန်းစေရာ ရောက်၏။

၃။ သင်ကြား တတ်မြောက်ထားပြီးသော ပညာကိုလည်း ယုတ်လျော့မှေးမှိန် ပပျောက်စေရာရောက်၏။

၄။ အကျိုးကျေးဇူးရှိအံ့သော အလုပ်အကိုင်တို့ကိုလည်း စွန့်ပစ်ထားခြင်းကြောင့် နာမည်ကောင်းပျက်တတ်၏။

၅။ တိုးတက်ကြီးပွားရန်ရှိသော ဥစ္စာစီးပွားတို့သည် မတိုးတက်ဘဲ ပျက်ပြားတတ်၏။

၆။ အိမ်သူအိမ်သားတို့၏ အလေးမြတ်ပြုမှုကိုလည်း ကင်းစေ၏။

၇။ သားသမီးတို့ကို သုရာဓုတ္တတို့ဖြစ်အောင် လမ်းပြညွှန်ကြားရာလည်း ရောက်၏။

၈။ အရက်ဖိုးနှိပ်စက်၍ အနေအထိုင် ကျပ်တည်းဆင်းရဲစေ၏

၉။ သားသမီးတို့ကို ပညာ သင်ကြားပေးနိုင်အောင် ပစ္စည်း ဥစ္စာ စုဆောင်းမိခြင်းမရှိ၍ ပညာမဲ့ သားသမီးများ ဘဝသို့ ကျရောက်သည်ဖြစ်၍ မဆင်းရဲသင့်ဘဲ ဆင်းရဲရသော သားသမီးများ ဖြစ်ကြရကုန်၏။

၁၀။ ဆင်ခြင်စဉ်းစားတတ်သောအရွယ်သို့ ရောက်သော သားသမီးတို့၏ အထင်အမြင်သေးခြင်း အပြစ်တင်ခြင်းကိုလည်း ခံရတတ်၏။

၁၁။ အရက်ရှိန်ကြောင့် စိတ်ကောင်းစိတ်မှန် အသိမှန်များ ပပျောက်လျက် မပြောသင့်သောစကားကို ပြောမိ၊ မပြုလုပ်သင့်သော အလုပ်ကို ပြုလုပ်မိကြသောကြောင့် မကောင်းပြစ်၊ မကောင်းဒဏ်တို့သည် အရက်သမား၊ထံသို့ ပြေးဝင်လာရောက်ကာ နှိပ်စက်ဖျက်ဆီးကြလေတော့သည်။

ရှေးအခါက ဘုရင်တစ်ဦးသည် အရက် အလွန်မူးနေစဉ် အမဲဟင်းလျှာ စားလို၍ ချက်စရာအမဲ ရှာမရကြောင်းနှင့် စားတော်ဝန်က လျှောက်တင်ကာလ ရင်ခွင်၌ ပွေ့ချီထားသော ရင်နှစ် ရင်သွေး သားတော်ကလေးကို ပစ်ပေးလိုက်ပြီး ချက်စေကာ စားသောက်လေ၏။ အရက်မူးပြေမှ မိမိရင်သွေး သားတော်ကလေး၏ အသားကို စားမိသည်ကိုသိ၍ အကြီးအကျယ် ပူဆွေးဒုက္ခဖြစ်ရဖူးသည်။

"အရက်မူး ကျွဲခိုးပေါ်"ဆိုသော စကားကဲ့သို့ အရက်ကြောင့် လူတို့၌ဖြစ်တတ်သောအပြစ်တို့သည် များလှစွာ၏။

အရက်မူးယစ်သောအခါ အိမ်ရှိ သားမယားများကို အပြစ်ရှာ၍ ဆဲဆိုမောင်းမဲ ရိုက်ပုတ်တတ်သေး၏။ အဝတ်အစား ပန်းကန်ခွက်ယောက်တို့ကိုလည်း ဆုတ်ဖြတ်ခွဲဖျက်၍ ပျက်စီး

စေတတ်၏။ မပြစ်မှားထိုက်သော လူကြီးမိဘ သူတော်ကောင်း တို့ကိုလည်း ပြစ်မှားဆဲဆို ရိုက်ပုတ်မိ၍ ရပ်သူရွာသားတို့၏ ရိုက်နှက်ချုပ်နှောင်ခြင်း၊ အစိုးရမင်းများ၏ အပြစ်ဒဏ်ပေးခြင်း ကိုလည်း ခံရတတ်၏။

အရက်သေစာသောက်စားခြင်းကြောင့် အကုသိုလ်မဖြစ်၊ အပါယ်ပဋိသန္ဓေမပေးဟူ၍ အချို့ဆိုကြ၏။

သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိ သံဝတ္တနိကံ ပေတ္တိဝိသယသံဝတ္တနိကံ၊ ယော သဗ္ဗလဟု သုရာမေရယပါနဿ ဝိပါကော မနုဿဘူတဿ ဥမ္မတ္တကသံဝတ္တနိကော ဟောတိ။

အရက်သေစာ သောက်စားမူးယစ်ခြင်း၏ အပြစ်တို့ကို စာလာ ပေလာ မဟုတ်၊ ပါဠိအဋ္ဌကထာ စကားမဟုတ်၊ မျက်မြင် ဖြစ်တတ် သလောက်ကို ထုတ်ဖော်ရေးသားနေသည် ဟူ၍ မယူဆကြလေနှင့်။ ကျမ်းမညွှန်း ပါဠိမဖော်သော်လည်း ပါဠိအဋ္ဌကထာ စကားတို့ကို ထည့်သွင်း၍ ပစ္စက္ခအမြင်နှင့် ယှဉ်ကာ ရေးသားသည်ဟု ယုံကြည်စွာ အလေးပြုကြရမည်။

ပါဠိတွေကို ထုတ်ဆောင် ကိုးကားပြခြင်းဖြင့် ကျမ်းစာ လေးနက် သော်လည်း ပါဠိမတတ်သော လူများအဖို့ တစ်မျိုး ခက်ခဲ ရှုပ်ထွေး နေတတ်၏၊ ပါဠိအဋ္ဌကထာ ကျွမ်းကျင်ပြီးသူတို့အဖို့မှာလည်း မလိုလက်သို့ ရှိတတ်၏။ သို့ဖြစ်၍ ဘုန်းကြီး ရေးသော လူများအဖို့အရာ စာတို့ဌ်လည်း ပါဠိနည်းနည်းနှင့် မြန်မာအဓိပ္ပာယ် စာသားများများ ထည့်လောင်းကာ ရေးလေ့ ရှိသည်ကို သတိပြုကြပါလေ။ ။ (စကားချပ်)။

"ရဟန်းတို့ အဖန်ဖန် မှီဝဲပွားများ သောက်စားအပ်သော အရက်သေစာသောက်စားမှုသည် ငရဲ တိရစ္ဆာန်ပေတ(ပြိတ္တာ)တို့၌ ဖြစ်တတ်သည်။ အပေါ့ဆုံး သုရာ-မေရယ အကျိုးသည် လူဖြစ်လျှင်လည်း လူရူးဖြစ်တတ်သည်" -

ဟူ၍ အဋ္ဌဂုံတ္တရနိကာယ်၊ ဒါနဝဂ်၊ ဆယ်ခုမြောက်သုတ်၌ ဟောတော်မူခဲ့သည်မှာ ပဋိသန္ဓေကျိုး,ပဝတ္တိကျိုး ပေးကြောင်း ထင်ရှားလှသောကြောင့် မကောင်းပြစ် မကောင်းကျိုးကို ကြောက်ရွံ့ကြလျှင် အရက်သေစာသောက်စားခြင်းအမှုကို ရှောင်ကြဉ်ပါလေ။

ပစ္စုပ္ပန်အပြစ် ခြောက်ပါး

အရက်သေစာသောက်စားခြင်းကြောင့် ယခုမျက်မှောက်လောက၌ ဖြစ်ပေါ်တတ်သောအပြစ်တို့ကိုလည်း-

ဆ ခေါ ဂဟပတိပုတ္တ အာဒီနဝါ သုရာမေရယ-မဇ္ဇပ္ပမာဒဋ္ဌာနာနုယောဂေ သန္ဒိဋ္ဌိကာ ဓနဇာနိ ကလ-ဟပ္ပဝုနီ ရောဂါနံ အာယတနံ အကိတ္တိသဉ္ဇနနီ ကောပိန ဝိဒ္ဓံသနီ ပညာယ ဒုဗ္ဗလီကရဏီ တွေဝဆဋ္ဌပဒံ ဘဝတိ။

အိမ်ပိုင်သူဌေးသား...အရက်သေစာသောက်စား မူးယစ်ခြင်း၏ မျက်မှောက်ဘဝ၌ ဖြစ်ပေါ်တတ်သော အပြစ်တို့သည် ခြောက်မျိုးရှိကြကုန်၏။

၁။ လက်ရှိပစ္စည်း ကုန်ခန်းပျက်စီးခြင်း၊
၂။ ရန်ဖွားခြင်း၊
၃။ ရောဂါရခြင်း၊
၄။ မကောင်းသတင်း ထွက်ပေါ်ခြင်း၊
၅။ အရှက်ကို ဖျက်ဆီးသော အဂါကို ပြုတတ်ခြင်း၊
၆။ ပညာဉာဏ် အားနည်းမှေးမှိန်ခြင်းအားဖြင့် မျက်မှောက် အပြစ်ခြောက်မျိုး ရှိသည်ဟူ၍လည်း ပါထေယျ ပါဠိတော် သိဂါလသုတ္တန်၌ ဟောတော်မူခဲ့သေးသည်။

အရက်သေစာ မသောက်စားလျှင်

ထိုမျှလောက် အပြစ်ဒေါသ များပြားလှသော အရက်သေစာကို မသောက်မစားကြမူ၍ ရှောင်ကြဉ်ကြပါလျှင်-

၁။ ကာလသုံးပါး၌ ဖြစ်ပေါ်သော ကိစ္စကြီးငယ်ဟူသမျှတို့၌ လျင်မြန်ထက်သန်စွာ သိရှိစွမ်းနိုင်ခြင်း၊
၂။ အမြဲထင်သော သတိရှိခြင်း၊
၃။ ရှားသွပ်မှု ကင်းခြင်း၊
၄။ ဉာဏ်ရှိခြင်း၊
၅။ မပျင်းရိခြင်း၊
၆။ မမိုက်ခြင်း၊
၇။ ဆွံ့အ မရှိခြင်း၊
၈။ မယစ်ခြင်း၊
၉။ မမေ့လျော့ခြင်း၊
၁၀။ မတွေဝေခြင်း၊

၁၁။ ကြက်သီးမွေးညင်းမထခြင်း၊
၁၂။ အချုပ်အခြယ် မရှိခြင်း၊
၁၃။ ကရုဏာရှိခြင်း၊
၁၄။ စကားမှန်ကန်ခြင်း၊
၁၅။ ကုန်းချောစကား၊ ကြမ်းသောစကား အနှစ်အသား
မရှိသော စကားတို့မှ ကင်းခြင်း၊
၁၆။ နေ့ညမရွေး ဆုတ်နစ်ပျင်းရိ မရှိခြင်း၊
၁၇။ ပြုဖူးသော သူတစ်ပါး ကျေးဇူးကို သိခြင်း၊
၁၈။ ကျေးဇူးကို သိသည်အတိုင်း ထင်ရှားဖော်ထုတ်တတ်
ခြင်း၊
၁၉။ ဝန်မတိုခြင်း၊
၂၀။ ဘုန်းကျက်သရေရှိခြင်း၊
၂၁။ သီလရှိသူ ဖြစ်ခြင်း၊
၂၂။ ဖြောင့်မတ်ခြင်း၊
၂၃။ စိတ်မဆိုးခြင်း၊
၂၄။ ရက်စိတ်ရှိခြင်း၊
၂၅။ မကောင်းမှုပြုရမည်ကို ကြောက်စိတ်ရှိခြင်း၊
၂၆။ အယူအမြင် ဖြောင့်ဖြူးမှန်ကန်ခြင်း၊
၂၇။ ပညာဉာဏ် တိုးတက်ကြီးမားခြင်း၊
၂၈။ ထိုးထွင်းသိမြင်ခြင်း၊
၂၉။ ဗဟုသုတ ပညာရှိခြင်း၊
၃၀။ အကျိုးရှိမရှိကို ဝေဖန်၍ လိမ္မာစွာ သိတတ်ခြင်း၊

စသော (ခုဒ္ဒကပါဌအဋ္ဌကထာလာ) ကောင်းကျိုး ကျေးဇူးတို့ကို မြေကြီးလက်ခတ်မလွဲ ရရှိကြပေလိမ့်မည်။ သို့ဖြစ်၍ အရက် သေစာသောက်စားမူးယစ်မှုမှရှောင်ကြဉ်ကြ၍ ပျက်စီးဆုတ်ယုတ် လူ့သစ်ငုတ်အဖြစ်ကို လွန်မြောက်ကျော်နင်းကာ ၃၀ ကျော်သော လက်ငင်းကျေးဇူးတရားတို့ကို ဆွတ်ခူးလျက်တက်လူတစ်ယောက်အဖြစ်သို့ ရောက်နိုင်ကြစေသတည်း။

ဆောင်ပုဒ် – သေစာသောက်စား၊ ထိုလူများကား၊ နှစ်ပါးလောက၊ နှစ်ဘဝ၌၊ ကျရောက်ဆင်းရဲ၊ ငရဲတိရိတ်၊ ပြိတ္တာဘုံနစ်၊ လူ၌ဖြစ်လည်း၊ အပြစ်ကံထူး၊ လူ့အရူးတည်း၊ ရှာဖူးစုစည်း၊ ရှိပစ္စည်းလည်း၊ ချည်းနှီးကုန်ပျောက်၊ ရန်ပေါက်ပွားများ၊ စသောအားဖြင့်၊ တစ်ပါးမက၊ ပြစ်ဒေါသသည်၊ မှတ်ကြသေစာ သောက်ပြစ်တည်း။

(အရက်ဟော သုရာ–သဒ္ဒါသည် သ–၌ ဥ–ရဿ၊ ရ–၌ အာဒီဃနှင့် အာကာရန္တ ကွတ္ထိလိင်ဖြစ်သည်။ သုရ–ဓာတ်၊ က–ပစ္စည်း၊ ၎င်းနောက် အာပစ္စည်းဖြင့် ပြီးသော ပုဒ်ဟူ၍ အဘိဓာန် သက္ကဋ္ဌတို့၌ လာသည်၊ မောဂ္ဂလာန်၌ သု–သဝနေ၊ ယိုစီးခြင်းဓာတ်၊ ရက်–ပစ္စည်းဟူ၏။ က–အနုဗန်ကြောင့် သြ–ဝုဒ္ဓိ မပြုရ။)

(၁၇) အက္ခဝုတ္တော

(လောင်းကစားကျူးခြင်းကြောင့် ပျက်စီးတတ်၏)

ကိုးမီး၊ ဂျိုကာ၊ ပိုကာ စသော ဖဲကစားခြင်း၊ မြင်းလောင်း အန်စာပစ် စသော အလောင်းအစား လွန်ကျူးသောသူသည် ပျက်စီးဆုတ်ယုတ်တတ်၏။

သုရာဝုတ္တ–တို့သာ ပျက်စီးတတ်သည် မဟုတ်သေး၊ အလောင်းအစားများသော အက္ခဝုတ္တတို့သည်လည်း ပျက်စီးတတ်ကြသည်ဟု ပြတော်မူလို၍ ''အက္ခဝုတ္တပရာဘဝ''ကို ဟောကြားတော်မူသည်။

လောင်းကစားမှသည် တစ်ခါတစ်ရံ အပျင်းပြေ အပန်းပြေ ဆိုသလို ကစားသူတို့အဖို့ အကျိုးစီးပွား ပျက်ပြား၊ ကိုယ်ကျင့်တရား ပျက်ပြားစေလောက်အောင် အရေးမကြီးလှ စေကာမူ အလောင်းအစားများသောသူတို့မှာမူကား ကြီးပွားရေး ပျက်စီးတတ်ပေသည်။ လောင်းကစားမှသည် အမှန်အားဖြင့် သမ္မာအာဇီဝ မဟုတ်။ ကောင်းရောင်း ကောင်းဝယ်နှင့် ပစ္စည်းရှာဖွေ၍ အသက်မွေးမြူခြင်း မဟုတ်။ သူတစ်ပါး ပစ္စည်းကို လွယ်လွယ်ကူကူနှင့် များများရယူလိုသော လောဘဇောနှင့် ပြုရသော ကိစ္စဖြစ်၏။ အဝမ္မလောဘနှင့် လောင်းစားရသော လူညံ့တို့၏ အလုပ်မျိုးသာ ဖြစ်ရာ အလောင်းအစားသမား၌ တရားသဖြင့် အနိုင်ရမှသာယူမည် ဟူသော သူတော်ကောင်း နှလုံးရည် အဘယ်မှာ ရှိနိုင်အံ့နည်း။ တရားသော

မတရားသော မှန်သော မှားသော ငါနှိုင်၍ ငွေရ ခြင်းသာ ပဓာန ဖြစ်သည်ဟု စိတ်ထားကြသူတို့သာ များကြပေလိမ့်မည်။

ထိုစကားသည် မမှားတန်ရာ၊ အလောင်းအစား အလေ့အလာများ၍ ဓုတ္တဖြစ်သော ကစားသမားကြီးတို့သည် သက်ဆိုင်ရာ ကစားမှု၌ အလွန်ကျွမ်းကျင်ကြ၏။ လိမ်နည်း လှည့်နည်း အမျိုးမျိုးတို့ကို တစ်ဖက်ကမ်းရောက် တတ်မြောက်ကြ၏။ အသင်တို့ လွယ်လွယ်နှင့် သိရှိရန် တွေ့မြင်လွယ်သော ကစားနည်းကလေး တစ်ခုကို ပြလို၏။

မြောက်ပန်းချ ကစားသော ကစားသမားကြီးတို့သည် မည်သည့်အခါမှ ကံတရားအတိုင်း ကျစေဆိုတဲ့ သဘောနှင့် ရိုးရိုးမှန်မှန် မမြောက်ကြပေ။ တုတ်ပြားပေါ်၌ လက်ရင်းဘက်က တင်ထားသောကြေးပိုက်ဆံတစ်ပြားကို မြောက်ဘက်ကသာ ကျစေရန် လက်နှင့် ဖေးကပ်၍ အမြဲမြောက်လေ့ရှိကြသည်။ သို့ဖြစ်ရာ ပိုက်ဆံ နှစ်ပြားအနက် တစ်ပြားသည် အမြဲတမ်း မြောက်ဘက် (၀ါ) ခေါင်းဘက်က ကျနေသဖြင့် ထိုးသူမှာ အလှည့်တိုင်း တစ်ဘက်ရှုံးလျက် ရှိ၏။ မြောက်သူ ကံမကောင်း အကြောင်းမသင့်သည့်အခါ တစ်ချက်တစ်လေမှ ထိုးသူနိုင်တတ်၏။ သေးငယ်သော ကစားနည်း မြောက်ပန်းချရာ၌ပင် လိမ်နည်း လှည့်နည်းတွေနှင့် မတရားသဖြင့် ကစားခြင်းဖြင့် လုယူသလို ယူကြပါသေးလျှင် အမြောက်အမြား လောင်းကစားကြသော ကစားပွဲကြီးတို့၌ ရိုးရိုး ကစားကြပါသည်ဟု အဘယ်သူပြောဝံ့ပါမည်နည်း။

လောင်းတမ်းကစားစ လူပြိန်းကို ကစားသမားဟောင်းများသည် အမြဲ လိမ်လည် လှည့်ဖျား ကစားတတ်သောကြောင့် လူပြိန်းသည် အရှုံးကြီး ရှုံးတတ်ကြသည်။ ပါးနပ်ပုံရသော လူပြိန်းကိုကား အရက်သေစာ တိုက်ကျွေးပြီးမှ အဝမ္မနည်းဖြင့် ကစားကြ၏။ အနိုင်ယူတတ်ကြ၏။ သို့ကြောင့် ကစားသမားသစ်သည် ကြေးငွေဥစ္စာ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်းဘေးနှင့် တွေ့ရတတ်လေသည်။

ကစားသမား လူဟောင်းများသည်လည်း စားလောက်သောက်လောက် စီးပွားဖြစ်လောက်အောင် နိုင်ကြသည် မဟုတ်။ နိုင်လျှင် ကျွေးရ ပေးရ ဝေရ ခြမ်းရ၊ မိမိကိုယ်တိုင် သုံးလိုက် ဖြုန်းလိုက် အပျော်လိုက်ခြင်း စသည်တို့ကြောင့် နိုင်သမျှ ငွေကြေးသည် မကြာမီ ကုန်ခန်းကြပေတော့သည်။ အချင်းခပ်သိမ်း လူပြိန်းလူစိမ်းကိုသာ တွေ့နေသည်မဟုတ်ဘဲ မိမိကဲ့သို့သော အကြံသမား ဉာဏ်သမား လူပါး လူနပ်ချင်းတွေ့ကြသည်က များ၍ ရှုံးခန်းနှင့်လည်း မကြာ ခဏ တွေ့ရတတ်သေးသည်။

ရှုံးလျှင် ပြန်၍ရနိုးရနိုးနှင့် အိမ်ရှိ ပစ္စည်းတို့ကို ပေါင်နှံရောင်းချ၍ ကစားသော်လည်း နောက်ဆုံး တစ်နေ့၌ ဘယ်ကစားသမားမှ ချမ်းသာသည်၊ [illegible] နေလောက်စားလောက်နှင့် ကျွန်ုပ်ရရ ရှိသည် မဟုတ်ကြ။ ဥစ္စာကုန်ခန်းလူပန်းစိတ်မောနှင့် ဇာတ်မြောသော ဘဝသို့သာ [illegible] ပေသည်။

ကျက်ဆောင်ရန် – နာနာဝိဓေန ကီဋ္ဌန္တီ၊
ဓုတ္တာ ယေ အဓုနာ ဇနာ။
တေ ဇနာ တေန ကမ္မေန၊
ဟာပယန္တိ သကဒ္ဓနံ။ ။

အဓုနာ–ယခုခေတ်အခါ၌၊ ဓုတ္တာ–ဣတ္ထိ သုရာ အက္ခသုံးစား အလိုက်များကြကုန်သော၊ ယေဇနာ–အကြင် လူတို့သည်။ နာနာဝိဓေန–အမျိုးမျိုး အဖုံဖုံ နည်းလမ်းစုံဖြင့်၊ ကီဋ္ဌန္တိ–အပျော်လွန်များ လောင်းကစားကြကုန်၏၊ တေဇနာ–ထိုထိုသုံးဝ လူ့ဓုတ္တတို့သည်၊ တေနကမ္မေန–အပျော်လိုက်များထိုသို့သော လောင်းကစားမှုဖြင့်၊ သကဒ္ဓနံ–ရှာဖွေရလာ မိမိပစ္စည်းဥစ္စာကို၊ ဟာပယန္တိ၊ မတန့်မပွား ကျိုးမများဘဲ ဆုတ်ယုတ် ပျက်ပြားကြစေကုန်သတည်း။

လွန်ခဲ့သော နှစ်ပေါင်း ၄၀ ကျော်လောက်ဆီက မြန်မာပြည်က လယ်သမားတို့သည် များသောအားဖြင့် မြန်မာပြည် အလျောက် ဖောဖောသီသီ စားနိုင် သောက်နိုင် ပေးနိုင် လှူနိုင်ကြ၏။ ငွေတန်ဖိုးကလည်း ရှိ၊ စပါးဈေးကလည်း ကောင်းသောကြောင့် လယ်သမား၊ လယ်ပိုင်ရှင်တို့ လက်၌ ငွေသီး နေကြ၏။ အချို့အချို့ တောမြို့ တောရွာနေ လယ်သမား သားသမီးတို့သည် တောမြို့ တောရွာတွင် ဖြုန်းသုံး၍ အားမရကြသည်နှင့် ရန်ကုန်သို့တက်၍ ဖြုန်းကြသုံးကြ၏။ ကလာပ်တက်၍ လောင်းကစားကြ၏။ ထိုလယ်သမားတို့၏ လယ်မြေများသည် နှစ်ကာလမကြာလှမီ

အတွင်းမှာပင် နိုင်ငံခြားသား ချစ်တီးကုလားများ လက်သို့ သက်ဆင်း ပြောင်းသွားကြပေတော့သည်။ ချစ်တီးများကို အပြစ်မဆိုသာ၊ ရလျှင်ယူကြပေမည်။ မြန်မာများ ဗဟုသုတ နည်းမှု၊ အလောင်းအစား အပျော်အပါးများမှု၊ လောကီသမ္ဘဒါ လေးပါးနှင့်မညီမှုသာ ဖြစ်၏။

ပဲခူးမြို့အနီးတွင် ရွာကလေး တစ်ရွာရှိ၏။ ၎င်းရွာနှင့် မလှမ်းမကမ်း၌ မီးရထားလမ်း ရုံးစောင့်သော ကုလား တစ်ယောက် ရောက်လာ၏။

ရွာသားများက "ဟဲ့–ကုလား၊ ဟဲ့–ကုလား"ဟု ခေါ်လေ့ ပြောလေ့ရှိ၏။ ကုလားသည် ပထမ ဆိတ် နှစ်ကောင်၊ သုံးကောင် မွေး၏။ ဆိတ်များလာလျှင် ဆိတ်အချို့ကို ရောင်း၍ နွားဝယ်၏။ နွားများလာသောအခါ အချို့ကို ရောင်း၍ အနီးက ရွာနေ လူများကို ငွေချေး၏။

နှစ်အနည်းငယ်ကြာလျှင် ရွာနေ မြန်မာတို့၏ လယ်သည် ထိုရုံးစောင့်ကုလား လယ်တွေဖြစ်လာသည်။ ကုလားလယ်ကို မြန်မာတွေက အငှားလုပ်ကြရပြီး ကုလားကို "အယာကြီး၊ အယာကြီး" ခေါ်ကြရသော အဖြစ်သို့ ရောက်ကြတော့သည်။ ထိုရွာနေလူတို့သည် အများအားဖြင့် ကစားသမားတွေ ပေါများ သည်ဟု သိရ၏။ လောင်းကစားပြစ်သည် ထိုရွာကလေး၌သာ မဟုတ်၊ မြန်မာပြည်အတွင်း အခြား များစွာသောရွာတို့၌ လည်း ထင်ရှားစွာ တွေ့နိုင်သည်။

အလောင်းအစား လိုက်စားမှုသည် တိုက်ရိုက် အပါယ ဂမနီယ သီလသိက္ခာပုဒ် မဟုတ်သော်လည်း ကာယ ဒုစရိုက် သို့ပင် သွင်းယူသင့်ပေသည်။ တိုက်ရိုက် အပါယ် ကျရောက်စေတတ်သည် မဟုတ်ဟု ဆိုရသော်လည်း ရှုံးဖန်များ၍ ကြံမိကြံရာ မအပ်မစပ် မတော်မတရား ပစ္စည်းရမှုမျိုးကို ကြံစည်ပြုလုပ်တတ်သောကြောင့် ခိုးဝှက်ခြင်း၊ လုယူခြင်း၊ လိမ်လည်ခြင်း၊ တိုက်ခိုက်၍ အနိုင်အထက်ယူခြင်း၊ သတ်ဖြတ်ယူခြင်းစသော အကုသိုလ် ဒုစရိုက်တို့ကို ကျူးလွန်ဖို့ရန်မှာ တာဝန်မလေးသော အခြေသို့ ရောက်တတ်သည်။ သို့ရောက်လျှင် အလောင်းအစားကို အကြောင်းခံ၍ အကုသိုလ် ဒုစရိုက်၏ တရားခံအဖြစ်သို့ ရောက်မှန်းမသိ ရောက်ကြသဖြင့် သေလွန်သောအခါ အပါယ်သို့ ကျရောက်လေတော့သည်။

သို့ကြောင့် အလောင်းအစား လိုက်စားမှုသည် ယခုဘဝ နောင်တမလွန် နှစ်တန်သောဘဝတို့၌ပင် ပျက်စီးဆုံးရှုံးစေတတ်သော အလုပ်ဟု သဘောပေါက်ကာ ရှောင်ကြဉ်ကြ၍ ကြီးပွားချမ်းသာကြပါစေ။

ဆောင်ပုဒ်–အလောင်းအစား၊ များသည်ထိုသူ၊ အပူနှစ်ဝ၊ ဘဝနှစ်ထပ်၊ ခံရတတ်၍၊ ရအာပ်ပစ္စည်း၊ ချည်းနှီး ကုန်ဆုံး၊ အမြတ်ရှုံးလျက်၊ လူလုံးလူစ၊ မြုပ်မည် မှတ်။

မိမိ၏မယားနှင့်တင်းတိမ်ရောင့်ရဲခြင်းမရှိဘဲ သူတစ်ပါး၏သားမယား၊ မိန်းမပျက် မိန်းမပေါ့ တို့နှင့် ပျော်ပါးလိုက်စားကြူးလွန်နေထိုင်ခြင်းသည် စည်းစိမ်ဥစ္စာပျက်စီးဆုတ်ယုတ်ခြင်း၏အကြောင်းဖြစ်၍ ပျက်စီးဆုတ်ယုတ်တတ်ကြောင်း အကျင့်များသိရှိ စေရန် ဟောကြားခြင်းဖြစ်သည်။

(၁၈) သေတိ ဒါရေဟိ သန္တုဋ္ဌော၊
ဝေသိယာသု ပဒုဿတိ။
(၁၉) ဒုဿတိ ပရဒါရေသု၊
တံ ပရာဘဝတော မုခံ။

လက်ရှိကိုယ်ပိုင်မယားများနှင့် မရောင့်ရဲနိုင်၍ မိန်းမပေါ့တို့နှင့် ပျော်ပါးတတ်သောသူ၊ သူတစ်ပါး သားမယားတို့ကို ကျူးကျော်ပြစ်မှားတတ်သောသူ၊ ဤသူတို့သည် ပျက်စီးဆုတ်ယုတ်တတ်ကြသည်။

အမှတ်(၁၅) ပျက်စီးကြောင်း ဣတ္ထိဓုတ္တဖြင့် တရားဝင်မယား တစ်ယောက် နှစ်ယောက် စသည်တို့နှင့် အားရကျေနပ်ခြင်းမရှိ၊ မိန်းမအသစ်ကို များစွာယူဆောင် ပေါင်းသင်းခြင်းဖြင့် မယားအများအပြားယူသောသူ၏ ပျက်စီးကြောင်းကို ဟောတော်မူသည်။

ဤ အမှတ်(၁၈)(၁၉) ပျက်စီးကြောင်းတို့ဖြင့် မိမိ လက်ရှိမယားများနှင့်ပင် ရောင့်ရဲခြင်းမရှိဘဲ မိန်းမပေါ့ မိန်းမပျက်တို့နှင့် ပျော်မှု၊ သူတစ်ပါးပိုင် မိန်းမတို့၏ ကာမဖဿကို ခိုးယူ ပေါင်းသင်းမှုတို့သည်လည်း ဥစ္စာပစ္စည်း, ကျန်းမာရေး, ဂုဏ်သတင်း စသည်တို့မှ ပျက်စီးဆုတ်ယုတ် သေးသည်သာတည်းဟု သိစေလိုသောကြောင့် အမှတ်(၁၈)(၁၉) ပျက်စီးကြောင်းတို့ကို ဆက်၍ ဟောတော်မူသည်။

ကိုယ်ပိုင် လက်ရှိမယားနှင့် အားရကျေနပ်ခြင်း မရှိနိုင်ဘဲ ပြည့်တန်ဆာမ ခေါ်သော မိန်းမပျက်တို့နှင့် ပျော်ပါး လိုက်စား

တတ်သောသူတို့သည် အလွန် စဉ်းစားဆင်ခြင်၍ အမှန်ကို သိမြင်ထိုက်ကြ၏။ ယောက်ျားများက သူတစ်ပါးပိုင် မိန်းမတို့၏ ကာမဖသကို ခိုးယူပေါင်းသင်းမှုသည်လည်း သံသရာ၌ ငရဲပြစ်ခံရသည်ကို ထားဘိဦး။ မိန်းမတို့သည်လည်း-

၁။ မိမိ လင်ယောက်ျားသာ ပိုင်သော ကာမဖသကို အခြားယောက်ျားတစ်ပါးအား ခိုးဝှက်ပေးတတ်သော မိန်းမ၏ ယုတ်ညံ့သောကိုယ်ကျင့်ရှိခြင်း၊

၂။ ယောက်ျား တစ်ဦး တစ်ယောက်နှင့်သာ မဟုတ်၊ ဆိတ်ကွယ်ရာ အရပ်ကိုရလျှင် တွေ့သမျှသော ယောက်ျား တို့နှင့်လည်း ဆက်ဆံတော့မည် ဖြစ်ခြင်း၊

၃။ ထိုသို့ သဘောရှိသော မိန်းမသည် အဘယ်မှာ သန့်ရှင်းမြင့်မြတ်သော စိတ်နေ စိတ်ထား ကိုယ်ကျင့်တရား နှင့်တကွ သန့်ရှင်းစင်ကြယ်သောရုပ် ရှိနိုင်အုံ့နည်း။

ကာမဘုံသား ဖြစ်သည်အလျောက် လောကီသမား ဖြစ်ကြလျှင် တရားသဖြင့် လက်ထပ်ထိမ်းမြားသော သားမယား ရှိသည်ကို အပြစ်ဟူ၍ မဆိုကြပေ။ လင်ကား လင့်ကျင့်ဝတ် ငါးပါးတွင် မိမိမယားကို ကျော်လွန်၍ မကျင့်ရ ဟူသော ကျင့်ဝတ်ကို မကျော်လွန်မူ၍ လည်းကောင်း၊ မယားသည် လည်း မယားကျင့်ဝတ်ကို မချိုတ်မယွင်း စောင့်ရှောက်၍ လည်းကောင်း၊ လူ့ကျင့်ဝတ်နှင့်အညီ ပေါင်းသင်းနေထိုင် ခြင်းဖြင့် ကာမချမ်းသာကို ခံစားကြရသည်။ ယင်းသို့ ပညတ် သဘောအရ တရားသဖြင့် ဇနီးမောင်နှံတို့ ပေါင်းသင်းခြင်းဖြင့်-

၁။ လူတို့၏ ကျင့်ဝတ်တရားများနှင့် ပြည့်စုံခြင်း အကျိုး၊
၂။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရခြင်း အကျိုး၊
၃။ ပစ္စည်း ဥစ္စာတို့သည် တရားမဲ့ ကုန်ခန်း ပျက်စီးမှုမရှိ၍ အဖတ်တင်ခြင်း အကျိုး၊
၄။ မကောင်းမှု ဒုစရိုက်တို့မှ လွတ်ကင်း၍ ယခုဘဝ၌လည်း မင်းပြစ်စိုးဒဏ် စသည်တို့မှ လွတ်ကင်းခြင်း အကျိုး၊
၅။ နောက်ဘဝ၌လည်း ငရဲသို့ မကျရောက်ရခြင်း အကျိုး၊
၆။ သားသမီးကောင်း ရရှိခြင်း အကျိုး၊
၇။ ရရှိပြီး သားသမီးတို့သည် ကိုယ်ကျင့်တရားနှင့် ပြည့်စုံခြင်း အကျိုး၊

စသည်ဖြင့် များလှစွာသော ကောင်းကျိုး ကျေးဇူးတို့ကို ရရှိနိုင်သည်။

မေမှပါလဇာတ်

သာဓက– တောသု ဝေ ဇာယရေ သုတ္တမာသု၊
မေဓာဝိနော ဟောန္တိ ပဟူတပညာ။
ဗဟုဿုတာ ဝေဒဂုဏာ စ ဟောန္တိ၊
တသ္မာဟိ အမှံ ဒဟရာ နမိယျရေ။

(ဇာ–၁။ ၂၁၅။)

လင့်ကျင့်ဝတ်နှင့် ပြည့်စုံကြသော ယောက်ျားတို့၏ မြင့်မြတ်သော ဇနီးမယားတို့၌–

၁။ ထိုးထွင်းသော ပညာရှိ၊
၂။ ကျယ်ပြန့်သော ပညာရှိ၊

၃။ ဗဟုသုတရှိ၊

၄။ တည်ကြည်သော ဂုဏ်ရှိကြသော သားသမီးများ သာ ပေါက်ဖွားကြသည်။ သို့ဖြစ်၍ အကျွန်ုပ်တို့ရဲ့ သားသမီးများသည် အသက်ရာမကျော်တဲ့ ငယ်ငယ် ရွယ်ရွယ်က သေပျောက်ခြင်း မရှိကြပါ။

ဤဝမ္မပါလ ဇာတ်တော်လာ ဝမ္မပါလ ရွာသူ ရွာသားတို့သည် အသက်ရာကျော်ရှည်ခြင်း၊ ရောဂါကင်းခြင်း၊ ဘေးအန္တရာယ်ကင်းခြင်း စသော ကောင်းကျိုးကျေးဇူးတို့ကို ရရှိခြင်းသည် မိမိတို့၏ သားမယားများမှတစ်ပါး အခြားမိန်းမတို့၌ ကျူးကျော်မှု မရှိခြင်း စသည်တို့၏ ကောင်းကျိုးတို့ ပေတည်း။ ဤအချက်ကို သတိမပြုကြ။ အယုံအကြည် မရှိကြ၍ တဏှာရာဂကို အတိုင်းအရှည် ပမာဏမထား စည်းမဲ့ကမ်းမဲ့ လိုက်စားကြသော မိဘဖြစ်သူတို့၏ သားသမီးတို့၌ ချောင်းဆိုးနာ၊ ပန်းနာ၊ အဆုတ်နာ၊ အသားအသွေး မကောင်းသော အနာ၊ မျက်စိနာ၊ နားနာ၊ နှာခေါင်းနာ စသော ရောဂါတို့သည် ဝမ်းတွင်းကပင် ပါလာတတ်ကြ၏။

ခြေလက်အင်္ဂါ ချွတ်ယွင်း ရုပ်ဆင်း မလှ လူစဉ်မမီသူတို့သော်လည်း ဖြစ်တတ်ကြ၏။ မသေ၍ ကျန်ရှိပြန်ကလည်း ရောဂါသည်ဖြစ်လျက် ပဋိသန္ဓေဉာဏ် ထူထိုင်း၍ သိပ္ပပညာသင်ကြားသောအခါ ထက်ထက်မြက်မြက် မရှိကြ။ သိလွယ်တတ်လွယ် မရှိကြပေ။ သားသမီးတို့၏ ဤသို့သော အပြစ်

အနာများ ဖြစ်ကြရခြင်းသည် မိဘတို့၌ မိဘကျင့်ဝတ်၊ လူ့ကျင့်ဝတ်တရား ပျက်ပြား ချွတ်ယွင်းမှုကြောင့်ပင် ဖြစ်သည်။

ဓမ္မပါလခေတ်က ဓမ္မပါလရွာနယ်ရှိ လူတို့သည် ငါးပါးသီလလုံ လူ့ကျင့်ဝတ်ပြည့်စုံကြ၍ ရောဂါစသည်ကင်း ချမ်းသာခြင်းဖြင့် အသက်ရာကျော် ရှည်ကြသည်။ တက္ကသိုလ်မြို့၊ တက္ကသိုလ် နိုင်ငံတို့မှာမူကား သီလမလုံ ကျင့်ဝတ်မစုံကြသောကြောင့် ရောဂါထူပြော အန္တရာယ်ပေါ၍ ငယ်သောကြီးသော သေဆုံးကြသည်။ ဤကို ထောက်ဆပါက တရားသည် ကာလမရွေး၊ အခါမရွေး၊ ခေတ်မရွေး၊ ဌာနမရွေး၊ လူမျိုးမရွေး၊ ကြီးငယ်မရွေး၊ မိန်းမ ယောကျ်ားမရွေး၊ တရားစောင့်သူကို တရားကစောင့်၍ ချမ်းသာကာ အသက်ရှည်ကြသည်မှာ ထင်ရှားလှပါပေသည်။

ဓမ္မပါလ ခေတ်သာ မဟုတ်။ ယခုခေတ်ပင်သော်လည်း တရားစောင့်လျှင် တရားက စောင့်မည်ပင်။ တရားစောင့်သူတို့၌ စောင့်ကျိုးရှိသည်မှာလည်း သတိပြုက မျက်မြင်တွေ့ကြပေလိမ့်မည်။ တစ်နိုင်ငံစောင့်လျှင် တစ်နိုင်ငံ ချမ်းသာမည်။ တစ်မြို့စောင့်လျှင် တစ်မြို့၊ တစ်ရွာစောင့်လျှင် တစ်ရွာ၊ တစ်ရပ်စောင့်လျှင် တစ်ရပ်၊ တစ်အိမ်စောင့်လျှင် တစ်အိမ်၊ တစ်ယောက်စောင့်လျှင် တစ်ယောက် ချမ်းသာမည်မှာ ကောင်းသာတည်း။ သို့ကြောင့် ယုံယုံကြည်ကြည်နှင့် ဆိုင်ရာကျင့်ဝတ်သီလများကို စောင့်နိုင်ကြပါစေ။ ယောကျ်ားသည်

ယောက်ျား အလျောက်၊ မိန်းမသည် မိန်းမအလျောက် သားစဉ်မြေးဆက် တိုင်အောင် ပျက်စီးခြင်း အမျိုးမျိုးတို့ကို မဖြစ်စေလိုပါလျှင် မိမိတို့၏ ဇနီးမယား လင်ယောက်ျားတို့ နှင့်သာ ရောင့်ရဲတင်းတိမ်ကြ၍ ချမ်းသာကို ခံစားနိုင်ကြပါစေ။

မိန်းမတို့ကလည်း ဝမ္မပါလ ရွှာသူများကဲ့သို့ လည်းကောင်း၊ သုရစိမင်း၏ အဂ္ဂဒေဝီမဟေသီ မိဖုရားခေါင်ကြီး ဖြစ်သော သုမေဓာ မိဖုရားကဲ့သို့ လည်းကောင်း၊ မိစ္ဆာစာရမှ ရှောင်ကြဉ်ကြရာသည်။ သုမေဓာမိဖုရားသည် မျက်ကွယ် မျက်မှောက်၌ပင် သုရစိမင်းကို လွန်၍ ကိုယ်နှုတ်စိတ်တို့တွင် တစ်မျိုးမျိုးနှင့်မှ ယောက်ျားတစ်ပါး အပေါ်၌ ပြစ်မှားမိဖူးသည် မရှိခဲ့။ တစ်သောင်းခြောက်ထောင်သော မိဖုရားငယ် မောင်းမ ရံရွှေ နန်းတော်သူတွေ သားဆုတောင်းကြရာ တစ်ယောက် တစ်လေမှ သားဆုမရကြသော်လည်း သုမေဓာဒေဝီသည် သီလရှိသူ ဖြစ်သောကြောင့် သိကြားနတ်မင်းက ပေး၍ ဘုန်းကံပညာနှင့် ပြည့်စုံသော သားကောင်း ရတနာ မဟာ ပနာဒ မင်းသားကို ရရှိဖူးလေသည်။

သုရစိမင်းကလည်း အလိုအလျောက် သုမေဓာဒေဝီမှ တစ်ပါး အခြားသော မိန်းမတို့၌ ကျူးကျော် ဖောက်ပြားခြင်း မရှိရုံသာမဟုတ်။ ထီးနန်းအမွေကို အရှည်ဆက်ခံမည့် သားသမီး ဖွားမြင်ခြင်း မရှိသေး၍ မိဖုရားငယ်များ ထားရှိရန် တိုင်းနေပြည်သူတို့က ဝိုင်းဝန်း တိုက်တွန်းကြသော်လည်း

သုမေဓာဒေဝီမှတစ်ပါး မိဖုရားအများ မထားဘူးဟု သစ္စာနှင့် ဆောင်နှင်း လက်ထပ်ခဲ့သောကြောင့် မိဖုရားအများ မထား လိုကြောင်း ငြင်းပယ်ခဲ့၏။ သုမေဓာ မိဖုရားကြီး ကိုယ်တိုင် အမိနှင့်တူသော မယားအရာ၌နေ၍ တစ်သောင်းခြောက် ထောင်သော မင်းသမီး၊ အမတ်သမီး၊ သူဌေးသမီး၊ ကချေ သည် အမျိုးသမီးတို့ကို ဆောင်နှင်း၍ ပေးရသည်ဟူ၏။

သို့ကြောင့် အသင်တို့သည်လည်း သုရှစိမင်းနှင့် သုမေဓာ ဒေဝီကဲ့သို့ ဆိုင်ရာ ကိုယ်ကျင့်သီလနှင့် ပြည့်စုံကြ၍ ကြီးပွား ချမ်းသာကြစေရာသည်။

ဆောင်ပုဒ် – ဇနီးကြင်ယာ၊ ရှိပါသော်လည်း၊ လော်လီ ဖောက်ထွက်၊ မိန်းမပျက်နှင့်၊ အသက် အလား၊ သူ့မယား၌၊ သွားလာဖျက်ဆီး၊ လူ့ဒုဿီးကား၊ ပြစ်ကြီးရော၊ ပြုမိရှာ၍၊ လူ့ရှာလူ့လျှောက်၊ ဂုဏ်ကင်းပျောက်လျက်၊ ကျရောက်ငရဲ၊ ရဆင်းရဲသည်၊ မလွဲကေန် ဖြစ်လတ္တံ့။

(၂၀) အတီတ ယောဗွနော ပါသော၊
အာနေတိ တိမ္မရတ္ထိနိ။
တဿာ ဣဿာ နသုပတိ၊
တံ ပရာဘဝတော မုခံ။

မြန်မာအဓိပ္ပာယ်

ပျိုမျစ်နုနယ်သည့် အရွယ်ကို ကျော်လွန်ပြီးသော ယောကျ်ားအိုသည် အသားအရည် ပြည့်တင်းနုစို၍ တည်သီး ပမာဏ သားမြတ်ရှိသော မိန်းမပျိုကို ဆောင်ယူထိမ်းမြား သည် ဖြစ်အံ့၊ ထိုသူ၏ ဣဿာ သဘောတရားသည် ငြိမ်ဝပ် ကိန်းစက်နေသည် မဟုတ်၊ အမြဲတမ်း ထကြွနိုးကြားလျက် ရှိနေကြတတ်သည်။ ယင်းသို့ လူအိုဖြစ်လျက် မိန်းမပျိုကို ထိမ်းမြားပေါင်းသင်းခြင်း သဘောတရားသည် ပျက်စီး ဆုတ်ယုတ်ကြောင်းပင် ဖြစ်သည်ဟု ဟောတော်မူသည်။

ဇနီးမယား တစ်ယောက်မျှနှင့် မရောင့်ရဲနိုင်သူ၊ ဇနီး မယားတို့ကို ကျော်လွန်၍ ပြည့်တန်ဆာမတို့နှင့် ပျော်မွေ့ တတ်သူ၊ သူတစ်ပါး သားမယားတို့ကို ပြစ်မှား ကျူးလွန် တတ်သူတို့၏ ပျက်စီးကြောင်း သဘောတရားတို့၏ နောက်၌ မိန်းမလိုက်စားမှု သဘောချင်း တူသော ပျက်စီးကြောင်း တစ်နည်းကို ပြတော်မူလိုသော မြတ်စွာဘုရားသည် "အတီတ ယောဗွနော ပေါသော" စသော ဂါထာကို ဆက်၍ ဟောကြားတော်မူသည်။ ဤဒေသနာ ဂါထာဖြင့် ယောကျ်ားအို

ခါးကိုင်း၊ နားထိုင်း၊ မျက်စိမှုန်ကာ ဆံဖြူသွားကျိုး ဇရာအိုအရွယ်သို့ရောက်နေပါလျက် ပျိုမျစ်နုနယ်ငယ်ရွယ်သူတို့ကိုမှ ပေါင်းသင်းနေထိုင်လိုသူတို့သည် စိုးရိမ်ကြောင့် ကြမ္မ သူတစ်ပါးအပေါ် မနာလိုဝန်တိုမှုစသော တရား ဆိုးတို့နှင့် ပြည့်စုံနေမှုကြောင့် ပျက်စီးဆုတ်ယုတ်တတ် သည်။

ဖြစ်လျက် မိန်းမပျိုကလေးကို ယူဆောင် ပေါင်းသင်း၍ ပျက်စီး တတ်ကြောင်းတစ်ရပ်ကို ညွှန်ပြတော်မူခြင်း ဖြစ်သည်။

အသက်အရွယ်ကြီးရင့်၍ အိုမင်းပြီဖြစ်သော ယောက်ျား သည် ပျိုမျစ်နုနယ် အသက်အရွယ် ငယ်လှသော မိန်းမပျို ကို ထိမ်းမြားပေါင်းသင်းပါလျှင် ထိုသို့သောယောက်ျားအို၌ ဇနီး မယားအပေါ်မှာ စိတ်မချနိုင်သော ကြောင့်ကြစိုးရိမ်မှု၊ မယားငယ်ငယ်ကလေးက သူနှင့် ရွယ်တူတန်းတူ ယောက်ျား ငယ်လေးများနှင့် ပြောဆိုရင်းနှီး ထွက်လား ဝင်လား ရှိခဲ့လျှင် သက်ကြားအိုသည် ထိုယောက်ျားကလေးများ အပေါ်၌လည်း ကျွဿာတရား ဖြစ်၏။ ထို့ကြောင့် ယောက်ျားအို၏ ကျွဿာ သည် ငြိမ်သက်ကိန်းဝပ်နေသည်မရှိ၊ ထကြွနိုးကြားလျက် အမြဲငြူငူစူလျက် ရှိနေပေ တော့သည်။ ယင်းသို့ ကြောင့်ကြ ဗျာပါရ ကျွဿာတရားတို့ မပြတ် ဖြစ်ပေါ်နေမှုကြောင့် ယောက်ျားအိုသည် အလုပ်ပျက်၊ အစားပျက်၊ အအိပ်အနေ ပျက်၍ စီးပွားရေး ကျန်းမာရေးမှ စ၍ ပျက်စီးဆုတ်ယုတ်လေ တော့သည်။

ဤအရာ၌ အရွယ်လွန်သော ယောက်ျားအိုဆိုသည်မှာ သက်တမ်းတစ်ရာ-တစ်ရာကျော် နေရသောခေတ်၌ အသက်ရှစ်ဆယ် ကျော်လျှင် အရွယ်လွန်သည်ဟု ဆိုရသည်။ ယခုခေတ် အသက်ရှစ်ဆယ်တမ်းမျိုး၌မူကား အသက် ၆၀ ကျော်လွန်လျှင်ပင် အရွယ်လွန်ပြီဟု ဆိုရပေမည်။ အားခွန်ဗလ တစ်နေ့တစ်ခြား ဆုတ်ယုတ်သော ''ဟာယန''အရွယ်ဖြစ်၍

ထိုအရွယ်လွန် ယောက်ျားအိုတို့သည်ကား ကာမဂုဏ်ရှာမှီး ခံစံခြင်းအမှုကို ပယ်ရှား၍ သံသရာစီးပွား လောကုတ္တရာ စီးပွားကိုသာ ကြိုးစား ရှာမှီးသင့်တော့သည်။

မိန်းမဆိုသော အမျိုးသည် အများအားဖြင့် သက်တူ ရွယ်တူ ဂုဏ်ရည်တူ ဖြစ်သော လင်ယောက်ျားနှင့် ပေါင်း သင်း နေရစေကာမူ အခွင့်သာလျှင် ယောက်ျားတစ်ပါးနှင့် ဖောက်ပြားတတ်သော သဘောရှိကြသည်။ မိမိထက် ဂုဏ် အရည်အချင်း သာလွန်သော ယောက်ျား၊ ပစ္စည်းဥစ္စာ ကြွယ်ဝ ပြည့်စုံသော ယောက်ျား၊ တန်ခိုးဘုန်းကံ ကြီးမားသော ယောက်ျား၊ တရားကျင့်ဝတ် မရှိတ်လုံလောက်သော လင်ယောက်ျားတို့နှင့် ဆက်ဆံပေါင်းသင်းနေရစေကာမူ ဆိတ်ကွယ်ရာရလျှင် လင်သားကို ကျော်လွန်၍ မမွန်မြတ် သော မိစ္ဆာစာရကို ပြုကျင့်တတ်သော သဘောရှိကြသည် ဖြစ်ရာ အသက်အရွယ်ကြီးရင့်၍ စွမ်းအင်ဗလ ဆုတ်ယုတ်၊ အိုရုပ်အိုရေပေါ်နေသော အရွယ်မတူ လူအိုကြီးနှင့် ပေါင်းသင်း နေရသောဇနီးငယ်ကလေးသည် အဘယ်သို့သော အကြောင်း ကြောင့် အနှောင်းအငယ် ရွယ်တူသက်တူ လူပျိုယောက်ျား တို့နှင့် မဖောက်ပြားဘဲ ရှိပါမည်နည်း။

ဥစ္စာပစ္စည်း ချို့ငဲ့အားနည်း ဆင်းရဲပင်ပန်းမှု စသည် ကြောင့် ဖြစ်စေ၊ အခြား မကင်းရာ မကင်းကြောင်း တစ်စုံ တစ်ရာ အရေးကိစ္စကြောင့် ဖြစ်စေ၊ လူအို ယောက်ျားကို လင်သား အဖြစ်နှင့် ပေါင်းသင်းပြုစုနေရသော်လည်း အတွင်း

စိတ်သန္တာန်၌ နှစ်သက်ကျေနပ်စွာ ပျော်ရွှင်မွေ့လျော်မည်ကား မဟုတ်ချေ။

"ဇိဏ္ဏကံ သာမိကံ အဝ ဇာနာတိ"

မိန်းမဟူသည် လင်အိုကြီးကို ကြည်ညိုမြတ်နိုးခြင်း မရှိ၊ အမြဲတမ်း မထီမဲ့မြင် ပြုရိုးဖြစ်သည်ဟု ကုဏာလဇာတ်တော်၌ လာရှိသည်။

"ဂါဝေါ ဗဟိ တိဏသေဝ၊

ဩသမသန္တိ ဝရံ ဝရံ"

နွားများသည် အစာစားသောအခါ ရှေ့သို့သာ လှမ်း၍ လှမ်း၍ ကောင်းနိုးကောင်းနိုးနှင့် အသစ်အသစ်သော မြက်ကို လိုက်၍ စားကြသကဲ့သို့ ထို့အတူ မိန်းမများသည်လည်း ယောက်ျားတစ်ပါး အပြင်လူများနှင့်လိုက်စားလိုသော အာသာ တဏှာ ရှိတတ်ကြသည်။

သမုဒြာသည် ကမ္ဘာပေါ်ရှိ များစွာသော မြစ်ကြီးတို့မှ အစဉ်မပြတ် ရေအမြောက်အမြား စီးဝင်ကြသော်လည်း ပြည့်သည် လျှံသည် မရှိသကဲ့သို့ လည်းကောင်း၊ ပြည့်ရှင်မင်းတို့သည် မြေပြင်အလုံးကို ပိုင်နိုင် အုပ်စိုးရသော်လည်း ဆန္ဒအလိုပြည့်ဝတင်းတိမ်သည် မရှိသကဲ့သို့ လည်းကောင်း၊ မိန်းမတို့သည်လည်း လင်တည်းဟူသော ကာမဖဿအာရုံ၌ ပြည့်ဝတင်းတိမ်သည်ဟူ၍မရှိကြပေဟု ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့သည်။

သို့ဖြစ်၍ အရွယ်လွန်ပြီး လင်အိုကြီးနှင့် ပေါင်းသင်းရသော မိန်းမပျို၏ ကာမအလိုဆန္ဒသည် အဘယ် အရိယာမ ဖြစ်၍ ပြည့်ဝ ရောင့်ရဲပါအံ့နည်း၊ အလိုမပြည့်နိုင်သော အရွယ် ဖြစ်၍ လင်အိုယောကျ်ားသည် နေ့ရောညပါ မိမိ၏ ဇနီးငယ်၌ စိတ်မချနိုင်မှုကြောင့် ဒုက္ခများရမည်၊ အကျိုးကျေးဇူး ယုတ်လျော့မည်ကို သိမြင်တော်မူပြီး၍ လူအိုဖြစ်လျက် မိန်းမပျိုကို သိမ်းပိုက် ပေါင်းသင်းလျှင် ပျက်စီးကြောင်း ဖြစ်သည်ဟု ဟောတော်မူရသည်။

စတုက္ကနိပါတ် ကဏ္ဍဝေရဇာတ်လာ သာမာအမည် ရှိသော ပြည့်တန်ဆာမသည် မိမိအား နေ့စဉ် နေ့တိုင်း ငွေတစ်ထောင် တစ်ထောင်ပေး၍ ရင်းနှီးပျော်ပါးနေသော သူဌေးသားကို သေပြစ် သေဒဏ် ကျနေသော ထင်ရှားကျော်ကြားသည့် ခိုးသူကြီးနှင့် ငွေတစ်ထောင် လက်ဆောင်တံဆိုး ပေးကာ လဲလှယ်သတ်စေ၍ သူခိုးကြီးကို တိတ်တဆိတ် ရွေးနုတ်လျက် လင်သားလုပ် ပေါင်းသင်းလာခဲ့ရာ သူခိုးကြီး၌ ရှေ့ပြေးသတိ ဖြစ်ပေါ်ပုံမှာ–

"သာမာသည် သူ့အပေါ်၌ ကြာမြင့်စွာ မေတ္တာသက်ဝင် ခင်မင်ပေါင်းသင်းခဲ့သော သူဌေးသားနှင့် ယခုမှ တွေ့မြင်ရသော ငါ့ကို လဲလှယ်ဘိသည်။ တစ်နေ့ နေ့၌ ငါ့ထက် မေတ္တာရှိသူကို တွေ့လျှင် သူဌေးသားကို သတ်၍ ငါနှင့် လဲလှယ်သလို ငါ့ကို သတ်၍ အခြားယောကျ်ားတစ်ပါးနှင့် လဲလှယ်လေရာသည်။ သို့ဖြစ်၍

သာမာ၏ဘေးရန်မှလွတ်အောင် စောစောကပြေးလေမှ တော်မည်ဟု''

သတိရဆင်ခြင်မိကာ ဝေးရာသို့ ပြေးရှာသော ဟူ၏။ ခိုးသူကြီး တွေးဆသကဲ့သို့ သာမာသည် မိမိနှစ်သက်သော ယောကျ်ား နှင့် တွေ့လျှင် မလဲလှယ်ဘူး ဟူ၍ မဆိုသာပေ။ ခြံခုန်စရှိလျှင် ခုန်တတ်သည်ပင် ဖြစ်သောကြောင့် ယောကျ်ား များသည် မိန်းမပျိုတို့ကို ကြပ်ကြပ်သတိပြု၍ရှောင်ရှားသင့် ကြသည်။

အမတ်ကြီး တစ်ယောက်၏ နုနယ်ပျိုမျစ်သော ဇနီးငယ် သည်လည်း အမတ်ကြီးက အလွန်စောင့်ရှောက် ထိန်းသိမ်း ထားသည့်အထဲမှ ဖောက်ပြား၍ ယောကျ်ားတစ်ပါးနှင့် နေ့စဉ် ပျော်ပါးရုံမက လင်ကြီး၏ ဦးခေါင်းကို လင်ငယ်က ပုတ်ခတ် နိုင်အောင်ပင် မာယာနှင့် လှည့်ပတ် ဖုံးကွယ် ပုတ်ခတ်စေ လေသည်။

ပြဟ္မဒတ်၏ မိဖုရားခေါင် ကာကဝတီ ဒေဝီကို ဂဠုန်မင်း ခိုးယူ၍ ဂဠုန်မြို့ ဂဠုန်နန်းဌ ချမ်းသာစွာ ထား၍ ပေါင်းသင်း နေစဉ် ဗာရာဏသီမင်းက ရှာဖွေစုံစမ်းစေသော ကချေသည် နှင့် ကျူးလွန်ပြစ်မှား ဖောက်ပြား ပြန်သည်ကို အကြောင်း ပြု၍ မိန်းမများကို စောင့်ရှောက်နိုင်ခဲသည်။ သန့်ရှင်းအောင် မစောင့်ရှောက်နိုင်ကြပေဘူးဟု မိန့်တော်မူသည်။

အမ္မဇာတ်တော်၌-

ယော နိလိယံ မဏ္ဍယတိ၊
သဏ္ဌာသေန ဝိဟညတိ။

တဿ သာ ဝသမန္ဓေတု၊
ယာ တေ အမ္ဗေ အဝါဟရိ။ (ဇာ-၁။ ၁၁၅။)

မြန်မာ အဓိပ္ပာယ်

အရှင်ရသေ့၊ တပည့်မသည် အရှင်ရသေ့၏ သရက်သီးတို့ကို ခိုးယူမိပါလျှင် ဆံပင်ဖြူ၍ ဆေးနက်ဆိုးရသော ယောက်ျားအို၊ ပြောက်ကျားပြောက်ကျား ပေါက်သော ဆံပင်ဖြူတို့ကို ဇာဂနာနှင့် နုတ်ရအောင် ဆံပင်ဖြူသော ယောက်ျားအိုတို့၏ အလိုဆန္ဒသို့ လိုက်ရပါစေ။ ထိုလူအို ယောက်ျား၏ ဇနီးမယား ဖြစ်ရပါစေဟု ကြိမ်ဆိုသည်ကို ထောက်လျှင် မည်သည့်အခါကာလ မည်သည့်ခေတ်၌မဆို မည်သည့် မိန်းမမျိုးမဆို ယောက်ျားအိုနှင့် ပေါင်းသင်းရမည်ကို ကြောက်ရွံ့စက်ဆုတ်ကြသည်မှာ ထင်ရှားပြန်သည်။

ဇူဇကာပုဏ္ဏား ကြွေးနှင့် သိမ်းပိုက်ယူဆောင်ခဲ့သော အမိတ္တာပုံ အမည်ရှိ ပုဏ္ဏေးမ ဇနီးငယ်ကို ဒုန္ဓိဝိဋ္ဌ ရွာသူတို့က ဝိုင်းဝန်းဆူပူ ကဲ့ရဲ့ကြပုံကို ကြည့်စမ်းကြဦးလော့။

အဆင်းရဲဆုံး ဆင်းရဲ

ညီမငယ် အမိတ္တာပုံ၊ လောက၌ မြွေဆိပ် ကျားဆိပ်သင့်၍ သေရခြင်းသည်လည်း ဆင်းရဲသည် မဆိုရသေး။ လေးမြားလုံဓားတို့ဖြင့် ပစ်ခတ်ထိုးခုတ်၍ သေရခြင်းသည်လည်း ဆင်းရဲသည် မဆိုရသေး၊ အရွယ်လွန်ပြီးသော သက်ကြားအိုကို လင်လုပ်ရသော မိန်းမပျိုသည်သာ ဆင်းရဲတကာတို့ထက် ပိုလွန်၍ ဆင်းရဲရသည်။

၁။ သွေးသားယွင်းယို ယောက်ျားအိုသည် ပျိုရွယ်နုအိသော အမိအလိုရှိတိုင်း အဘယ်သို့ လိုက်၍ မြူးထူး ရွှင်ပျော်မွေ့လျော်နိုင်လိမ့်မည်နည်း။

၂။ ရွယ်အိုလင်နှင့် လူမြင်သူကြား စကားဘယ်လို ပြောဆိုကြည်နူးနိုင်လိမ့်မည်နည်း။

၃။ သွားလည်းမကွေ နေလည်းအတူ ကလူပျော်ပါး ရွှင်ခြင်းအားလည်း အများမြင်၍ မတင့်တယ်ရှိ၏တကား။

၄။ လုလင်ပျိုနှင့် မိန်းမငယ် အရွယ်တူချင်း ဖြစ်ကြလျှင်၊ တစ်ယောက် အလိုသို့ တစ်ယောက် လိုက်နိုင်လျှင် ကာမအစုံ အာရုံငါးပါးဖြင့် ပျော်ပါးရွှင်မြူး ယှဉ်ပူးတွဲမှီ စုံညီမွေ့စံခြင်း ငှာလည်း တင့်တယ်လျောက်ပတ်သည် မဟုတ်ပါလော။

၅။ သက်ကြီးရွယ်အို သင့်လင်လို ယောက်ျားမှာမူ သင်နှင့် အရွယ်ကလည်းမတူ၊ ကလူယှဉ်တွဲ မှီနွဲ့ ပျော်မြူးရမည်လည်း သွားကကျိုး၊ ပါးရေဝင်၊ မရယ်ခင်က လျှာထွက်၊ ရှက်ဖွယ် ကြောက်ဖွယ် မတင့်တယ် မလျော်ကန်လှပါတကား။

စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြသည်ကို ထောက်ပြန်လျှင်လည်း မိန်းမတို့သည် လူအိုရွတ်တွကို မည်မျှလောက် ရွံရှာမုန်းတီးကြသည်ကို သိနိုင်ကြပြန်သည်။ မိန်းမတို့သည် ယောက်ျား ခေါင်းဖြူ သက်ကြီးလူတို့ကို ကြင်နာနှစ်သက် မေတ္တာဓာတ် မဖက်နိုင်၍ ရွံမုန်းကြီး ဖြစ်တတ်ကြသည်တို့ကို ရိပ်စားမိလောက်ကြပြီ။ အကြောင်းရှိတိုင်း ဖော်ပြရလျှင်လည်း ပြီးဆုံးတော့မည် မဟုတ်ပေ။

သို့ဆိုခဲ့ပြီးတို့ကြောင့် ပျိုမျစ်နုနယ်သော မိန်းမငယ်နှင့် ဆက်သွယ်ရင်းနှီး ဇနီးအဖြစ် ပေါင်းသင်းကြလျှင် ဇူဇကာ ပုဏ္ဏားစသော ယောကျ်ားအိုတို့ကဲ့သို့ ဇနီးငယ်၌ စိတ်မချနိုင်ခြင်း ဒုက္ခ၊ အလိုလိုက်ရခြင်း ဒုက္ခ၊ ဇနီးငယ်၏ ဆဲဆိုကြိမ်းမောင်း ထုထောင်း ရိုက်ပုတ်ခြင်း စသည်တို့ကို သည်းခံရခြင်းဒုက္ခ၊ ကြေးငွေဥစ္စာ ကုန်ခန်းပျက်စီးခြင်း ဒုက္ခ၊ ကိုယ်စိတ်ဆင်းရဲပင်ပန်းခြင်းကြောင့် ရောဂါဝေဒနာရ၍ အသက်လမ်းကြောင်း တိုတောင်းခြင်း ပျက်စီးခြင်းတို့ကြောင့် မိန်းမငယ်နှင့် ဆက်သွယ်ပေါင်းသင်းနေထိုင်ကြရသော ယောကျ်ားအိုတို့အတွက် ပျက်စီးကြောင်းတစ်ပါးအဖြစ်ဖြင့် ဟောတော်မူခဲ့သည်ကို သတိပြုကြ၍ ယင်းပျက်စီးကြောင်း သဘောတရားမှ ရှောင်ရှားနိုင်ကြစေသတည်း။

ဆောင်ပုဒ် – အသက်ယွင်းယို၊ သက်ကြားအိုလျက်၊ ပျိုမျစ်နုနယ်၊ မိန်းမငယ်ကို၊ ဆက်သွယ်ရင်းနှီး၊ ဇနီးမယား၊ ပြုကြားထိုသူ၊ ငြူစူကျွေးသား၊ မခြားနှေးညှ၊ နှီးထကြ၍၊ ဒုက္ခမျိုးစုံ၊ ကျရောက်ဆုံ၍၊ ဂုဏ်သိန်ဥစ္စာ၊ ကျန်းမာသက်ရှည်၊ ခိုင်မတည်ဘဲ၊ တိုသည်ခဏ၊ ပျက်စီးရသည်၊ မှတ်ကြ ကောင်းစားလိုသူတို့။ ။

အသောက်အစား ယောက်ျားနှင့်မိန်းမကိုဖြစ်စေ၊ ပစ္စည်းဥစ္စာထိန်းသိမ်းစောင့်ရှောက်မှုမပြုတတ်သူ ယောက်ျားနှင့်မိန်းမကိုဖြစ်စေ ရောင်းရေးဝယ်တာလုပ်ငန်းအဖြာဖြာ၌ကိုယ်စားလွှဲအပ်ထားတတ်ခြင်းသည် ပျက်စီးဆုတ်ယုတ်ခြင်း၏ အကြောင်းဖြစ်သည်။

အပျော်အပါးများသူ

(၂၁) ဣတ္ထီ သောဏ္ဍီ ဝိကိရဏီ၊
ပုရိသံ ဝါပိ တာဒိသံ။
ဣဿရိယသ္မိံ ထပေတိ၊
တံ ပရာဘဝတော မုခံ။ ။

မြန်မာအဓိပ္ပာယ်

စားမှု, သောက်မှု, ပျော်ပါးမှုတို့ဖြင့် လွန်၍ ပစ္စည်းဥစ္စာတို့ကို ထိန်းသိမ်းထားသို့ စောင့်ရှောက်မှုမရှိ၊ ဖရိုဖရဲ ပစ်စလက်ခတ် ထားတတ်သော မိန်းမကိုဖြစ်စေ၊ ယောကျ်ားကို ဖြစ်စေ၊ ဖောက်ကားရောင်းဝယ်ရေးဌာ မိမိ၏ ကိုယ်စားဖြစ်စေ၊ ဥစ္စာ ပစ္စည်း အုပ်ထိန်းရေးဌာဖြစ်စေ အကြီးအကဲအဖြစ်ဖြင့် လွှဲအပ် ခန့်ထားခြင်းသည် ပျက်စီးဆုတ်ယုတ်ကြောင်း ဖြစ်သည်။

အသက်အရွယ် နုနယ်ပျိုမျစ်သောမိန်းမနှင့် ပေါင်းသင်း ဆက်ဆံမှုကို ပြုလုပ်ခြင်းသည်သာ ပျက်စီးတတ်သည် မဟုတ် သေးချေ။ အစားလွန် အသောက်လွန် အကောင်းကြိုက် အပျော်အပါးများလျက် ပစ္စည်းဥစ္စာ လုပ်ငန်းဆောင်တာတို့ ကိုလည်း စနစ်တကျ စည်းကမ်းသေဝပ်စွာ ထိန်းသိမ်း စောင့်ရှောက် အုပ်ချုပ်နိုင်သော အရည်အသွေး မရှိသည့် ယောကျ်ားကိုသော် လည်းကောင်း၊ မိန်းမကိုသော် လည်း ကောင်း၊ မိမိကိုယ်စား အကြီးအချုပ်နေရာ၌ ခန့်ထား တင်မြှောက်မိသောသူသည်လည်း ဥစ္စာပစ္စည်း ပျက်စီးဆုံးရှုံး

တတ်သတည်း–ဟု ''ကျွတ်ထိ' ဃောဏ္ဍိ' ''စသည်ကို ဆက်လက် ဟောကြားတော်မူသည်။

ဤဂါထာဒေသနာဖြင့် အကြီးအချုပ်အဖြစ် မတင်မြှောက်သင့် မလွဲအပ်သင့်သောသူကို အကြီးအချုပ် တင်မြှောက်ခန့်အပ် မိခြင်းကြောင့် ပျက်စီးကြောင်း တစ်ရပ်ကို ညွှန်ပြတော်မူလိုရင်း ဖြစ်သည်။

သောဏာ––သဒ္ဒါသည် စားမဲဟင်းလျှာ၊ အရက်သေစာ စသည်တို့၌ လျှပ်ပေါ်လော်လီ မက်မောလွန်ကျူးခြင်း အနက်ရှိ၏။

စားမှု, သောက်မှု, အရက်သေစာ သောက်စားမှုးယစ်မှု, အခြားသော မကောင်းမှု ဟူသမျှတို့၌ အတိုင်းအထွာ ပမာဏ မရှိ လွန်လွန်ကဲကဲ ပြုလုပ်တတ်သော လူမျိုး၊ မိမိနှင့် သက်ဆိုင်ရာ ပစ္စည်းဥစ္စာ လုပ်ငန်းတာဝန်တို့ကို နှိုင်နှင်း ပိပြားသေဝပ်အောင် ထိန်းသိမ်း စောင့်ရှောက်ခြင်းငှာ မစွမ်းနိုင်၊ ပရမ်းပတာ ဖရိုဖရဲ ကွဲကွဲပြားပြား အလုပ်လက်လွတ် စွန့်ပစ်ထားတတ်သော လူမျိုး၊ ဤသို့သော လူမျိုးတို့ ဆောင်ရွက်သော သက်ဆိုင်ရာ ပစ္စည်းဥစ္စာနှင့် လုပ်ငန်း ဆောင်တာကိစ္စများသည် အသို့လျှင် တည်တံ့ကြီးပွားတိုးတက်ပါမည်နည်း။ တစ်နေ့တစ်ခြား လုံးပါးပါး၍ ကုန်ခန်း ပျက်ပြားဖို့သာ ဖြစ်ပေလိမ့်မည်။ သို့ကြောင့် ဤကဲ့သို့သော အရည်အချင်း ညံ့ဖျင်းသော လူစားမျိုးကို အကြီးအကဲအရာ၌ မထားရ၊ ထားမိလျှင်ကား ပျက်စီးတော့မည်သာဟု မိန့်တော်မူသည်။

မိမိ၏ အိမ်သူဇနီးပင် ဖြစ်စေ၊ သားသမီးပင် ဖြစ်စေ၊ တပည့်တပန်းပင် ဖြစ်စေ၊ ပြဆိုခဲ့ပြီးသော အရည်အသွား နှစ်မျိုးနှစ်စား ညံ့ဖျင်းယုတ်လျော့ခဲ့လျှင် အိမ်မှုကိစ္စ ထိန်းသိမ်း ရေးဌာနသော် လည်းကောင်း တာဝန်လွှဲအပ် မထားသင့်ပေ။

"ဒုလ္လဘာ သဒ္ဓါသာ ဇာယာ၊
ဒုလ္လဘော ခေမကရော သုတော"။

၁။ ဆင်းရဲချမ်းသာ အမျှဖြစ်သော မယားကိုလည်း ရခဲ၏။

၂။ မိဘစိတ်ချမ်းသာအောင် ပြုလုပ်တတ်သော သားသမီးကိုလည်း ရခဲ၏ဟု

စာဏက္ကနီတို့ အဆိုရှိလေသည်။ စီးပွားရေး, ကြီးပွားရေး ဖြစ်သော ရောင်းဝယ် ဖောက်ကားမှု, ငွေကြေးပေးကမ်းသိမ်းဆည်းမှု စသော ကိစ္စတာဝန်ကြီးတို့၌ အထက်ဖော်ပြပါ ဖရိုဖရဲ ပစ်စလက်ခတ် နေတတ်ထိုင်တတ် စားသောက်တတ်သောသူတို့ကို မျက်နှာလွှဲအပ်၍ အခွင့်အရေး မပေးသင့်ပေ။ ထိုသူမျိုးကို သူတို့နှင့် ထိုက်တန်သလောက် အရေးမကြီးသော ကိစ္စကလေးများ၌သာ အသုံးပြု၍ များသောအားဖြင့် မိမိ မျက်မှောက်၌ စေခိုင်းသင့်လေသည်။ အသောက်အစား အပျော်အပါး ဝါသနာကြီး၍ လိုက်စားလေ့ရှိသူတို့သည် မိမိကို အာဏာ လွှဲအပ်၍ အကြီးအမှူး ရာထူးကို ပေးလိုက်လျှင်ပင် အခွင့်အလမ်းသာ၍ ပစ္စည်းဥစ္စာတို့ကို ထင်သလို သုံးဖြုန်းတတ်ကြသည်။ ယခုခေတ်၌ မျက်နှာလွှဲရအောင် ရိုးသား

တည်ကြည် ဖြောင့်မှန်သော လူတော်လူကောင်း ရှားပါးလှ ပေသည်။

အချို့ အိမ်သူမတို့သည်-

၁။ လင်ယောက်ျား ရှာဖွေပေးသမျှကို အိမ်ကနေ၍ မကုန်မချင်း စားသုံးဖြုန်းတီးတတ်ကြ၏။

၂။ ပွဲလမ်းသဘင် အပျော်အရွှင် အလိုက်မျှားကြ၏။

၃။ အိမ်မှု အိမ်ရာ ထိန်းသိမ်း စောင့်ရှောက်ရေး၊ ပစ္စည်း ဥစ္စာ တည်တံ့တိုးပွားစေရေးတို့၌ အလေးဂရ မပြု တတ်ကြဘဲ ကုန်လျှင် ပျက်လျှင် လိုလျှင် လင် ယောက်ျားကိုသာ အပူရှာတတ်ကြ၏။

၄။ အလိုပြည့်ဝအောင် ယောက်ျားက ရှာဖွေမပေးနိုင် သောအခါ ဆူပူတတ်သည်။ ရန်ဖြစ်တတ်သည်။ လင်သားကို ပစ်ထား၍ အိမ်မှ ဆင်းသွားတတ် သည်။

''သာမှ နေတတ်သော မိန်းမမျိုး''ဟု ဆိုရပေမည်။

ဤနေရာ၌ အလျဉ်းသင့်၍ မိန်းမများ သတိပြုသင့်သည် ကို ညွှန်ပြခွင့် ရောက်ခဲ့ပြန်၏။

ဇာတ်တော်လာ မိန်းမမြတ်

သုစဇ ဇာတ်တော်၌-

''တစ်ယောက်သော ဗာရာဏသီမင်း၏ သားတော် အိမ်ရှေ့မင်းကို ခမည်းတော်က ငါ အသက် ရှည်သမျှ

ငါ့သားတော် တောမှာ သွားရှာနေချေ။ ငါ ကွယ်လွန်ကာမှ ပြန်လာ၍ ထီးနန်းကို သိမ်းယူစိုးစံလေဟု"– ပြောကြား၍ တောသို့ စေလွှတ်လိုက်ရာ မင်းသား၏ ကြင်ယာ အိမ်ရှေ့မိဖုရားသည် မငြိုမငြင် မင်းသားနှင့်အတူ တောထဲသို့ လိုက်၍ ဆင်းရဲမှုကို မညည်းမညူ သည်းခံ၍ ဖြူစင်သော စိတ်ဖြင့် ပျော်မွေ့စွာ မယားဝတ်ကျေပွန်အောင် တာဝန် ဆောင်ရွက်၍ နေသတဲ့။ ခမည်းတော် ကွယ်လွန်၍ လင် ယောကျ်ားသည် ပြည့်ရှင်မင်းဖြစ်သော အခါ၌လည်း လင် ယောကျ်ားနှင့် မခြားတူကွ ရာဇဂုဏ်သိန် မင်းစည်းစိမ်ကို ခံစံသဖြင့် အလွန်မြတ်သော မိန်းမမျိုးဟု ဆိုလေသည်။

သို့ကြောင့် မိန်းမတို့သည် သုစဇာတ်တော်လာ မိဖုရားကဲ့သို့ လည်းကောင်း၊ မဒ္ဒီ–သမ္မုလ မိဖုရားတို့ ကဲ့သို့ လည်းကောင်း၊ လင်ယောကျ်ားနှင့် ဆင်းရဲမကွာ ချမ်းသာမကွဲ မြဲစွဲသော စိတ်ထားနှင့် လင်ယောကျ်ား ရှာဖွေခဲ့သော ပစ္စည်း များကို စည်းစနစ်ကျနစွာ သုံးသင့်သမျှသာ သုံး၍ အဖြုန်း အတီး အပျော်အပါးကို ခြိုးခြံကာ ပစ္စည်းဥစ္စာ အိမ်ထောင် ပရိဘောဂ အရပ်ရပ်တို့ကို သပ်ရပ်ကျစ်လစ်စွာ ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် ချမ်းသာ သက်ရှည်မှုကို ပြုသင့်ကြပေ သည်။

သားသမီးဖြစ်သူတို့သည်လည်း–

၁။ မိဘ၏ ပစ္စည်းဥစ္စာ၊ မိဘ၏ အလုပ်ကိစ္စ တာဝန် များကို မျက်မှောက် မျက်ကွယ်မရွေး လေးလေးစားစား

စောင့်ရှောက် ထိန်းသိမ်းခြင်း၊ ဆောင်ရွက်ခြင်းကို ပြုလုပ်သင့်ကြသည်။

၂။ မိဘများ၏ ပစ္စည်းနှင့်တကွ လုပ်ငန်းဆောင်တာဟူသမျှသည် တစ်နေ့သောအခါ၌ မိမိတို့၏ ကိုယ်ပိုင် ပစ္စည်းသာ ဖြစ်ပေလိမ့်မည်။ မိဘများ၏ ခြေရာကို နင်း၍ လက်ဝတ်လက်ရာကို မပျက်စီးစေဘဲ ဆက်လက် ထိန်းသိမ်း စောင့်ရှောက်သွားနိုင်သော သားသမီးကောင်းဂုဏ်ကို မြတ်နိုးကြရမည် အမြင်ကျယ်ကြရမည်။

မျက်မြင်အားဖြင့် မြန်မာပြည်၌ ခေတ်ပညာဟု ဆိုအပ်သော အင်္ဂလိပ်စာကို အထိုက်အလျောက် ရေးတတ်ဖတ်တတ် ရှိသူတို့သည် မိဘတို့၏ လက်ဝတ် လက်ရင်းဖြစ်သော အဖိုးတန် ကုန်သည်လယ်လုပ် စီးပွားရေးများကို ခေတ်အလိုက် တိုးတက်ကြီးပွားအောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်တတ်သူ အလွန် ရှားလေသည်။ စာရေးစာချီ မြို့အုပ် ဝန်ထောက် စသော လခစားဘက်သို့သာ မျက်စိလည် သက္ကည်းလွဲ၍ အမြင်မှားကာ အလိုက်များသောကြောင့် မိစဉ်ဘဆက် ဆင်းသက်လုပ်ကိုင် တည်ထောင်ခဲ့သော စီးပွားရေး ကြီးပွားရေးတို့သည် တိမ်ကော ပျောက်ပျက်၍ လူမျိုးခြား နိုင်ငံခြားသားတို့၏ လက်သို့ ရောက်ကြလေတော့သည်။

အချို့သော သားသမီးတို့သည် မိဘတို့၏ စီးပွားရေးကို လည်း ဆက်လက်၍ ထိန်းသိမ်းဆောင်ရွက်မှုကို မပြုစွမ်းနိုင်၊

လခစားလည်း မဖြစ်နိုင်ဘဲ "သောဏ္ဍ,ဝိကိရဏ" အဂါနှစ်ရပ်နှင့် အညီ တည်မှန် တော်ဖြောင့်သော စိတ်ပါးလျက် သောက်စား ပျော်ပါးမှုများခြင်း၊ ရှိပစ္စည်းတို့ကို သိမ်းဆည်း စောင့်ရှောက်မှု မရှိ၊ နှမြောစုံမက်မှုမရှိ၊ အဖိုးတန်ဟူ၍ မသိ၊ ထားမိထားရာ၌ ပရမ်းပတာ ဖရိုဖရဲ စွန့်ပစ်ထားတတ်သောကြောင့် မိဘများ၏ ပစ္စည်းလည်းဆုံးပါး မိမိကိုယ်တိုင်လည်း အညှံစားလူ့ဘဝသို့ ရောက်ကြရ၏။

သို့ကြောင့် ဤသို့သော သားသမီးတို့ကိုလည်း အကြီးအမှူး အရာ၌ ခန့်ထားချီးမြှောက်ခြင်းအမှုကို မပြုကြရာ။ သားသမီးများကလည်း အညှံစား စာရင်းဝင် မဖြစ်ကြရအောင် လူကြီးမိဘနှင့်တကွ ဆက်ဆံပေါင်းသင်းရသူ အားလုံးတို့၏ ယုံကြည်အားထား လေးစားလောက်သော လူကောင်းတစ်ယောက်အဖြစ်ဖြင့် ကြီးပွားတင့်တယ် ကြွယ်ဝချမ်းသာကြောင်း "အသောဏ္ဍ-အဝိကိရဏ" နှစ်ဝသော ဂုဏ်အဂါတို့နှင့် ပြည့်စုံစေကြရာသည်။

မိမိတို့၏ ကိုယ်ပိုင် ကိစ္စတာဝန်ကိုသာ လေးစား ဆောင်ရွက်ကြရမည် မဟုတ်သေး။ မိမိကို အားထားယုံကြည်၍ လွှဲအပ်သော ကိစ္စတာဝန် ဟူသမျှကို လွှဲအပ်ပုံနှင်းသော ပစ္စည်းရှင်နှင့်မခြား မိမိကိုယ်ပိုင်အလား စွမ်းအားရှိသမျှ ဖြောင့်မတ်ရိုးသားသော စိတ်နှလုံး အကြံဉာဏ် သတိဝီရိယတို့နှင့် ချောမောပြေပြစ်စွာ ပြီးမြောက် အောင်မြင်သည်တိုင်အောင် ရွက်ဆောင်ရာသည်။

ပစ္စည်းရှင် အလုပ်ရှင်တို့ကလည်း အမှန်တကယ် ရိုးသားတော်မှန်သူ၊ ဉာဏ်ဝိရိယရှိသူ "သောဏ္ဍ-ဝိကိရဏ"တို့မှ ကင်းသော လူကောင်းများကိုသာ ရွေးချယ်ခိုးမြောက်သော အားဖြင့် ပျက်စီးကြောင်းကို လွန်မြောက်စေကြရာသတည်း။

ဆောင်ပုဒ်-သောက်စားမူးယစ်၊ စွန့်ပစ်လုပ်ငန်း၊ ပရမ်းပတာ၊ သေချာမရှိ၊ ပေါ့တိပေါ့ဆ၊ ပစ္စယကို၊ ကျန်သိပ်သည်း၊ သိမ်းမဆည်းဘဲ၊ ချည်းနှီးကုန်စေ၊ ယောက်ျားလေနှင့်၊ တထွေမိန်းမ၊ ဟူသမျှကို၊ ကိစ္စတာဝန်၊ လွှဲအပ်သွန်၍၊ လမ်းညွှန်စိုးရ၊ ပင့်မြောက်ကလျှင်၊ မုချထိုသူ၊ ခေါင်းမပြုံသည်၊ မှတ်ယူတစ်နည်း၊ ပျက်ကြောင်းတည်း။

---

(၂၂) အပ္ပဘောဂေါ မဟာတဏ္ဍော၊
ခတ္တိယေ ဇာယတေ ကုလေ။
သော စ ရဇ္ဇံ ပတ္ထယတိ၊
တံ ပရာဘဝတော မုခံ။

မြန်မာအဓိပ္ပာယ်

အကြင်သူသည် မျိုးရိုးအားဖြင့် မင်းမျိုးဌာဖြစ်စေ၊ ဥစ္စာစည်းစိမ်ကား နည်းပါး၏။ တဏှာလောဘကြီး၏။ ပြည်ပိုင်

မျိုးရိုးအားဖြင့် မင်းမျိုးဖြစ်၏၊ သို့သော် စည်းစိမ်ဥစ္စာနည်းပါး၍ စည်းစိမ်ဥစ္စာမျှားစွာ အလိုရှိ၏၊ မင်းအဖြစ်ကိုလည်းတောင့်တ၏၊ ထိုသို့အလိုကြီးခြင်း၊ မတန်မရာကို တောင့်တလိုချင်ခြင်းသည် ဆုတ်ယုတ်ပျက်စီးခြင်း၏အကြောင်းဖြစ်၍ ထိုသို့မဖြစ်စေရန် ဟောကြားဆုံးမသည့် တရားတော်ဖြစ်၏။

မင်းလည်း ဖြစ်လို၏။ ထိုသူ၏ ထိုသဘောသည် ပျက်စီးတတ်၏။

အသောက်အစား အပျော်အပါးများ၍ ပစ္စည်းဥစ္စာကို မထိန်းသိမ်း မစောင့်ရှောက်တတ်သောသူကို အကြီးအမှူး ရာထူးခ၊ လွှဲအပ်တင်မြှောက်ထားမိသော သူသည်သာလျှင် ပျက်စီးတတ်သည် မဟုတ်သေး။ မင်းမျိုးခ ဖြစ်၍ ဥစ္စာပစ္စည်းနှမ်းလျနည်းပါး လောဘအားကြီးလျက် ပြည်ပိုင်မင်း ဖြစ်လိုသော လူစားသည်လည်း ပျက်စီးတတ်သည်သာလျှင်တည်း ဟု "အပ္ပဘောဂါ" စသော ဒေသနာကို ဟောကြားတော်မူပြန်သည်။

ဥစ္စာပစ္စည်း နည်းပါးခြို့ငဲ့ပါလျက် ရသမျှ ရှိသမျှနှင့် တင်းမတိမ်နိုင် မရောင့်ရဲနိုင်ခြင်းသည် ကြီးမားသော ပျက်စီးကြောင်း တစ်ရပ်ဖြစ်၏။ "အပ္ပဘောဂ,မဟာတဏှာ" ဤနှစ်ပုဒ် အရဆိုရလျှင် ရဟန်းရှင်လူမဟူ မည်သူမဆို အလိုရမ္မက်ကြီး၍ ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်ခြင်းမရှိလျှင် လက်ရှိပစ္စည်းလည်း ပျက်စီးဆုံးရှုံးတတ်သည်။ ဂုဏ်သရေလည်း ယုတ်လျော့နိမ့်ကျတတ်သည်။ လောဘစွန်းကို လက်စမသတ်နိုင်၍ မရလျှင် ရသည့်နည်းနှင့် ရှာဖွေကြရသည် ဖြစ်ရာ တရားသော, မတရားသော, မှန်သော, မှားသော ခြားနားရွေးချယ်ခြင်း မရှိတော့ဘဲ မကောင်းမှု ဒုစရိုက်ကို လွန်ကျူး၍မူလည်း ပစ္စည်းရကြောင်း၊ လာဘ်ရကြောင်းကို ပြုလုပ်ရသောကြောင့်

သေလွန်လျှင် လေးအင်သော အပါယ်သို့ အလွယ်တကူ ကျရောက် ပျက်စီးကြောင်း ဖြစ်ပြန်သည်။

လောဘ၏ သဘော

ဣစ္ဆာ နရံ ပရိကသ္သတိ၊
ဣစ္ဆာ လောကသ္မိံ ဒုဇ္ဇဟာ။
ဣစ္ဆာ ဗန္ဓာ ပုထူ သတ္တာ၊
ပါသေန သကုဏီ ယထာ။

လိုချင်သော လောဘသည် လူကို ဒုက္ခမှ မလွတ်မြောက်အောင် ဆွဲဆောင်တတ်၏။ လောကဌ် လိုချင်သော လောဘကို စွန့်ပယ်နိုင်ခဲ၏။ ၄က်ကို ကျော့ကွင်းဖြင့် ဖွဲ့ချည် သကဲ့သို့ လိုချင်လောဘသည် များစွာသော သတ္တဝါတို့ကို ဖွဲ့ချည်တတ်၏။

သံယုတ်ပါဠိတော်လာ ဗုဒ္ဓမြတ်စွာ၏ ဤဒေသနာတော် အားဖြင့်လည်း တဏှာလောဘ အားကြီးသောသူသည် လောကဟု ဆိုအပ်သော ဒုက္ခဘုံတွင်းမှ လွတ်ကင်း ထွက်မြောက်နိုင်ရန်မှာ သာ၍ ဝေးကွာလှတော့သည်။ တဏှာလောဘတည်းဟူသော ကျောက်တုံး သံတုံးတွေချည်း ဆွဲထားခြင်း၊ တဏှာသံလိုက် ဆွဲငင်ထားခြင်းတို့ကြောင့် အပါယ်ဒုက္ခ အောက်လောကဌ် တဝဲလည်လည် ခံရမည်သာ ဖြစ်သည်။

ရသမျှ ရှိသမျှနှင့် ရောင့်ရဲတင်းတိမ်မှု မရှိနိုင်ခြင်းသည် အပြစ်များလေ၏။ ရရှိသမျှနှင့် ရောင့်ရဲ မျှတနိုင်ခြင်းသည်ကား အကျိုးကျေးဇူး များလေ၏။ ချမ်းသာလေ၏။

၁။ ရရှိသမျှနှင့် ရောင့်ရဲမှု မရှိသူသည် ကြည်ဖြူသော စေတနာနှင့် ပစ္စည်းရှင်က မပေးသော ပစ္စည်းကို လောဘ ရမ္မက်ကြီးစွာ ခိုးဝှက် လုယက်တိုက်ခိုက်၍ နိုင်ထက်စီးနင်း လက်နက်အားကိုးနှင့် ယူသည်ဖြစ်အံ့၊ ပစ္စည်းရှင်များ အစိုးရ များက ဖမ်းဆီးမိခဲ့ပါလျှင် အမှုအလျောက် ကြီးလေးသော ပြစ်ဒဏ်ကို လက်ငင်းခံရမည်။

၂။ ဖမ်းဆီးခြင်း မခံရ၍ လွတ်မြောက်သော်လည်း မတရားသဖြင့် ခိုးဝှက်လုယူ၍ ရရှိသော မသန့်ရှင်း မစင်ကြယ် သော ပစ္စည်းဖြစ်သောကြောင့် လူဆိုးတို့၏အထံ၌ ထိုပစ္စည်း သည် ကြာရှည် မတည်ပေ။

၃။ မတည်ရုံမျှသာ မဟုတ်၊ ရှိရင်းစွဲ ပစ္စည်းကိုပင် သွေးဆောင် တွဲခေါ်သွားဘိသကဲ့သို့ လက်ရှိပစ္စည်းပါ ပြုတ်ပြုတ်ပြုန်း၍ အရှုံးကြီး ရှုံးတတ်ကြသည်။ အပါယ်ဘေး မှုကား မလွဲတမ်း ကျရောက်လာလေဦးမည်။ လောဘရမ္မက် ကြီးခြင်းသည် ယခု အမြွက်မျှ ပြုခဲ့သည်ထက်မက အပြစ် ကြီးမား များပြားလှချေသည်။

လောဘရမ္မက်ကို နှိမ်နင်းသည်းခံ၍ ရတန်သမျှနှင့် ရောင့်ရဲနိုင်ခြင်း၏ အကျိုးများပုံမှာ-

တေမိမင်းသားသည် နှစ်ရှည်လများ ခမည်းတော် မယ်တော်များ ပေးသမျှ ကျွေးသမျှနှင့် မျှတရောင့်ရဲခြင်း၊ ဆင်းရဲအပေါင်းကို သည်းခံနိုင်ခြင်းတို့ကြောင့် သူတော်ကောင်း ရသေ့ ရဟန်းအဖြစ်သို့ ရောက်၍ ရဟန်းချမ်းသာ သမဏသုခကို ရရှိပေသည်။ ရသေ့ရဟန်း အဖြစ်၌ ကင်ပလင်း အရွယ်မျှလောက်နှင့်သော အာဟာရဖြင့် မျှတတင်းတိမ် ရောင့်ရဲနိုင်ခြင်းကြောင့် ကြည်လင်သော အဆင်း၊ ပြည့်တင်း စိုပြည်သော အသားအရေရှိ၍ ကျန်းမာစွာ ရဟန်းတရားနှင့် မွေ့လျော်ရပေသည်။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် အရှင်မဟာကဿပ ထေရ်ကို ဤသို့ မေးမြန်းတော်မူ၏။

ကဿပ–

(က) သင်သည် အဘယ် အကျိုးကျေးဇူးကို မြင်၍ နှစ်ရှည်လများ ကာလပတ်လုံး တောရကျောင်း၌ နေ၍ တောရကျောင်း၏ ဂုဏ်ကျေးဇူးကို ပြောဘိသနည်း။

(ခ) ပိဏ္ဍပါတ်ခုတင်ကို ဆောင်၍ ပိဏ္ဍပါတ်ခုတင်၏ ဂုဏ်ကျေးဇူးကို ပြောဘိသနည်း။

(ဂ) အလိုရမ္မက်နည်း၍ အလိုရမ္မက်နည်းခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဘိသနည်း။

(ဃ) ရသမျှနှင့် ရောင့်ရဲ၍ ရသမျှနှင့် ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကို ပြောဘိသနည်း၊ စသည်ဖြင့် မေးတော်မူ၏။

မြတ်စွာဘုရား–ဘုရားတပည့်တော် ကိုယ်တိုင် ယခုမျက်မှောက်၌ လက်ငင်းချမ်းသာစွာ နေထိုင်ရသော ကျေးဇူးကို လည်းကောင်း၊ တပည့်သားမြေး အစဉ်အဆက်တို့ကိုလည်း သနားသဖြင့် ဘုရားတပည့်တော်၏ အတုသို့ လိုက်၍ နေခြင်း၊ လောဘရမ္မက် နည်းခြင်း၊ ရသမျှနှင့် မျှတရောင့်ရဲခြင်းတို့ဖြင့် လက်ငင်းချမ်းသာကို ရကြပါစေခြင်း အကျိုးကို လည်းကောင်း၊ ကြည့်မြင်မျှော်ခေါ်၍ ကိုယ်တိုင်လည်းကျင့်၊ ဂုဏ်ကျေးဇူး စကားကိုလည်း ပြောကြားရပါကြောင်းနှင့် လျှောက်ထားသတဲ့။

အရှင်မဟာကဿပမထေရ်၏ စကားတော်ဖြင့်လည်း တဏှာလောဘ မကြီးမူ၍ ရရှိသမျှနှင့် မျှတ ရောင့်ရဲခြင်းသည် လက်ငင်းချမ်းသာကြောင်းဟူ၍ သိနိုင်လေသည်။

ပုညာနိ ပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိ ပါဏိနံ။

ကောင်းမှု ကောင်းလုပ်တို့သည် နောက်ဘဝ၌ သတ္တဝါတို့၏ ချမ်းသာစွာ မှီခိုရာ ဖြစ်သောကြောင့် နောက်ဘဝ၌ လည်း ချမ်းသာသုခကို ရရှိကြပြန်ဦးမည်။ သို့ကြောင့် လောဘ တဏှာ အာသာဆန္ဒ မများကြစေဘဲ တရားသဖြင့် ကောင်းရောင်း ကောင်းဝယ် လယ်ယာကိုင်းကျွန်း စသော သမ္မာ

အာဇီဝအလုပ်နှင့် ရှာဖွေလုပ်ကိုင်၍ ရရှိသော ပစ္စည်းဥစ္စာ ဖြစ်ပေါ်လာသမျှနှင့် ရောင့်ရဲတင်းတိမ်၍ လက်ငင်းမျက်မှောက် ဘဝ၌ပင် ချမ်းသာသုခကို ရယူကြရာသည်။

မင်းမျိုး မင်းနွယ်ဖြစ်သောသူသည် ဘုန်းကံ နည်းပါးခဲ့၍ ပစ္စည်းဥစ္စာ နွမ်းပါးဆင်းရဲလျှင် အခြွေအရံ ပရိသတ် နောက်လိုက် နောက်ပါလည်း နည်းပါးလေတော့သည်။ ဥစ္စာ စည်းစိမ်ကလည်း နွမ်းပါး၊ နောက်လိုက် နောက်ပါ အခြွေအရံကလည်း ပေါများအားကောင်းခြင်း မရှိလျှင် မိမိပမာဏကို မိမိသိကာ ပြည့်ရှင်မင်း အဖြစ်ကို မတောင့်တ မမျှော်လင့်သင့်ချေ။ အကယ်၍မူ မင်းစည်းစိမ်ကို မျှော်လင့်တောင့်တ၍ ရှိသမျှ ဥစ္စာပစ္စည်းနှင့် နောက်လိုက် နောက်ပါ ရဲမက် စစ်သည် စုဆောင်းလျက် ထီးနန်းကို ကြံစည်ခဲ့လျှင် အင်အားနှစ်ရပ်လုံး သေးငယ်အားနည်း ချိန်ခဲ့သောကြောင့် ပစ္စည်းလည်း ပျက်ပြုန်းလူကိုယ်တိုင်လည်း အခွင့်ဆိုက်က ဆုံးရှုံးပေလိမ့်မည်။

သို့ကြောင့် မင်းမျိုးမင်းနွယ် ဖြစ်ကာမျှနှင့် ဥစ္စာအင်အား နောက်လိုက်ငယ်သား အားပေးထောက်ခံသူ နည်းသည်ကို ကြည့်၍ မိမိ၏ ရှေးဘုန်း ရှေးကံသည် မင်းဇကာဇ် ဖြစ်လောက်အောင် ပါရှိသည် မဟုတ်သည်ကို ရိပ်စားမိကာ ဖြစ်သမျှအကြောင်း အကောင်းချည်းဟူသကဲ့သို့ ဖြစ်သမျှ ရသမျှ အနေနှင့်ပင် တင်းတိမ်ရောင့်ရဲ၍ ချမ်းသာစွာ နေကြရာသည်။

မတ္တညူ သုဘရော ဟုတ္တာ စရေ သဒ္ဓမ္မဂါရဝေါ။ မိမိ၏ အတိုင်းအရှည် အရည်အချင်း ပမာဏကိုသိ၍ ရသမျှနှင့် မျှတရောင့်ရဲခြင်းဖြင့် သုစရိုက်တည်း ဟူသော သူတော်ကောင်း တရားကို ရိုသေစွာ လိုက်နာရမည်ဟုလည်း ဆုံးမတော်မူခဲ့သည်ကို ဦးထိပ်ရွက် ပန်ဆင်၍ မိမိ သူတစ်ပါး နှစ်ဦးသားလုံး ပျက်စီးဆုံးရှုံးကြောင်း ပရာဘဝ သဘောတရား တို့ကို ပယ်ရှားဖျောက်ဖျက်၍ တိုတောင်းလှသည့် တစ်သက်တာမျှ ကာလကလေးအတွင်း၌ မတရားသဖြင့် အခိုက်အတန့် ချမ်းသာရာရရေးကို တစ်သံသရာလုံး ခံစားရမည့် ဆင်းရဲဒုက္ခကြီးနှင့် အထင်အမြင်လွဲ၍ မလဲမလှယ်မိကြစေရန် အထူးသဖြင့် သတိပြုသင့်ကြပေသတည်း။

ဆောင်ပုဒ် – ရာဇနွယ်ရိုး၊ မင်းမျိုးကားစစ်၊ မင်းသားဖြစ်လည်း၊ ဘုန်းသစ်နည်းပါး၊ ဥစ္စာရှားခဲ့၊ အားကြီးတက္ကာ၊ အာသာလောဘ၊ ပြင်းထန်လှ၍၊ ပြည်မသခင်၊ ရှင်ဘုရင်လည်း၊ အမြင်တိုတို၊ ဖြစ်ချင်လိုက်၏။ ထိုသည့်မင်းသား၊ အခင်းသွားသည်၊ ပျက်ပြားဖို့သာ၊ အကြောင်းတည်း။

(၂၃) ဧတေ ပရာဘဝေ လောကေ၊
ပဏ္ဍိတော သမဝေက္ခိယ။
အရိယော ဒဿနသမ္ပန္နော၊
သ လောကံ ဘဇတေ သိဝံ။ ။

မြန်မာအဓိပ္ပာယ်

အချင်းနတ်သား၊ အသိဉာဏ်ရှိသောသူသည် ယခု ငါဘုရား ညွှန်ပြဟောကြားတော်မူခဲ့သော ပျက်စီး ဆုတ်ယုတ်ကြောင်း ပရာဘဝ သဘောတရားတို့ကို ဆင်ခြင်ကြည့်ရှု၍ သန့်ရှင်းသော ဉာဏ်အမြင်နှင့် ပြည့်စုံနိုင်၏။ ထိုသူသည် အေးချမ်းသာယာသောနတ်ပြည်သို့လည်းကောင်း၊ အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်သို့လည်းကောင်း ရောက်သည်တိုင်အောင် ကြီးပွားချမ်းသာလေတော့သတည်းဟု နိဂုံးစကားချုပ်၍ သိမ်းအုပ်မိန့်ကြားတော်မူသည်။

လူတို့၏ ပျက်စီးရာ ပျက်စီးကြောင်း ပရာဘဝ သဘောတရားတို့သည် အမှန်အားဖြင့် ဤမျှလောက်သာ ရှိသည်မဟုတ်။ များစွာပင် ရှိပေလိမ့်ဦးမည်။ သို့ရာတွင် မေးလျှောက်သော နတ်သားသည် ပျက်စီးကြောင်း တစ်မျိုးပြီးတစ်မျိုး ဆက်ကာ ဆက်ကာ မေးလျှောက်ရာ ဗုဒ္ဓမြတ်စွာကလည်း ဆက်ကာ ဆက်ကာ ဖြေကြားတော်မူ၍ ကြားနာ မှတ်သားရသော်လည်း ကြီးပွားချမ်းသာကြောင်း မင်္ဂလာ တရားတော်ကို ကြားနာ မှတ်သားရသောအခါကဲ့သို့ အားတက် အင်ကြွ

ရှင်လန်း ဝမ်းသာမဖြစ်ဘဲ ပျက်စီးကြောင်းတို့ကိုသာ ကြားနာရသဖြင့် ဆက်လက် မေးလျှောက်ရန် ထက်သန်သော ဆန္ဒကင်းပြတ်၍ ဤမျှနှင့် ရပ်တန့်လိုက်သောကြောင့် ဗုဒ္ဓမြတ်စွာသည်လည်း ဆက်လက်ဖြေကြားတော်မမူတော့ဘဲ ရပ်စဲ၍ နိဂုံးသတ်တော်မူမည်ဟု အဌကထာဆရာ ဆိုတော်မူ၏။

အဌကထာ ဆရာ၏ ယူဆချက်သည်လည်း ယုတ္တိတန်ပါပေသည်။ မည်သူဖြစ်စေ၊ ကောင်းကျိုးကျေးဇူး ဖြစ်ထွန်းကြောင်း တရားစကားကို ကြားနာခြင်း၌ နှစ်သက် မြိန်ယှက်စွာ နာကြား မှတ်ယူလိုကြပေလိမ့်မည်။ ပျက်စီးကြောင်းတို့ကို မူကား မျှားမျှားကြားချင် နာချင်သော အာသာဆန္ဒရှိကြလိမ့်မည် မဟုတ်ပေ။ ဤစာကို ရေးသော ဘုန်းကြီးသည်ပင်လျှင် ပရာဘဝသဘောတရား ပျက်စီးကြောင်းများကိုသာ ရေးရမည်ဖြစ်သောကြောင့် အစဉ် စိတ်လေး လက်နှေးခဲ့ပေသည်။ သို့ဖြစ်၍ နတ်သားသည် ဆက်လက်၍ မေးလျှောက်ခြင်း မပြုတော့ဘဲ ရပ်စဲလိုက်သည်ဟု အဌကထာဆရာက ယူဆတော်မူသည်၊ ဖြစ်ရာသည်။

နောက်ဆုံး ဒေသနာ ဤနိဂုံးဂါထာ၌-

အရိယော, ဒဿနသမ္ပန္နော, သီဝံ–ပုဒ်တို့တွင် အရိယပုဒ်ဖြင့် သောတာပန် စသော အရိယာပုဂ္ဂိုလ်ကို ဟောဆိုလိုသည် မဟုတ်။ ပျက်စီးကြောင်း ပရာဘဝမှုတို့ကို မပြုမလုပ်ရှောင်ကြဉ်သော ပုထုဇဉ် သူတော်ကောင်း ပုဂ္ဂိုလ်ကိုသာလျှင် ဟောဆိုလိုပါသည်။

ဒဿန သမ္ပန္နော–ပုဒ်ဖြင့် သောတာပတ္တိ မဂ်ဉာဏ်နှင့် ပြည့်စုံသော သောတာပန် အရိယာ ပုဂ္ဂိုလ်ကို ဟောဆိုလို သည် မဟုတ်။ ပျက်စီးကြောင်း ပရာဘဝ သဘောတရား တို့ကို သိမြင်သော ဉာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုသာ ဟောဆိုလိုပါသည်။

သိဝံ–ပုဒ်ဖြင့် ဒုက္ခမီး, ကိလေသာမီးတို့မှ အပြီးငြိမ်းအေး သော အသင်္ခတဓာတ် ပရမတ္ထနိဗ္ဗာန်ကို ဟောဆိုသည် မဟုတ်။ အပါယ်ဆင်းရဲ, လူမှုဒုက္ခဆင်းရဲတို့မှ လွတ်ကင်း ငြိမ်းအေး၍ ချမ်းသာသော နတ်ရွာလောကကိုသာ ဟောဆို တော်မူသည်ဟု မှတ်ယူရာ၏။

သို့ကြောင့် "သ လောကံ ဘဇေတ သိဝံ" ဟူ၍ ဝိသေသျ လောက, ပုဒ်နှင့်တွဲဖက်၍ မိန့်မြွက်တော်မူသည်။ သို့ဖြစ်လျက် ဤကျမ်းတွင် မြန်မာပြန်ဆိုရာ၌ "နတ်ပြည်သို့ လည်းကောင်း၊ အသင်္ခတဓာတ် မြတ်နိဗ္ဗာန်သို့ လည်းကောင်းဟု အတွန့် တက်၍ ဖြည့်စွက်ပြန်ဆိုသည်မှာ ဆိုလတ္တံ့သည့် အကြောင်းပြ ချက်ကြောင့် ပြန်ဆိုသည်ဟု သတိပြုစေလိုသည်။

ဤစာ ရေးသားပြီးခဲ့သည့်အတိုင်း ပရာဘဝ သဘော တရား ပျက်စီးကြောင်း အယုတ်ဝမ္မတို့ကို ရှောင်ကြဉ်သော ပုဂ္ဂိုလ်သည် ဒုတိယဘဝ၌ နတ်ပြည် နတ်ရွာသို့ ရောက်မည့် အပြင် ပရာဘဝသဘော ယုတ်သောတရားတို့ကို ကြားနာရ သောကြောင့် ဖြစ်စေ၊ ဆင်ခြင် အောက်မေ့သောအခါ၌ ဖြစ်စေ၊ အကောင်းအဆိုး အကြောင်းအကျိုးတို့ကို ထိုးထွင်း

သိမြင်၍ သြတပ္ပ သဘောပေါက်လျက် ထိတ်လန့်ကြောက်ရွံ့ကာ သံဝေဂဉာဏ် သက်ဝင်လာကြသည် အလျောက် ''ယောနိသော မနသိကာရ'' ရှေ့သွားဖြင့် မဂ္ဂင်ရှစ်ပါးတရား တော်များကို အားထုတ်ပွားစီးကြပေလိမ့်မည်။ သို့အားထုတ်ပွားစီးမှုကြောင့် သောတာပန်အစစ် စသည်ဖြစ်၍ အသခ်ံတဓာတ်နန်းသို့တိုင်အောင် တက်လှမ်းခိုလှုံကြရလတ္တံ့ဖြစ်သည်ကို မျှော်လျက် ''အသခ်ံတဓာတ် မြတ်နိဗ္ဗာန်သို့ လည်းကောင်း''ဟု ပြန်ဆိုခဲ့လေသည်။

သုတ္တနိပါတ်ပရာဘဝသုတ်အဋ္ဌကထာ၌လည်း ပရာဘဝသုတ္တန် ဒေသနာတော်ကို မြတ်စွာဘုရား ဟောတော်မူပြီးသည့် အဆုံး၌ ပျက်စီးကြောင်းများကို ကြားနာရသော နတ်တို့သည် သံဝေဂဖြစ်သည် အားလျှော်စွာ သောတာပန်မှ အနာဂါမ်အထိ မရေမတွက်နိုင်အောင် ပေါက်ရောက်ကြသည်ဟု မိန့်ဆိုတော်မူသည်။

ဤကျမ်းစာကို ကြည့်ရှုကြားနာရသော သူတော်ကောင်းတို့သည်လည်း ပရာဘဝသဘောတရားတို့ကို ရှုမှန်းစက်ဆုပ်၍ ပရာဘဝ၏ မကောင်းကျိုး အိုဆိုးသော ဝိပါက်တို့ကို ကြည့်မြင်၍ ထိတ်လန့်တုန်လှုပ်ခြင်း သံဝေဂဉာဏ် ဖြစ်ပေါ်ကြပြီးလျှင် ကြီးပွားချမ်းသာကြောင်း သူတော်ကောင်းတရားတို့ကို အားထုတ်ပွားများခြင်းဖြင့် ဘေးကင်းငြိမ်းရာ မဟာအသခ်ံတဓာတ် ပရမတ္ထနိဗ္ဗာန် တိုင်အောင် ဆိုက်ရောက်နိုင်ကြစေသတည်း။

ဆောင်ပုဒ် - ပရာဘဝ၊ သဘာဝကို၊ ဉာဏ်ဝထင်ထင်၊ မှန်တွေ့မြင်၍၊ ဖြူစင်ကျင့်မြတ်၊ ပြည့်စုံလတ်၍၊ နတ်ပြည်လောက၊ ဘုံဘဝနှင့်၊ ထိုမှတဆင့်၊ ပြည်နိဗ္ဗာန်သို့၊ လျင်မြန်ထုတ်ခြောက်၊ ဇကန်ပေါက်သည်၊ ရောက်စေသူတော်အများတည်း။

နိဂမဝဏ္ဏနာ

သ,ဘဝန္တံ မိဒံ ပုညံ၊
သန္တာဘဝသ ပစ္စယော။
ပရာဘဝဂတာ နာနာ၊
ဇနာ ဟောန္တု ဘဝံ ဂတာ။

မေ-ငါ၏။ သဘဝန္တံ-ကြီးပွားကြောင်းနှင့်တကွဖြစ်သော၊ ကုဒံပုညံ- ဤကျမ်းစာကို စီရင်ရေးသားရသော ကောင်းမှု သည်၊ သန္တာဘဝသ-ဘဝလွန်မြောက် သွေဖောက်ပြောင်းလဲ ဆင်းရဲလွတ်ကာ အမြဲချမ်းသာရာ ဖြစ်သော နိဗ္ဗာန်၏။ ပစ္စယော-ရောက်ကြောင်းသည်၊ ဟောတု-ဖြစ်စေသတည်း။ ပရာဘဝဂတာ-အဝိဇ္ဇာမှောင် ပိတ်ကာလှောင်၍ ဉာဏ်ရောင် မကင်း ပျက်စီးလမ်း ခင်းနေကြကုန်သော၊ နာနာ ဇနာ-ကမ္ဘာနေသူ လူအမျိုးမျိုးတို့သည်လည်း၊ ဘဝံဂတာ-ဉာဏ်မှန် ထွန်းလင်း အပျက်ကင်း၍ လက်ငင်းထင်ရှား ကြီးပွားချမ်းသာ ခြင်းသို့ ရောက်ကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေ ခလို။

အရှင်ပဏ္ဍိတထေရ်
ရွှေဟသ်တိုက်သစ်
စစ်ကိုင်းတောင်ရိုး
စစ်ကိုင်းမြို့။

၁၃၁၃ ခု၊ တော်သလင်းလဆန်း (၇)ရက်
သောကြာနေ့၊ ရေးသားပြီးသည်။

တော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၈၁၁၁
ရက်စွဲ.....
သုတေသနစာကြည့်တိုက်

ခင်ချိုထွန်းစာပေမှ

အောက်ပါစာအုပ်များရရှိနိုင်ပါပြီ

- ဘုရားရှိခိုး ဝတ်ရွတ်စဉ်
- သိဒ္ဓိအောင် - ဘုရားရှိခိုးအမျိုးမျိုး
- သိဒ္ဓိအောင် - လောကီသိပ္ပညွှန့်ပေါင်းကျမ်း
- ပုံတော်စုံ - ဆယ်စောင်တွဲ
- ဥဒါန်းပါဠိတော်နှင့် ၇ မျိုး ပရိတ်
- ပရိတ်ကြီး မြန်မာပြန်
- ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် မြန်မာပြန်
- အသံထွက်ပရိတ်ကြီး
- မိလိန္ဒမင်း - ဦးအောင်ညွှန့်ဝင်း
- ဦးနိုး၏ ပညာပေးလျှောက်ထုံးများ
- ဓာတ်ကမ္ပဌာန်းကျမ်း - ဦးကိတ္တိ
- မြန်မာ့ရိုးရာဓလေ့နတ်သမိုင်း
- ပရိတ်ကြီး ၁၁ သုတ် အမွှန်း
- ပရာဘဝသုတ် မြန်မာဘာသာအဖွင့်ကျမ်း
- ဓာရဏပရိတ်၊ ဓမ္မစကြာ၊ ပဌာန်း၊ ပရိတ်
- နှစ်စောင်တွဲ မြန်မာသင်ပုန်းကြီး

များကို ဖြန့်ချိပေးနေပါပြီ။

သန်းမြင့်မြင့် ပိဋကတ်စာအုပ်ဆိုင်

အမှတ်-၃၇၊ ရွှေတိဂုံဘုရားတောင်ဘက်ဈေးတော်ရုံ၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၃၅၁၁ (လိုင်းခွဲ - ၁၇၅)